

တက္ကသိုလ်

# နေလင်းအောင်

စာစဉ်(၂)

# သိုင်းအိပ်မက်

ထိုမှတစ် ဖွင့်ကျက်မည်

၈-ခုပ်တွဲသိုင်းဝတ္ထုအောက်လမ်းသစ်

စာမူခွင့်ပြုချက်အမှတ် - ၂၃၅/၂၀၀၄ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၄၇/၂၀၀၄ (၃)

•

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၄ ခုနှစ်၊ ဇွန်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

•

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

•

ပုံနှိပ်သူ
ဦးလှသိန်း၊ လှသိန်းဦးပုံနှိပ်တိုက်
အမှတ် (၁၂)၊ ဒေါနလမ်း၊ သာယာကုန်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

•

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(မြ-၀၆၃၆၂)၊ ဖိုးဝအောဖ့်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အခန်း [ ၁၈ ]

## နားမလည်နိုင်သော ပြေရှင်းမှု

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီဖြစ်ပါသည်။

အမှောင်ထု ချဉ်းနင်းဝင်ရောက်လာသည်နှင့် မြင်းသည်တော်များသည် ခရီးမဆက်တော့ဘဲ တောအုပ်တစ်ခုတွင် တစ်ညတာ ရပ်နားလိုက်ကြသည်။

ထိုမြင်းသည်တော်တပ်စုတွင် ဝမ်ပိုလော့လည်း လိုက်ပါလာ၏။

လမ်းခရီးတွင် ဝမ်ပိုလော့နှင့် မြင်းသည်တော်တပ်ဖွဲ့ခေါင်းဆောင်ဖြစ်သူတို့ ပြောကြားသော စကားများကို ကြားရခြင်းဖြင့်... ကျုံ့ကျင်ဘုရင် နာမကျန်းဖြစ်နေချိန်၌ နန်းတွင်း၌ မှူးမတ်များ မင်းညီ

မင်းသားများသည် သဘောထား မတိုက်ဆိုင်ဘဲ အကွဲကွဲအပြားပြားဖြစ်ကာ... မိမိတို့ အင်အားကြီးမားလာရေးအတွက် ကြိုးစားနေကြကြောင်း၊ အချို့က နယ်ချဲ့များနှင့် ဆက်သွယ်ကာ သစ္စာဖောက်ရန် ကြိုးစားနေကြသကဲ့သို့ အချို့က သိုင်းလောကသားများကို အသုံးချရန် စည်းရုံးသိမ်းသွင်းနေကြောင်း၊ အချို့က မြို့စားနယ်စားများအား သွေးထိုးမြှောက်ပင့်ပေးကာ နွားကွဲလျှင် ကျားဆွဲရန် ကြံစည်နေကြောင်း ကိုယ်ကျိုးရှာသမားများဖြင့်သာ ပြည့်နှက်နေကြောင်း၊ သစ္စာရှိသူအချို့မှာလည်း စည်းလုံးမှု ပျက်ပြားနေ၍ မကြံတတ်အောင် ဖြစ်နေကြောင်း စသည်... စသည်ဖြင့် ကြားသိခွင့်ရလိုက်လေတော့၏။

ထို့အပြင်...

မြောက်ပိုင်းမှ နယ်စားလီရှောက်ချန်သည် မမျှော်လင့်ဘဲ အင်အားကောင်းလာကာ နေပြည်တော်ကို အံတုလာကြောင်း၊ မြောက်ပိုင်းနယ်မြေများကို တိုက်ခိုက်သိမ်းယူလျက် လူသူအင်အား စုဆောင်းကာ နေပြည်တော်သို့ပင် ချီတက်ရန် ကြံစည်နေကြောင်း ကြားသိလာရ၏။

မင်မင်းဆက်၏ နောက်ဆုံးမင်းဖြစ်သော ဝင်ကျုံးဘုရင် နန်းကျသွားပြီးနောက် ကျုံကျင်ဘုရင် နန်းတက်လာသည့် နှစ်ဆယ့်လေးနှစ်တာကာလအတွင်း (၁၆၂၀–၁၆၄၃) တရုတ်ပြည်တွင် မငြိမ်သက်ဆုံး အလှုပ်ရှားဆုံးကာလ ဖြစ်ပါတော့သည်။

ဝမ်ကျန်းထိုက်သည် သိုင်းလောကသားများအား မုန်းတီး



သည်။ မှူးမတ်တစ်ယောက်၏ ငွေများကို တာဝန်ယူထားရှိ၍ လုယက်ခံလိုက်ရသည်ဖြစ်ရကား အခြေအနေ ပိုဆိုးသွားခြင်း ဖြစ်လေသည်။

ထိုမှူးမတ်သည် ဝမ်ကျန်းထိုက်နှင့် ခင်မင်ရင်းနှီးသည့်မျက်နှာကို ထောက်ထားကာ သူ၏ငွေ ပြန်ရလျှင် ကျေနပ်မည်ဟု လိုက်လျောခဲ့သော်လည်း ယခုတိုင် ငွေပြန်မရသေးသဖြင့် ဝမ်ကျန်းထိုက် ဒုက္ခရောက်ရတော့မည်ဖြစ်သလို လုယူသွားသည့် ရှို့ကျားတို့လည်း ကြီးလေးသောအပြစ်ဒဏ် ခံရလိမ့်မည် ဖြစ်လေတော့သည်။

ငှက်မသိတော့ ဆက်ရက်ချိုးထင် ဆိုသကဲ့သို့ ဝမ်ပိုလော့၏ အခြေအနေကို မရိပ်စားမိသော ကျန်းတင့်ရီနှင့် အားမုန်တို့နှစ်ယောက်မှာ ဒုက္ခရောက်နေရသည်။

အသွားမတော် တစ်လှမ်းဆိုသကဲ့သို့ ဒုက္ခရောက်ရမည့်အခြေအနေနှင့် ကျန်းတင့်ရီတို့ ကြုံတွေ့နေရခြင်းလည်း ဖြစ်ပါတော့သည်။

"သခင်လေး... ကျုပ်တို့တော့ လူပေါင်းမှားပြီဗျ... "

အားမုန်က ညည်းတွားလိုက်သည်။

ကျန်းတင့်ရီက ဖျောင်းဖျလိုက်၏။

"သိပ်လည်း စိတ်ပူမနေပါနဲ့ကွာ... ဝမ်ပိုလော့က တို့ရဲ့အပေါ်မှာ အထင်မှားနေလို့ပါ... သည်ကိစ္စကို ဖြေရှင်းလို့ရပါတယ်... "

"သခင်လေး... စေတနာနဲ့ ဖြေရှင်းပေးဖို့ ကြိုးစားပေမဲ့... ခုတော့ ဝေဒနာဖြစ်နေပြီ... ဝမ်ကျန်းထိုက်အတွက် ငွေတွေလျှော်ပေးဖို့ ယူလာတာ... ခုတော့ သည်ငွေတွေကပဲ ရှို့ကျားတို့ လုထားတဲ့ငွေလိုလို

ကျွန်တော်တို့ကပဲ သူခိုးလက်ခံလိုလို ဖြစ်ရပြီ… ”

မြင်းသည်တော်များက သူတို့အား ဖမ်းဆီးခဲ့စဉ်က… သူတို့ ယူဆောင်လာသော ငွေဒင်္ဂါးသုံးသောင်းအား တွေ့သဖြင့် အခြေအနေ ပိုဆိုးသွားခြင်း ဖြစ်ပါတော့သည်။

ညကား… တစထက်တစ်စ နက်ရှိုင်းလာသည်။

အစောင့်များမှလွဲ၍ ကျန်မြင်းသည်တော်များနှင့် ဝမ်ပိုလော့ တို့ အိပ်ပျော်သွားကြသည့်တိုင် ကျန်းတင့်ရီတို့ကား အိပ်၍မပျော်နိုင် အောင် ဖြစ်နေကြသည်။

သူတို့အခြေအနေကလည်း အိပ်မပျော်စေနိုင်အောင် ဖြစ်နေခဲ့ ရပြီမဟုတ်ပါလား။

ထိုအချိန်မှာပင်…

“ဟူး… ဟူး… ”

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ လူရိပ်နှစ်ခု ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ကျန်းတင့်ရီသာမက အစောင့်များကပါ တွေ့မြင်သွားကြ သဖြင့်…

“ရန်သူ… ရန်သူ… ”

ဆူးရှူစွာ အော်ဟစ်လိုက်ကြရာ… အိပ်ပျော်နေကြသော မြင်း သည်တော်များနှင့် ဝမ်ပိုလော့တို့လည်း လန့်နိုးလာကြလေတော့သည်။

ညသည် ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။



မြင်းသည်တော်များ စခန်းချသည့်နေရာ၌ မီးပုံများ ပြုလုပ် ထားခြင်းကြောင့် အလင်းရောင်ကောင်းစွာရကာ ပတ်ဝန်းကျင်မှာ လင်း လင်းချင်းချင်း ဖြစ်နေပါသည်။

ကျန်းတင့်ရီတို့ ကြည့်လိုက်ကြသောအခါ… အမျိုးသမီးတစ် ယောက်က အမှောင်ရိပ်ထဲ၌ ရပ်နေပြီး ကျန်တစ်ယောက်က ရှေ့တိုး လာသည်ကို တွေ့ရလေသည်။

ထိုအမျိုးသမီးမှာ အသက်လေးဆယ်ခန့်ရှိမည် ထင်ရသော် လည်း ငါးဆယ် ခြောက်ဆယ်ခန့်လည်း ရှိနိုင်သည်။ သို့မဟုတ် လေး ဆယ်အောက်ရှိမည်လည်း ထင်ရ၏။ အသက်ကို ခန့်မှန်း၍မရသော ရုပ်ရည်မျိုးဖြစ်သည်။

အရောင်တဖိတ်ဖိတ် တောက်ပနေသော ရောင်စုံအဝတ် အစားများ ဝတ်ဆင်ထားပြီး… သူမ၏ လှုပ်ရှားမှုမှာ ညင်သာပျော့ပါးကာ ခြေသံမကြားရသဖြင့် သိုင်းလောကသားတစ်ယောက်ဖြစ်ကြောင်း ပေါ် လွင်နေလေသည်။

“ရပ်လိုက်စမ်း… ”

အစောင့်များက ဟန့်တားလိုက်သော်လည်း အမျိုးသမီးက ရှေ့ဆက်တိုးလာလေသည်။

“ဝမ်ပိုလော့… ရှင် ထွက်ခဲ့စမ်း… ”

ဝမ်ပိုလော့ကိုလည်း စိန်ခေါ်လိုက်လေသည်။

လော့သည် ထိုအမျိုးသမီးကိုမြင်လျှင် ရှည်ရှည်ဝေးဝေး

စဉ်းစားမနေဘဲ...

"တိုက်ကြစမ်း... "

ဟူ၍ အမိန့်ပေးလိုက်၏။

"ယား... "

မြင်းသည်တော်များသည်လည်း ညာသံပေးကာ ပြေးဝင်တိုက်ခိုက်လိုက်ကြလေတော့သည်။

အမျိုးသမီး မှုံပြုံးပြုံးလိုက်သည်။

"သွားကြစမ်း... "

သူမ လက်ဝှေ့ယမ်းလိုက်သည်နှင့်...

"အား... "

"အွန့်... "

"အမလေးဗျ... "

မြင်းသည်တော်များ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

အမျိုးသမီးသည် လက်နက်ပုန်းကလေးများအား အသုံးပြုကာ မြင်းသည်တော်များအား သွေးကြောပိတ် လဲကျသွားစေခဲ့ခြင်းဖြစ်ပေသည်။

မြင်းသည်တော်များ ခံလိုက်ရလျှင် ဝမ်ပိုလော့ ဒေါသချောင်းချောင်းထွက်သွားကာ...

"သိကြသေးတာပေါ့... "



ဓားပြားကြီးတစ်လက်ကို အသုံးပြုကာ အမျိုးသမီးနှင့် ရင်ဆိုင်တိုက်ခိုက်လိုက်လေတော့သည်။

သို့သော်...

"ဝမ်ပိုလော့ရယ်... ရှင် ဘာများတတ်နိုင်မှာမို့လဲ... "

အမျိုးသမီး လက်ဝှေ့ယမ်းလိုက်လျှင်...

"ဝုန်း... "

"ချွမ်း... "

"အား... "

ဝမ်ပိုလော့၏ လက်ထဲမှ ဓားလွတ်ကျသွားကာ သွေးကြောပိတ်ခံရပြီး မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

ကျွန်းတင့်ရီတို့မှာ မယုံနိုင်အောင် ဖြစ်နေကြသည်။

အမျိုးသမီး၏ လက်ချက်ကြောင့် တခဏတာအချိန်လေးအတွင်းမှာပင် ဝမ်ပိုလော့နှင့် မြင်းသည်တော်အားလုံး သွေးကြောပိတ်ခံလိုက်ကြရသည်မဟုတ်ပါလား... ။

အမျိုးသမီးသည် ကျွန်းတင့်ရီတို့အနီးသို့ ရောက်ရှိလာပြီး ကြိုးများကို ဖြတ်တောက်ကာ အနှောင်အဖွဲ့မှ လွတ်မြောက်စေလိုက်လေသည်။

"ကျွန်းတင့်ရီ... မင်း တော်တော်လန့်သွားသလား... "

"ဗျာ... "

ထိုအမျိုးသမီးက မိမိ၏နာမည်ကို သိနေသဖြင့် ကျွန်းတင့်ရီ

အံ့ဩသွားသည်။

အမျိုးသမီး တစ်ချက်ရယ်မောကာ အမှောင်ရိပ်ထဲ၌ ရပ်နေသော အမျိုးသမီးအား လှမ်းခေါ်လိုက်လေသည်။

"လျှိုချင်း... လာလေ... "

"ဟုတ်ကဲ့ဆရာ... "

ထိုအမျိုးသမီးကား လျှိုချင်း ဖြစ်နေပါတော့၏။

လျှိုချင်းအား မမျှော်လင့်ဘဲ တွေ့မြင်ရလျှင် ကျန်းတင့်ရှိ ဖော်မပြနိုင်အောင် ဝမ်းသာသွားလေတော့သည်။

"ညီမ... မင်း... မင်း... "

လျှိုချင်း ပြုံးလိုက်သည်။

"ကျွန်မရဲ့ဆရာကို ဂါရဝပြုလိုက်ပါဦးရှင်... "

ထိုအခါမှ ရောင်စုံအဝတ်အစားများ ဝတ်ဆင်ကာ ချောမောလှပသော အမျိုးသမီးမှာ လျှိုချင်း၏ဆရာဖြစ်ကြောင်း သိလိုက်ရလေသည်။

သူမ၏အမည်မှာ လီဖိန်ဖိန်ဖြစ်ပြီး နာမည်ကျော် သိုင်းသမားတစ်ယောက်ဖြစ်သော်လည်း သိုင်းလောက၌ ကျင်လည်ကျက်စားခြင်းမပြုဘဲ တောင်ပေါ်ဒေသ၌ သီးခြားနေထိုင်ခဲ့သူ ဖြစ်လေသည်။

လျှိုချင်းက လီဖိန်ဖိန်ထံ၌ သိုင်းပညာ သင်ကြားခဲ့ပြီး ဖခင်ထံသို့ အလည်အပတ် ပြန်လာသည်။ ရက်လိုအသားကင်ဆိုင်၌ ကျန်းတင့်ရှိတို့နှင့် တွေ့ခဲ့ရပြီး နောက်ပိုင်းတွင် ဝမ်ကျန်းထိုက်၏ကိစ္စနှင့်



ပတ်သက်ဆက်နွယ်လာခဲ့ရခြင်း ဖြစ်သည်။

ကျန်းတင့်ရှိ တွေ့ခဲ့ရသော ဘုန်းတော်ကြီး 'မာဟိုဖိန်'သည် ကျန်းတင့်ရှိအား သဘောကျပြီး တပည့်အဖြစ် မွေးမြူလိုသောဆန္ဒရှိသည်။

ထို့ကြောင့်လည်း ကျန်းတင့်ရှိ၏အကြောင်းကို မျက်ခြည်ပြတ်မခံဘဲ စောင့်ကြည့်နေခဲ့ပြီး ငွေဒင်္ဂါးများယူ၍ နေပြည်တော်သို့ သွားမှန်းသိလျှင် နောက်ကွယ်မှနေ၍ တိတ်တဆိတ် လိုက်လံစောင့်ရှောက်နေခြင်းဖြစ်သည်။ ဘုန်းတော်ကြီး မာဟိုဖိန်သည် ကျန်းတင့်ရှိတို့ အဖမ်းခံရသည်ကို အစအဆုံး သိမြင်သည်။

အချိန်တန်၍ တောင်ပေါ်သို့ ပြန်မလာသည့် တပည့်မလျှိုချင်းအတွက် တောင်ပေါ်မှ ဆင်းလာသည့် လီဖိန်ဖိန်နှင့် တွေ့ဆုံသောအခါ ဘုန်းတော်ကြီးမာဟိုဖိန်က လီဖိန်ဖိန်ကို အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းသည်။ လီဖိန်ဖိန်သည် လျှိုချင်းကိုခေါ်ပြီး ကျန်းတင့်ရှိတို့အား ကယ်တင်ခဲ့ခြင်း ဖြစ်ပါသည်။

လျှိုချင်းတို့ နေပြည်တော်သို့ သွားသည့်လမ်းပေါ်၌ ရောက်ရှိနေသည်မှာလည်း အကြောင်းရှိ၏။ သိုင်းဝိဇ္ဇာလီကျိုရှောင်က နို့ကျားအား ဖမ်းဆီးပေးခဲ့သော်လည်း ကျန်းတင့်ရှိက လွှတ်ပေးလိုက်သည်ကို လျိုကျန်းဝါ သိရှိသွားပြီး ဒေါပွကာ ဟန်ကျူးသို့ လိုက်လာခဲ့သည်။

ကျန်းတင့်ရှိက ဝမ်ကျန်းထိုက်အား ကယ်တင်ရန် ငွေဒင်္ဂါးများယူ၍ နေပြည်တော်သို့ သွားသည်ဟုသိရမှ စိတ်ဆိုးပြေသွားသည့်အပြင်

ကျန်းတင့်ရှိ၏ အကူအညီပေးမှုအပေါ် ကျေးဇူးတင်သွားကြတော့သည်။

ငွေဒင်္ဂါးအများအပြား သယ်ဆောင်သွားရသဖြင့် လူဆိုးဓားပြရန်ကို စိုးရိမ်ရသဖြင့် ကူညီစောင့်ရှောက်ဖို့ လိုက်လာကြရင်း တပည့်ပျောက်ရှာနေသည့် လီဖိန်ဖိန်နှင့် လျှိုချင်းတို့ ဆုံမိကြသည်။ ထို့နောက် ကျန်းတင့်ရှိနောက်သို့ လိုက်လာကြရင်း ဒုက္ခရောက်နေသည်ကို ကယ်တင်နိုင်လိုက်ခြင်းဖြစ်လေသည်။

ကျန်းတင့်ရှိက လီဖိန်ဖိန်အား ဂါရဝပြုလိုက်လေ၏။

"ကျွန်တော့်ကို ကူညီတဲ့အတွက်... ဒေါ်ဒေါ် ကျေးဇူးကို မမေ့ပါဘူး ခင်ဗျာ... "

လီဖိန်ဖိန် ရယ်မောလိုက်သည်။

"အင်း... လီမှာရေးခြားရှိတဲ့ လူငယ်လေးတစ်ယောက်ပဲကိုး... ငါ့ကို ကျေးဇူးတင်ရင် လျှိုချင်းကို စောင့်ရှောက်လိုက်ပေတော့... "

သူမသည် လျှိုချင်းဘက်သို့လှည့်ကာ နှုတ်ဆက်လိုက်၏။

"လျှိုချင်း... နေပြည်တော်ကို ရောက်တဲ့အထိ ညည်းက သူ့ကို တာဝန်ယူစောင့်ရှောက်သွားချင်တယ် မဟုတ်လား... ငါက နေပြည်တော်ကို လိုက်လို့မဖြစ်ဘူး... နောက်မှ ပြန်တွေ့ကြသေးတာပေါ့... ကဲ... ငါသွားမယ်... "

"ကောင်းပါပြီ ဆရာ... "

လီဖိန်ဖိန်သည် သူမ လုပ်မည်ဟု စဉ်းစားပြီးသောအရာကို



ဖြစ်အောင်လုပ်တတ်သည်။

လီဖိန်ဖိန်အား ဟန့်တားရ၍ရမည်မဟုတ်ကြောင်း နားလည်မိသဖြင့် လျှိုချင်းလည်း မတားတော့ချေ။

လီဖိန်ဖိန်က နှုတ်ဆက်ထွက်ခွာသွားသောအခါ ကျန်းတင့်ရှိနှင့် လျှိုချင်းတို့သည်လည်း ညတွင်းချင်းပင် နေပြည်တော်သို့ ခရီးဆက်ရန် ပြင်ဆင်ကြလေတော့၏။

လျှိုချင်းက...

"အစ်ကို... ညီမတို့ အခုပဲ ခရီးထွက်ရင်ကောင်းမယ်... "

ကျန်းတင့်ရှိ ခေါင်းညိတ်လိုက်လေ၏။

လီဖိန်ဖိန်နှင့် လမ်းခွဲပြီး ကျန်းတင့်ရှိတို့ ခရီးဆက်လာခဲ့ကြရာ နေပြည်တော်သို့သွားရာလမ်းမကြီးပေါ်သို့ ရောက်ရှိလာတော့သည်။

ထိုစဉ်...

"ခွပ်... ခွပ်... ခွပ်... ခွပ်... "

"ခွပ်... ခွပ်... ခွပ်... ခွပ်... "

မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းစီးသမားတစ်စု ခရီးနှင်လာကြသည်ကို တွေ့ရလေသည်။

ကျန်းတင့်ရှိ ရင်ထိတ်သွား၏။

"အစ်ကိုတို့ ဝေးဝေးရှောင်ကြရင်ကောင်းမယ်ထင်တယ်..."

ဝမ်ပိုလော့တို့ မြင်းသည်တော်များနှင့် ဆုံတွေ့မိခဲ့ပြီး... အန္တရာယ်ကြုံခဲ့ရသဖြင့် မြင်းစီးသမားများကိုမြင်လျှင် ထိတ်လန့်မိခြင်း

ဖြစ်ပါသည်။

လျှိုချင်း ပြုံးလိုက်သည်။

"မပူပါနဲ့ အစ်ကိုရယ်... အနှောင့်အယှက်ပေးမဲ့လူ ပေါ်လာရင်လည်း... ကျွန်မ တာဝန်ယူပါ့မယ်... လူတိုင်းကတော့ ဒုက္ခပေးကြမှာ မဟုတ်ပါဘူး... "

ထိုစဉ်...

မြင်းစီးသမားများမှာ တစထက်တစ နီးကပ်လာကြသည်။

ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ ရာထူးအဆောင်အယောင်များ ဝတ်ဆင်ထားသည့် အသက်ငါးဆယ်ခန့်ရှိသူ ဥပမိရုပ်ကောင်းသူ ဖြစ်သည်။

သူ၏နောက်မှ လိုက်လာကြသူများကား ဝမ်ပိုလော့နှင့်အတူ ပါလာသည့် မြင်းသည်တော်များထက် ပို၍ အဆင့်မြင့်သော မြင်းသည်တော်များ ဖြစ်ကြသည်။

နေပြည်တော်မှ တပ်ဖွဲ့တစ်ခုနှင့် ထပ်မံဆုံတွေ့လိုက်ရခြင်းကြောင့် ကျန်းတင့်ရီ စိတ်ပူနေပါသည်။ သူသည် ခဲမှန်ဖူးသော စာသူငယ် ဖြစ်နေသည်မဟုတ်ပါလော... ။

သို့သော်...

ထိုလူများသည် ကျန်းတင့်ရီတို့အား လုံးဝအမှုမထားဘဲ ရှေ့ဆက်ခရီးနှင်သွားကြလေတော့သည်။

လျှိုချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ၏။



ကျန်းတင့်ရီသည် ထိုစစ်သည်အုပ်စုနှင့် ဝေးရာသို့ သွားရန်သာ ဟန်တပြင်ပြင် ဖြစ်နေသည်။

လျှိုချင်းက ဟန်တပြင်ပြင်ဖြစ်နေသော ကျန်းတင့်ရီကို ဟန့်တားလိုက်သည်။

"အစ်ကို... ခဏနေဦး... ညီမ တားလိုက်ဦးမယ်... "

ကျန်းတင့်ရီ လွန်စွာစိုးရိမ်သွားသည်။ ထိုအုပ်စုကိုတားလျှင် ထိုအုပ်စုနှင့် ရင်ဆိုင်ရဦးမည် မဟုတ်ပါလား... ။

"ညီမ... ဘာဖြစ်လို့လဲ... "

လျှိုချင်းက အဖြေမပေးဘဲ ရှေ့သို့ပြေးထွက်သွားကာ မြင်းစီးသမားများကို ဟန့်တားလိုက်လေသည်။

"ဦးလေး... ဦးလေး... ခဏနေပါဦး... "

ကျန်းတင့်ရီမှာ လွန်စွာထိတ်လန့်နေလေတော့၏။

လျှိုချင်းသည် အဘယ်ကြောင့် မြင်းသည်တော်များနှင့် ပတ်သက်လိုပါသနည်း... ။

ရပ်နေရမည်လော သို့မဟုတ် ထွက်ပြေးရမည်လော ဝေခွဲမရ ဖြစ်များသွားလေတော့သည်။

မြင်းသည်တော်များအားဦးဆောင်လာသည့် ရာထူးအဆောင်အယောင် ဝတ်ဆင်ထားသူသည် လျှိုချင်းကိုမြင်လျှင် ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

"ဟာ... တူမကြီး လျှိုချင်းပါလား... "

ချက်ချင်းပင် မြင်းပေါ်မှ ခုန်ဆင်းလာတော့သည်။

လျှိုချင်းက ကျန်းတင့်ရှိကို လက်ယပ်ခေါ်လိုက်လေသည်။

"အစ်ကို သည်ကိုလာပါဦး... ကျွန်မရဲ့ဦးလေး ဝမ်ကျန်းထိုက်နဲ့ မိတ်ဆက်ပေးချင်လို့ပါ... "

"ဟာ... "

ကျန်းတင့်ရှိ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ ဝမ်ကျန်းထိုက်နှင့် ဆုံတွေ့လိုက်ရသည်မှာ မယုံနိုင်စရာ ကောင်းလှပေတော့သည်။

ကျန်းတင့်ရှိမှာ မည်သို့မည်ပုံ ရှေ့တိုးသွားမိမှန်း မသိတော့ပါချေ။

ကျန်းတင့်ရှိဆိုသော အမည်ကြားလျှင် ဝမ်ကျန်းထိုက်လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဟာ... သည်ကမိတ်ဆွေလေးဟာ ကျန်းတင့်ရှိ ဖြစ်နေတာကိုး... မိတ်ဆွေလေးဟာ ကျုပ်ရဲ့ အသက်သခင်ကျေးဇူးရှင်ပါပဲ... မိတ်ဆွေလေးရဲ့ ကျေးဇူးကို ဘယ်တော့မှ မေ့နိုင်တော့မှာမဟုတ်ပါဘူး"

"ဗျာ... "

ကျန်းတင့်ရှိ အံ့သြပြီးရင်း အံ့သြနေရလေတော့သည်။

ဝမ်ကျန်းထိုက်က လှိုက်လှိုက်လှဲလှဲ ပြောနေ၏။

"မိတ်ဆွေလေးက ငွေဒင်္ဂါးသုံးသောင်း စိုက်ပေးလိုက်တာကြောင့်... အမတ်ကြီး ကျေနပ်သွားပါတယ်... ကျုပ်တို့လည်း အပြစ်က



လွှတ်လိုက်တယ်... မူလ ရာထူးအဆောင်အယောင်တွေလည်း ပြန်ပေးတယ်... မိတ်ဆွေလေးသာ မကယ်ရင် ကျုပ်ဘဝဟာ ရေစုန်မျောရမဲ့ အပြင် သေဒဏ်တောင် အပြစ်ပေးခံရဦးမှာပါ... အသက်ကယ်တဲ့ ကျေးဇူးကို မမေ့ပါဘူး... "

ကျန်းတင့်ရှိနှင့် လျှိုချင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

ငွေဒင်္ဂါးများ စိုက်လျှော်ပေးရန် နေပြည်တော်သို့ သူတို့ လာခဲ့ကြခြင်းဖြစ်သည်။

မိမိတို့က စိုက်လျှော်ပေးပြီးပြီဟု ဝမ်ကျန်းထိုက်က ပြောနေ၏။ အဘယ်ကြောင့် ထိုသို့ဖြစ်ရပါသနည်း... ။

ကျန်းတင့်ရှိက ဖြေရှင်းရန် ဟန်ပြင်လိုက်စဉ်... လျှိုချင်းက မျက်ရိပ်ပြကာ လက်ကုတ်လိုက်လေသည်။ လျှိုချင်းသည် ကျန်းတင့်ရှိ မည်မျှရိုးသားသည်ကို သိရှိနှားလည်ပြီးလေပြီ။ ထို့ကြောင့်...

ဘာမှမပြောဘဲ အခြေအနေ စောင့်ကြည့်နေပါဟူသည့် သဘောဖြင့် လက်ကုတ်လိုက်ခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ကျန်းတင့်ရှိက ဘာမှမပြောတော့ဘဲ အခြေအနေကို စောင့်ကြည့်နေလိုက်ရသည်။

ထို့နောက်တွင် ဝမ်ကျန်းထိုက်မှာ အရေးကြီးသောကိစ္စရှိနေ၍ သွားရမည်ဖြစ်ရာ လျှိုချင်းက လိုက်သွားသည်။

အားမုန်နှင့် ကျန်းတင့်ရှိတို့က ရောက်တုန်းရောက်ခိုက်

နေပြည်တော်၌ လည်ပတ်ရန် ဆုံးဖြတ်လိုက်ကြသည်။

ဝမ်ကျန်းထိုက်ကလည်း ကျန်းတင့်ရီအား ကျွေးမွေးပြုစုလို၍ ချက်ချင်း ပြန်မသွားသေးဘဲ နေပြည်တော်၌ တစ်ပတ်ခန့်နေပါ… ၊ သူပြန်လာလျှင် ကျွေးမွေးပြုစုလိုပါသည်ဟု ပြောသဖြင့်… ကျန်းတင့်ရီ လောလောဆယ် အိမ်မပြန်ဖြစ်တော့ချေ။

## အခန်း [ ၁၉ ]

## တစ်သောင်းမှာတစ်ယောက်

ကျန်းတင့်ရီနှင့် အားမုန်တို့ နေပြည်တော်သို့ ရောက်ရှိလာကြပြီး လည်ပတ်ခဲ့ကြလေသည်။

ကြီးကျယ်ခမ်းနားလှသော အဆောက်အဦးများကို ငေးမောယင်း လျှောက်သွားနေမိကြ၏။ တစ်နေရာသို့အရောက်တွင် သူတို့အား ဟန့် တားလာသူအား တွေ့ရလေ၏။

"အစ်ကိုလေး… အစ်ကိုလေး ခဏနေပါဦး… "

ဟန့်တားသံနှင့်အတူ အသက်ဆယ့်နှစ်နှစ်ခန့်ရှိ ကောင်လေး တစ်ယောက် ပြေးလိုက်လာသည်ကို တွေ့လိုက်ရသည်။

ကျန်းတင့်ရီတို့ ခြေလှမ်းရပ်ကာ စောင့်နေလိုက်၏။

ထိုကောင်လေးက အနီးသို့ရောက်လာလျှင် ဦးညွှတ်လိုက်၏။

"အစ်ကိုလေးဟာ… ဟန်ကျူးက ကျန်းတင့်ရီမဟုတ်လား ဗျာ…"

သိုင်းလောကသားများနှင့် ပတ်သက်မိမှ အံ့ဩစရာများနှင့် ဆက်တိုက်ကြုံတွေ့ခဲ့ရသဖြင့် ကျန်းတင့်ရီ မအံ့ဩနိုင်တော့ပါ။ ကောင်လေးအား အကဲခတ်ကာ မေးလိုက်လေသည်။

"ဟုတ်တယ်... ငါက ကျန်းတင့်ရီပဲ... ဘာကိစ္စရှိလို့လဲ ပြောစမ်းပါဦး... "

ကောင်လေးက စာတစ်စောင်ထုတ်ကာ ရိုရိုသေသေပေးလေသည်။

"အစ်ကိုလေးရဲ့မိတ်ဆွေက စာတစ်စောင် ပေးခိုင်းလိုက်ပါတယ်... "

ဤတွင် လျှို့ချင်း ပေးခိုင်းလိုက်သည့်စာဟု ကျန်းတင့်ရီ ထင်မှတ်မိလိုက်လေသည်။

ကောင်လေးသည် စာပေးပြီးသည်နှင့် ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

ကျန်းတင့်ရီက စာကို ဖောက်ဖတ်လိုက်တော့မှ လျှို့ချင်း၏ စာမဟုတ်ဘဲ မျှော်လင့်မထားသော တုံးဖန်းလှိုင်ထံမှ စာဖြစ်နေသည်ကို တွေ့ရလေသည်။

စာထဲ၌...

*ညီလေး...*

*နှိကျားက ဝမ်ကျန်းထိုက် တာဝန်ယူရတဲ့ ငွေဒင်္ဂါးတွေကို လုယူလာတယ်ဆိုတာ နောက်မှ သိရတယ်... သည်ကိစ္စနဲ့ပတ်သက်ပြီး ရှုပ်ထွေးမှုတွေ တစ်ပုံကြီးဖြစ်ခဲ့တာကော... ညီလေး ကြားကအခှောင် ဒုက္ခရောက်နေတာကော သိရလို့ စိတ်မကောင်းဖြစ်မိတယ်... ဒါနဲ့... ညီလေးရဲ့နာမည်နဲ့ပဲ ငွေဒင်္ဂါးတွေ ဝမ်ကျန်းထိုက်ဆီကို ပို့ပေးပြီး ဖြေရှင်းလိုက်ပါပြီ... နှိကျားတို့ကို ပညာပြချင်လို့... ခုလို ဖြစ်ခဲ့ရတာကို တောင်းပန်ပါတယ်ကွာ...*

*ညီလေးရဲ့*

*တုံးဖန်းလှိုင်*

ဟူ၍ ရေးသားထားသည်ကို တွေ့ရ၏။

ယခုမှ အဖြစ်အပျက်အလုံးစုံကို ကျန်းတင့်ရီ လိပ်ပတ်လည်သွားလေတော့သည်။

စိတ်ထဲမှလည်း တုံးဖန်းလှိုင်ကို ရည်မှန်းကာ ကျေးဇူးတင်စကားပြောလိုက်မိသည်။

တုံးဖန်းလှိုင်၏လုပ်ရပ်များကိုကြည့်ကာ "သူရဲကောင်း"တစ်ယောက်ဖြစ်သည်ဟု ကျန်းတင့်ရီ ခံယူလိုက်လေတော့သည်။

နောက် သုံးရက်အကြာတွင် ကျန်းတင့်ရီနှင့် လျှို့ချင်းတို့ ပြန်လည်ဆုံတွေ့မိခဲ့ကြလေသည်။ ဝမ်ကျန်းထိုက် နေပြည်တော်သို့ ပြန်လည်ဆိုက်ရောက်လာခြင်းဖြစ်သည်။

ဝမ်ကျန်းထိုက်က ဖိတ်ကြားသဖြင့် ကျန်းတင့်ရီ ထမင်းစားသွားခဲ့ရသေး၏။ ဝမ်ကျန်းထိုက်၏ ညည့်ခံပွဲမှာ လွန်စွာကြီးကျယ်သည်။ ခမ်းနားသည်။ ကျန်းတင့်ရီ လွန်စွာကျေးဇူးတင်ခဲ့ပါသည်။

ထို့နောက်...

လျှို့ချင်းနှင့်အတူ ဝမ်ကျန်းထိုက်အား နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

လမ်းမပေါ်သို့ ရောက်လာသောအခါ လျှို့ချင်းက မေးလာလေသည်။

"အစ်ကို... အချိန်ရတယ်မဟုတ်လားဟင်... "

ကျန်းတင့်ရီ ခေါင်းညိတ်လိုက်သည်။

"ရပါတယ်... ဘာဖြစ်လို့လဲ... အစ်ကိုက ညီမနဲ့ဆိုရင် အချိန်ပို နေတာပဲ... "

"ဪ... ကျွန်မရဲ့ဆရာနဲ့ သွားတွေ့မလို့ပါ... "

လီဖိန်ဖိန်က ကူညီခဲ့ဖူးသည့်ကျေးဇူးလည်း ရှိနေသဖြင့်... ကျန်းတင့်ရီလည်း လိုက်သွားရန် သဘောတူလိုက်လေသည်။

ဖခင်ဖြစ်သူအတွက် သူက စိတ်မပူပါ... ။

နေပြည်တော်သို့ ထွက်လာချိန်၌ ဖခင်ကြီးကလည်း လိုက်ဝူကျောင်းတစ်ခု၌ တရားစခန်းဝင်လိမ့်မည် မဟုတ်ပါလား... ။

ဝမ်ကျန်းထိုက်၏ကိစ္စ ဖြေရှင်းပြီးပြီဖြစ်၍ အားလပ်နေပြီး ဟန်ကျူးသို့မပြန်မီ သွားလိုရာ သွားနိုင်ရန် အချိန်ရလျက် ရှိနေပါတော့သည်။

"ညီမရဲ့ ဆရာမရဲ့ ကျေးဇူးလည်း ရှိနေသေးတယ်လေ... အစ်ကိုတို့ သွားကြတာပေါ့... "



ကျန်းတင့်ရီက သဘောတူလိုက်သဖြင့် လျှို့ချင်း ဝမ်းသာသွားသည်။

"အစ်ကိုသွားဆို ခုပဲ သွားကြမယ်... "

"လုပ်လိုက်လေ... "

လျှို့ချင်းသည် ချက်ချင်းပင် လီဖိန်ဖိန်ရှိနေသောနေရာသို့ ခေါ်ဆောင်သွားလေတော့သည်။

အမှန်တော့... လီဖိန်ဖိန်ကိုယ်တိုင်ကလည်း လျှို့ချင်းနှင့် ကျန်းတင့်ရီတို့၏ ဆက်ဆံရေးအခြေအနေကို အကဲခတ်ချင်သဖြင့် ကျန်းတင့်ရီနှင့် စကားပြောကြည့်နိုင်ရန် ခေါ်ခိုင်းလိုက်ခြင်းလည်း ဖြစ်ပါသည်။

ကျန်းတင့်ရီတို့ ရောက်ရှိသွားပြီး တကယ်တမ်း တွေ့ဆုံကြသောအခါ လီဖိန်ဖိန်မှာ လွန်စွာမှပင် သဘောကျသွားလေတော့သည်။

"အင်း... သည်ကောင်လေးဟာ မိဘမျိုးရိုးလည်းကောင်းတယ်... ပင်ကိုယ်စိတ်နေသဘောထားလည်း မြင့်မြတ်တယ်... လျှို့ချင်းနဲ့ ကာမှသဘောမတူနိုင်စရာ အကြောင်းမရှိဘူး... ဒါပေမဲ့... သူဟာ... သိုင်းပညာမရှိတာခက်တယ်... "

ကျန်းတင့်ရီသာ သိုင်းပညာသင်ကြားမည်ဆိုလျှင် သိုင်းသမားကောင်းတစ်ယောက် ဖြစ်လာရမည်ဟု ယုံကြည်မိသည်။

ထို့ကြောင့်... ထွေရာလေးပါး ပြောဆိုကြပြီးနောက် သိုင်းလောကအကြောင်း စကားဦးတည်လိုက်၏။

ကျန်းတင့်ရီ စိတ်ဝင်စားလာစေရန် သိုင်းလောကအကြောင်း

ပြောပြကာ စည်းရုံးသိမ်းသွင်းလိုက်ခြင်းလည်း ဖြစ်သည်။

"ကျန်းတင့်ရီ... တုံးဖန်းလှိုင်အပေါ်မှာ မင်းဘယ်လိုသဘောထားသလဲဆိုတာ ပြောပါဦး... "

သွေးတိုးစမ်းကာ မေးလိုက်ခြင်းဖြစ်သည်။

ကျန်းတင့်ရီက သဘောရိုးဖြင့် ဖြေလိုက်သည်။

"အစ်ကိုကြီးတုံးဖန်းလှိုင်ဟာ... သူ့ရဲကောင်းစိတ်ဓာတ်ရှိတဲ့ လူတစ်ယောက်ပါပဲ ခင်ဗျာ... "

လီဖိန်ဖိန် ပြုံးလိုက်သည်။

"သူဟာ... နန်းတွင်းက လုပ်ရပ်တွေကို နှောင့်ယှက်ဖျက်ဆီးနေတယ်လို့ စွပ်စွဲနေကြတာကကော... တချို့ကလည်း လူဆိုးဓားပြ ကိုယ်ကျိုးရှာတဲ့လူလို့ ပြောကြတယ်... အဲဒါတွေကို မင်း ဘာပြောမလဲ... "

ကျန်းတင့်ရီ သက်ပြင်းချလိုက်သည်။

"ကျွန်တော်ဟာ... သိုင်းလောကသားတစ်ယောက် မဟုတ်တဲ့အတွက် ရှုပ်ထွေးတဲ့ကိစ္စတွေကို နားမလည်နိုင်ပါဘူး ခင်ဗျာ... ဒါကြောင့် ဘယ်လိုသဘောထားရမယ်ဆိုတာ ပြောနိုင်မှာမဟုတ်ပါဘူး ခင်ဗျာ... "

သူ၏စကား လိမ္မာပါးနပ်မှုကို လီဖိန်ဖိန်က ချီးကျူးလိုက်လေသည်။

"ငါကတော့... တုံးဖန်းလှိုင်ကို သူ့ရဲကောင်းတစ်ယောက်လို့ပဲ



သတ်မှတ်ထားပါတယ်... သူဟာ ငယ်ရွယ်ပေမဲ့ သိုင်းပညာထူးချွန်လွန်းတယ်... ဝမ်ကျုန်းထိုက်ရဲ့ကိစ္စကို ဖြေရှင်းပေးခဲ့တာကိုကြည့်ရင်... သူ့ရဲ့ သဘောထားကို သိနိုင်တယ်... သူဟာ လူဆိုးဓားပြတစ်ယောက်လို့ ပြောနိုင်ပါ့မလား... လူဆိုးဓားပြဆိုရင် ငွေဒင်္ဂါးသုံးသောင်းကို ပြန်ပေးပါတော့မလား... ငါတို့ဟာ လမ်းစဉ်ချင်းတူနေတဲ့လူတွေမို့ သူ့ဘက်က ပြောနေတာ မဟုတ်ဘူးနော်... "

လမ်းစဉ်ချင်း တူနေသည်ဆိုသောစကားကြောင့် ကျန်းတင့်ရီ ရှုံ့မဲ့သွားလေသည်။

တုံးဖန်းလှိုင်နှင့် လီဖိန်ဖိန်တို့မှာ မည်သို့ပတ်သက်နေကြပါသနည်း... ။

လီဖိန်ဖိန်က ဆက်ပြောလာသည်။

"တုံးဖန်းလှိုင်က... ကျောက်ထပ်တောင်ရတနာသိုက်ကိစ္စ ပြောပြခဲ့မယ်ထင်တယ်... လျှို့ချင်းကတော့ သွားဖို့ဆုံးဖြတ်ထားတယ်... မင်းကော... "

ကျန်းတင့်ရီ စိတ်လှုပ်ရှားသွားသည်။ ယခင် သူသည် သိုင်းသမားများကို စိတ်မဝင်စားပါ။ ယခုတော့... စိတ်ဝင်စားသလိုလို ရှိနေသည်။

သူ့အတွက် အချိန်ရနေသဖြင့် ကျောက်ထပ်တောင်သို့ သွားလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

"ကျွန်တော်လည်း... သွားဖို့တော့ စိတ်ကူးထားပါတယ်

ခင်ဗျာ..."

မယုတ်မလွန် ပြောလိုက်လေသည်။

လီဖိန်ဖိန်က ခေါင်းညိတ်လိုက်သည်။

"သိုင်းလောကအကြောင်း လေ့လာချင်တယ်ဆိုရင်တော့... ကျောက်ထပ်တောင်ကိစ္စကို လက်မလွှတ်သင့်ဘူး... သိုင်းလောကသားတွေ စုံစုံလင်လင် ရောက်လာကြလိမ့်မယ်... သိုင်းပြိုင်ပွဲတွေကိုလည်း တွေ့ရမယ်... အထူးသဖြင့် ရှောင်လင်နဲ့ ဝူတန်းဂိုဏ်းရဲ့ အားပြိုင်ပွဲကို တွေ့ရမှာ သေချာတယ်... "

လီဖိန်ဖိန် မျှော်လင့်ထားသကဲ့သို့ပင် ကျန်းတင့်ရှီမှာ ကျောက်ထပ်တောင်ကိစ္စကို ပို၍ စိတ်ဝင်စားလာတော့သည်။

"အစ်ကိုကြီးတုံးဖန်းလိူင်က... ကျောက်ထပ်တောင်ကို သွားမယ်ထင်ပါသလားခင်ဗျာ... "

"စိတ်ချ... သူ့ကို တားထားရင်တောင် ရောက်အောင်သွားလိမ့်မယ်... ဝူတန်းဂိုဏ်းအတွက် တုံးဖန်းလိူင်ဟာ အရေးအကြီးဆုံးလူတစ်ယောက်ဖြစ်နေတယ်... "

ရှောင်လင်၊ ဝူတန်း၊ ဝူဗီး၊ ငိုမီ အစရှိသော သိုင်းဂိုဏ်းကြီးများသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက် နာမည်ကြီးသော ဂိုဏ်းများဖြစ်ကြပြီး နှစ်ပေါင်းများစွာ အစွန့်ရှည်တည်တံ့ခဲ့ကြသည်။

လူဆိုးဟုလည်းကောင်း၊ လူကောင်းဟုလည်းကောင်း အမျိုးမျိုး ဝေဖန်ပြောဆိုခြင်းခံနေရသည့် တုံးဖန်းလိူင်မှာ ဝူတန်းဂိုဏ်းနှင့်



မည်သို့ပတ်သက်နေပါသနည်း... ။

ကျန်းတင့်ရှီ တွေဝေနေသည်ကို တွေ့ရလျှင် လီဖိန်ဖိန်က ပြုံးလိုက်လေသည်။

"မင်း ဘာတွေစဉ်းစားနေတာလဲ... တကယ့်ပွဲကြီးပွဲကောင်းကို လက်လွှတ်လိုက်တော့မလို့လား... တုံးဖန်းလိူင်က လေမွှေညီနောင်ကို အသုံးချပြီး သူ့အတွက် အားထားရမဲ့လူတွေကို စုဆောင်းနေတယ်... သူ့ကို ဝူတန်းဂိုဏ်းက နောက်ကွယ်ကနေ ကူညီမှာသေချာတယ်... "

ကျန်းတင့်ရှီက မရှင်းသည့်အချက်ကို မေးလိုက်လေသည်။

"ရှောင်လင်နဲ့ ဝူတန်းဟာ ထိပ်တန်းသိုင်းဂိုဏ်းကြီးတွေပါ... ကျောက်ထပ်တောင်ကိစ္စမှာ သူတို့ ဘာကြောင့်ပါဝင်နေရတာလဲ... ဝူတန်းဂိုဏ်းဟာ အစ်ကိုကြီးတုံးဖန်းလိူင်နဲ့ကော ဘယ်လိုများပတ်သက်နေလို့လဲ... "

လီဖိန်ဖိန်က တည်ကြည်သော မျက်နှာထားဖြင့်ပြောသည်။

"အမှန်ကိုပြောရရင်... သိုင်းလောကရဲ့ သိုင်းပညာရပ်အသီးသီးဟာ... ရှောင်လင်နဲ့ ဝူတန်းဂိုဏ်းနှစ်ဂိုဏ်းကိုပဲ အခြေခံပါတယ်... ရှောင်လင်နဲ့ဝူတန်းဂိုဏ်းတွေရဲ့ ပညာရပ်တွေဟာ သိုင်းလောကအနှံ့အပြား ပျံ့နှံ့သွားပြီး မူကွဲသိုင်းပညာရပ်တွေအဖြစ် ဆက်လက်ပျံ့ပွားများခဲ့ကြတယ်... သိုင်းပညာရပ်အသီးသီးရဲ့ အခြေခံမူလဇစ်မြစ်ကို လေ့လာကြည့်မယ်ဆိုရင်... နောက်ဆုံးတော့ ရှောင်လင်နဲ့ ဝူတန်းဂိုဏ်းက စတင်ခဲ့တယ်ဆိုတာပဲ တွေ့ရလိမ့်မယ်... တုံးဖန်းလိူင်ရဲ့ပညာဟာ

ဝူတန်းရဲ့ အခြေခံပညာပဲ… ဒါကြောင့် ဝူတန်းဂိုဏ်းက တုံးဖန်းလိုင်ဟာ သူတို့ရဲ့ လူလို့ သတ်မှတ်ထားကြတယ်… ”

သိုင်းလောကအကြောင်း နားမလည်သည့် ကျုန်းတင်ရီမှာ ခေါင်းရှုပ်သွားလေသည်။

လျှို့ချင်းက ကြားဝင်မေးလိုက်လေ၏။

“ဆရာ… ဆရာကော ကျောက်ထပ်တောင်ကို သွားမှာလား”

လီဖိန့်ဖိန့် သက်ပြင်းချလိုက်သည်။

“ပြောလို့တော့ မရသေးဘူး… ကျွန်းသခင်ကြီး ကျောက်တန်းရွာသာလာမယ်ဆိုရင် သွားဖြစ်ဖို့များတယ်… ”

လာပြန်ပြီ နာမည်တစ်လုံး။ ကျွန်းသခင်ကြီး ကျောက်တန်းရွာတဲ့… ။

ကျွန်းသခင်ကျောက်တန်းရွာဟူသော နာမည်တစ်လုံးတိုးလာ၍ ကျုန်းတင်ရီ စိတ်ဝင်စားရပြန်သည်။

“ငါတပည့်လည်း… သိဦးမှာမဟုတ်တော့ ပြောပြရဦးမယ်… ”

လီဖိန့်ဖိန့်က ကျောက်တန်းရွာအကြောင်း ပြောပြတော့မည်ဖြစ်၍ လျှို့ချင်း ဝမ်းသာသွားလေသည်။

“ဟုတ်ကဲ့ဆရာ… ကျွန်မ သိချင်ပါတယ်… ”

ကျုန်းတင်ရီက ငြိမ်နေလိုက်သည်။

လီဖိန့်ဖိန့်က တည်ကြည်သောမျက်နှာထားဖြင့် ပြော၏။

“ကျွန်းသခင်ကျောက်တန်းရွာဟာ… ပြိုင်စံရှားတဲ့ သိုင်းသမားကြီးတစ်ယောက်ပါ… သူ့ရဲ့ သိုင်းပညာဟာ အံ့မခန်း အစွမ်းထက်လှတယ်… ဒါပေမဲ့လည်း အသေးစိတ် ခွဲခြမ်းစိတ်ဖြာကြည့်လိုက်မယ်ဆိုရင် ဝူတန်းဂိုဏ်းရဲ့ပညာကို အခြေခံထားတယ်ဆိုတာကို တွေ့ရလိမ့်မယ်… သိုင်းလောကသားတွေဟာ သာမန်လူတွေနဲ့ မတူကြဘူး… အစွဲအလမ်းကြီးမားကြတယ်… ရှောင်လင်ဂိုဏ်းရဲ့ပညာကို အခြေခံပြီး အမျိုးမျိုး အသွင်ကွဲသွားကြပေမဲ့လည်း… အဲသည်လူတွေက သူတို့ဟာ ရှောင်လင်ကျောင်းနဲ့ ပတ်သက်နေတယ်လို့ ခံယူထားကြတယ်… ရှောင်လင်ကျောင်းကလည်း သူတို့နဲ့ မကင်းရာမကင်းကြောင်းဖြစ်တယ်လို့ လက်ခံထားကြတယ်… ဝူတန်းဂိုဏ်းလည်း သည်အတိုင်းပဲ… ”

ဤတွင် လျှို့ချင်းက တအံ့တသြ ပြောလိုက်လေသည်။

“ဆရာ… ဒါဆို ကျွန်မတို့ရဲ့ ပညာဟာလည်း ဝူတန်းဂိုဏ်းကို အခြေခံနေတာပဲမဟုတ်လား… ”

လီဖိန့်ဖိန့်က ဝန်ခံလိုက်သည်။

“ဒါ အမှန်ပဲ… ”

ကျုန်းတင်ရီ စိတ်လှုပ်ရှားသွားသည်။

တုံးဖန်းလိုင်၏ပညာမှာ ဝူတန်းဂိုဏ်းအား မြစ်ဖျားခံ၏။ လီဖိန့်ဖိန့်၏ပညာမှာလည်း ထိုနည်းအတိုင်းဖြစ်သည်။ ဤသို့ဆိုလျှင် လီဖိန့်ဖိန့်နှင့် တုံးဖန်းလိုင်တို့မှာ ပတ်သက်နေကြသည်ဟု ဆိုနိုင်ပါသည်။

လီဖိန့်ဖိန့်၏စကား ကြားရသောအခါမှ ရှင်းရှင်းလင်းလင်း ဖြစ်

သွားတော့သည်။

"ဝူတန်းနဲ့ မကင်းဘူးလို့ ပြောနိုင်သူတွေထဲမှာတော့... ကျွန်းသခင်ကျောက်တန်းရှာရဲ့ပညာဟာ အမြင့်မားဆုံးလို့ ပြောနိုင်ပါတယ်... ငါနဲ့ တုံးဖန်းလှိုင်တို့ကတော့ ဒုတိယတန်းစားလောက်ပဲရှိတယ်... ကျောက်ထပ်တောင်မှာ ရှောင်လင်နဲ့ဝူတန်း ထိပ်တိုက်တွေ့ပြီဆိုရင်... ငါတို့ဟာ ဝူတန်းဘက်က ရပ်တည်ရလိမ့်မယ်... "

ထိတ်ထိတ်ကြဲ ဝူတန်းဂိုဏ်းကြီးနှင့် ပတ်သက်ဆက်နွယ်နေသည့် တုံးဖန်းလှိုင်မှာ လူဆိုးတစ်ယောက် ဖြစ်နိုင်ပါမည်လော။ လျှိုချင်းက တစ်စုံတစ်ခုအား သတိရလာဟန်ဖြင့် မေးလိုက်လေသည်။

"ဆရာ... ကျွန်မတို့ဟာ ထူးဆန်းတဲ့ သူတောင်းစားကြီးတစ်ယောက်ကို တွေ့ခဲ့ပါတယ်... သူ့အကြောင်းကို ဆရာသိသလား... "

ကျုံးတင့်ရီတို့ တွေ့ခဲ့ရသော လူထူးလူဆန်းများတွင် ဘုန်းတော်ကြီးမာဟိုဖိန်နှင့် သူတောင်းစားကြီးလီကျိုရှောင်တို့ ပါဝင်နေ၏။ မာဟိုဖိန်မှာ လီဖိန်ဖိန်နှင့် သိကျွမ်းနေရာ လီကျိုရှောင်အကြောင်းကို မေးကြည့်လိုက်သည်။

လီဖိန်ဖိန်၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"လီကျိုရှောင်ဟာ အလယ်ပိုင်း သိုင်းဝိဇ္ဇာလေးဦးထဲမှာ... တစ်ဦးအပါအဝင် ဖြစ်တယ်... သူ့ရဲ့သိုင်းပညာဟာ အင်မတန် ထူးခြားပြီး ဘယ်ဂိုဏ်းဘယ်အဖွဲ့ကို အခြေခံတယ်ဆိုတာ ပြောဖို့ခက်တယ်... သိုင်းလောကမှာ ဒါမျိုးတွေလည်း ရှိပါသေးတယ်... တချို့ဟာ တော



တိရစ္ဆာန်တွေ ရေမြေတောတောင်တွေကို အခြေခံပြီး ကိုယ်ပိုင်သိုင်းပညာရပ်ကို တီထွင်တတ်ကြတယ်... လီကျိုရှောင်ဟာ သည်လိုလူစားမျိုးပဲ... "

ကျုံးတင့်ရီ ပင့်သက်ရှိုက်လိုက်သည်။

'လီကျိုရှောင်'ကဲ့သို့ လူစားမျိုးမှာ အလွန်ချီးကျူးစရာကောင်းသော လူစားမျိုးဖြစ်သည်။ သူ့စိတ်ထားမှာလည်း ချီးကျူးစရာပင်။ ကောင်းသူကယ် မကောင်းသူပယ်ဆိုသည့် စိတ်ထားမျိုးဖြစ်သည် မဟုတ်ပါလား... ။

လီဖိန်ဖိန်က ဆက်ပြောသည်။

"အင်း... ပြောရရင် လီကျိုရှောင်ရဲ့နာမည်ကြားတာနဲ့ အားလုံးရိုရိုသေ့ကြတယ်... တုံးဖန်းလှိုင်လို လူစားမျိုးတောင် မကင်းဘူး... တကယ်တမ်းကျတော့ လီကျိုရှောင်ဟာ အားလုံးက အလေးထားရတဲ့လူပဲ..."

ကျုံးတင့်ရီ ကျောချမ်းသွားသည်။ လီကျိုရှောင်အား သာမန်သိုင်းသမားဟု သူအထင်ရှိခဲ့သည်မဟုတ်ပါလား... ။

တုံးဖန်းလှိုင် ဂရုမူရမည့်သူ ရှိနေပါသေးလားဟုလည်း သိလိုက်ရသည်။

"ကျောက်ထပ်တောင်ကိုရောက်ရင်... မင်းတို့သိချင်တာတွေ အားလုံး သိရမှာပါ... တုံးဖန်းလှိုင်ဟာ ခုချိန် ဟူဝေတောင်မှာ ရှိလိမ့်မယ်... မင်း သွားတွေ့လိုက်ပေါ့... "

သူမသည် စကားလက်စသတ်လိုက်လေ၏။

ကျန်းတင့်ရီ မချင့်မရဲ ဖြစ်သွား၏။

သိုင်းလောကနှင့် သိုင်းလောကသားများအကြောင်း ပို၍ပို၍ စိတ်ဝင်စားလာမိပြီဖြစ်သည်။ လီဖိန့်ဖိန့်ကတော့ ထပ်မပြောတော့ချေ။ လျှိုချင်း၏ဆရာဖြစ်နေသဖြင့် ကျန်းတင့်ရီလည်း ထပ်မံ အတွန့်မတက်ဝံ့တော့ ချေ။

သူတို့သည် လီဖိန့်ဖိန့်ထံ၌ တစ်ညနားပြီးနောက် ခရီးဆက်ရန် တောင်းပန်သည်။

လီဖိန့်ဖိန့်ကလည်း ခွင့်ပြု၏။

ကျန်းတင့်ရီနှင့် လျှိုချင်းတို့သည် တုံးဖန်းလိုင်အား တွေ့ဆုံရန် ဟွာဝေတောင်သို့ ခရီးထွက်သွားကြသည်။

ကျန်ရစ်သော လီဖိန့်ဖိန့်သည် သက်ပြင်းချလိုက်သည်။

သူမသည် သစ်ပင်ချုံနွယ်များ ထူထပ်စွာ ပိတ်ဖုံးနေသည့် ဝဲဘက်သို့ မျက်နှာမူကာ ပြောလိုက်သည်။

"အခုထိ ထွက်မလာသေးဘူးလား... "

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဟား... ဟား... ဟား... "

ရယ်မောသံများ ထွက်ပေါ်လာလေသည်။

ဘုန်းတော်ကြီးတစ်ပါးက သစ်ပင်ချုံနွယ်များကြားမှ ခုန်ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုဘုန်းတော်ကြီးမှာ မာဟိုဖိန့်ဖြစ်ပါသည်။



မာဟိုဖိန့်က လီဖိန့်ဖိန့်ရှေ့သို့ ရောက်ရှိလာပြီး ပြုံးစေ့စေ့ဖြင့် ကြည့်လိုက်လေသည်။

"ဘယ်လိုလဲ... သည်ကောင်လေးဟာ သဘောကျစရာ ကောင်းတယ်လို့ ကျုပ်မပြောဘူးလား... "

လီဖိန့်ဖိန့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... သူ့ကိုကြည့်ရတာ ယဉ်ကျေးသိမ်မွေ့တယ် ... စိတ်ကောင်းနှလုံးကောင်းရှိပုံရတယ်... သိုင်းပညာသင်ပေးလို့ သင့် ... လျော်လိမ့်မယ်... သူ့ရဲ့ အရိုးအဆစ်တွေကို စမ်းသပ်ကြည့်ပြီးရင်တော့ ... သည်ထက်ပိုပြီး ပြောနိုင်မှာပဲ... "

မာဟိုဖိန့် ရယ်မောလိုက်သည်။

"ခက်တာက... သိုင်းပညာသင်ကြားဖို့ သူ စိတ်မဝင်စားတာ ... က... ဒါတွေ ထားလိုက်ပါတော့လေ... နောက်ကွယ်ကနေ ကျုပ် ... ချောင်းနေတယ်ဆိုတာကို ဘယ်သူမှ မသိစေချင်ဘူး... "

"ဒါတော့... စိတ်ချပါ ဆရာတော်... "

လီဖိန့်ဖိန့် ကတိပေးလိုက်လေသည်။

မာဟိုဖိန့်က တည်ကြည်သောမျက်နှာထားဖြင့် ပြောသည်။

"အထူးသဖြင့်... ရှောင်လင်ကျောင်းကလူတွေကော... ဝူတန်း ... ကလူတွေပါ မသိစေချင်ဘူး... အထူးပဲ ဂရုစိုက် ... မေတ္တာရပ်ခံပါ ... "

"စိတ်ချပါ ဆရာတော်... "

လီဖိန်ဖိန်က မာဟိုဖိန်အား ပြန်မေးလိုက်၏။

"ဒါထက်... ဆရာတော်က ကျောက်ထပ်တောင်ရတနာတွေကို ရအောင်ယူမယ်လို့ ဆုံးဖြတ်ထားတယ် ဟုတ်လား... "

မာဟိုဖိန် သက်ပြင်းချလိုက်သည်။

"သည်ရတနာတွေဟာ... ကျုပ်အတွက်တော့ မဟုတ်ပါဘူး... ဒါတွေကို နောက်မှပဲ ပြောပြပါမယ်... ကျုပ်မပြောလည်း မင်းသိလာမှာပါပဲ... "

လီဖိန်ဖိန် ဆက်မမေးဘဲ ပါးစပ်ပိတ်ထားလိုက်တော့၏။

မာဟိုဖိန်က စကားဦးလှည့်ကာ ကျန်းတင့်ရီအား တပည့်အဖြစ် သိမ်းသွင်းပြီး သိုင်းပညာသင်ပေးလိုကြောင်း ဆက်လက်ပြောဆိုနေလေတော့သည်။

အဘယ်ကြောင့်... ဤမျှစိတ်ထက်သန်နေရသနည်း ဆိုသော် ကျန်းတင့်ရီသာ... သိုင်းပညာတတ်ကျွမ်းလာလျှင် တစ်သောင်းမှာ တစ်ယောက် သိုင်းသူရဲကောင်း ဖြစ်လာမည်ဟု သူ ယုံကြည်သောကြောင့်ပါတည်း... ။

အခန်း [ ၂၀ ]

## ထပ်မံကြုံရမည့်အခက်အခဲ

ဟူဝေတောင်သည် မြင့်မားပြီး သာယာလှပသော တောင်တစ်လုံးဖြစ်သည်။ ကျန်းတင့်ရီသည် သူကိုယ်တိုင်ကတော့ ဘာမျှ မစွမ်းနိုင်ပေ။

သို့သော်...

ကျောက်ထပ်တောင်ကိစ္စ အရေးကြီးနေမှန်းသိ၍ ကျန်းတင့်ရီသည် တုံးဖန်းလှိုင်အတွက် စိုးရိမ်ကာ လိုက်လာခဲ့ခြင်းဖြစ်သည်။ လျှိုချင်းနှင့်အတူ ခရီးပြင်းနှင်လာခဲ့ကြရာ နှစ်ရက်အတွင်း ဟူဝေတောင်ခြေရင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြ၏။ ဟူဝေတောင်ပေါ်သို့ တက်ရန် ဟန်ပြင်လိုက်စဉ်...

"ရပ်လိုက်... "

အော်ငေါက်သံနှင့်အတူ လူသန်ကြီးတစ်ယောက် ရောက်ရှိ

လာသည်ကို တွေ့လိုက်ရလေသည်။ ထိုလူသန်ကြီး မည်သည့်အရပ်က ထွက်လာမှန်း သူတို့ မတွေ့လိုက်ကြရချေ။

ထိုလူသန်ကြီးမှာ ခက်ထန်ကြမ်းတမ်းပြီး ရန်လိုသည့်ပုံစံ ရှိနေ၏။

"မင်းတို့ ဘယ်သူတွေလဲ... သည်နေရာကို ဘာလာလုပ်ကြတာလဲ... "

အသံဝါကြီးဖြင့် မေးလာ၏။ လျှိုချင်းသည် ကျန်းတင့်ရီထက် စိတ်ဆတ်၏။

ထိုလူအား လျှိုချင်း သဘောမကျနိုင်အောင် ဖြစ်သွားသော်လည်း ကျန်းတင့်ရီက စိတ်ရှည်ရှည်ထားကာ လာရင်းကိစ္စကို ရှင်းပြနေသည်ကို သည်းခံ၍ နားထောင်နေလိုက်ရ၏။

"ဟူဝေတောင်မှာ အစ်ကိုကြီးတုံးဖန်းလှိုင် ရောက်နေတယ်လို့ သတင်းကြားတာကြောင့် လာတွေ့တာပါဗျာ... ကျွန်တော်က ကျန်းတင့်ရီပါ... "

သူ၏စကားအဆုံး၌ လူသန်ကြီး၏အသွင်မှာ မယုံနိုင်စရာ ကောင်းအောင်ပင် ပြောင်းလဲသွားလေတော့သည်။

"လက်စသတ်တော့... ဟန်ကျူးက သူငွေးသားလေးကိုး... မင်းရဲ့အကြောင်းကို အစ်ကိုလေးက အမြဲတမ်းပြောနေတာပဲ... မင်းမှန်းမသိလို့... ကျုပ် အော်ငေါက်မေးမြန်းမိတာကို စိတ်မဆိုးပါနဲ့နော်... အစ်ကိုလေး ဟူဝေတောင်ပေါ်မှာ ရှိပါတယ်... သိုင်းပညာ လေ့ကျင့်နေ



ပါတယ်... "

ထိုလူမှာ တုံးဖန်းလှိုင်၏ လူတစ်ယောက်ဖြစ်နေခြင်းကြောင့် ကျန်းတင့်ရီ ဝမ်းသာသွား၏။

"အစ်ကိုကြီးတုံးဖန်းလှိုင်နဲ့ တွေ့လို့မရနိုင်ဘူးလားဗျာ... "

လူသန်ကြီး ပျာပျာသလဲ ဖြစ်သွား၏။

"ဟာ... ရပါတယ်... ရပါတယ်... ခုချိန်လောက်ဆို အစ်ကိုလေး သိုင်းလေ့ကျင့်ပြီးလောက်ပါပြီ... တခြားလူတွေကိုသာ တောင်ပေါ်မတက်နိုင်အောင် ကျုပ်က ဟန့်တားမှာပါ... သူဌေးသားလေးကိုတော့ မဟန့်တားဝံ့ပါဘူး... ကျုပ်နောက်ကို လိုက်ခဲ့ပါဗျာ... "

ချက်ချင်းပင် တုံးဖန်းလှိုင်ရှိရာသို့ လမ်းပြခေါ်ဆောင်သွားလေတော့သည်။

လျှိုချင်းက မှတ်ချက်ချလိုက်သည်။

"တုံးဖန်းလှိုင်ရဲ့နာမည်ဟာ အတော်ကို ထိရောက်မှုရှိနေတာပဲကိုး... အံ့သြစရာကောင်းတယ် အစ်ကို... "

နှစ်ယောက်သား လူသန်ကြီးနှင့်အတူ လိုက်ပါသွားကြသည်။ ပန်းပင်ပန်းပင်များ၊ တောင်ကုန်း တောင်ပူစာလေးများအား ဖြတ်သန်းကာ တောင်ပေါ်သို့ တက်သွားကြရာ ထမင်းတစ်အိုးချက်ခန့်ကြာလျှင် တောင်အမြင့်ပိုင်းဆီမှ အရိပ်မည်းမည်းကြီးတစ်ခု ရိပ်ခနဲ ရိပ်ခနဲဖြင့် လျှပ်မြန်စွာ ဆင်းလာနေသည်ကို တွေ့မြင်လိုက်ကြရသည်။

သိုင်းလောကသား မဟုတ်သည့်တိုင် အတွေ့အကြုံရှိနေပြီ

ဖြစ်သောကြောင့် ထိပ်တန်းသိုင်းသမားတစ်ယောက် ကိုယ်ဖော့ပညာ အသုံးပြုကာ တောင်ပေါ်မှ ဆင်းလာနေခြင်းဖြစ်ကြောင်း ကျန်းတင့်ရီ သဘောပေါက်လိုက်လေသည်။

လူသန်ကြီး ဝမ်းသာအားရ ဖြစ်သွား၏။

"အစ်ကိုလေး လာနေပြီ... "

သူ၏စကားမဆုံးမီ လူတစ်ယောက်က သူတို့ရှေ့သို့ ရောက်ရှိလာလေသည်။

တုံးဖန်းလှိုင်ပင် ဖြစ်ပါလေ၏။

"အစ်ကိုကြီး... "

ကျန်းတင့်ရီ ဝမ်းသာအားရ နှုတ်ဆက်လိုက်လေသည်။

"ညီလေး... "

တုံးဖန်းလှိုင်လည်း အံ့ဩဝမ်းသာစွာအော်ရင်း ပြေးဖက်လေ၏။

"ညီလေး လာမယ်မှန်းသိရင် ကျုပ်ကိုယ်တိုင် တောင်ခြေကို ဆင်းကြိုတာပေါ့... အတော်ပဲ... ဟူဝေတောင်မှာ စည်စည်ကားကား ဖြစ်သွားပြီပေါ့... "

တုံးဖန်းလှိုင်မှာ အဖြူရောင်အဝတ်အစားများကို အချိုးအစား ကျစွာ ဝတ်ဆင်ထားသည်။

ယောကျ်ားပီသစွာ ချောမောခန့်ညားသူဖြစ်ကြောင်း အထင်းသား ပေါ်လွင်နေ၏။



လူရွယ်တစ်ယောက်ဖြစ်သော်လည်း သူ့အား တွေ့မြင်ရသူ အပေါင်းမှာ ကြည်ညိုလေးစားစိတ်များ ဖြစ်ပေါ်လာကြမည်သာ ဖြစ်သည်။

တုံးဖန်းလှိုင်ကား အသက်အရွယ်နှင့် မလိုက်အောင် သိုင်းလောက၌ ရေပန်းစားနေသူ ဖြစ်ပါတော့သည်။

ချန်အန်း၌ တွေ့ဆုံမိတ်ဆွေဖြစ်ခဲ့ရစဉ်က ဒေသန္တရ ဗဟုသုတ ရှာဖွေရင်း ရရှိခဲ့သည့်မိတ်ဆွေတစ်ယောက်ဟု သဘောထားခဲ့သော်လည်း တဖြည်းဖြည်း အကြောင်းသိလာချိန်၌မူ ကျန်းတင့်ရီကိုယ်တိုင်ပင် တုံးဖန်းလှိုင်အား လေးလေးစားစား ဖြစ်လာလေသည်။

တုံးဖန်းလှိုင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ညီလေးရေ... ရှိကျားက လုပ်ချင်ရာ လျှောက်လုပ်လို့... ညီလေးကော... ကျူးပန်ရှင်းပါ ဒုက္ခများခဲ့ရတယ်... ဆရာကြီးလျိုချန်းဖါလည်း အတော်ကို ကသိကအောက် ဖြစ်သွားမှာပဲ... ဒါဟာ... ကျုပ်က စလုပ်လိုက်လို့ အကျိုးဆက်တွေ ဖြစ်ပေါ်ခဲ့ရတာ... ကျုပ်ကို နှင့်လွှတ်စေချင်တယ်... ဟောသည်က ညီမလေးကကော ဆရာကြီး လျိုချန်းဖါရဲ့သမီး လျိုချင်းမဟုတ်လား... "

တုံးဖန်းလှိုင်က လျိုချင်းကိုပင် သိနေ၏။

လျိုချင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်... သိုင်းလောကရဲ့ နာမည်ကြီး ရွှေမင်းသား တုံးဖန်းလှိုင်ကိုတွေ့ရတာ ဝမ်းသာပါတယ်ရှင်... "

တုံးဖန်းလှိုင် လက်ကာပြလိုက်သည်။

"ဝမ်းမသာနဲ့ ညီမလေး... ကျုပ်ကြောင့် ညီမလေးတို့အားလုံး ဗျာများခဲ့ကြရတာပဲမဟုတ်လား... "

"ကိစ္စမရှိပါဘူးရှင်... သည်ကိစ္စတွေအားလုံး ပြေပြေလည် လည်ဖြစ်သွားပါပြီ... ဘယ်လိုမှ သဘောမထားပါနဲ့တော့... "

တုံးဖန်းလှိုင်က သက်ပြင်းချလိုက်သည်။

"ကျုပ်အပေါ်... စာနာနားလည်နိုင်တာကို ကျေးဇူးတင်ပါ တယ်... ကဲ... ဟိုမှာ မိတ်ဆွေတွေလည်း စောင့်နေကြတော့ လိုက်ခဲ့ ကြပါဦး... ဟိုရောက်မှ အေးအေးဆေးဆေး စားသောက်ရင်း စကား ပြောကြတာပေါ့... "

"ကောင်းပါပြီဗျာ... "

ကျန်းတင့်ရီနှင့် လျှိုချင်းတို့သည် တုံးဖန်းလှိုင်ခေါ်ရာနောက် သို့ လိုက်ပါသွားကြလေတော့သည်။

ကျန်းတင့်ရီသည် တုံးဖန်းလှိုင်နောက်သို့ လိုက်ခဲ့ရသော်လည်း တုံးဖန်းလှိုင်ပြောခဲ့သည့် အချို့စကားများကို မရှင်းမလင်းဖြစ်နေ၏။

တောင်ပေါ်သို့ ဆက်၍တက်လာခဲ့ကြရာ မကြာမီ တောင်ခါး ပန်းတစ်ခုသို့ ရောက်ရှိလာကြလေ၏။

ထိုနေရာ၌ ကျယ်ပြန့်သော မြေကွက်လပ်တစ်ခုပမာ ဖြစ်နေ ပြီး ရောင်စုံပန်းများ ပွင့်ဖူးနေသည်ကိုလည်းကောင်း၊ ပန်းတောအတွင်း ၌ သစ်လုံးအိမ်ကလေးတစ်လုံး ရှိနေသည်ကိုလည်းကောင်း တွေ့လိုက်



ရ၏။ လျှိုချင်း လွှတ်ခနဲ ရေရွတ်မိလိုက်လေသည်။

"သာယာလှပလိုက်တာ... အိပ်မက်ထဲမှာတောင် သည်လို နေရာမျိုး မတွေ့နိုင်ဘူး... "

သူ၏စကားကြောင့် ကျန်းတင့်ရီနှင့် တုံးဖန်းလှိုင်တို့ ရယ်မော လိုက်ကြလေသည်။ ကျန်းတင့်ရီသည် ဤနေရာ သာယာသည်ကို သိ သော်လည်း ဆိုးမွမ်းလောက်မှုယ်ဟု မထင်သဖြင့် ရယ်ခြင်းဖြစ်သည်။

လေပြည်လေညင်း ဝှေယမ်းတိုက်ခတ်လာသောအခါ မွှေး ကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့လာလေသည်။ လိပ်ပြာကလေး များကလည်း ပန်းဝတ်ရည် စုပ်ယူရန် ဟိုမှသည် ပျံ့ဝဲနေကြ၏။

စိမ်းလန်းသော တောအုပ်များ၊ မှိုင်းညို့ညို့တောင်ကြီးနှင့် ကြည်ပြာရောင် မိုးကောင်းကင်ကြီးက ပတ်ဝန်းကျင်ကို လှချင်တိုင်း ပွနေစေတော့သည်။

တုံးဖန်းလှိုင်က ပန်းတောထဲမှ အိမ်ကလေးဆီသို့ ဦးဆောင် ခေါ်သွားပြီး အိမ်တံခါးပေါက်ဝသို့ရောက်လျှင်...

"မိတ်ဆွေတို့... သည်မှာ ဘယ်သူပါလာသလဲဆိုတာ ကြည့် ကြစမ်းပါဦး... "

သူ၏စကားကြောင့် မိမိထက်အရင် ဟူဝေတောင်သို့ ရောက် နေသူများ ရှိနေကြောင်း ကျန်းတင့်ရီ နားလည်လိုက်၏။ အိမ်ထဲဝင် လိုက်လျှင် စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်နေကြသော လေပွေညီနောင်နှင့် ပန်းပင်လေးလင်တို့အား တွေ့လိုက်ရလေတော့သည်။

"ဟာ... ခင်ဗျားတို့လည်း ရောက်နေကြတာကိုး... "

ဝမ်းအင်းလင်က ဝမ်းသာအားရ ဖိတ်ခေါ်လိုက်လေ၏။

"ကျန်းတင့်ရီ... သည်ကိုလာ... တို့တတွေ ပြန်ဆုံကြပြီ... ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့စားသောက်ကြမယ်... "

လေပွေညီနောင်ကလည်း အလုအယက် ဖိတ်ခေါ်ကြလေသည်။

"ကျန်းတင့်ရီ... မြန်မြန်လာဟေ့... နောက်ကျသွားရင် အရက်နဲ့စားစရာ ကျန်တော့မှာမဟုတ်ဘူး... "

"မင်းရောက်လာတာနဲ့... ငါတို့အရက်တစ်ခွက် လျှော့သောက်ရတော့မယ်... "

ထို့နောက်...

အားလုံး တဝါးဝါး တဟားဟား ရယ်မောလိုက်ကြလေသည်။

ဟူဝေတောင်မှ တုံးဖန်းလှိုင်စခန်းချရာ လှပသောအိမ်ကလေးမှာ ကျန်းတင့်ရီ ရောက်လာသဖြင့် ပို၍ သက်ဝင်လှုပ်ရှားသွားလေတော့သည်။ သူတို့အားလုံးသည် စိတ်ထားကောင်းသူ ကျန်းတင့်ရီကို ခင်မင်ကြလေ၏။

ကျန်းတင့်ရီ၏ မိတ်ဆွေများကိုကြည့်ရင်း လျိုချင်းမှာ အလိုလို ပျော်ရွှင်လာလေသည်။

"အင်း... ဒါကြောင့်လည်း အစ်ကိုကျန်းတင့်ရီဟာ... သည်လူတွေကို ခင်မင်မိခဲ့တာပဲဖြစ်မယ်... သူတို့ကလည်း အစ်ကို့ကို တကယ်



ခင်ကြတာပဲကိုး... "

လျိုချင်းသည် တုံးဖန်းလှိုင်တို့အပေါ် သဘောထားပြောင်းလာတော့သည်။

ပျော်ပျော်ပါးပါး စားသောက်ကြပြီးနောက် လေပွေကြီးက မေးလေသည်။

"ကျန်းတင့်ရီ... မင်း ဘယ်လိုလုပ် သည်နေရာကို ရောက်လာတာလဲ... ပြောစမ်းပါဦး... "

ကျန်းတင့်ရီ ရုတ်တရက် အခက်ကြုံသွား၏။

သူက တုံးဖန်းလှိုင်အား တွေ့လို၍ လာခဲ့ခြင်းဖြစ်ပြီး... အကြောင်းပြစရာ မယ်မယ်ရရမရှိချေ။

ကျောက်ထပ်တောင်ကိစ္စ အရေးကြီးနေချိန်၌ စိတ်သဘောထားထူးခြားသော သိုင်းသမားများဖြစ်ကြသည့်အလျောက် အဖြေမတတ်လျှင် အထင်လွဲသွားမည်ကို စိုးရိမ်မိ၏။ ကျန်းတင့်ရီ၏ အခက်အခဲကို ရိပ်မိသော လျိုချင်းက ကြားဝင်ပြောလိုက်လေသည်။

"အစ်ကိုကြီးတုံးဖန်းလှိုင်ဟာ... ကျွန်မရဲ့ဦးလေး ဝမ်ကျန်းထိုက်ကို ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်စကားပြောချင်လို့ အစ်ကိုကျန်းတင့်ရီကို လိုက်ပို့ခိုင်းခဲ့တာပါရှင်... "

လေပွေကြီးက သက်ပြင်းချလိုက်သည်။

"အင်း... ဒီကိစ္စရဲ့ အဓိကတရားခံက ရှိကျားပဲ... တုံးဖန်းလှိုင်က ကျုပ်တို့ကို ငွေဒင်္ဂါးတစ်သောင်းစီပေးရမယ်ဆိုတော့ ကျုပ်တို့ထွက်

ရှာကြတယ်... ရှိကျားက တစ်ယောက်တည်းထွက်သွားပြီး ငွေဒင်္ဂါးတွေ ယူလာတယ်... ကျုပ်တို့အတွက်ပါ စိုက်ပေးမယ်လို့ပြောလို့ ကျုပ်တို့ အတော်ကျေးဇူးတင်သွားပြီး သဘောတူလိုက်ကြတာ... ဝမ်ကျုန်းထိုက်ဆီက လုယူလာတာ ကျုပ်တို့မသိလိုက်ပါဘူး... မိန်းကလေးက ခွင့်လွှတ်ပါ... "

လေပွေလေးကလည်း ဝင်ပြောလေသည်။

"သူက တုံးဖန်းလှိုင်နဲ့ ပေါင်းချင်တာ ကျောက်ထပ်တောင်မှာ မက်မောစရာတွေရှိနေလို့ပဲ... သူ့အတွက် အခွင့်အရေးရနိုင်တယ်လို့ သဘောထားနေတာ... တကယ်တမ်းတော့ အခွင့်အရေးသမားပဲ"

ရှိကျား၏မကောင်းသောစိတ်ထားကို သိပါလျက် တုံးဖန်းလှိုင်က အဘယ်ကြောင့် လက်ခံခဲ့ရပါသနည်း။ အခွင့်အရေးသမားသည် အခြေအနေဆိုးသည်နှင့် ဒုက္ခပေးနိုင်သည်။

အားလုံးက တုံးဖန်းလှိုင်အား ကြည့်လိုက်ကြသည်။

တုံးဖန်းလှိုင် သက်ပြင်းချလိုက်သည်။

"တိုင်းပြည်တစ်ဝှမ်းလုံးနဲ့ကော သိုင်းလောကမှာပါ ဖရိုဖရဲဖြစ်နေတယ်... လူတိုင်းလူတိုင်းဟာ ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ်လှုပ်ရှားနေကြတယ်... ကျောက်ထပ်တောင်ရတနာတွေကို သိုင်းလောကသားတွေကော... နယ်ချဲ့တွေကော... နေပြည်တော်ကကော...အံတုနေကြတဲ့ မြို့စားနယ်စားတွေကကော လိုချင်နေကြတယ်... လူကောင်းနဲ့ လူဆိုး ရောထွေးနေချိန်မှာ တကယ်လို့ လူဆိုးနဲ့ ကြုံတွေ့လာရရင် ဖြေရှင်း



နိုင်အောင် ရှိကျားကို အသုံးချဖို့ ကြံစည်မိခဲ့တာ ဝန်ခံပါတယ်... သူတို့ ချင်း၊ ထိပ်တိုက်တွေ့လို့ ဘယ်သူနိုင်နိုင် ဘယ်သူရှုံးရှုံး ဘာအရေးလဲ ကွာ..."

ထိုသို့ ရှင်းပြလိုက်တော့မှ သူ၏ရည်ရွယ်ချက်ကို အားလုံး သဘောပေါက်သွားကြလေတော့သည်။

တုံးဖန်းလှိုင်သည် အမျှော်အမြင်ကြီးမားသူတစ်ယောက်ဖြစ်ကြောင်းလည်း နားလည်လိုက်ကြ၏။

တုံးဖန်းလှိုင်က ဆက်ပြောသည်။

"ခုချိန်မှာတော့... ရှိကျားနဲ့ပတ်သက်ရတာ မြွေပွေးခါးပိုက်ပိုက်ထားသလိုဖြစ်နေတယ်... ဒါပေမဲ့ စိတ်ရှည်ရှည်ထားရတော့မှာပဲ ... ကြောင့် ညီလေးကျုန်းတင့်ရီတို့ ကျူးပန်ရှင်းတို့ အခက်ကြုံခဲ့ရတာ ... မကောင်းပါဘူး... သည်ကိစ္စပြီးပြတ်သွားမယ် မကြံသေးဘူး... ... ထပ်ပြဿနာတစ်ခုပေါ်လာပြန်ပြီ... "

ကျုန်းတင့်ရီနှင့် လျှိုချင်းတို့ အချင်းချင်းကြည့်လိုက်မိကြ၏။

အဘယ်သို့သော... ပြဿနာမျိုး ထပ်မံပေါ်ပေါက်လာပါသနည်း။

ထိုစဉ်... ဝမ်အင်းလင်က တုံးဖန်းလှိုင်အား လက်နှစ်ဖက်ဆုပ် ... ဦးညွတ်ယင်း ပြောလေသည်။

"ကျုပ်လည်း စိတ်လိုက်မာန်ပါလုပ်မိတာကို တောင်းပန်ပါ ... ကွာ... "

တုံးဖန်းလှိုင်က လက်ကာပြလိုက်လေသည်။

"ညီလေးဘက်ကကြည့်ရင် မှန်ပါတယ်... ညီလေးကို အပြစ်မဆိုပါဘူး... နီကျားလုပ်သွားတဲ့ကိစ္စကြောင့် သူနဲ့ပတ်သက်တယ်ဆိုပြီး ချုန်အန်းမှာ ညီလေးတို့သားအဖနှစ်ယောက်ကို မြို့တော်ဝန်က အရေးယူခဲ့သေးတယ် မဟုတ်လား... "

ဝမ်အင်းလင်သည် ပြီးခဲ့သည့်ကိစ္စများကိုတွေးရင်း နီကျား အပေါ် စိတ်ဆိုးနေသည်။

"ဒီလူ တော်တော်ဆိုးတယ် အစ်ကိုကြီး... သူလုပ်ချင်ရာ လျှောက်လုပ်တော့... မဆီမဆိုင်တဲ့လူတွေ ဒုက္ခရောက်တယ်... သူ့ကို အပြစ်တင်ဖို့ လိုက်ရှာရင်း မမျှော်လင့်ဘဲ... ပြဿနာပေါ်သွားတော့ အစ်ကိုကြီးကို ဒုက္ခပေးသလိုဖြစ်နေပြီ... "

ကျန်းတင့်ရှိက မနေနိုင်တော့ဘဲ မေးလိုက်လေသည်။

"ဘယ်လို ပြဿနာပေါ်လာတာလဲဗျ... "

ဝမ်အင်းလင်က ရှင်းပြသည်။

"ကျုပ်လည်း ဒေါ်မွမွနဲ့ နီကျားကို လိုက်ရှာရင်း လမ်းမှာ လေမွေ့ညီနောင်ဟာ သူတောင်းကြီးတစ်ယောက်နဲ့ အချင်းများနေတာ တွေ့ရတယ်... သူတောင်းစားကြီးက နီကျားကိုဖမ်းထားတာပေါ့... နီကျားကို ကျုပ်တို့လက်ထဲထည့်ပေးဖို့တောင်းတာ မပေးဘူး... ကျုပ်လည်း ကြံရာမရတာနဲ့ အစ်ကိုကြီးရဲ့နာမည်ကိုသုံးပြီး ခြိမ်းခြောက်လိုက်တာ တစ်ခါတည်း... ပြဿနာပေါ်လာတာပဲ... "



လေမွေ့ကြီးက...

"ဟုတ်တယ်... သူတောင်းစားကြီးက မခေဘူး... နီကျားကို လွှတ်မပေးလို့... ဝမ်အင်းလင်က တုံးဖန်းလှိုင်နဲ့ တွေ့မယ်လို့ ခြိမ်းခြောက်လိုက်တာကို သူကမကြောက်တဲ့အပြင် တဟားဟားနဲ့ ရယ်နေသေးတယ်... "

လေမွေ့လေးကလည်း ဝင်ပြောသည်။

"ဒါတင် ဘယ်ကမလဲဗျာ... ရယ်လို့လည်း ဆုံးကော... မင်းတို့ တုံးဖန်းလှိုင်ကိုသာ ပြောထားလိုက် ကျုပ်လာတွေ့မယ်ဆိုပြီး... နီကျားကို တရွတ်တိုက်ဆွဲပြီး ခေါ်သွားလိုက်တာ... ဘယ်ကဘယ်လိုမျက်စိအောက်က ပျောက်သွားတယ်ဆိုတာတောင် မသိလိုက်ရဘူး... "

ကျန်းတင့်ရှိ လွှတ်ခနဲ ရေရွတ်လိုက်မိ၏။

"အလယ်ပိုင်း သိုင်းဝိဇ္ဇာလီကျိုရှောင်ပဲ... "

သိုင်းလောကသားများနှင့် ဆက်နွှယ်နေသည့် ဝမ်အင်းလင်မှာလည်းကောင်း၊ သိုင်းသမားများဖြစ်ကြသည့်လေမွေ့ညီနောင်သည် လည်းကောင်း လီကျိုရှောင်အား တွေ့ရပါလျက် လီကျိုရှောင်မှန်း မသိကြဘဲ... သိုင်းပညာလည်း မတတ်၊ သိုင်းလောကနှင့်လည်း မပတ်သက်သော ကျန်းတင့်ရှိက တစ်ခွန်းတစ်စ ကြားရရုံဖြင့် လီကျိုရှောင်ဖြစ်မှန်း သိနေသည်ကို သိရသောအခါ သူတို့အံ့ဩသွားကြသည်။

တုံးဖန်းလှိုင်ကလည်း လွန်စွာသဘောကျသွား၏။

"ညီလေး... ဘယ်ဆိုးလို့လဲ... လီကျိုရှောင်ဆိုတာကို သိနေ

တာပဲကိုး… "

ဦးကျူးစကား ပြောလိုက်သည်။

ကျန်းတင့်ရီ မျက်နှာပူကာ မနေသာဘဲ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်သည်။

အမှန်တော့ လေပွေညီနောင်မှာ နယ်စပ်ဒေသ၌အနေများပြီး သိုင်းလောကနှင့် ကင်းကွာနေခဲ့သည်မှာ အတော်ကြာပြီဖြစ်သည်။

ယခု ကျောက်ထပ်တောင်ကိစ္စပေါ်ပေါက်လာမှ သိုင်းလောကသို့ ဆင်းလာခဲ့ကြခြင်းဖြစ်သည်။

ယခင်က ဆိုးသွမ်းသောင်းကျန်းခဲ့ကြသူများဖြစ်သော်လည်း ယခုအချိန်၌ တိုင်းပြည်ရေးရှုပ်ထွေးကာ နယ်ချဲ့များကျူးကျော်လာရာ အရေးကြီးလျှင် သွေးနီးသည်ဆိုသည့် စကားအတိုင်း အကျိုးရှိသော ကိစ္စတစ်ခုခု ဆောင်ရွက်နိုင်ရန် သိုင်းလောကသို့ ဆင်းလာခဲ့ကြခြင်းဖြစ်သည်။

ကျောက်ထပ်တောင်မှ ရတနာများကို ရယူနိုင်ပါက တိုင်းပြည်အတွက် များစွာအထောက်အကူဖြစ်လိမ့်မည်ဟုလည်း ယုံကြည်ထားကြသည်။

လီကျိရှောင်နှင့် တွေ့ဆုံရသောအခါ ရုတ်တရက်ဖြစ်၍ သာမန်သူတောင်းစားတစ်ယောက်ဟုသာ ထင်မှတ်ခဲ့ကြသည်။ ရှိကျားအား လိုချင်စောကပ်နေ၍လည်း မျက်စိရှမ်းသွားကြခြင်းဖြစ်သည်။

ဝမ်အင်းလင်ကလည်း လီကျိရှောင်၏အမည်ကိုကြားဖူးသော်



လည်း မမြင်ဖူး၍ မသိချေ။

လီကျိရှောင်ကိုယ်တိုင် သိုင်းလောကအား အဆက်အသွယ် ဖြတ်ထားသည်မှာ ကြာပြီဖြစ်၍ သိုင်းလောက၌ တွေ့လိုက်ရလျှင်လည်း အမှုမဲ့ အမှတ်မဲ့ဖြစ်သွားမည်မှာ သေချာနေ၏။

ကျန်းတင့်ရီက အခြေအနေအရပ်ရပ်ကို တွေးတောစဉ်းစားပြီး၊ တုံးဖန်းလှိုင်အတွက် စိတ်ပူသွားသည်။

လီဖိန်ဖိန်၏ပြောစကားအရ တုံးဖန်းလှိုင်သည်မှာ လီကျိရှောင်အား စိုးရွံ့ရသည်ဟု ကြားသိခဲ့ရသည်မဟုတ်လား။

ဝမ်အင်းလင်က ငြိမ်းချောက်လိုက်သည်မှာ လီကျိရှောင်အား စိန်ခေါ်သကဲ့သို့ဖြစ်သွား၏။

လီကျိရှောင်သည် ပြောသည့်အတိုင်းလုပ်တတ်သူဖြစ်၍ တုံးဖန်းလှိုင်ထံ လာမည်မှာသေချာနေသည်။

ထိုပြဿနာအား တုံးဖန်းလှိုင်က မည်သို့ဖြေရှင်းမည်နည်း။

ဝမ်အင်းလင်သည် မဖျော်လင့်ဘဲနှင့် တုံးဖန်းလှိုင်အတွက်ရန်စ ဖက်မှုကို မီးမွှေးခဲ့သည်ဟု ကျန်းတင့်ရီယူဆသည်။

ကျန်းတင့်ရီလှမ်းကြည့်လိုက်သောအခါ တုံးဖန်းလှိုင်က ပြုံးပြ နေ၏။

"လီကျိရှောင်က မခေဘူး… ဒါပေမဲ့လည်း အတတ်နိုင်ဆုံး ရန်ပွဲဆင်းပျက်မဖြစ်ရအောင် ကျုပ်ရဲ့သိုင်းပညာကို ပြန်နွေးနေရ တယ်… ဒါပေမဲ့ စိတ်မပူကြပါနဲ့လေ… ဒီကိစ္စကို ကျုပ်ဖြေရှင်းနိုင်မှာပါ"

တုံးဖန်းလှိုင်သည် မည်သူ့ကိုမျှ အပြစ်မပြောသည့်အပြင် တာဝန်ယူဖြေရှင်းပေးရန် ဆုံးဖြတ်ထားသဖြင့် အလွန်သဘောထားကြီးသူဖြစ်ကြောင်း ပေါ်လွင်နေ၏။

ကျန်းတင့်ရီ ပိုပြီးလေးစားသွားသည်။

တုံးဖန်းလှိုင်က လက်ဝှေ့ယမ်းပြလိုက်သည်။

"ကျုပ်တို့မိတ်ဆွေတစ်စု… ခုလို ပြန်ပြီးဆုံတွေ့ချိန်မှာ စိတ်ညစ်စရာတွေ မတွေးဘဲ… ပျော်ပျော်ပါးပါးစားသောက်ကြပါစို့လား"

ဟူ၍ပြောလျှင် အားလုံးလည်း ပျော်ပျော်ပါးပါးစားသောက်လိုက်ကြ၏။

သို့သော်… သူတို့အားလုံး ဟန်ဆောင်နေကြခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေတော့သည်။ အရေးကြီးသောကိစ္စများသည် ဆက်တိုက်ဖြစ်ပေါ်လာမည်ကို သူတို့အားလုံးတွေးမိကြသည်။

အခန်း [ ၂၁ ]

## အကြံအစည် ပျက်ပြားရခြင်း

ည…

ဟူဝေတောင်ပေါ်၌ အေးမြမှုက လွှမ်းမိုးနေသည်။

ညဉ့်နက်ပြီဖြစ်သော်လည်း ကျန်းတင့်ရီ အိပ်မပျော်နိုင်သေးပါ

ချေ

လီကျိရှောင်က တုံးဖန်းလှိုင်အား လာတွေ့မည်ဖြစ်ခြင်းကြောင့် မပြန်တော့ဘဲ တုံးဖန်းလှိုင်၏အိမ်ကလေး၌ပင် ညအိပ်လိုက်ခြင်းဖြစ်လေသည်။

တုံးဖန်းလှိုင်က အလိုက်သိစွာဖြင့် လျှို့ချင်းအနားယူနိုင်ရန် [illegible]သန့်အခန်းတစ်ခန်းပြင်ဆင်ပေးခဲ့သည်။ တုံးဖန်းလှိုင်သည် အလွန်[illegible]ကတ်သည်။

အိပ်ရာထဲ၌ တလူလူးတလိမ့်လိမ့်ဖြင့် ကျန်းတင့်ရီတွေးနေမိသည်။

ညနေက သူတို့စားသောက်ပြီးစီးသွားချိန်၌ ဝမ်အင်းလင်က သူ၏အနီးသို့ ချဉ်းကပ်လာကာ နှစ်ကိုယ်ကြားတီးတိုးပြောသွားသည့် စကားကိုလည်း ပြန်လည်ကြားယောင်နေမိသည်။

"ကျန်းတင့်ရီ… ကျုပ်တို့ ချန်အန်းမှာဆုံမိကြပြီး စိတ်တူကိုယ်တူ သဘောတူ… မိတ်ဆွေတွေဖြစ်ခဲ့ကြတယ်… ခင်ဗျားဟာ ကျုပ်တို့ စည်းလုံးမှုရှိပေမဲ့ ကျူးပန်ရှင်းကတော့ ဒီလိုမဟုတ်ဘူး… သူက မင်း ညီမင်းသားမျိုးနွယ်ဆိုတော့ တုံးဖန်းလိုင်က ကျုံကျင်ဘုရင်အကြောင်း ပြောတာကို သဘောမကျဘူး… ကျောက်ထပ်တောင်က ရတနာတွေကို ရသွားကြမှာလည်း စိုးရိမ်နေတယ်… ဒါကြောင့် အားလုံးကို တား ဆီးနိုင်အောင် သူ့ရဲ့ဦးလေးတော်တဲ့ လီကျိုရှောင်ကို ဖိတ်ခေါ်လိုက်တာ ပဲ… ကျူးပန်ရှင်းကို ကျုပ်သဘောမကျတော့ဘူး… "

ဤနေရာ၌လည်း ကျန်းတင့်ရီသည် သဘောထားကြီးသူဖြစ်သည်။

ကျန်းတင့်ရီကား ကျူးပန်ရှင်းအား အပြစ်မတင်ရက်ချေ။

ကျူးပန်ရှင်းသည်လည်း သူ၏ခံယူချက်နှင့် သူဆောင်ရွက်ခဲ့ခြင်းသာဖြစ်သည်ဟု သဘောထားသည်။

မိတ်ဆွေများဖြစ်ကြသော်လည်း ရပ်တည်ချက်များမတူကြသဖြင့် သဘောထားကွဲလွဲလာကြခြင်းဖြစ်ပါတော့သည်။



ကျန်းတင့်ရီ မည်မျှကြာအောင် တွေးတောနေမိမှန်းမသိ။

"ကျွီ… "

အခန်းပြတင်းတံခါးပွင့်သွားခြင်းကြောင့် လန့်ဖျပ်ကာ ခုတင်ပေါ်မှ လူးလိမ့်ထလိုက်မိသည်။

လရောင်သည် အခန်းတွင်းသို့တိုင် ဖြာကျလာ၏။

ပွင့်သွားသောပြတင်းပေါက်မှနေ၍ လူတစ်ယောက်ခုန်ဝင်လာသည်ကို တွေ့လိုက်ရသည်။

"ဘယ်သူ… "

ကျန်းတင့်ရီအော်မေးလိုက်သော်လည်း ခုန်ဝင်လာသူက အနီးသို့ လှစ်ခနဲရောက်လာပြီး ပါးစပ်ကိုလက်ဝါးဖြင့် အုပ်ကာ ပိတ်ထားလိုက်ခြင်းကြောင့် အသံမထွက်နိုင်တော့ချေ။

"ကျန်းတင့်ရီ… ငါ့ကိုတောင် မမှတ်မိတော့ဘူးလား… "

တီးတိုးထွက်ပေါ်လာသောအသံက ကျန်းတင့်ရီ၏စိုးရိမ်ထိတ်လန့်မှုကို ချက်ချင်းပြေပျောက်သွားစေခဲ့၏။

ဘုန်းတော်ကြီးမာဟိုဖိန်အသံမဟုတ်ပါလား။

မာဟိုဖိန်က လက်ကိုရုတ်သိမ်းကာ နောက်ဆုတ်လိုက်လေသည်။

"ဆရာတော်ဘယ်က ဘယ်လိုရောက်လာတာလဲ… "

ကျန်းတင့်ရီ တအံ့တသြမေးလိုက်၏။ မေးလည်းမေးစရာပင်။ သူသည် ဆရာတော်မာဟိုဖိန်ကို ရောက်လာမည်ဟု လုံးဝတွေးထင်

မထားခဲ့ချေ။

မာဟိုဖိန်၏မျက်နှာတည်ကြည်လေးနက်နေသည်ကို မသဲမကွဲလရောင်ဖြင့် တွေ့မြင်ရလေသည်။

"သူတောင်းစားကြီးလီကျိုရှောင်ဟာ တုံးဖန်းလှိုင်ဆီကို လာလိမ့်မယ် မဟုတ်လား... "

"ဟင်... ဆရာတော်က ဘယ်လိုလုပ်သိတာလဲ... တပည့်တော်တောင် ဒီနေ့မှ သိရတာ... "

"သိုင်းလောကမှာ လျှို့ဝှက်ချက်ဆိုတာ နည်းပါးလွန်းပါတယ်ကွာ... တခြားနေရာတွေနဲ့ တူတာမှမဟုတ်ဘဲ... "

ကျန်းတင့်ရှိ ခေါင်းညိမ့်လိုက်၏။

"ဟုတ်ပါတယ်... ဆရာတော် ဝမ်အင်းလင်က စကားတစ်လုံးမှားလိုက်တာနဲ့ လီကျိုရှောင်ရောက်လာမှာ သေချာနေပါပြီ... "

မာဟိုဖိန် သက်ပြင်းချလိုက်သည်။

"လီကျိုရှောင်က လူတစ်မျိုး... ပညာကလည်း စွမ်းတော့ တုံးဖန်းလှိုင်အစက်ကြုံရနိုင်တယ်... "

"ဟုတ်ပါတယ်... ဘုရား... "

"အေး... ကျောက်ထပ်တောင်ကိစ္စရှိနေသေးတော့ တုံးဖန်းလှိုင်တစ်ခုခုဖြစ်သွားမှာကို ငါမမြင်ချင်ဘူး... ကျောက်ထပ်တောင်မှာ အပြောင်းအလဲတစ်ခုခုဖြစ်သွားအောင် တုံးဖန်းလှိုင်ကပဲ စွမ်းဆောင်နိုင်လိမ့်မယ်... ဒါကြောင့် သူ့ကို ကူညီဖို့ ငါလာခဲ့တာပဲ... "



"ဟင်... "

ကျန်းတင့်ရှိ ဝမ်းသာအားရဖြစ်သွားလေတော့သည်။

"ဝမ်းသာလိုက်တာ ဆရာတော်ရယ်... အစ်ကိုကြီးကို ကူညီပါဦး ဘုရား... "

"အေး... တုံးဖန်းလှိုင် ဘာမှမဖြစ်စေရပါဘူး... ဒါပေမဲ့ သူ့ကို ငါကူညီမှာ မဟုတ်ဘူး... မင်းကူညီရမှာ... "

"ဘုရား... တပည့်တော်က... "

"မင်းက ပညာစွမ်းပြပြီး လီကျိုရှောင်တောင်ပေါ်က ဆင်းပြေးသွားအောင် လုပ်ရလိမ့်မယ်... "

ကျန်းတင့်ရှိ အသက်ရှူမှားသွားသလို ဘာမှမပြောနိုင်အောင် ပါးစပ်အဟောင်းသားဖြစ်သွားရှာလေတော့သည်။

တုံးဖန်းလှိုင်သည် သိုင်းပညာစွမ်းထက်မြက်သော လူငယ်ပိုင်းသမားတစ်ယောက်ဖြစ်သည်။

တုံးဖန်းလှိုင်၏အမည်ကြားသည်နှင့်ကိစ္စအတော်များများတွင် ပြီးသေး၏။ မပြီးမပြတ်ဖြစ်နေမည့် လုပ်ငန်းများသည် ပြီးပြတ်သွား၏။

သို့သော်... သူ့ရဲကောင်းတုံးဖန်းလှိုင်မှုရမည့် သူများမှာ သိုင်းလောက၌ရှိနေသေးသည်... ။ အလယ်ပိုင်းသိုင်းဝိဇ္ဇာလီကျိုရှောင်သည်လည်း တစ်ယောက်အပါအဝင်ဖြစ်လေသည်။

ယခု လီကျိုရှောင်က တုံးဖန်းလှိုင်နှင့် သိုင်းပညာယှဉ်ပြိုင်ရန် ရောက်လာခဲ့လျှင် တောင်ပေါ်မှဆင်းပြေးသွားအောင် တာဝန်ယူလုပ်

ဆောင်ရမည်ဟု မာဟိုဗိန်က ပြောနေခြင်းကြောင့် ကျန်းတင့်ရီ ပါးစပ် အဟောင်းသားဖြစ်နေပါတော့သည်။

"ဆရာတော်... ဒီကိစ္စဟာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး... တပည့် တော်က ဘာသိုင်းပညာမှ မတတ်တာ... ကိုယ့်လည်ပင်းကိုယ်ကြိုးကွင်း စွပ်သလို ဖြစ်သွားပါလိမ့်မယ်... လီကျိုရှောင် ဘယ်လောက်စွမ်းသလဲ ဆိုတာလည်း ဆရာတော်သိပြီးသားပဲ... "

မာဟိုဗိန်က ခပ်အုပ်အုပ်ရယ်မောလိုက်သည်။

"ကျန်းတင့်ရီ... ငါမသိဘဲ နေပါ့မလား... မင်းခုက္ခရောက် အောင် ငါမလုပ်ပါဘူး... ငါနိုင်းတဲ့အတိုင်းသာ လုပ်ပါ... လီကျိုရှောင် ဟာ ကြောက်လန့်ပြီး တောင်ပေါ်က ဆင်းပြေးသွားလိမ့်မယ်... "

ကျန်းတင့်ရီသည် မယုံနိုင်စွာဖြင့် မာဟိုဗိန်အား ငေးမော ကြည့်နေမိလိုက်လေတော့သည်။ ကျန်းတင့်ရီ ဦးနှောက်ခြောက်သွား သည်။

ဆရာတော် မည်ကဲ့သို့ လုပ်မည်ကိုလည်း သူမသိပေ။

မာဟိုဗိန်က နှစ်ပေခန့်ရှိသော ဓားတစ်လက်ကိုထုတ်ယူလိုက် သည်။

ထိုဓားကား ဓားတစ်လက်နှင့်မတူဘဲ သံချေးတက်နေသော သံပြားတစ်ချပ်နှင့် တူနေ၏။

မည်သို့မျှ အထင်ကြီးစရာမရှိသော ဓားတစ်လက်အား မာဟို ဗိန်က ပေးသည်။



"ဒီဓားကိုယူထား... လီကျိုရှောင်ကို ဘယ်လိုရင်ဆိုင်ရမယ်ဆို တာ ငါပြောပြမယ်... သေသေချာချာနားထောင်... "

"မှန်ပါ့... ဘုရား... "

မာဟိုဗိန်က သူ၏အကြံအစည်ကိုပြောပြလျှင် ကျန်းတင့်ရီ လည်း မတတ်သာသဖြင့် စိတ်ပျက်စွာနားထောင်နေလိုက်ရတော့သည်။

နောက်တစ်နေ့...

ကျန်းတင့်ရီ အိပ်ရာမှ နိုးလာသောအခါ ဆူဆူညံညံအသံများ ကြားသဖြင့် ထွက်ကြည့်လိုက်လေသည်။ နွားကျားအား အိမ်ရှေ့ရှိ သစ် ပင်တစ်ပင်၌ ကြိုးဖြင့်ချည်နှောင်ထားသည်ကို တွေ့လိုက်ရလေသည်။

နွားကျားမှာ ဆုံးမခံထားရခြင်းကြောင့် နားရွက်တစ်ဖက်မရှိ တော့ပြီ။

သွေးကြောပိတ်ခံထားရသဖြင့်လည်း မလှုပ်မယှက်ဖြစ်နေ၏။ သူ၏အင်္ကျီရင်ဘတ်ပေါ်၌ စာရွက်တစ်ရွက်ကပ်ထားသည်။

စာရွက်ပေါ်တွင်...

"မွန်းတည့်ချိန်... ပေကျန်းတောင်ကုန်းပေါ်မှာ တွေ့မယ်" ဟူ၍ ရေးသားထားလေသည်။

လီကျိုရှောင်ကား တုံးဖန်းလှိုင်အား စိမ်ခေါ်လိုက်ပြီဖြစ်သည်။

ကျွန်းတင့်ရှိ ကြည့်နေစဉ်မှာပင် ဝမ်းအင်းလင်တို့ရောက်ရှိလာကြသည်။

ရှီကျားကား ဆိုးချင်တိုင်း ဆိုးခဲ့ပြီး ယခုတော့ ဝဋ်လည်နေပြီဖြစ်သည်။ လောကတရားသည် ဤသို့ပင်ဖြစ်သည်။

မတရားတာလုပ်သူသည် နောက်ဆုံး မတရားသည့်အတိုင်း ခံရပေမည်။

ဝမ်အင်းလင်ကပင် **ရှီကျားအား** သစ်ပင်ပေါ်မှ ဖြုတ်ချပေးလိုက်ရသည်။

မကြာပါချေ… တုံးဖန်းလှိုင်လည်း ရောက်ရှိလာသည်။

လီကျိုရှောင်ရောက်လာတော့မည်ဖြစ်၍ မနေ့ညက တစ်ညလုံး တောင်ပေါ်၌ သွားရောက်သိုင်းပညာလေ့ကျင့်နေခဲ့ခြင်းဖြစ်လေသည်။

တုံးဖန်းလှိုင်သည် ရှီကျား၏အဖြစ်ကိုမြင်လျှင် ပင့်သက်ရှိုက်လိုက်မိ၏။

"ရှီကျား… မင်းလုပ်ချင်တိုင်း လျှောက်လုပ်နေတော့… အခုမင်းကို ဆုံးမမဲ့လူနဲ့ တွေ့တော့ ခံလိုက်ရပြီမဟုတ်လား… "

သူက သွေးကြောဖွင့်ပေးလိုက်ရာ ရှီကျားလှုပ်လှုပ်ရှားရှားဖြစ်လာလေတော့သည်။

ချက်ချင်းပင် တုံးဖန်းလှိုင်၏ရှေ့၌ ဒူးထောက်ကာ တောင်းပန်လိုက်လေသည်။



"**အစ်ကိုကြီး…** ကျွပ်ကို ကယ်ပါဦးဗျာ… လီကျိုရှောင်က ကျွပ်ကို အင်္ဂါမစုံအောင် **လုပ်လိုက်တာကို အားမရသေးဘဲ… သတ်ပစ်မယ်**လို့ ခြိမ်းခြောက်**နေတယ်… ကျွပ်သေရပါတော့မယ်…** ကျွပ်ကို ကယ်ပါဦး… "

လူဆိုးများသည် သူတို့သေရမည်ကို သိသောအခါ အလွန်ကြောက်ကြသည်။

တုံးဖန်းလှိုင် ခေါင်းငုံ့သွားလေသည်။

"ကျွပ်က ခင်ဗျားကို လူကောင်းတစ်ယောက်ဖြစ်လာစေချင်တယ်… လေမှုတ်ညီနောင်ကိုကြည့်စမ်းပါ… တစ်ချိန်က ထင်ရာစိုင်းခဲ့ကြပေမဲ့ အခုချိန်မှာတော့ သိုင်းလောကအကျိုး တိုင်းပြည်အကျိုးဆောင်ရွက်ဖို့ စိတ်အားထက်သန်နေကြပြီ… ခင်ဗျားကတော့ ခုချိန်ထိ တစ်ကိုယ်ကောင်းဆန်နေတုန်းပဲ… ဒုက္ခရောက်တာတောင် နည်းသေးတယ်လို့ ဆိုရမှာပဲ… အင်း… လီကျိုရှောင်နဲ့ စာရင်းရှင်းပြီးမှ ခင်ဗျားနဲ့ စာရင်းရှင်းရမယ်… "

ရှီကျားကား ဘာမှပြန်မပြောနိုင်တော့ပေ။

တုံးဖန်းလှိုင်၏လူများက ခေါ်ဆောင်သွားကြသောအခါ မျက်နှာငယ်လေးဖြင့် လိုက်ပါသွားလေတော့သည်။

တုံးဖန်းလှိုင်သည် လီကျိုရှောင်နှင့် မလွဲမရှောင်သာ ရင်ဆိုင်ရတော့မည်ဖြစ်ရာ အားလုံးကိုနှုတ်ဆက်ပြီး အနားယူလိုက်သည်။

အားလုံးသည် ထိုယှဉ်ပြိုင်ပွဲအတွက် စိတ်လှုပ်ရှားနေကြလေ

တော့သည်။

သူတို့အားလုံး၏ရင်ထဲ၌ လီကျိုရှောင်ကို စိုးရိမ်ကြောက်ရွံ့နေကြလေ၏။

ပေကျန်းတောင်ကုန်း...

ပေကျန်းတောင်ကုန်းမှာ သာယာလှပသော တောင်ကုန်းတစ်ခုဖြစ်ပါသည်။

တောင်ကုန်းများစွာသည် သာယာလှပသည်။

ကျောက်တုံး ကျောက်ခဲချည်းရှိသော တောင်ကုန်းမှာနည်းပါးလှပါသည်။

ကောင်းကင်ပေါ်၌ တိမ်ဖြူများ လေနှင့်အတူ လွင့်မျောနေ၏။

နေခြည်တောက်ပနေသည်။

ကျောက်တုံး ကျောက်ခဲများနှင့် သစ်ပင်ပန်းပင်များက အချိုးကျကျနေရာယူထား၏။

တုံးဖန်းလှိုင်သည် ချိန်းဆိုထားသည့်အတိုင်း ပေကျန်းတောင်ကုန်းသို့ ရောက်လာသောအခါ လီကျိုရှောင်က ကြိုတင်ရောက်ရှိနေသည်ကို တွေ့ရှိလိုက်ရသည်။



လီကျိုရှောင်သည် တုံးဖန်းလှိုင်ရောက်လာသည်ကို မြင်လျှင်သဘောကျစွာ ရယ်မောလိုက်သည်။

"ဟင်း... ဟင်း... ငါက အဲဒီလို ကတိတည်မှ ကြိုက်တာကွ"

တုံးဖန်းလှိုင်လည်း ရယ်မောလိုက်လေသည်။

"ဦးလို သိုင်းဝိဇ္ဇာကြီးတစ်ယောက်နဲ့ ချိန်းထားတယ်ဆိုတော့လည်း နောက်ကျလို့ ဘယ်ဖြစ်ပါ့မလဲဗျာ... တမင်စောပြီးလာခဲ့တာပါမလေးမစား မလုပ်ရဲပါဘူးဗျာ... "

"ဟား... ဟား... ဟား... ကောင်းတယ်... ကောင်းတယ်... မင်းက စကားပြောဆိုတဲ့နေရာမှာလည်း လိမ္မာပါးနပ်တာကိုး... ဒါကြောင့်လည်း သိုင်းလောကက လူငယ်လူရွယ်တွေထဲမှာ... မင်းရဲ့နာမည်ကျော်ကြားနေတာပဲဖြစ်မယ်... "

ရုတ်တရက် သူ၏မျက်နှာတည်သွားသည်။

တုံးဖန်းလှိုင်အား ခြေဆုံးခေါင်းဆုံးစိုက်ကြည့်လိုက်၏။

သူ၏လေသံလည်း အေးစက်စက်ဖြစ်သွားလေသည်။

"ဒါပေမဲ့... သိုင်းလောကမှာ မင်းရဲ့ရပ်တည်ချက်ကိုငါသဘောမကျဘူးကွ... "

တုံးဖန်းလှိုင် ပြုံးလိုက်သည်။

"ကျွန်တော့်ရဲ့ ရင်ထဲက သဘောထားအမှန်ကို ဦးသိမယ်ဆိုရင် သဘောကျသွားမှာပါ... "

"ပြော်... "

"တိုင်းပြည်အခြေအနေရှုပ်ထွေးနေတာ လူတိုင်းအသိပါ... တိုင်းတစ်ပါးသားကျူးကျော်သူတွေကော... သစ္စာဖောက်တွေကော နေရာအနှံ့အပြားမှာ ခေါင်းထောင်နေကြပါတယ်... နန်းတွင်းမှာလည်း ညီညွတ်မှုမရှိတော့ တစ်နေ့တခြား အခြေအနေပိုဆိုးလာနေပါတယ် ဒီအချိန်မှာ ခေါင်းဆောင်ကောင်းတစ်ယောက်ပေါ်ထွက်လာဖို့ အရေးကြီးပါတယ်... ကျွန်တော်ဟာ မျိုးချစ်သိုင်းသမားတွေကို စုစည်းပြီး တိုင်းပြည်ကောင်းကျိုးဆောင်ရွက်ဖို့ ကြိုးစားနေတာပါ... ကျုံကျင်ဘုရင် နာမကျန်းဖြစ်နေလို့ သူ့ရဲ့သားတော်ကြီးတွေထဲက တကယ်တမ်းတိုင်းပြည်နဲ့ လူမျိုးကို ချစ်ပြီး ခေါင်းဆောင်မှုပေးနိုင်တဲ့သူထံမှာ ခိုလှုံပြီး အမှုတော်ထမ်းရွက်ဖို့ ဆုံးဖြတ်ထားပါတယ်... "

လီကျိုရှောင်က သူ့အားချိန်းဆိုလိုက်ခြင်းမှာ ရိုကျူး၏ကိစ္စ တစ်ခုတည်းမဟုတ်ဘဲ နောက်ကွယ်၌ အရေးပါသောကိစ္စများရှိနေသေးကြောင်း ရိပ်မိသဖြင့် ကြိုတင်ရှင်းပြလိုက်ခြင်းဖြစ်လေသည်။ လီကျိုရှောင်က မှုံပြုံးပြုံးလိုက်သည်။

"ကျောက်ထပ်တောင်ရတနာသိုက်ဟာ... ရည်ရွယ်ချက်အမျိုးမျိုးရှိနေကြတဲ့ သိုင်းလောကသားတွေအတွက် အင်မတန်အရေးပါတယ် အထောက်အပံ့ကြီးတစ်ခုလိုဖြစ်နေတယ်... မင်းကလည်း လက်လွှတ်မခံနိုင်ဘူး မဟုတ်လား... "

တုံးဖန်းလိုင်က ဘာမှမပြောဘဲ နေလိုက်လေသည်။

လီကျိုရှောင်က ဆက်ပြောသည်။



"ကျောက်ထပ်တောင်မှာ မင်းဝင်မပါဘဲ... ရှောင်နေတာကို ငါလိုချင်တယ်... ကဲ... မင်း ဘာပြောမလဲ... "

တုံးဖန်းလိုင်က ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ မဖြစ်နိုင်ပါဘူးဗျာ... "

"ဒြော်... မင်းက ကျောက်ထပ်တောင်ကို သွားမယ်ပေါ့... ဟုတ်လား... "

"ဟုတ်ပါတယ်ဗျာ... "

"ကောင်းပြီ... "

လီကျိုရှောင်က ရှေ့တိုးလာသည်။

"မင်းက ကျောက်ထပ်တောင်ကိုသွားချင်ရင် နည်းလမ်းတစ်ခုတော့ ရှိတယ်... ငါ့ကို လက်ဝါးသုံးချက်တိတိ ရိုက်ပါ... ငါက ဘာမှမဖြစ်ဘူးဆိုရင် မင်းရှုံးပြီ... အေး မင်းရဲ့လက်ဝါးသုံးချက်ကြောင့် ငါခံလိုက်ရမယ်ဆိုရင် ကျောက်ထပ်တောင်ကိုသွားဖို့ မင်းကို ဘယ်သူကမှ တားဆီးကြတော့မှာ မဟုတ်ဘူး... "

တုံးဖန်းလိုင် အံ့သြသွားလေသည်။

"ဦးပြောတဲ့နည်းလမ်းက တရားမျှတမှုရှိနိုင်ပါ့မလားဗျာ... စဉ်းစားပါဦး... "

"ငါက မင်းရဲ့လက်ဝါးသုံးချက်ကို မခံနိုင်ဘူးလို့ ဆိုလိုတာလား... "

"ဒီလိုလည်း မဟုတ်ပါဘူး ခင်ဗျာ... "

"အေး... မဟုတ်ရင် မင်းရဲ့လက်ဝါးသုံးချက်ထုတ်ပေတော့ ဒါမှ... ကျောက်ထပ်တောင်ကို မင်းသွားလို့ရလိမ့်မယ်... "

တုံးဖန်းလှိုင်လည်း ဘာမျှမတတ်သာတော့ဘဲ သဘောတူလိုက်ရလေတော့သည်။

လီကျိုးရှောင်နှင့် တုံးဖန်းလှိုင်တို့ ထိပ်တိုက်ရင်ဆိုင်ကြတော့မည်ဖြစ်သည်။

လီကျိုးရှောင်မှာ ကျောက်ထပ်တောင်သို့ တုံးဖန်းလှိုင်မသွားစေလို၍ အကြောင်းရှာကာ ဟန့်တားလာခြင်းဖြစ်ကြောင်းထင်ရှားနေသည်။

လီကျိုးရှောင်ကဲ့သို့ သိုင်းဝိဇ္ဇာကြီးတစ်ယောက်အား တုံးဖန်းလှိုင်က ရင်ဆိုင်နိုင်ပါမည်လား။

ပေ့ကျန်းတောင်ပေါ်သို့ လေပွေညီနောင်၊ ဝမ်းအင်းလင်နှင့် ကျန်းတင့်ရီတို့လည်း ရောက်ရှိနေကြသည်။

ကျန်းတင့်ရီမှာ မာဟိုဖိန်နှင့်ဆုံတွေ့ထားပြီး အကြံအစည်ရှိနေသဖြင့် စိတ်ထဲလှုပ်ရှားနေ၏။

သူက လီကျိုးရှောင်အား တောင်ပေါ်မှဆင်းပြေးသွားစေရန် တတ်နိုင်ပါမည်လော။

"တုံးဖန်းလှိုင် မင်း ဘာလုပ်နေတာလဲ... "

လီကျိုးရှောင်က အော်ပြောလိုက်သည်။

တိုက်ပွဲစတင်တော့မည်ဖြစ်ကြောင်း သိလျှင် ကျန်းတင့်ရီက



ချက်ချင်းမျက်လုံးမှိတ်ထားလိုက်၏။

"တိုက်ပွဲစတော့မယ်ဆိုတာနဲ့ မျက်လုံးမှိတ်ထားလိုက်ရမယ် ဒါဟာ အရေးအကြီးဆုံးအချက်ပဲ... မမေ့နဲ့... "

မာဟိုဖိန်က ဒေါသချာချာ မှာကြားခဲ့သည်မဟုတ်ပါလား။

တုံးဖန်းလှိုင်ပင့်သက်ရှိုက်လိုက်သည်။

"ကောင်းပါပြီဗျာ... ကျုပ်ရဲ့လက်ဝါးကို သတိထားပါ... "

လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်လိုက်၏။

ထိုစဉ်မှာပင်...

"ဗိုး... "

လီကျိုးရှောင်က လက်တစ်ဖက်ဝှေ့ယမ်းလိုက်လေသည်။

ထိုအခါ သူ၏လက်ထဲ၌ ရောင်စုံကြိုးတစ်ခုပါလာပြီး ရောင်စဉ်ခုနစ်သွယ်အလင်းတန်းများ ပြိုးပြိုးပျက်ပျက်ဝင်းလက်ထွက်ပေါ်လာတော့သည်။

"ဟင်... "

"ဟာ... "

တုံးဖန်းလှိုင်တို့ လွှတ်ခနဲ အော်မိလိုက်ကြလေသည်။

ထိုရောင်စုံတန်းများသည် အလွန်ပင်ဝင်းလက်စူးရှနေခြင်းကြောင့် သူတို့၏မျက်လုံးများ ပြာဝေသွားကြသည် မဟုတ်ပါလား။

မျက်လုံးများ ကျိန်းစပ်ပြာဝေကာ ရုတ်တရက် မျက်စိကန်းသူ

များပမာ ဖြစ်သွားကြလေသည်။ မည်သို့ဖြစ်သနည်း။ အားလုံးပင် သဘောမပေါက်ကြပါ... ။

တုံးဖန်းလှိုင်က ကပျာကယာနောက်ဆုတ်လိုက်သည်။

"လီကျိရှောင်... ခင်ဗျား ဘာကြောင့် အကောက်ကြီးရတာလဲဗျ... "

လီကျိရှောင်က ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား... မင်းကိုလက်ဝါးသုံးချက်ရိုက်ခွင့်ပြုပေမဲ့ ကျုပ်က မခုခံဘူးလို့ ပြောထားတာမှမဟုတ်တာ... ဒါတောင် ကျုပ်က ရောင်စုံကြီးကို တစ်ခါဝှေ့ယမ်းတာပဲရှိသေးတာ... တုံးဖန်းလှိုင် မင်းနာမည်ကြီးနေတာ... တကယ်တမ်းကျတော့ မစွံပါလားကွ... "

ထိုတွင် အချိန်ကျပြီဖြစ်မှန်းသိသော ကျန်းတင့်ရိက မျက်လုံးဖွင့်လိုက်လေသည်။

တုံးဖန်းလှိုင်သာမက လေမွှေညီနောင်နှင့် ဝမ်းအင်းလင်တို့ပါ မျက်လုံးများကျိန်းစပ်ကာ ဒယီးဒယိုင်ဖြစ်နေကြသည်ကို တွေ့ရသည်။

သူတို့သည် လီကျိရှောင်အား မည်သည့်နည်းနှင့်မျှ ရင်ဆိုင်နိုင်ကြတော့မည် မဟုတ်ပါချေ။ ဆရာတော်မာဟိုဗိန်ပြောသည့် အချိန်ကျလာလေပြီ။

ကျန်းတင့်ရိသည် မနေနိုင်တော့ချေ။ သူဝင်လာရတော့၏။

"အစ်ကိုကြီးတုံးဖန်းလှိုင်... အစ်ကိုကြီးကိုယ်စား ကျွန်တော် ရင်ဆိုင်ပါရစေ... "



အခြေအနေပြောင်းလဲသွားမည်ကိုစိုးရိမ်ကာ ချက်ချင်းပင်ရှေ့သို့ပြေးထွက်ကာ လီကျိရှောင်ကို ရင်ဆိုင်လိုက်၏။

"ဓားကြည့်ထား... "

အော်ပြောရင်း မာဟိုဗိန်ပေးခဲ့သည့် ဓားကိုထုတ်ယူကာ ဝှေ့ယမ်းလိုက်သည်။ သူသည် သိုင်းသမားမဟုတ်သဖြင့် ဓားဝှေ့ယမ်းရာတွင် သိုင်းသမားများကဲ့သို့ မကျင်လည်လှပေ။

ဓားမှာသံချေးတက်နေကာ ဓားတစ်လက်ဟုပင်မဆိုလောက်အောင် ဖြစ်နေသည်။

အားကုန်ဆွဲထုတ်လိုက်မှ...

"ချွမ်း... "

ဓားအိမ်ထဲမှ ဓားထွက်ပေါ်လာသည်။

သူက ဓားကိုဝှေ့ယမ်းလိုက်သောအခါ သံချေးမှုန်ကလေးများ မှုံ့ခနဲ လွင့်စဉ်သွားလေတော့သည်။

"ဟား... ဟား... ဟား... "

လီကျိရှောင်က လက်ဦးမှုယူကာ တုံးဖန်းလှိုင်တို့အား မျက်လုံးများပြာဝေသွားစေခဲ့သဖြင့် သဘောကျနေပြီးသားတိုက်ရယ်မောနေ၏။ ထိုစဉ် ကျန်းတင့်ရိက သူ၏သံချေးတက်ဓားကို ဝှေ့ယမ်းလိုက်ခြင်းဖြစ်သည်။

ထိုသံချေးမှုန့်များ လွင့်စဉ်သွားသောအခါ လီကျိရှောင် မရှောင်နိုင်တော့ပါ။

သံချေးမှုန်များ ကပ်ငြိပေကျံသွားသည်နှင့် လီကျိုရှောင်၏တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် ယားယံသွားတော့သည်။

"ဟာ... "

လီကျိုရှောင် မရယ်နိုင်တော့ပါ။

"ဟဲ့... ပလုတ်တုတ်... "

ချက်ချင်းပင် တစ်ကိုယ်လုံးကို ကုတ်ဖဲ့နေရတော့၏။

ကျုန်းတင့်ရှီ အော်ပြောလိုက်သည်။

"ခင်ဗျား... ဘာလုပ်နေတာလဲ... တောင်ပေါ်က ဆင်းမသွားသေးဘူးလား... "

လီကျိုရှောင် ဘာမှမပြောတော့ဘဲ တောင်ပေါ်မှ ပြေးဆင်းသွားလေတော့သည်။

အဖြစ်အပျက်က လျှင်မြန်လွန်းလှသည်။သိုင်းလောကအတွင်း၌ ထိုအဖြစ်မျိုး ရှိဖူးမည်ဖြစ်သော်လည်း ရှားပါးလှသည်ကား အမှန်ပင်ဖြစ်သည်။

ကျုန်းတင့်ရှီ ဓားတစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် လီကျိုရှောင်ထွက်ပြေးသွားရလေသည်။

သူ၏ခါးမှ သံချေးမှုန်များကြောင့်ဖြစ်ကြောင်း မည်သူမျှ သိနိုင်ကြမည်မဟုတ်ပါ။ မည်သူမျှလည်း မမေးကြပါ။

တုံးဖန်းလိုင်တို့ ကြောင်အမ်းအမ်းဖြစ်နေကြသည်။

မည်သို့ဖြစ်စေ ကျုန်းတင့်ရှီက မောင်းထုတ်နိုင်လိုက်သဖြင့်



ဝမ်းသာသွားကြသည်။

"လက်စသပ်တော့ ငါ့ညီက ပညာလျှို့ထားတာကိုး... "

"လီကျိုရှောင်ကိုတောင် မောင်းထုတ်နိုင်တယ်ဆိုတော့ ဘယ်ဆိုးလို့လဲ... "

"ငါ့ညီက သူရဲကောင်းပဲ... "

ထိုနေ့က ကျုန်းတင့်ရှီမှာ မမျှော်လင့်ဘဲ သူရဲကောင်းတစ်ယောက်ဖြစ်သွားခဲ့ရလေတော့သည်။

မာဟိုဖိန်သည် ယားယံစေသော သံချေးမှုန်များရှိသည့် ဓားတစ်လက်ရှိထား၍ လီကျိုရှောင်အား မောင်းထုတ်ရာ၌ အသုံးပြုခဲ့ခြင်းဖြစ်သည်။

မည်သူမျှ မမျှော်လင့်သောနည်းလမ်းကို အသုံးပြုလိုက်ခြင်းဖြင့် ကျုန်းတင့်ရှီ၏အထင်ကြီးမှုကို မိမိခံယူရလိမ့်မည်ဟု ယုံကြည်ထားသည်။

ကျုန်းတင့်ရှီအား စတွေ့ကတည်းက တပည့်အဖြစ်မွေးမြူလိုစိတ်ရှိခဲ့သည်။ အစဉ်ကြိုးစားခဲ့သည်။ ကျုန်းတင့်ရှီသည် ယခင်က စိတ်ထားမပြောင်းလဲသော်လည်း ယခုပြောင်းမည်ဟု ထင်ထားသည်။

လီကျိုရှောင်အား မောင်းထုတ်ပြီးသည့်နောက် သူ့ထံ၌ လိုလိုလားလားပင် တပည့်ခံလာလိမ့်မည်ဟု ယူဆခဲ့သည်။

သို့သော်... ကျုန်းတင့်ရှီမှာ သိုင်းပညာသင်ကြားဖို့စိတ်မဝင်စားသည်မှာ ယခုအချိန်အထိ ဖြစ်နေသည်။

မာဟိုဖိန်မှာ သူ့အကြံအစည် မအောင်မြင်၍ စိတ်ပျက်သွားလေတော့သည်။

## အခန်း [ ၂၂ ]

## တပည့်ရှာသူ

ကျောက်ထပ်တောင်... ။

ကျောက်ထပ်တောင်ကိစ္စကြောင့် သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်လာခဲ့လေသည်။

ကိုယ်ကျိုးရှာလိုသူများ၊ နယ်ချဲ့လက်ပါးစေများ၊ အဖွဲ့အစည်းအသီးသီးမှ သိုင်းသမားများသည် ကျောက်ထပ်တောင်ကိစ္စ၌ ပါဝင်ခွဲရန် ဦးတည်လာနေကြပြီဖြစ်သည်။

ကျောက်ထပ်တောင်၌... ရှောင်လင်ကျောင်းနှင့် ဝူတန်းဂိုဏ်းသည် ထင်ရှားစွာ သဘောထားကွဲလွဲကာ ထိပ်တိုက်ရင်ဆိုင်ကြမည့်သဘောရှိသည်။

ရတနာများ သိုင်းလောကသားများလက်ထဲပါသွားလျှင်... အခြေအနေပါ ရှုပ်ထွေးလာနိုင်သကဲ့သို့ နန်းတွင်း၌လည်း လိုအပ်သည်

များကိုအသုံးပြုရန် ရတနာများကို ရယူဖို့ စိတ်ဝင်စားလျက်ရှိနေ၏။

အခြေအနေရှုပ်ထွေးနေချိန်၌ မြေပုံရာကင်းမှောင့်ဆိုသကဲ့သို့ သိုင်းလောကသားများ တစ်စခန်းထလာသည်ကို တာဝန်ယူဖြေရှင်းရန် နေပြည်တော်၌ 'အမတ်ကြီး ရွှံ့ကျုန်း'ဦးဆောင်သောအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းလိုက်သည်။

ကျူးပန်ရှင်းသည် မင်းညီမင်းသားတစ်ယောက်ဖြစ်သည်နှင့် အညီ သိုင်းလောကသားများအရေး ဖြေရှင်းရန် 'အမတ်ကြီး ရွှံ့ကျုန်း'၏ လက်အောက်၌ တာဝန်ထမ်းဆောင်ခဲ့သည်။

ဤသို့ဖြင့် သိုင်းလောကသားများဖြစ်ကြသော တုံးဖန်းလိုင်တို့နှင့် ကျူးပန်ရှင်းတို့မှာ တစ်ချိန်က ခင်မင်ရင်းနှီးသောမိတ်ဆွေများ ဖြစ်ခဲ့သော်လည်း ယခုအခါ ဆန့်ကျင်ဘက်များဖြစ်လာခဲ့ကြလေတော့သည်။

ကျူးပန်ရှင်းသည် သိုင်းလောကသားများအကြောင်းကို သိနေသည်။ အမတ်ကြီးရွှံ့ကျုန်း၏အဖွဲ့တွင် နောက်ကွယ်မှနေ၍ တာဝန်ယူစီမံခန့်ခွဲရင်း အရေးပါသူဖြစ်မှန်းမသိဖြစ်လာခဲ့၏။

ကျောက်ထပ်တောင်ကိစ္စတွင် ကျူးပန်ရှင်းနှင့် တုံးဖန်းလိုင်တို့ ထိပ်တိုက်တွေ့လာခဲ့လေတော့သည်။

ကျောက်ထပ်တောင်နှင့် မနီးမဝေးရှိ ကွမ်းချန်မြို့သို့ တုံးဖန်းလိုင်တို့ ရောက်ရှိလာကြသောအခါ သိုင်းလောကသားနှစ်ယောက်က လာရောက်တွေ့ဆုံကြသည်။



ဖုန်းလိုင်ကျွန်းသခင် ကျောက်တန်းရှာ၏တပည့်တစ်ဦးဖြစ်သော လင်ရှောင်းနှင့် ဝါမေဝိုက်းမှ ဆန်းချောက်ဆိုသူတို့နှစ်ယောက်ဖြစ်ကြသည်။

ကျောက်ထပ်တောင်ကိစ္စ၌ နာမည်ကျော်သိုင်းဆရာကြီးဖြစ်သည့် ဖုန်းလိုင်ကျွန်းသခင် ကျောက်တန်းရှာအား ဦးဆောင်စေလို၍ တုံးဖန်းလိုင်က ဆက်သွယ်ခဲ့သည်။

ထို့ကြောင့်လည်း ကျွန်းသခင်ကျောက်တန်းရှာက တပည့် လင်ရှောင်းအား လွှတ်လိုက်ခြင်းဖြစ်သည်။

လင်ရှောင်းသည် တုံးဖန်းလိုင်နှင့်တွေ့လျှင် အကျိုးအကြောင်း ပြောပြသည်။

"ကျွန်းသခင်ကြီးဟာ ကျောက်ထပ်တောင်ကိစ္စကို စိတ်ဝင်စားပေမဲ့ သူကိုယ်တိုင် ထွက်မလာချင်သေးပါဘူး... ဒီကိစ္စမှာ ရှေ့မင်းသားက တာဝန်ယူနိုင်လိမ့်မယ်လို့ ပြောလိုက်ပါတယ်... "

တုံးဖန်းလိုင် ပြုံးလိုက်လေသည်။

"ကျွန်းသခင်က ကျုပ်ကို အတော်အထင်ကြီးတာကိုး... ကျောက်ထပ်တောင်ကို တခြားထိပ်သီးသိုင်းသမားကြီးတွေ ရောက်လာလိမ့်မယ်လို့ သတင်းကြားထားပါတယ်... ကျုပ်တစ်ယောက်တည်းနဲ့ တတ်နိုင်မယ် မထင်ပါဘူးဗျာ... ဒါကြောင့်လည်း ကျွန်းသခင်ကိုဆက်သွယ်ပြီး စောင့်နေခဲ့တာပေါ့... "

လင်ရှောင်းက ရှင်းပြလိုက်သည်။

"ကျွန်းသခင်ကြီးဟာ အဖက်ဖက်က စုံစမ်းပြီးပါပြီ... တကယ်လို့သာ ထင်းတိုင်ဂိုဏ်းချုပ် ကျင်းကန်းကျက်နဲ့ ခွန်လွန်တောင်က ဟူမုစန်းတို့သာ ရောက်မလာကြဘူးဆိုရင် ဘာမှစိုးရိမ်စရာမရှိဘူးလို့ပြောပါတယ်... "

ထင်းတိုင်ဂိုဏ်းချုပ်ကျင်းကန်းကျက်မှာ တိဗက်နယ်အခြေစိုက် ထိပ်သီးသိုင်းသမားကြီးတစ်ယောက်ဖြစ်သည်။

ခွန်လွန်တောင်သိုင်းသမား ဟူမုစန်သည်လည်းအမိပတိသိုင်းသမားကြီးတစ်ယောက်ဖြစ်သည်။

ထိုလူများသည် သိုင်းဝိဇ္ဇာလိဂ်ျိုရှောင်နှင့်အပြိုင် ကျော်ကြားလျက်ရှိသူများဖြစ်ကြ၏။

တုံးဖန်းလှိုင်ပြုံးလိုက်သည်။

"ကျုပ်ကလည်း ကျောက်ထပ်တောင်မှာ သေချာအောင်နည်းလမ်းအမျိုးမျိုးအသုံးပြုခဲ့တာပါပဲ... ဟူမုစန်နဲ့ ကျင်းကန်းကျက်က တစ်ယောက်ကိုတစ်ယောက် ကြည့်လို့ရကြတာ မဟုတ်ဘူး... ကျင်းကန်းကျက်လာမယ်ဆိုရင် ဟူမုစန်လာမယ်မထင်ဘူး... "

ကျင်းကန်းကျက်က ကျောက်ထပ်တောင်သို့လာလိမ့်မည်ဟူ၍ တုံးဖန်းလှိုင်က သူ၏လူများကို အသုံးချကာ သတင်းလွှင့်ထား၏။

ထို့ကြောင့် ဟူမုစန်လာမည်မဟုတ်ဟု တုံးဖန်းလှိုင်က ယုံကြည်ထားသည်။

ဝါမေဂိုဏ်းမှ ဆန်းချောက်က ဝင်ပြော၏။



"ကျုပ်တို့ကတော့ ချင်ထိုက်ရှင်ကို သတိထားနေကြတယ်... သူဟာ သိုင်းလောကက ပျောက်သွားတာ နှစ်ပေါင်းအတော်ကြာပြီ... ကျောက်ထပ်တောင်ကိစ္စမှာ ပြန်ပေါ်မလာဘူးလို့ ဘယ်သူမှမပြောနိုင်ဘူး... နောက်ပြီး သိုင်းသမားတိုင်းရဲ့ စိတ်ဟာ အစိုးမရပါဘူး... "

တုံးဖန်းလှိုင်က အမျိုးမျိုးတွေးတောစဉ်းစားပြီးနောက် ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။

"တကယ့် ထိပ်သီးသိုင်းသမားကြီးတွေ ရောက်လာရင် ကျုပ်လည်း တတ်နိုင်မှာမဟုတ်ဘူး... ဒီတော့ 'ကျွန်း'သခင်ကြီးကိုပဲ အကူအညီတောင်းရမှာပဲ... "

ထိုအချိန်တွင် မြင်းကိုယ်စီဖြင့် ခရီးနှင်လာနေကြသူတစ်စုအားတွေ့လိုက်ရသည်။

လျှိုချင်း၏ဖခင် လျှိုချွန်းဝါနှင့် အားမုန်ကိုအခြေခံသိုင်းပညာသင်ပေးခဲ့သည့် ဆရာချန်ရင်ဆက်တို့ဦးဆောင်သောလူတစ်စုဖြစ်သည်။

သူတို့နှင့်အတူ အားမုန်လည်း လိုက်ပါလာသည်။

အားမုန်ကိုတွေ့ရတော့မှ တုံးဖန်းလှိုင်အားကျေးဇူးတင်စကားပြောရန် လျှိုချင်းနှင့်အတူ ထွက်လာရာတွင် မေ့ပြီးမခေါ်ဘဲထားရစ်ခဲ့မိကြောင်း ကျန်းတင့်ရှိသတိရလိုက်မိလေတော့သည်။

အားလုံးဝမ်းသာအားရ နှုတ်ဆက်လိုက်ကြ၏။

ဝမ်ကျန်းထိုက်၏ကိစ္စနှင့် ပတ်သက်၍ လျှိုချွန်းဝါတို့သည် တုံးဖန်းလှိုင်အပေါ်တွင် သဘောထားပြောင်းလဲသွားကြပြီဖြစ်သည်။

သူတို့အားလုံး မိတ်ဆွေရင်းချာများပမာ ဖြစ်သွားကြ၏။

ထို့နောက် ကျောက်ထပ်တောင်သို့ အချိန်မီခရီးဆက်ရန် ပြင်ဆင်လိုက်ကြလေတော့သည်။

ကျူးပန်ရှင်း...

ကျူးပန်ရှင်းသည် နေပြည်တော်မှ မင်းညီမင်းသားတစ်ယောက်ဖြစ်သည်။

သိုင်းလောကသားများနှင့် ပတ်သက်သောကိစ္စများတွင် အကြံပေးဆောင်ရွက်ရာ၌ အမတ်ကြီးရွှံ့ကျုန်း၏ လက်အောက်၌ အမှုထမ်းခဲ့ပြီး အားကိုးရသူတစ်ယောက်ဖြစ်လာခဲ့သည်။

ကျူးပန်ရှင်းသည် တုံးဖန်းလှိုင်တို့နှင့် ပတ်သက်ခဲ့ဖူးသဖြင့် သိုင်းလောကသားများအကြောင်း သိရှိထားသူဖြစ်သည်။ သိုင်းသမားများ၏ အားသာချက်၊ အားနည်းချက်များကို သိရှိထားသည်။

ထို့ကြောင့် တုံးဖန်းလှိုင်သည် ကျောက်ထပ်တောင်ကိစ္စတွင် ထိပ်သီးသိုင်းသမားကြီးများ ရောက်လာမည်ကို စိုးရိမ်မည်ဟု နားလည်ထား၏။

ခွန်လွန်တောင်မှ သိုင်းထိပ်သီး ဟူမုစန်သည် ထင်းတိုင်ဂိုဏ်းချုပ် ကျင်းကန်းကျက်နှင့် မျက်နှာချင်းမဆိုင်လို၍ ရှောင်ရှားလိမ့်မည်



ဖြစ်သည်။ ထိုသတင်းကို ကျူးပန်ရှင်းက သိသည်။

ထို့ကြောင့် တုံးဖန်းလှိုင်က ကျောက်ထပ်တောင်သို့ ကျင်းကန်းကျက်လာလိမ့်မည်ဖြစ်ကြောင်း သတင်းလွှင့်ထားသည်ကို တိတ်တဆိတ် ဖော်ထုတ်လိုက်သည်။

ထို့အပြင် ထိပ်သီးသိုင်းဆရာကြီးသုံးဦးအနက် တစ်ဦးဖြစ်သော သိုင်းဆရာချင်ထိုက်ရှင်ကိုလည်း လာရောက်ကူညီပါရန် ဖိတ်ကြားလိုက်သည်။

တုံးဖန်းလှိုင်တို့လူစုသည် ချင်ထိုက်ရှင်ရောက်မလာနိုင်ဟု တစ်ချယုံကြည်ထားကြသည်။ သူတို့ယုံကြည်ချက် မှားခဲ့လေပြီ။

ချင်ထိုက်ရှင်ရောက်ရှိလာကြောင်း သတင်းကြားရသောအခါ မည်သို့မျှ မတတ်သာတော့ဘဲ ကျွန်းသခင်ကြီးအား ဖိတ်ခေါ်လိုက်ရလေတော့သည်။

ကျူးပန်ရှင်းက သိုင်းလောကသားများအား နှိမ်နင်းပစ်မည့် အမတ်ကြီးရွှံ့ကျုန်း၏ 'မုန်တိုင်း'အဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည်ကို တုံးဖန်းလှိုင်တို့ မသိကြပါ။

ဤတွင် ကျောက်ထပ်တောင်၌ သိုင်းလောကသားများနှင့် မုန်တိုင်းအဖွဲ့ကပါ ပါဝင်ပတ်သက်လာခဲ့လေတော့သည်။

ထိုနေ့ည...

ကျန်းတင့်ရီသည် အိပ်မပျော်နိုင်သဖြင့် အိမ်ကလေးအပြင်ဘက်သို့ ထွက်လာခဲ့သည်။

ညလေအေးများက သုန်သုန်ညင်းညင်းတိုက်ခတ်နေ၏။ ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။

ကျွန်းတင့်ရီသည် လျှိုချင်း၏မျက်နှာလေးကို မြင်ယောင်လာသည်။

ယခုအချိန်တွင် လျှိုချင်းတစ်ယောက် နှစ်ခြိုက်စွာအိပ်မောကျနေလိမ့်မည်ဖြစ်ပါသည်။

သူတို့နှစ်ယောက်မှာ မပြောဘဲ ချစ်သူများဘဝသို့ရောက်ရှိနေကြပြီဟု ဆိုနိုင်၏။ တစ်ဦး၏အကြည့်၊ တစ်ဦး၏ စေတနာများသည် ချစ်သူများထားသည့်အကြည့်နှင့် စေတနာများပင်ဖြစ်ကြသည်။

ကျွန်းတင့်ရီ၏ရင်ထဲ ကြည်ကြည်နူးနူးလေးဖြစ်လာသည်။

ထိုစဉ်...

"ဟူး... "

အဝတ်အစားလေတိုးသံတစ်ချက်ထွက်ပေါ်လာသည်။

လူရိပ်တစ်ခုသည် လေနှင့်အတူ လွင့်မျောလာသည်။

ကျွန်းတင့်ရီနှင့် မလှမ်းမကမ်းသို့ ရောက်လာ၏။

"ဟင်... "

ကျွန်းတင့်ရီ ရင်ထိတ်ကာ ကပျာကယာ နောက်သို့ဆုတ်လိုက်၏။

ထိုလူကား လျှိုချင်း၏ဆရာ လီဖိန်ဖိန်ဖြစ်နေသည်ကို လရောင်ဖြင့် တွေ့ရလေ၏။



"ဟင်... ဒေါ်ဒေါ်ပါလား... "

လီဖိန်ဖိန်က လက်ဝှေ့ယမ်းပြလိုက်သည်။

"ကျွန်းတင့်ရီ... အရေးကြီးတဲ့ကိစ္စရှိနေတယ်... ငါ့နောက်ကို မင်းလိုက်ခဲ့ရလိမ့်မယ်... "

"ဗျာ... "

"ဘယ်သူ့ကိုမှ အသိပေးလို့မဖြစ်ဘူး... ခုချက်ချင်း လိုက်ခဲ့ရလိမ့်မယ်... "

"ဒေါ်ဒေါ်... လျှိုချင်းကို... "

"သူ့ကိုတောင် အသိပေးလို့မဖြစ်ဘူး... "

လီဖိန်ဖိန်တွင် အလွန်အရေးကြီးသည့်ကိစ္စရှိနေကြောင်း ကျွန်းတင့်ရီသဘောပေါက်လိုက်သည်။

ထို့ကြောင့်...

"ကောင်းပါပြီ ခင်ဗျာ... ကျွန်တော် လိုက်ခဲ့ပါ့မယ်... "

လီဖိန်ဖိန်နှင့် လိုက်သွားရန်ဆုံးဖြတ်လိုက်လေတော့သည်။

ကျွန်းတင့်ရီသည် ဤသို့ဆုံးဖြတ်ခြင်းမှာ လီဖိန်ဖိန်အပေါ်၌ လုံးဝယုံကြည်စိတ်ချ၍ဖြစ်ပေသည်။

ကျွန်းတင့်ရီက လီဖိန်ဖိန်နှင့်လိုက်သွားပြီး မရှေးမနှောင်းမှာပင် ဝမ်းအင်းလင်သည် အိမ်ထဲမှထွက်လာလေသည်။

အိုက်စပ်စပ်ဖြစ်နေသော ညမို့ အိပ်မပျော်နိုင်အောင်ဖြစ်နေပါသည်။

အိမ်အပြင်ဘက် သူထွက်လျှင် ထွက်ချင်း လီဗိန်ဗိန်နှင့် ကျန်တင့်ရီတို့ ထွက်ပြေးသွားကြခြင်းဖြစ်သည်။

သူသည် မည်သူများဖြစ်သည်ကို မတွေ့လိုက်ပေ။

"ဟူး... ဟူး... "

အဝတ်အစား လေတိုးသံများနှင့်အတူ လူရိပ်နှစ်ခုမှာ တောင်အောက်သို့ဆင်းသွားသည်ကိုသာ တွေ့ရသည်။

ဝမ်အင်းလင်အံ့ဩသွား၏။

"ညအချိန်မတော် ဘယ်သူတွေပါလိမ့်... "

သိလိုစိတ်များဖြစ်ပေါ်လာသဖြင့် ကပျာကယာပြေးလိုက်သွား၏။

အတန်ကြာပြေးသွားပြီးသောအခါ တောင်အောက်သို့ရောက်သွားပြီး ရှေ့မှပြေးသွားသော လူရိပ်နှစ်ခုလည်း ပျောက်ကွယ်သွားလေတော့သည်။

ဝမ်အင်းလင် ခြေလှမ်းရပ်သွားသည်။ သူသည် သူ့ရှေ့မှ ပြေးသွားသူများကို လိုက်ရှာသည်။ သို့သော်... မည်သူ့ကိုမျှ မတွေ့ရသဖြင့် စိတ်ပျက်သွားသည်။

"ဘယ်သူမှလည်း မရှိတော့ပါလား... "

ထိုစဉ်...

"ကျုပ်ရှိပါသေးတယ်လေ... "

စကားသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့်



ဝမ်အင်းလင် ကပျာကယာလှမ်းကြည့်လိုက်ရာ မလှမ်းမကမ်း၌ အဘိုးအိုတစ်ယောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

"ဟင်... "

ထိုလူက ရှေ့တိုးလာလေသည်။

အလွန်ဥပဓိရုပ်ကောင်းသော အဘိုးအိုဖြစ်လေသည်။

ဝမ်အင်းလင်က ဦးညွှတ်လိုက်သည်။

"ကျွန်တော်က ဝမ်အင်းလင်ပါ... ဦးက ဘယ်သူများလည်းဆိုတာ သိပါရစေလားဗျာ... "

အဘိုးအိုက ပြုံးလိုက်သည်။

"တပည့်တစ်ယောက်လိုက်ရှာနေတဲ့ လူတစ်ယောက်ပေါ့ကွာ မှန်းစမ်း... "

ရုတ်ချည်းပင် ဝမ်အင်းလင်အနီးသို့ရောက်ရှိလာကာဝမ်အင်းလင်၏ ခြေလက်အရိုးအဆစ်နှင့် သွေးကြောများကို စမ်းသပ်ပြီးသားဖြစ်သွားလေသည်။

"ဦး... ဘယ်လိုလုပ်တာလဲဗျ... "

ဝမ်အင်းလင် အထိတ်တလန့်အော်ကာ ကပျာကယာရုန်းမှုက်လိုက်လေသည်။

အဘိုးအိုကလည်း လွှတ်ပေးလိုက်သည်။

သူ၏မျက်နှာပြုံးရွှင်ကာ ဝမ်းသာအားရရှိနေပုံရှိလေသည်။

"ကောင်းတယ်... သိပ်ကောင်းတယ်... "

"ဗျာ... "

"ငါက အသက်ကြီးလာပြီ... ငါသေသွားရင် ငါ့ရဲ့သိုင်းပညာတွေ သေရွာပါသွားပြီး အလကားဖြစ်ကုန်မှာစိုးရိမ်လို့ တပည့်တစ်ယောက်ရှာပြီး လက်ဆင့်ကမ်းပေးသွားမလို့... ငါ့ရဲ့ပညာသင်ပေးဖို့ သင့်တော်မဲ့လူ လိုက်ရှာနေတာကြာပြီ... အခု မင်းနဲ့တွေ့ရမှပဲ ငါ့ရဲ့ဆန္ဒတွေ ပြည့်ဝတော့မယ်... "

"ဗျာ... "

"မင်း... ငါ့ဆီက ပညာသင်ရမယ်... ဝမ်းမသာဘူးလား"

"ကျွန်... ကျွန်တော်... "

"အေး... ငါသင်ပေးမဲ့ ပညာက နယ်နယ်ရရတော့ မဟုတ်ဘူး... သိုင်းလောကမှာ ပြိုင်စံရှားတဲ့ပညာရပ်မျိုးပဲဖြစ်တယ်... ကဲ... မင်းဘယ်လိုသဘောရသလဲ... "

ဝမ်းအင်းလင်မှာ ဝမ်းသာရအခက် ဝမ်းနည်းရအခက်ဖြစ်သွားသည်။ ဘာမသိ ညာမသိသူကို ဆရာတင်ရမည်ဆိုသည်မှာလည်း မလွယ်လှ။

သို့သော်... သူကလည်း သိုင်းပညာတိုးတက်ချင်သည်။

တုံးဖန်းလှိုင်တို့နှင့်တွေ့ဆုံပြီးနောက် သိုင်းလောကနှင့် သိုင်းပညာကို စိတ်ဝင်စားခဲ့လေသည်။

"ဦးဟာ ဘယ်သူများလဲဆိုတာ သိပါရစေလား ခင်ဗျာ... "

ဝမ်းအင်းလင်က ဦးညွတ်ကာမေးလိုက်သည်။



အဘိုးအိုက ပြုံးလိုက်သည်။

"သိုင်းလောကမှာ ချင်ထိုက်ရှင်ဆိုတဲ့နာမည်ကို မင်းကြားဖူးသလား... "

"ဟင်... "

ဝမ်းအင်းလင်မယုံနိုင်အောင် ဖြစ်သွား၏။

ယနေ့ညသည် သူ၏ဘဝတွင် ကံအကောင်းဆုံးညဖြစ်သည်ဟု နားလည်သွား၏။

ချက်ချင်းပင် ဒူးထောက်ချကာ ရှိသေလေးစားစွာခေါ်လိုက်၏။

"ဆရာ... "

အဘိုးက တဟားဟားရယ်မောလိုက်သည်။

အခန်း [ ၂၃ ]

## သိုင်းပြိုင်ပွဲကြီး

ကျောက်ထပ်တောင်သည် သိုင်းလောကတစ်ခုလုံး၏ အာရုံစိုက်စရာဖြစ်လာသည်။

ကျောက်ထပ်တောင်မှ ရှေးဟောင်းရတနာသိုက်အား ရှောင်လင်နှင့် ဝူတန်းဂိုဏ်းမှ သိုင်းသမားများ ရှာဖွေတွေ့ခဲ့ကြ၏။

သို့သော် ထိုရတနာပစ္စည်းများကို သူပိုင်ထိုက်သည်၊ ငါပိုင်ထိုက်သည် အငြင်းပွားခဲ့ကြသဖြင့် မည်သူမျှရယူနိုင်ခြင်းမရှိဘဲ ကျောက်ဂူကြီးတစ်ခုအတွင်း၌ သိမ်းဆည်းထားခဲ့ရလေသည်။

ထိုရတနာများအား ရှောင်လင်နှင့် ဝူတန်းဂိုဏ်းမှ သိုင်းသမားများက ပူးပေါင်းစောင့်ရှောက်ထားခဲ့ပြီး မသမာသူများကလည်း လုယက်ယူငင်ရန် အကြိမ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြသည်။

နယ်ချဲ့များကျူးကျော်လာပြီး တိုင်းပြည်အရေးပေါ်ပေါက်



လာသောအခါ ရတနာများအား စောင့်ရှောက်ထားဖို့ ခက်ခဲလာတော့သည်။ သို့ဖြင့် ရှောင်လင်နှင့် ဝူတန်းဂိုဏ်းမှ သိုင်းသမားများသည် ရတနာများအား ပိုင်ဆိုင်နိုင်ရန် သိုင်းပညာပြိုင်ပွဲတစ်ရပ် ကျင်းပဖို့ ဆုံးဖြတ်လိုက်ကြသည်။

ပြိုင်ပွဲ၌ အနိုင်ရသည့်ဘက်မှ ရတနာများအား ပိုင်ဆိုင်ခွင့်ရမည်ဖြစ်သည်။

ရှောင်လင်ကျောင်းနှင့် ဝူတန်းဂိုဏ်းတို့၏ ရတနာလုပွဲသို့ သိုင်းလောကသားများလည်း ရောက်ရှိလာကြရာ ပွဲကြီးပွဲကောင်းတစ်ခု ဖြစ်လာလေတော့သည်။

ကျန်းတင့်ရှီနှင့် ဝမ်းအင်းလင်တို့ပျောက်ဆုံးသွားပြီးသည့်နောက် တုံးဖန်းလှိုင်သည် ကျောက်ထပ်တောင်သို့သွားရမည့်ခရီး၌ မလိုလားအပ်သည့်ပြဿနာများ ထပ်မံဖြစ်ပေါ်လာမည်ကို စိုးရိမ်သဖြင့် အုပ်စုလိုက်သွားခြင်းထက် လူခွဲကာ သွားကြရန်ဆုံးဖြတ်လိုက်သည်။

ကျောက်ထပ်တောင်သို့ရောက်မှ ပြန်လည်ဆုံတွေ့ကြရန်ဖြစ်သည်။

သို့ဖြင့် အားမုန်သည် တစ်ယောက်တည်း ခရီးနှင်ခဲ့ရတော့သည်။

သူ၏စိတ်ထဲ၌ ကျန်းတင့်ရှီသည် ကျောက်ထပ်တောင်သို့သွားနှင့်ပြီဟု ယုံကြည်ထားသည်။

ကျောက်ထပ်တောင်သို့သွားရာလမ်းတစ်လျှောက်ကား ခရီး

သွားသိုင်းသမားများနှင့် ပြည့်နှက်နေလေ၏။

အားမုန်သည် ကျောက်ထပ်တောင်ခြေသို့ ရောက်သည်အထိ အန္တရာယ်ကင်းစွာ ခရီးနှင်လာနိုင်ခဲ့လေသည်။

ကျောက်ထပ်တောင်မှာ အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဍာန် အမျိုးမျိုးရှိသော ကျောက်တုံးကျောက်ခဲကြီးများ ဖုံးလွှမ်းနေသကဲ့သို့ သဘာဝအလျောက် သစ်ပင်ပန်းပင်များ ပေါက်ရောက်လျက်ရှိရာ သာယာလှပသော တောင်တစ်လုံးဖြစ်သည်။

အားမုန်က တောင်ပေါ်သို့တက်ခဲ့ရာမှ လျှိုချွန်းဝါ၊ တုံးဖန်းလှိုင်၊ လေပွေညီနောင်တို့နှင့် ပြန်လည်ဆုံတွေ့မိကြလေသည်။

သို့သော်...

ကျောက်ထပ်တောင်သို့ သူရောက်လာချိန်မှာ သူများထက်ပို၍ တစ်ရက်နောက်ကျနေ၏။

သိုင်းပြိုင်ပွဲကျင်းပပြီး ဒုတိယနေ့တွင် ရောက်ရှိလာခြင်းဖြစ်သည်။

မည်သို့ဖြစ်စေ သိုင်းပြိုင်ပွဲကို စိတ်မဝင်စားဘဲ ကျန်းတင့်ရီနှင့် ပြန်လည်တွေ့ဆုံရဖို့သာလျှင် စိတ်အားထက်သန်နေတော့သည်။ သို့သော်... အားမုန်မှာ ကျန်းတင့်ရီအား ပထမဆုံးပြန်လည်တွေ့ရသူ မဟုတ်ဘဲ ပထမဆုံးပြန်လည်တွေ့ဆုံရသူမှာ လျှိုချင်းဖြစ်နေပါတော့သည်။

လျှိုချင်းသည် ကျန်းတင့်ရီပျောက်ဆုံးနေသဖြင့် စိတ်ပူနေ



သည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ ချစ်သူမှာ ကျန်းတင့်ရီ ဖြစ်နေသောကြောင့် ဖြစ်သည်။

ညဉ့်နက်သည့်တိုင် အိပ်မပျော်နိုင်ဘဲဖြစ်နေစဉ် မလှမ်းမကမ်းတစ်နေရာတွင် လူရိပ်တစ်ခုဖြတ်သန်းသွားသည်ကို တွေ့လိုက်ရသည်။

"ဘယ်သူလဲ... "

လျှိုချင်းက ချက်ချင်းပြေးလိုက်သွားလိုက်သည်။

ထိုလူရိပ်သည် ကျောက်တုံးကျောက်ခဲများကြား၌ ဝင်ရောက်ပျောက်ကွယ်သွားသည်။

လျှိုချင်းက ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ရင်း ခုန်ဝင်လိုက်လျှင်...

"ညီမ... "

ထိုလူမှာ ကျန်းတင့်ရီဖြစ်နေသည်ကို လရောင်ဖြင့် တွေ့မြင်လိုက်ရ၏။

"ဟင်... အစ်ကို... အစ်ကိုပါလား... "

"ရှူး... တိုးတိုး... ညီမ... "

လျှိုချင်းသည် ကျန်းတင့်ရီအားတွေ့မြင်ရသဖြင့် ဝမ်းသာပျော်ရွှင်သွားပါတော့သည်။

"အစ်ကိုပျောက်သွားလို့ စိတ်ပူလိုက်ရတာ... ဘာဖြစ်လို့ မပြောမဆိုဘဲ ထွက်သွားရတာလဲ... အကြောင်းတစ်ခုခုများ ရှိနေလို့လား... "

ကျန်းတင့်ရှီ၏မျက်နှာ တည်ကြည်လေးနက်နေသည်။

"ဟုတ်တယ်... ညီမ အစ်ကိုမှာ အရေးကြီးတဲ့ကိစ္စရှိနေတယ်ဒါကြောင့်... ဘယ်သူ့ကိုမှ အသိမပေးနိုင်ဘဲ ထွက်သွားခဲ့ရတာပါ... "

"ဘယ်လိုကိစ္စများ ရှိနေသလဲဆိုတာ ညီမကိုပြောပြနိုင်မလားဟင်... "

"အင်း... ပြောဖို့ခက်တယ် ညီမရဲ့... "

"ဟင်... ဘာဖြစ်လို့လဲ... "

ကျန်းတင့်ရှီက လျိုချင်းအား စိုက်ကြည့်လိုက်သည်။

"ခုတောင် ညီမကို တွေ့ချင်လွန်းလို့ လာခဲ့ရတာ... အစ်ကို့မှာ အချိန်သိပ်မရဘူး... ရော့ ဒီစာကိုယူထားပါ... နောက်သုံးရက်ကြာမှ ဖောက်ဖတ်ပါ... အစ်ကိုနဲ့တွေ့ခဲ့ရတယ်ဆိုတာ ဘယ်သူ့ကိုမှ ပြောမပြပါနဲ့... တစ်နေ့ကျရင် အစ်ကို ဘာကြောင့်ထွက်သွားရတယ်ဆိုတာကို ညီမသဘောပေါက်လာမှာပါ... "

ထိုစဉ် မလှမ်းမကမ်းမှ စကားပြောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျောက်ထပ်တောင်ပေါ်၌ သိုင်းလောကသားများရောက်ရှိနေကြရာ နေရာအနှံ့အပြား၌ သွားလာလှုပ်ရှားသူများရှိနေခြင်းဖြစ်လေသည်။

ကျန်းတင့်ရှီသည် သူ့အားတစ်စုံတစ်ယောက်မြင်သွားမည်ကို စိုးရိမ်နေသည့် သဘောလည်းရှိလေသည်။



"ညီမ... အစ်ကိုတို့နောက်မှ တွေ့ကြသေးတာပေါ့... "

စကားဆုံးလျှင် ချာခနဲလှည့်ကာပြေးလွှားသွားတော့သည်။

"အစ်ကို... "

လျိုချင်းက လွှတ်ခနဲခေါ်လိုက်ပြီးမှ သတိဝင်လာကာ ပါးစပ်ပိတ်ထားလိုက်ရလေ၏။

ကျန်းတင့်ရှီမှာ မြင်ကွင်းမှပျောက်ကွယ်သွားတော့၏။

အကယ်၍ ကျန်းတင့်ရှီပေးခဲ့သည့်စာသာ လက်ထဲရှိမကျန်ခဲ့လျှင် ကျန်းတင့်ရှီနှင့် တွေ့ခဲ့ရသည်ဟု ထင်ရမည်မဟုတ်ချေ။ အိပ်မက်ထဲ၌ တွေ့ခဲ့ရသကဲ့သို့သာဖြစ်ပေတော့မည်။ လျိုချင်းသက်ပြင်းချလိုက်သည်။

"စိတ်ချပါရှင်... နောက်သုံးရက်ကြာမှ ဒီစာကို ကျွန်မဖောက်ဖတ်ပါ့မယ်... "

တိုးတိုးရေရွတ်လိုက်လေတော့သည်။

ထိုနေ့ညတွင်...

အားမုန်တစ်ယောက်တည်းရှိနေစဉ် ကျန်းတင့်ရှီရောက်လာခဲ့သည်။

အားမုန်နှင့် ကျန်းတင့်ရှီတို့ တွေ့ဆုံခဲ့ကြပြီး ကျန်းတင့်ရှီက လိုအပ်သည်များကို မှာကြားပြီး တိတ်တဆိတ်ပြန်လည်ထွက်ခွာသွားသည်။ အားမုန်ကျေနပ်သွား၏။ သူလာခဲ့သည်မှာ သူ့သခင်လေးကို ကျန်းကျန်းမာမာတွေ့လို၍ဖြစ်သည် မဟုတ်ပါလား။

ကျောက်ထပ်တောင်၌ ရောက်ရှိနေကြသောသိုင်းလောက သားများသည် ကိုယ့်အုပ်စုနှင့်ကိုယ် ရတနာများ ရယူနိုင်ရေးအတွက် တိုင်ပင်ဆွေးနွေးနေကြသည်။

ရောက်လာကြသောသိုင်းလောကသားများမှာ အုပ်စုနှစ်စုကွဲ ပြားနေသည်။

တစ်စုမှာ ရှောင်လင်ဂိုဏ်းမှလူများနှင့် သူတို့အား ထောက်ခံ သော အဆက်အသွယ်များဖြစ်ကြသည်။

ကျန်တစ်စုကား ဝူတန်းဂိုဏ်းနှင့် ထောက်ခံသူများဖြစ်သည်။

ကျောက်ထပ်တောင်၌ ထိပ်သီးဂိုဏ်းကြီးနှစ်ဂိုဏ်း ထိပ်တိုက် ရင်ဆိုင်မိပြီး သိုင်းလောကစည်းကမ်းအရ သိုင်းပြိုင်ပွဲကျင်းပကာ အနိုင် ရသူက ရတနာများပိုင်ဆိုင်ခွင့်ရဖို့ သဘောတူညီလိုက်ကြပြီဖြစ်သည်။

အထူးသဖြင့် ဝူတန်းဂိုဏ်းဘက်မှ တုံးဖန်းလှိုင်နှင့် ကျွန်းသခင် ကြီးကျောက်တန်းရှာတို့ ပါဝင်ထောက်ခံနေကြသဖြင့် ရှောင်လင်ဂိုဏ်း မှာ ရတက်မအေးနိုင်အောင် ဖြစ်နေကြသည်။

ကျူးပန်ရှင်း၏ မုန်တိုင်းအဖွဲ့က ရှောင်လင်ကျောင်းဘက်မှ ထောက်ခံသည်။

သူတို့သည် မာပိုဖိန်ကို ရှောင်လင်ကျောင်းဘက်မှထောက်ခံ ရန် လိုလားနေကြပြီး ဆက်သွယ်စည်းရုံးလျက်ရှိသည်။

နံနက်မိုးစင်စင်လင်းသည်နှင့် ရှောင်လင်ဂိုဏ်းနှင့် ဝူတန်းဂိုဏ်း



ပည် မိမိတို့အားထောက်ခံသူများကို ဦးဆောင်ကာ ယှဉ်ပြိုင်ကြလိမ့် မည်ဖြစ်လေတော့သည်။

သိုင်းပြိုင်ပွဲ စတင်ကျင်းပနေပြီဖြစ်ပါသည်။

ရှောင်လင်ဂိုဏ်းနှင့် ဝူတန်းဂိုဏ်းမှ ထိပ်သီးသိုင်းဆရာကြီးနှစ် ယောက်က ပြိုင်ပွဲကိုကြီးကြပ်သည်။

နှစ်ဖက်သိုင်းသမားများသည် ကြီးကြပ်သူများရှေ့မှောက်၌ တရားမျှတစွာ ယှဉ်ပြိုင်ခဲ့ကြရာ ပထမနေ့တွင် ဝူတန်းဂိုဏ်းမှ အသာရခဲ့ ကြပြီး ဒုတိယနေ့တွင် ရှောင်လင်ကျောင်းမှအသာရခဲ့ကြသဖြင့် နှစ်ရက် ပေါင်းလိုက်သော် မည်သူမျှ အသာမရသေးဘဲ သရေပွဲဖြစ်နေတော့ သည်။

ဤသို့ဖြင့် နှစ်ဖက်ခေါင်းဆောင်များယှဉ်ပြိုင်ရတော့မည့် နေ့အခြေအနေသို့ ဆိုက်ရောက်လာလေတော့သည်။

ရှောင်လင်ကျောင်းမှ ဝါရင့်သိုင်းသမားလေးယောက်သည် တုံးဖန်းလှိုင်အား စိန်ခေါ်ခဲ့ကြလေ၏။

သို့သော်... လေပွေကြီးက တုံးဖန်းလှိုင်ကိုယ်စား ဝင်ရောက် ယှဉ်ပြိုင်ခဲ့လေသည်။ ယခုအချိန်၌ တုံးဖန်းလှိုင်တို့ဘက်မှ အင်အားနည်း

နေသည်။ ထို့ကြောင့် လေပွေကြီးက ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

လေပွေကြီးသည် သိုင်းပြိုင်ပွဲကျင်းပရာစင်မြင့်ထက်သို့ ခုန်တက်လိုက်ပြီးလျှင် ရှောင်လင်သိုင်းသမားလေးယောက်အား လှောင်ပြောင်ပြောဆိုလိုက်လေတော့၏။ ဤသို့ပြောရန် မလိုပါချေ။

ထွက်တိုက်ခိုက်ရုံသာ ရှိပါသည်။

"ကျုပ် အစ်ကိုကြီးတုံးဖန်းလှိုင်ထွက်လာစရာ မလိုသေးပါဘူးဗျာ... ကျုပ်ကို အနိုင်ရအောင် ကြိုးစားကြည့်ကြပါဦး... "

ရှောင်လင်သိုင်းသမားလေးယောက်သည် ဒေါ်ပွကာ တရကြမ်းဝင်ရောက်တိုက်ခိုက်သည်။ လေးယောက်တစ်ယောက်တိုက်ပွဲဖြစ်သော်လည်း လေပွေကြီးမှာ သိုင်းပညာအဆင့်မြင့်သဖြင့် တိုက်ပွဲမှာ လွန်စွာပြင်းထန်ခဲ့သည်။

ရှောင်လင်သိုင်းသမားလေးယောက်အနက် နှစ်ယောက်က အလျှင်တိုက်ခိုက်ပြီးမှ ကျန်နှစ်ယောက်က တိုက်ခိုက်ကြသည်ဖြစ်ရာ ရှောင်လင်ဒီရေသိုင်းကွက်ကို အသုံးပြုလိုက်ကြခြင်းဖြစ်သည်။

လေပွေကြီးသည် အစပိုင်း၌ ထိုသိုင်းကွက်ကို အထင်သေးမိသဖြင့် ပခုံးတွင် လက်ဝါးစောင်းတစ်ချက်ခံလိုက်ရသည်။

သို့သော် သူ၏ခန္ဓာကိုယ်ကြွက်သားများကို သံမဏိသားပမာမာကျောအောင်လေ့ကျင့်ထားခြင်းကြောင့် ကံကောင်းသွား၏။

လက်ဝါးစောင်းတစ်ချက်ထိလိုက်သော်လည်းအရိုးကျိုးမသွားဘဲ ထုံကျဉ်ရုံမျှသာ ခံစားလိုက်ရ၏။



မည်သို့ဖြစ်စေ လေပွေကြီး၏အထင်သေးစိတ်များ ပျောက်ကွယ်သွားလေတော့သည်။

သတိကြီးစွာထားရင်း အတွင်းအားစုစည်းကာ ရင်ဆိုင်တိုက်ခိုက်လေတော့သည်။

တိုက်ပွဲသည် ပို၍ပြင်းထန်လာသည်။

ရှောင်လင်သိုင်းသမားလေးယောက်သည် လေပွေကြီးအား စက်ဝိုင်းပုံ ဝန်းရံကာ အဆက်မပြတ်လှည့်ပတ်တိုက်ခိုက်လိုက်ကြသဖြင့် လေပွေကြီး အခက်အခဲကြုံလာလေတော့သည်။

သို့သော် လေပွေကြီးသည် အတွေ့အကြုံရင့်ကျက်သူဖြစ်ရကား အခက်အခဲကြုံတွေ့နေရသည့်ကြားမှ ဒူးထောက်ချလိုက်ပြီး အော်ငေါက်လိုက်၏။

"လဲကျလိုက်ကြစမ်း... "

ရှောင်လင်သိုင်းသမားလေးယောက်ကို တိုက်ခိုက်ပြီးသားဖြစ်သွားသည်။

"ဖုတ်... ဖုတ်... ဖုတ်... "

ခပ်အုပ်အုပ်အသံများထွက်ပေါ်လာကာရှောင်လင်သိုင်းသမားလေးယောက်နောက်ဆုတ်သွားကြရလေတော့သည်။

သူတို့၏ ခြေထောက်များ ထော့နင်း ထော့နင်းဖြစ်နေကာ ဒယီးဒယိုင်ရှိနေ၍ လေပွေကြီး၏ လက်ချက်မိကာ အရေးနိမ့်သွားပြီဖြစ်ကြောင်း ထင်ရှားလေတော့သည်။

လေမွေကြီးက သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား... ခင်ဗျားတို့ ရှုံးသွားပြီ... "

ရှောင်လင်သိုင်းသမားလေးယောက်လည်း ဘာမှမပြောဘဲ စင်မြင့်ပေါ်မှ ဆင်းသွားကြလေ၏။

လေမွေကြီး အနိုင်ရလိုက်ခြင်းသည် ဝူတန်းဂိုဏ်းဘက်မှ အားသာသွားခြင်းဖြစ်၏။ ယခုတိုက်ပွဲသည် အောက်ခြေတိုက်ပွဲမဟုတ်ချေ။ အထက်ပုဂ္ဂိုလ်များ တိုက်ပွဲဖြစ်၏။

ထို့ကြောင့် အားလုံးဝမ်းသာနေကြစဉ်မှာပင် လူရိပ်တစ်ခုက စင်မြင့်ပေါ်သို့ ရောက်ရှိလာသည်။

ပွဲကြည့်ပရိသတ်အတွင်းရှိနေသော တုံးဖန်းလှိုင် ရင်ထိတ်သွားလေသည်။

"လေမွေကြီး သတိထား... "

သူ၏အသံမဆုံးမီမှာပင်...

"ဝုန်း... "

လေမွေကြီးမှာ စင်မြင့်ပေါ်မှ ပြုတ်ကျသွားလေတော့သည်။

"ဟာ... "

တုံးဖန်းလှိုင်က ချက်ချင်းပင် စင်မြင့်ပေါ်ခုန်တက်လိုက်၏။

လေမွေကြီးအား တိုက်ခိုက်အနိုင်ယူလိုက်သူမှာ မာဟိုဖိန်ပင် ဖြစ်ပါသည်။

တုံးဖန်းလှိုင်လည်း စင်မြင့်ပေါ်ရောက်လာသည်ဖြစ်ရာ ကျား



...ဆင် လယ်ပြင်၌ တွေ့ကြပြီဖြစ်လေသည်။ မာဟိုဖိန်လည်း အဆင့်...သိုင်းသမားဖြစ်၏။ တုံးဖန်းလှိုင်လည်း အဆင့်မြင့်သိုင်းသမားဖြစ်...ည်။

မာဟိုဖိန်သည် ရှောင်လင်ကျောင်းဘက်မှ ရပ်တည်ခဲ့လေပြီ။

သူ၏သိုင်းပညာမှာ အထက်မြက်ဆုံးဖြစ်လေ၏။

မာဟိုဖိန်သည် တောတောင်ထဲ၌ ဇာတ်မြှုပ်နေခဲ့သည်မှာကြာ...ဖြစ်သည်။

ယခုမှသိုင်းလောက၌ ပြန်လည်ထွက်ပေါ်လာသည်ဖြစ်သည်။

ကျောက်ထပ်တောင်ကိစ္စနှင့်ပတ်သက်၍ ရှောင်လင်ကျောင်း ...ပေါ်လိုက်ခြင်းကြောင့် ရောက်လာခြင်းဖြစ်ပုံရသည်။

တုံးဖန်းလှိုင်က ဦးညွှတ်လိုက်သည်။

"ဆရာတော်ရဲ့ သတင်းကိုကြားရုံနဲ့ ကြည်ညိုလေးစားမိပါ... ဒါပေမဲ့ ဒီကနေ့ မယှဉ်ပြိုင်လို့ မဖြစ်တာကြောင့် ယှဉ်ပြိုင်ရတာ... ခွင့်လွှတ်စေချင်ပါတယ်... "

မာဟိုဖိန်က ရယ်မောလိုက်လေသည်။

"ကိစ္စမရှိပါဘူးလေ... အနိုင်ရတဲ့လူက ရတနာတွေရမယ်ဆို... အစွမ်းကုန်ယှဉ်ပြိုင်ဖို့ လိုလိမ့်မယ်... ဒကာလေးလည်း အစွမ်းရှိ... ပြိုင်ပါ... "

"စိတ်ချပါ... ဆရာတော်... "

"ကဲ... မင်းက ဘယ်လိုယှဉ်ပြိုင်ချင်သလဲ ပြောပါ... "

တုံးဖန်းလှိုင်က ဂါရဝပြုလိုက်သည်။

"ဆရာတော်ပဲ ဘယ်လိုနည်းလမ်းသုံးမယ်ဆိုတာ ရွေးချယ်ပေးချင်ပါတယ်... "

မာဟိုဖိန် ခေါင်းညိမ့်လိုက်၏။

"ကောင်းပြီလေ... ကျုပ်က အတွင်းအားချင်းယှဉ်ပြိုင်တဲ့နည်းလမ်းကိုပဲ ရွေးချယ်မယ်ဆိုရင်ကော... မင်း ဘယ်လိုသဘောရသလဲ"

တုံးဖန်းလှိုင် ပြုံးရယ်လိုက်မိလေသည်။

သူသည် ပညာဖြင့် မာဟိုဖိန်အား ယှဉ်နိုင်မည်မဟုတ်ကြောင်း သဘောပေါက်ထားသည်။

ယခု... ကျောက်ထပ်တောင်ပေါ်သို့ ကျွန်းသစ်ကြီးကျောက်တန်းရှာရောက်ရှိနေပြီဖြစ်ပါသည်။

သို့သော်... ကျောက်တန်းရှာသည် လူမြင်ကွင်းသို့မထွက်ဘဲ အခြေအနေကို စောင့်ကြည့်နေသည်။

ထိုအချက်ကို မာဟိုဖိန်က သိရှိထားပုံရသည်။ စင်မြင့်ပေါ်၌ သိုင်းပညာယှဉ်ပြိုင်ကြမည်ဆိုသောအခါ သူ၏သိုင်းကွက် သိုင်းပညာကို ထုတ်ဖော်ခြင်းမပြုဘဲ အတွင်းအားခြင်းယှဉ်ပြိုင်ရမည့် နည်းလမ်းကို ရွေးချယ်လိုက်ခြင်းဖြစ်လေသည်။

"အတော့်ကို ပါးနပ်တာပဲ... ငါသတိထားရလိမ့်မယ်... "

မာဟိုဖိန်က အတွင်းအားချင်းယှဉ်ပြိုင်ရန်နည်းလမ်းကို ရွေးချယ်လိုက်ပြီဖြစ်ရာ ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ရလေသည်။



"ကောင်းပါပြီ... ဆရာတော် ဆရာတော်ပဲ အရင်စစေချင်ပါတယ်... "

"ဒါဖြင့် သတိထားပေတော့... "

မာဟိုဖိန်သည် လက်နှစ်ဖက်ကို ဆန့်တန်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

တုံးဖန်းလှိုင်လည်း မတတ်သာတော့ဘဲ လက်ဆန့်ထုတ်ကာ ထိပ်တိုက်ရင်ဆိုင်ရလေတော့သည်။

"ဟူး... "

လေတိုးသံထွက်ပေါ်ကာ သူတို့၏လက်ဝါးများ ထိကပ်သွားကြသည်။ လူချင်းမျက်နှာချင်းဆိုင်ရုံမျှမက လက်ဝါးချင်းလည်း ဆိုင်မိနေကြပြီဖြစ်သည်။

နှစ်ယောက်စလုံးအတွင်းအားထုတ်ကာ ယှဉ်ပြိုင်ကြတော့သည်။

အဝေးမှကြည့်လျှင် လက်ဝါးများပူးကပ်ကာ မလှုပ်မယှက်ရပ်နေကြသည်ဟု တွေ့မြင်ရမည်ဖြစ်သည်။

ထို့ကြောင့်လည်း မည်သူသာသည်ကို မည်သူကမျှ ရုတ်တရက်ဆုံးဖြတ်နိုင်ကြမည် မဟုတ်ပါချေ။

မည်သို့ဖြစ်စေ အတွင်းအားထုတ်ဖေါ်အသုံးပြုလိုက်ကြပြီး မကြာမီမှာပင် အခြေထွက်ပေါ်လာလေတော့သည်။

တုံးဖန်းလှိုင်၏မျက်နှာနီရဲကာ ဆံပင်များထောင်ထလာလေ

တော့သည်။

သူ၏နဖူးပေါ်မှ ချွေးသီးချွေးပေါက်များလည်း စီးကျလာ၏။

သူတို့နှစ်ဦးကို နှိုင်းယှဉ်ကြည့်ရာတွင် မာဟိုဖိန်သည် မည်သို့မျှ မထူးခြားဘဲ တုံးဖန်းလှိုင်သာ အခြေအနေဆိုးနေသည်ကို တွေ့ရလေ၏။

မာဟိုဖိန်သည် သူ၏လက်ဝါးနှစ်ဘက်ကို ရုတ်သိမ်းပေးလိုက်သည်။

ဤတွင်...

"ဟင်... "

"ဟာ... "

ပရိသတ်များ တအံ့တသြအော်ဟစ်လိုက်ကြလေသည်။

ဗူတန်းဂိုဏ်းမှ အားထားနေသောတုံးဖန်းလှိုင်မှာ အရေးနိမ့်သွားပြီဖြစ်သည်။

ရှောင်လင်ကျောင်းက အနိုင်ရသွားပြီကော... ။

ထိုစဉ် လူအုပ်ကြားထဲမှ လူတစ်ယောက်တိုးထွက်လာသည်ကို လူအများတွေ့လိုက်ရသည်။ ထိုလူကား အဘိုးအိုတစ်ယောက်တည်း။

ထိုအဘိုးအို၏မုတ်ဆိတ်များကား ရှည်လျားပြီး ဖြူဖွေးနေလေ၏။

ဥပမိရုပ်ကောင်းပြီး တွေ့မြင်ရသူတိုင်းကြည်ညိုလေးစားစိတ်



များဖြစ်ပေါ်လာနိုင်လောက်သည်။

ထိုအဘိုးအိုအား တွေ့လိုက်ရသည်နှင့်ဗူတန်းဘက်တော်သားများ ဝမ်းသာအားရ အော်ဟစ်ကြလေတော့၏။

"ဟေး... ကျွန်းသခင်ကြီးရောက်လာပြီဟေ့... "

ထိုအဘိုးအိုမှာ အားလုံးမျှော်လင့်နေကြသော ကျွန်းသခင်ကြီး ကျောက်တန်းရှာပင် ဖြစ်ပါတော့သည်။

"ကျောက်တန်းရှာ... "

ကျောက်တန်းရှာရောက်လာပြီဖြစ်ရာ ပြိုင်ပွဲမှာ တကယ့်ပွဲကြီးပွဲကောင်းဖြစ်လာလေတော့သည်။

## အခန်း [ ၂၄ ]

# နောက်ဆုံးယှဉ်မည်လူ

ကျောက်တန်းရှာက လူအုပ်ကြားထဲမှ လှမ်းထွက်လာသော်လည်း ပြိုင်ပွဲစင်မြင့်ပေါ်သို့ ခုန်တက်ခြင်းမရှိချေ။

စင်မြင့်ပေါ်မှ မာဟိုဖိန်အား လှမ်းမေးလိုက်သည်။

"မာဟိုဖိန်... ခင်ဗျားသိုင်းလောကက ပျောက်နေတာအတော်ကြာခဲ့ပြီ... ခုမှ ဘယ်လိုလုပ်ပြီး ပြန်ပေါ်လာခဲ့တာလဲဗျ... ထူးဆန်းလှချေလား... "

မာဟိုဖိန်က တဟားဟားရယ်မောလိုက်သည်။

"ကျောက်ထပ်တောင်ကိစ္စဟာ သိုင်းလောကတစ်ခုလုံးက စိတ်ဝင်စားနေကြတော့... ကျုပ်စိတ်ဝင်စားမိတာ မဆန်းပါဘူးလေ ကျွန်းသခင်ကြီးက... ဟိုးအဝေးကြီးကနေပြီး ဒီနေရာကိုရောက်လာတာပဲ ထူးဆန်းနေပါတယ်ဗျာ... "



ကျောက်တန်းရှာက လက်ဝှေ့ယမ်းပြလိုက်သည်။

"ထားပါတော့လေ... ခင်ဗျားကော... ကျုပ်ပါရောက်လာကြပြီပဲ... ကဲ... ခင်ဗျား ဘယ်ဘက်ကရပ်တည်မလဲဆိုတာ ပွင့်ပွင့်လင်းလင်းပြောပါဦးဗျာ... "

"ကျုပ်လား... "

"ဟုတ်ပါ့ဗျာ... မိတ်ဆွေက ရှောင်လင်ကျောင်းကို ကိုယ်စားပြုသလား... ဆိုတာ သိချင်ပါတယ်... "

မာဟိုဖိန်က ရယ်မောရင်း ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

"ကျုပ်က... ဘုန်းတော်ကြီးဆိုတော့လည်းရှောင်လင်ကျောင်းကိုပဲ ကိုယ်စားပြုချင်ပါတယ်... "

ကျောက်တန်းရှာက သက်ပြင်းချလိုက်သည်။

"ဒါဆိုရင်... ကျုပ်တို့ ဆန့်ကျင်ဘက်ဖြစ်နေပြီပေါ့... "

"ဪ... မိတ်ဆွေကြီးကလည်း ဝူတန်းဘက်ကပါဝင်မယ်ဆိုပါတော့... "

"ဒါ အမှန်ပဲဗျာ... "

"ဒါဖြင့်... ကျုပ်တို့ယှဉ်ပြိုင်လိုက်ကြရုံပဲရှိတော့တာပေါ့... ကဲ စင်မြင့်ပေါ်ကြွပါဗျာ... "

ဘုန်းတော်ကြီးမာဟိုဖိန်သည် အေးအေးဆေးဆေးပင်။

သူသည် ကျောက်တန်းရှာကို စင်မြင့်ပေါ်တက်ရန် ဖိတ်ခေါ်

လိုက်သည်။

ထိုအခါ နှစ်တက်သောသိုင်းလောကသားများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

တကယ့် ထိပ်သီးသိုင်းသမားကြီးနှစ်ဦး၏ ယှဉ်ပြိုင်ပွဲကိုကြည့်ရတော့မည် မဟုတ်ပါလား။

"ဟိတ်... "

ကျောက်တန်းရှာသည် ညာသံတစ်ချက်ပေးကာ စင်မြင့်ပေါ်သို့ ခုန်တက်လိုက်လေတော့သည်။

သူတောင်းစားကြီး လီကျိရှောင်... ။

ဖုန်လိုင်ကျွန်းသခင် ကျောက်တန်းရှာ... ။

ဆရာတော် မာဟိုဖိန်... ။ သိုင်းဆရာကြီး ချင်ထိုက်ရှင်... ။

လူထူးလူဆန်း ကျင်းကန်းကျက်... ခွန်လွန်တောင် ဟူမုစန်

စသည်စသည့် သိုင်းသမားကြီးများသည် သိုင်းလောက၌ လူတိုင်းကြည်ညိုလေးစားခြင်းခံရသော ထိပ်သီးသိုင်းသမားကြီးများဖြစ်ကြသည်။

ထိုသိုင်းသမားကြီးများသည် သိုင်းလောက၏ ဦးစီးဦးဆောင် သိုင်းဆရာကြီးများဖြစ်ကြပါသည်။

သိုင်းလောကသားများသည် ထိုသိုင်းဆရာကြီးများအား မတွေ့ဖူးသူသာ ရှိကြမည်ဖြစ်ပြီး မကြားဖူးသူတစ်ယောက်မှ ရှိကြလိမ့်မည် မဟုတ်ချေ။ သူတို့၏နာမည်များသည် ဤမျှကျော်ကြားသည်။



ယခု...

မာဟိုဖိန်နှင့် ကျောက်တန်းရှာတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလေပြီ။

သိုင်းလောက၏ထိပ်သီးသိုင်းသမားကြီးများ၏ ပြိုင်ပွဲဖြစ်ပေါ်လာပေတော့မည်။ ထိုအဖြစ်မျိုးကား နှစ်ပေါင်းအလွန်ကြာမှ တစ်ခါဖြစ်ပေါ်တတ်သည်။

ထိုစဉ်...

"သတိထား... "

ကျောက်တန်းရှာက စင်မြင့်ပေါ်ရောက်သည်နှင့် ညာသံပေးကာ လက်ဝါးစောင်းဖြင့် စတင်တိုက်ခိုက်လိုက်သည်။

မာဟိုဖိန်ကလည်း လက်ဝါးစောင်းဖြင့်ပင် ပြန်လည်တိုက်ခိုက်လိုက်ခြင်းဖြင့် ဒိတ်ဒိတ်ကျဲသိုင်းပြိုင်ပွဲကြီး ပေါ်ပေါက်လာလေတော့သည်။

ကျောက်တန်းရှာနှင့် မာဟိုဖိန်သည် ပြိုင်ပွဲစင်မြင့်ပေါ်၌ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြပြီဖြစ်လေသည်။

ကျောက်တန်းရှာသည် စင်မြင့်ပေါ်ခြေချမိသည်နှင့် လက်ဝါးနှစ်ဖက်ကိုအသုံးပြုကာ တရကြမ်းတိုက်ခိုက်လေတော့၏။

မာဟိုဖိန်လည်း ချက်ချင်းပြန်လည်ခုခံလေ၏။

ထိပ်သီးသိုင်းသမားကြီးများ၏ ယှဉ်ပြိုင်တိုက်ခိုက်မှုမှာ ကြောက်မယ်ဖွယ်ရာကောင်းလောက်အောင်ပြင်းထန်နေပါတော့သည်။

"ဝှီး... ဝှီး... ဝှီး... "

"ဖတ်... ဖတ်... ဖတ်... "

"ဟူး... ဟူး... ဟူး... "

အဝတ်အစားလေတိုးသံများ လက်ဝါးချင်းရိုက်သံများ ထွက်ပေါ်လာသည်။

ပြိုင်ပွဲကျင်းပသည့် စင်မြင့်မှာ ပေနှစ်ဆယ်ပတ်လည်ခန့်သာ ကျယ်ဝန်းသည်။

ထို့ကြောင့် သိုင်းသမားကြီးနှစ်ယောက်ယှဉ်ပြိုင်တိုက်ခိုက်ရန် နေရာမလုံလောက်တော့ပေ။

"ဟိတ်... "

"ယား... "

နှစ်ယောက်သား အဆတ်မပြတ်တိုက်ခိုက်ရင်းစင်မြင့်အောက်ဘက် မြေကွက်လပ်သို့ ခုန်ဆင်းလိုက်ကြသည်။

ထို့နောက် မြေကွက်လပ်ပေါ်၌ ဆက်၍တိုက်ခိုက်ကြပြန်သည်။

ပွဲကြည့်ပရိသတ်များက နောက်ဆုတ်ပေးလိုက်ကြ၏။

ထိပ်သီးသိုင်းသမားကြီးနှစ်ယောက် ထိပ်တိုက်ပွဲကို အနီးကပ်တွေ့မြင်နေရသည်ဖြစ်ရာ ရင်တထိတ်ထိတ်ဖြစ်နေကြတော့သည်။

မည်သူက အနိုင်ရလိမ့်မည်နည်း။

ကျောက်တန်းရှာလော သို့မဟုတ် မာပဲ့ဖိန်လော... ။



ရှောင်လင်ကျောင်းဘက်မှ ကျင်းကန်းကျက်က တာဝန်ယူခဲ့သော်လည်း ယခုပြိုင်ပွဲ၌ အနိုင်ရသူအား ရတနာများလွှဲအပ်ရန် ဆုံးဖြတ်က လူသိရှင်ကြားကြေညာထားသည်။

နောက်ထပ်တိုက်ပွဲဝင် ယှဉ်ပြိုင်တော့မည် မဟုတ်ပေ... ။

မာပဲ့ဖိန်သည် ကျောက်တန်းရှာအားအနိုင်မရလျှင်ပင် ရှုံးနိမ့်သွားမည်မဟုတ်ဟု အားလုံးယုံကြည်ထားကြ၏။

ထို့အတူ ဝူတန်းဂိုဏ်းဘက်မှလည်း ကျောက်တန်းရှာသည် မာပဲ့ဖိန်အား အနိုင်မရလျှင်ပင် ရှုံးနိမ့်သွားမည်မဟုတ်ဟု ယုံကြည်ထားၾ၏။

သို့သော်...

ရှောင်လင်ဂိုဏ်းကော ဝူတန်းဂိုဏ်းပါ ယုံကြည်ထားသည့်အတိုင်း ဖြစ်မလာပါ။

ပြင်းထန်သော လေပွေလှိုင်းတစ်ခု ထွက်ပေါ်လာသည်။

ကျောက်တန်းရှာနှင့် မာပဲ့ဖိန်တို့သည် ပြင်းထန်စွာရင်ဆိုင်ကြရာမှ ရုတ်တရက်ရပ်တန့်လိုက်ကြရသည်။

ထို့နောက် ကျောက်ရုပ်များသဖွယ် အတန်ကြာအောင် ရပ်တန့်ကာ တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ် စိုက်ကြည့်လိုက်ကြလေသည်။

ပွဲကြည့်ပရိသတ်များ အံ့သြသွားကြလေသည်။

ကျောက်ထန်းရှာတို့သည် မည်သို့သိုင်းကွက်ဆင်ကြမည်ကို

စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေကြသည်။

အတော်လေးကြာမှ...

"ယား... "

ကျောက်တန်းရှာက ညာသံပေးကာ လက်ဝါးနှစ်ဖက်ဖြင့် မဟိုဖိန်ထံသို့ တွန်းထုတ်လိုက်လေ၏။

သူက အတွင်းအားအပြည့်ဖြင့် တွန်းထုတ်လိုက်ခြင်းကြော ပြင်းထန်သော လေလှိုင်းသည် မာပဟိုဖိန်ထံသို့ ရိုက်ခတ်သွားလေတော သည်။

မာပဟိုဖိန်က တုတ်တုတ်မျှ မလှုပ်ပါချေ။

သူကလည်း လက်ဝါးနှစ်ဖက်ဆန့်ကာ ပြန်လည်တွန်းထုတ် လိုက်လေသည်။

ထူးခြားသည်ကား သူ၏လက်ဝါးတွန်းထုတ်သည့် တိုက်ကွက် မှာ လေတိုးသံ လုံးဝမကြားရခြင်းဖြစ်သည်။

နှစ်ယောက်သား အတွင်းအားအသုံးပြုကာ ပြင်းထန်စွာတိုက် ခိုက်နေကြသဖြင့် တစ်ယောက်မျှ တုတ်တုတ်မျှ မလှုပ်ကြခြင်းဖြစ်သည်။

တစ်ယောက်ကို တစ်ယောက် အပြန်အလှန်သုံးကြိမ်တိတ် တိုက်ခိုက်လိုက်ကြပါသော်လည်း မည်သူမျှ အသာမရဘဲ သရေပွဲကဲ့သို့ ဖြစ်နေတော့သည်။ အားလုံးကပင် သရေပွဲဟု ထင်မှတ်နေသည်။

အတန်ကြာသော် နှစ်ဦးစလုံး၏ နဖူးပေါ်၌ ချွေးများစို့လာ လေတော့သည်။



ရုတ်တရက် ကျောက်တန်းရှာက အော်ပြောလိုက်လေ၏။

"ဆရာတော် မာပဟိုဖိန်... ကျုပ်အရှုံးပေးလိုက်ပါပြီဗျာ... ကျောက်ထပ်တောင်က ရွှေချောင်းတွေကို ခင်ဗျားပဲ စိတ်တိုင်းကျ စီစဉ် ပါတော့... "

စကားဆုံးလျှင် နောက်သို့လှည့်ထွက်သွားလေတော့သည်။

ဝူတန်းဂိုဏ်း၏ ဘက်တော်သားများသည် ကျောက်တန်းရှာ က အရှုံးပေးလိုက်သည်ကိုတွေ့ရသောအခါ အားလုံးစိတ်ဓာတ်ကျဆင်း သွားကြလေတော့သည်။

မျက်နှာကလေးများငယ်ကုန်သည်။

ရှောင်လင်ဂိုဏ်းမှ လူများကား ဝမ်းသာအားရ ဖြစ်ကုန်ကြ လေတော့သည်။

"ဟေး... ဟေး... "

"ဟေး... နိုင်ပြီကွ... "

"ဆရာတော်မာပဟိုဖိန် သက်တော်ရာကျော်ရှည်ပါစေ... "

"ဖြောင်း... ဖြောင်း... ဖြောင်း... "

ချက်ချင်းပင် ဝန်းကျင်တစ်ခုလုံး ဆူညံသွားလေတော့သည်။

ယှဉ်ပြိုင်ပွဲကား အနိုင်အရှုံးအဖြေပေါ်သွားပြီဖြစ်သည်။

မာပဟိုဖိန်က ပြိုင်ပွဲကိုအစီကတာဝန်ယူရသည့် ကျင်းကန်း ကျက်ဘက်သို့ လှည့်ကြည့်လိုက်လေသည်။

ကျင်းကန်းကျက်က ချက်ချင်းပင်ရှေ့သို့လှမ်းထွက်လာ၏။

သူက လက်ဝှေ့ယမ်းပြလိုက်သောအခါ ပရိသတ်အားလုံးငြိမ်ကျသွားသည်။

ကျင်းကန်းကျက်က တည်ကြည်သောမျက်နှာထားဖြင့် ပြော၏။

"ကြွရောက်လာကြတဲ့ မိတ်ဆွေအပေါင်းတို့... အခုဆိုရင် သိုင်းပြိုင်ပွဲကြီး ပြီးဆုံးသွားပါပြီလို့ ဆိုနိုင်ပါတယ်... ဒါပေမဲ့ စည်းကမ်းအရ နောက်ဆုံးအောင်ပွဲခံ အနိုင်ရလိုက်သူဟာ ပရိသတ်အားလုံးကြားအောင် ပြိုင်ပွဲဝင်ဖို့ အလာနောက်ကျသူ... အကြောင်းအမျိုးမျိုးကြောင့် မယှဉ်ပြိုင်နိုင်တဲ့ လူမရှိအောင် သုံးကြိမ်သုံးခါတိုင်တိုင်... ဖိတ်ခေါ်ရပါတယ်... ဒါမှ ယှဉ်ပြိုင်မဲ့လူထွက်မလာဘူးဆိုရင် ပြိုင်ပွဲပြီးဆုံးသွားပါပြီ... ဒီနောက်ပိုင်းမှာတော့ ကျောက်ထပ်တောင်ရတနာတွေကို အနိုင်ရသူရဲ့ သဘောအတိုင်း စီမံခန့်ခွဲရမှာဖြစ်ပါတယ်... "

သူက မာပဟိုဖိန်ဘက်သို့လှည့်ကာ ပြောလိုက်လေသည်။

"ကဲ... ခင်ဗျား... ဖိတ်ခေါ်နိုင်ပါပြီ... "

"ကောင်းပါပြီဗျာ... "

မာပဟိုဖိန်က ပရိသတ်ဖက်သို့လှည့်ကာ လက်အုပ်ချီ ဦးညွှတ်လိုက်သည်။ ပြီးလျှင်...

"ကဲ... ဘယ်သူများ ယှဉ်ပြိုင်မလဲ ထွက်လာခဲ့ပါ... "

ဟူ၍ စိန်ခေါ်လိုက်သည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။



ပရိသတ် ရာထောင်ချီရှိနေသော ကျောက်ထပ်တောင်ပေါ်၌ အပ်ကျသံကြားရလောက်အောင် ငြိမ်သက်နေသည်။

မာပဟိုဖိန် ဒုတိယအကြိမ် စိန်ခေါ်လိုက်သည်။

"ကဲ... ဘယ်သူများ ယှဉ်ပြိုင်ချင်ကြသေးသလဲ... ယှဉ်ပြိုင်လိုသူများရှိရင် တက်လာခဲ့ကြပါဗျာ... "

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေဆဲ... ။

"ယှဉ်ပြိုင်ချင်သူ ရှိသေးတယ်ဆိုရင် ထွက်ခဲ့ပါ... "

မာပဟိုဖိန်က တတိယအကြိမ်မြောက် စိန်ခေါ်လိုက်လေသည်။ ယခုတစ်ကြိမ် ပရိသတ်များ လှုပ်လှုပ်ရွရွဖြစ်လာကြသည်။ ယခုတစ်ကြိမ်မှ ယှဉ်ပြိုင်သူထွက်မလာလျှင် ပြိုင်ပွဲပြီးဆုံးပြီ မဟုတ်ပါလား။

ဝူတန်းဂိုဏ်းမှ လူများသည် မာပဟိုဖိန်အား ယှဉ်နိုင်သူတစ်ယောက်ထွက်ပေါ်လာပါစေဟု ဆုတောင်းနေကြသည် မျှော်လင့်နေကြသည်။

ရှောင်လင်ဂိုဏ်း၏ဘက်တော်သားများကားပြိုင်ပွဲကြီးလုံးဝပြီးဆုံးတော့မည်ဖို့ ဝမ်းသာပျော်ရွှင်နေကြလေသည်။

ကျင်းကန်းကျက် သက်ပြင်းချလိုက်သည်။

"ယှဉ်ပြိုင်မဲ့လူမရှိတော့ဘူး ဆိုရင်လည်း... "

သူ၏စကား မဆုံးမီ...

"ကျွန်တော် ယှဉ်ပြိုင်ပါရစေ ခင်ဗျား... "

ကြည်လင်သော စကားသံတစ်ချက်ထွက်ကာ လူငယ်တစ်

ယောက်က လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

လူငယ်၏အသံမှာ ချိုသာနူးညံ့သည်။ သိမ်မွေ့သည်။ ချစ်ခင်နှစ်လိုဖွယ်ကောင်းသော လူငယ်လေးတစ်ယောက်ဖြစ်ပါသည်။

ထိုလူငယ်လေးကား ပျောက်ဆုံးနေသော ကျွန်းတင့်ရီဖြစ်နေပါတော့သည်။

အခန်း [ ၂၅ ]

## အထူးအဆန်း သိုင်းပြိုင်ပွဲ

ကျွန်းတင့်ရီသည် အလွန်ချမ်းသာသော သူဌေးကြီးတစ်ယောက်၏သားဖြစ်သဖြင့် လွန်စွာနူးညံ့သိမ်မွေ့သည်။

သူသည် ပရိသတ်များဘက်သို့လှည့်ကာ အရိုအသေပေးလိုက်သည်။

တုံးဖန်းလှိုင်နှင့် လေပွေကြီးတို့လူသိုက်မှာ လွတ်ခနဲအော်လိုက်ကြလေသည်။

"ဟာ... ကျွန်းတင့်ရီပါလား... "

သူတို့သည် အံ့ဩလွန်းသဖြင့် စကားပင်မပြောနိုင်ကြတော့ချေ။ လျှို့ရွှန်းဝါ၊ ချန်ရင်ဆက်တို့သည်လည်း မျက်လုံးပြူးသွားကုန်ကြ၏။

"ဒီကောင်လေး ရူးများရူးနေပြီလား... "

သူတို့၏စိတ်ထဲတွေးမိလိုက်ကြလေသည်။

ထိုစဉ်...

"သခင်လေး... သခင်လေး ရောက်လာပြီ... "

အားမုန်က ထအော်လိုက်သည်။

သူက ကျန်းတင့်ရီထံ ပြေးသွားရန် ဟန်ပြင်လိုက်သောအခါ ဆရာဖြစ်သူ ချန်ရင်ဆက်က လက်ဆွဲထားလိုက်ရလေ၏။

"အားမုန်... မင်းရဲ့သခင်လေးဟာ မြွေဘုရင်ကို စားသောက်ခဲ့ရလို့ အတွင်းအားကောင်းတာလေးတစ်ခုပဲရှိတယ်... ဘာသိုင်းပညာမှ ဟုတ္တိပတ္တိရှိတာ မဟုတ်ဘူး... ဘာအစွမ်းအစမှမရှိဘဲ မာဟိုဗိန်လိုလူစားနဲ့ ယှဉ်ပြိုင်ချင်ရတာလဲ... ဒါ ကလေးကစားစရာမှ မဟုတ်တာ"

အားမုန်က ကျန်းတင့်ရီအား အထင်သေးစွာပြောသည်ကို လက်မခံနိုင်ပါချေ။

"ကျွန်တော့် သခင်လေးမှာ အစွမ်းအစရှိပါတယ်... ဟိုသူတောင်းစားကြီးလီကျိုရှောင်ကိုတောင် ထွက်ပြေးသွားအောင် လုပ်နိုင်ခဲ့တာ မဟုတ်လား... ခုလည်း သခင်လေးမှာ ယှဉ်ပြိုင်နိုင်တဲ့ အစွမ်းအစရှိလို့နေမှာပေါ့... အစွမ်းအစမရှိရင် သူ စင်ပေါ်ကို လုံးဝမတက်ဘူး"

ချန်ရင်ဆက် မည်သို့ပြောရမှန်း မသိဖြစ်သွားလေသည်။

အားမုန်၏စကားကိုလည်း ပစ်ပယ်၍မရချေ။ ချန်ရင်ဆက်သည် ဆက်တွေးမိ၏။



"သူရဲ့... သခင်လေးက ထိပ်တန်းပညာတွေကိုများ လူမသိသူမသိအောင် လျှို့ဝှက်သင်ကြားထားလို့များလား... "

ကျန်းတင့်ရီအား အထင်မသေးဝံ့တော့ဘဲ ဇဝေဇဝါဖြစ်သွားလေတော့သည်။

လျှိုချင်းလည်း ဓာချွေးပျံနေသည်။ သူက ဓာချွေးပြန်ရမည်။ ကျန်းတင့်ရီတစ်ခုခုဖြစ်လျှင် သူမရင်ကျိုးရမည် မဟုတ်ပါလား။

ကျန်းတင့်ရီအပေါ် သံယောဇဉ်ကြီးမားသူတစ်ယောက်ဖြစ်သည့်အလျောက် တစ်စုံတစ်ခုဖြစ်သွားမည်ကို စိုးရိမ်သည်။

သူမ ငေးငိုင်နေစဉ် ကျင်းကန်းကျုက်၏ မေးမြန်းသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"မင်းက ရွှေချောင်းတွေကို လိုချင်တယ် ဟုတ်လား... "

ကျန်းတင့်ရီ ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့... ကျွန်တော် ပြိုင်ပွဲဝင်မလို့ပါ... "

သူက အမေးကို တိုက်ရိုက်မဖြေပေ။ ကွေ့ဝိုက်၍ ဖြေသည်။

ဤနေရာ၌ စကားမှား၍ မရပါ။ စွာကျယ်ကျယ်သိုင်းသမားများ အများဆုံးတက်ရောက်လာခြင်းဖြစ်ရာ စကားတစ်ခွန်းမှားလျှင် အကျအနကောက်ပြီး လိုရာကိုဆွဲပြောကြမည့်သူချည်းသာဖြစ်သည်။

ကျန်းတင့်ရီအနေဖြင့် စင်ပေါ်တက်လာသော်လည်း အခြေအနေပြောင်းလဲမှု မရှိပါ။ ယခင် ကျန်းတင့်ရီနှင့် ယခုကျန်းတင့်ရီလုံးဝပြောင်းလဲမှု မရှိပါ။ သို့သော်... သူ၏ အစွမ်းထက်အတွင်းအားပြောင်းလဲမှု

ကို မည်သူမျှ မသိနိုင်ပါ။

ချစ်ရင်ဆက်အနေဖြင့် ဇပါတီဇွ ပြောင်းလဲမှုကိုကြည့်ပြီး ဆုံးဖြတ်ခြင်းဖြစ်သည်။ သူ၏ အစွမ်းအစ ပြောင်းလဲမှု မည်မျှရှိမည်ကို သူမသိသဖြင့် စောင့်ကြည့်ရန် ဆုံးဖြတ်ရတော့သည်။

အကယ်၍ အစွမ်းအစ ပြောင်းလဲမှု တိုးတက်ဖြစ်သွားခဲ့သော် သူ ဝမ်းသာပါ၏။ သူတပည့်ရင်း၏ ဆရာဖြစ်သည်မဟုတ်ပါလော။

လျှို့ချင်းကိုတော့ မည်သူမျှ စိတ်မပူအောင် တား၍ရမည် မဟုတ်ပါ။ လျှို့ချင်းသည် တွေ့တွေ့ခြင်း ကျန်းတင့်ရီကို သဘောကျ ချစ်ခဲ့သည်မဟုတ်သော်လည်း တဖြည်းဖြည်း တစိမ့်စိမ့်ချစ်ခဲ့ရသူဖြစ် သည်။

ဤအချစ်မျိုးက တွေ့တွေ့ခြင်းချစ်သည့်အချစ်မျိုးထက် ပိုပြီး နိုင်မြဲပါသည်။ သစ္စာရှိပါသည်။ ရိုးမြေကျပေါင်းသင်းတတ်ပါသည်။ ထို့ ကြောင့် သူ့အနေဖြင့် ကျန်းတင့်ရီရှုံးမည်ကို စိုးရိမ်မည်ဆိုက စိုးရိမ်နိုင် ပါသည်။ သူ့အချစ်က တဖြည်းဖြည်းတိုး ချစ်လာသည့် အချစ်မဟုတ်ပါ လား။

ထိုစဉ် ကျန်းတင့်ရီသည် စကားကို လိမ္မာပါးနပ်စွာ ပြောလိုက် သည်။

"ကဲ... ကျွန်တော်... ဘာဆက်လုပ်ရမလဲ ခင်ဗျာ... "

ထိုအခါ ကျောက်တန်းရှာက ဝင်ပြောလိုက်လေ၏။

"ပြိုင်ပွဲပြီးဆုံးကြောင်း မကြေညာရသေးပါဘူး... နောက်ဆုံး



သုံးကြိမ်မိနစ်ခေါ်ရာမှာ ယှဉ်ပြိုင်မဲ့လူထွက်ပေါ်လာတာကြောင့် လက်ခံရ မှာဖြစ်ပါတယ်... "

ဤသည်ကို ရှောင်လင်အုပ်စုက မကျေနပ်ပေ... ။

"ပြိုင်မဲ့လူမရှိတဲ့ ဥစ္စာကို... ဘာဖြစ်လို့ ပြိုင်ဖို့ခေါ်ထုတ်နေရ တာလဲ... ဘာမှ အဓိပ္ပါယ်မရှိဘူး... "

"ဟုတ်တယ်... အရှုံးတစ်ယောက်ကပဲ သူပြိုင်မယ်လို့ ပြောနိုင် တာပေါ့... တကယ်ပြိုင်ရင် သူသေသွားမှာပေါ့... အဓိပ္ပါယ်မရှိတာတွေ လုပ်နေတယ်... "

"ဒါဟာ တမင်သက်သက်ဝင်ရှုပ်တာပါ... "

ရှောင်လင်အုပ်စု၏ မကျေနပ်သံများ ထွက်ပေါ်လာနေသော် လည်း တကယ်တမ်းတော့ မည်သူမျှ ပွင့်ပွင့်လင်းလင်း ဤကိစ္စကို မတားဆီး မဟန့်တားရဲပေ။ ဤကိစ္စမှာ သိုင်းလောကသိုင်းပြိုင်ပွဲများ၌ လုပ်လေ့လုပ်ထရှိသော အစဉ်အလာသာတည်း။

ကျင်းကန်းကျက်က မာဟိုဖိန်အား လှမ်းမေးလိုက်၏။

"ကဲ... ဆရာတော်ကကော ဘယ်လိုသဘောရသလဲ... "

မာဟိုဖိန်က သက်ပြင်းချလိုက်လေသည်။

"အင်း... သူဟာ ပြိုင်ပွဲစည်းကမ်းနဲ့ ညီညွတ်နေတယ်ဆိုတော့ လက်မခံလို့ ဘယ်ဖြစ်ပါ့မလဲလေ... "

ဤတွင် ကျန်းတင့်ရီအား ယှဉ်ပြိုင်ခွင့်ပြုပြီးသားဖြစ်သွားလေ တော့သည်။

တုံးဖန်းလှိုင်နှင့် လေပွေကြီးတို့က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး ဘာမှမပြောဘဲ ကျုန်းတင့်ရှိအား အကဲခတ်နေလိုက်ကြ၏။

ထိုစဉ်... ကျွန်းသခင်ကြီးကျောက်တန်းရှာက ဝင်မေးလိုက်သည်။

"သူငယ်... မင်းဟာ ရှောင်လင်နဲ့ ဝူတန်း... ဘယ်ဂိုဏ်းကို ကိုယ်စားပြုမယ်ဆိုတာ ပြောပါဦး... "

"ကျွန်တော်ဟာ ဘယ်ဂိုဏ်းကိုမှ ကိုယ်စားပြုမှာမဟုတ်ပါဘူး ခင်ဗျာ... "

"ဟေ... "

"ဟာ... "

ကျောက်တန်းရှာ အံ့သြသွားလေတော့သည်။

ရှောင်လင်ဂိုဏ်းသားနှင့် ဝူတန်းဂိုဏ်းသားများ လှုပ်လှုပ်ရှားရှားဖြစ်သွားလေတော့၏။

ဤကိစ္စမှာ ထူးဆန်းနေသည်။ အုပ်စုနှစ်စုပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လာသူမှာ တစ်ကိုယ်တော်သိုင်းသမားတစ်ယောက်ဖြစ်နေ၏။

မည်သည့်ဂိုဏ်းကိုမှ ကိုယ်စားမပြုဘဲ တစ်ဦးတည်းအလွတ်သဘောဝင်ရောက်ယှဉ်ပြိုင်လာခြင်း မဟုတ်ပါလား။

အထက်ပါရည်ရွယ်ချက်မျိုးဖြင့် ကျောက်ထပ်တောင်သို့ ရောက်ခဲ့သော တစ်သီးပုဂ္ဂလ... သိုင်းသမားများရှိကြပါသော်လည်း နှစ်ဖက်သိုင်းသမားကြီးများအား မယှဉ်နိုင်ခဲ့သဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုဘဲ အသာငြိမ်နေခဲ့ကြရလေသည်။

ထိုသူများသည် ကျုန်းတင့်ရှိဝင်ပြိုင်ခြင်းကြောင့် ထူးခြားနေသည်ဟု ခံစားလိုက်ကြရသော်လည်း သူတို့ကိုယ်တိုင်ကမူ ဝင်ပြိုင်ချင်စိတ်မရှိကြပါ။

ကျောက်တန်းရှာ သဘောမကျနိုင်အောင် ဖြစ်သွား၏။

သို့သော်... ဘာမှမပြောဘဲ နောက်ဆုတ်လိုက်သည်။

ထိုစဉ် တုံးဖန်းလှိုင်နှင့် လေပွေကြီးတို့က ရှေ့သို့လှမ်းထွက်လာသည်။

တုံးဖန်းလှိုင်က စိုးရိမ်ပူပန်စွာ ပြောလိုက်၏။

"ညီလေး... မာပဟိုဖိန်က မခေဘူးနော်... ကျုပ်တောင် သူ့ရဲ့ သိုင်းကွက်သုံးကွက်ပြည့်အောင် မခံနိုင်ဘူး... ညီလေး သူ့ကိုရင်ဆိုင်နိုင်ပါ့မလား... ကိုယ့်အကြောင်းကိုယ်သိရင် နောက်ဆုတ်တာအကောင်းဆုံးပါပဲ... "

ကျုန်းတင့်ရှိ ဦးညွှတ်လိုက်သည်။

"စိတ်ချပါ... အစ်ကိုကြီး ကျွန်တော်ရင်ဆိုင်နိုင်မှာပါ... ကျွန်တော့်ကို စိုးရိမ်လို့သတိပေးတာကို ကျေးဇူးတင်ပါတယ်ခင်ဗျာ... "

"အင်း... ညီလေး ရင်ဆိုင်မယ်ဆိုရင်တော့လည်း ပြီးတာပါပဲ အစ်ကိုကြီးကတော့... တကယ်ပဲ စိုးရိမ်တယ်... ညီလေးအကြောင်းလည်း အစ်ကိုကြီးသိနေတာပဲ... "

လေပွေကြီးက ကြားဝင်ပြောဆိုရန် ဟန်ပြင်လိုက်စဉ် တုံးဖန်းလှိုင်က လက်ကုတ်ကာ နောက်ဆုတ်သွား၍ ဘာမှမပြောသာတော့ဘဲ သူပါနောက်ဆုတ်သွားရသည်။

သူတို့နောက်ဆုတ်သွားချိန်၌ ရှေ့တိုးလာသူမှာ လျှိုချင်းဖြစ်သည်။

လျှိုချင်း မျက်နှာညှိုးလျော်နေသည်။ ဖြူဖတ်ဖြူရော်ဖြစ်နေသည်။

လျှိုချင်းသည် စင်မြင့်အနီးသို့ ကပ်လာ၏။

ကျန်းတင့်ရီသည် လျှိုချင်းနှင့် အဆင်ပြေပြေ စကားပြောနိုင်ရန် စင်မြင့်ပေါ်၌ ဒူးထောက်ထိုင်ချလိုက်သည်။

"အစ်ကို... "

"ဘာလဲ... ညီမ... ဘာပြောမလို့လဲဟင်... "

"အစ်ကိုရယ်... ဘယ်လိုဖြစ်သွားတာလဲဟင်... "

"အစ်ကိုတက်ပြီး ယှဉ်ပြိုင်တာကို ပြောနေတာလား... "

"ညီမ... ဘာကိုပြောရမှာလဲဟင်... အစ်ကိုပဲ စဉ်းစားကြည့်ပါဦး... ဆရာတော်မာပတိုဖိန်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲလို့... ညီမတို့က ကျွန်းသခင်ကြီးကျောက်တန်းရှာကို မျှော်လင့်နေကြတာ... သခင်ကြီးကျောက်တန်းရှာတောင် မနိုင်ဘဲ အလျှော့ပေးလိုက်ရတာကို အစ်ကိုမတွေ့ဘူးလား ဟင်... နောက်ပြီး... "

"ဘာများလဲ... ညီမရယ်... "



"ရွှေမင်းသားတုံးဖန်းလှိုင်လည်း မနိုင်ဘူး... သခင်ကြီးကျောက်တန်းရှာလည်း မနိုင်ဘူး... အစ်ကိုနိုင်မယ်လို့များ ထင်နေသလားဟင်... "

ကျန်းတင့်ရီ ပြုံးလိုက်သည်။

"ဘာမှမပူပါနဲ့ ညီမရယ်... သူ့ကို ရင်ဆိုင်နိုင်တဲ့နည်းလမ်း အစ်ကို့မှာ ရှိပါတယ်... ကျိန်းသေအနိုင်ရမှာပါ... ဒါကြောင့်မို့ အစ်ကို ဝင်ပြိုင်တာပါ... "

"အစ်ကိုရယ်... "

လျှိုချင်းမှာ မျက်ရည်ကျလာပြီး ဘာမှမပြောတော့ဘဲ နောက်ဆုတ်သွားလိုက်ရလေတော့သည်။

ကျန်းတင့်ရီသည် ပရိသတ်ကို ဂါရဝပြုလိုက်ပြီးလျှင် မာပတိုဖိန်ထံသို့ လှမ်းသွားလိုက်၏။

မာပတိုဖိန်ကိုလည်း အရိုအသေပြုလိုက်သည်။

"ဆရာတော်... တပည့်တော်ဟာ အတွေ့အကြုံနုနယ်သေးတဲ့အတွက်... ညွှာညွှာတာတာ တိုက်နိုက်ဖို့ မေတ္တာရပ်ခံပါတယ်... "

မာပတိုဖိန် မဲ့ပြုံးပြုံးလိုက်လေသည်။

"ကျန်းတင့်ရီ... မင်းဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အတွင်းအားအင်မတန်ကောင်းနေတယ်ဆိုတာ ကျုပ်သိထားပြီးပါပြီလေ... ရွှေချောင်းတွေကို လိုချင်တယ်ဆိုရင်... ကျုပ်နဲ့အစွမ်းကုန်ယှဉ်ပြိုင်မှ ဖြစ်မယ်... ညှာနေလို့ကတော့ မဖြစ်ဘူး... "

"ကောင်းပါပြီ... ဆရာတော်..."

ကျွန်းတင့်ရီက သဘောတူလိုက်သည်။

သူတို့နှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်ရန် မျက်နှာချင်းဆိုင်မိလိုက်ကြလျှင် ကျင်းကန်းကျက်က မည်သို့ယှဉ်ပြိုင်တိုက်ခိုက်ရမည်ကို ရှင်းပြသည်။

"ကျွန်းတင့်ရီ... ဆရာတော်မာဟိုဖိန်က မင်းကိုအရင်ဆုံး လက်ဝါးသုံးချက်ရိုက်မယ်... တကယ်လို့ မင်းလဲကျမသွားဘူးဆိုရင် မင်းနိုင်တယ်... နောက်မှ မင်းက သူ့ကို သုံးချက်ပြန်ရိုက်ရမယ်... ဆရာတော်လဲမကျသွားဘူးဆိုရင် ဆရာတော်နိုင်မယ်... အဲဒါ သရေပဲပွဲ... နောက်မှ ဆက်ပြီးဆုံးဖြတ်မယ်..."

ကျွန်းတင့်ရီက သဘောတူလိုက်လေသည်။

"ကောင်းပါပြီ ခင်ဗျာ..."

ပရိသတ်များသည် မာဟိုဖိန်၏လက်ဝါးသုံးချက်အား မမှုသော ကျွန်းတင့်ရီကို အံ့ဩသွားလေသည်။

"ဒီကောင်လေး... သေချင်လို့ပဲလား..."

"သူမှာ တစ်ခုကောင်းတော့ ရှိလိမ့်မယ်..."

"ဒါမှမဟုတ်... ပညာလျှို့ထားတာများလား..."

"မဟုတ်မှလွဲရော... ဒီကောင်လေးဟာ ဧရာမပညာရှင်ဖြစ်ရမယ်..."

ကျွန်းတင့်ရီနှင့်ပတ်သက်၍ မည်သို့ဝေဖန်ရဆုံးဖြတ်ရမည်မှန်း



မသိကြတော့ပေ။ သူတို့မြင်လည်း မမြင်ဖူး၊ ကြားလည်း မကြားဖူးသော လူငယ်တစ်ယောက်က အလွန်ပင်ကျော်ကြားထင်ရှားလှသော ပုဂ္ဂိုလ်ကြီးတစ်ယောက်အား ယှဉ်ပြိုင်မည်ဆိုသည်မှာ အံ့ဖွယ်တစ်ပါးလည်း ဖြစ်တော့သည်။

မာဟိုဖိန်က ကျွန်းတင့်ရီအား စိုက်ကြည့်လိုက်သည်။

"ကျွန်းတင့်ရီ... မင်းနောက်ဆုတ်ဖို့ အချိန်ရှိသေးတယ်နော် ငါတို့ တိုက်မယ်ပြောမှ တိုက်ပွဲကစကြမှာ... အခု နောက်မကျသေးပါဘူး..."

ကျွန်းတင့်ရီက လက်မခံချေ။

"တပည့်တော်... နောက်ဆုတ်မှာမဟုတ်ပါဘူး ဘုရား... အရှင်ဘုရားနဲ့ ယှဉ်ပြိုင်ဖို့ စင်မြင့်ပေါ်တက်လာတာပါ..."

မာဟိုဖိန် သက်ပြင်းချလိုက်သည်။

"ဒါဆိုလည်း... မင်းအသင့်ပြင်ထားပေတော့..."

"ကောင်းပါပြီ ဘုရား..."

ကျွန်းတင့်ရီသည် လက်ကိုရင်ဝထက်၌လေးငါးချက်မျှလှုပ်ရှားပြီး ကာထားလိုက်၏။

မာဟိုဖိန်က လက်ဝါး၌အတွင်းအားစုစည်းလိုက်လေတော့သည်။

ထို့နောက်...

"လဲကျသွားစမ်း..."

သူသည်အော်ဟစ်ပြီး လက်ဝါးရိုက်ထုတ်လိုက်လေတော့သည်။

"ဟူး... ဟူး... ဟူး... "

လေတိုးသံကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကျန်းတင့်ရှီ၏ခန္ဓာကိုယ်မှာ အပေါ်သို့လွင့်တက်သွား၏။

လျှို့ချင်း ရင်တုန်သွားလေသည်။

တုံးဖန်းလှိုင်နှင့် လေမွေညီနောင်တို့လည်း စိုးရိမ်ပူပန်သွားကြသည်။

ကျန်းတင့်ရှီမှာလေထဲမြောက်တက်သွားပြီး ကျွမ်းထိုးလိုက်သည်။

ကျွမ်းတစ်ပတ်... နှစ်ပတ်... သုံးပတ်...

မာဟိုဖိန်၏လက်ဝါးရိုက်ချက်မှထွက်ပေါ်လာသော လေမွေလှိုင်းအရှိန် ကုန်ဆုံးသွားတော့မှ ဖက်ရွက်ကလေးတစ်ရွက်ပမာ ပေါ့ပါးညင်သာစွာဖြင့်မြေပေါ်သို့ ပြန်လည်ကျရောက်လာလေတော့သည်။

ကြည့်ရသူအားလုံး တအံ့တသြဖြစ်သွားကြလေတော့သည်။

လျှို့ချင်းမှာ မာဟိုဖိန်က လက်ဝါးရိုက်ထုတ်လိုက်ချိန်၌မကြည့်ဝံ့တော့ဘဲ မျက်လုံးမှိတ်ထားလိုက်၏။

သို့သော် လုံးဝမကြည့်ဘဲလည်း မနေနိုင်သဖြင့် ဖျတ်ခနဲဖွင့်ကြည့်လိုက်ရာ ကျန်းတင့်ရှီ ဘာမှမဖြစ်ဘဲ မြေပေါ်ညင်သာစွာကျလာသည်ကို တွေ့လိုက်ရသဖြင့် ဖေါ်မပြနိုင်အောင်ဝမ်းသာသွားလေသည်။



သူမ၏အသည်းနှလုံးများ တဆတ်ဆတ်တုန်နေသည် ဟိုက် လှဲ့ဝမ်းသာလွန်းသဖြင့် ရင်ခုန်ရခြင်းဖြစ်သည်။

ကျန်းတင့်ရှီသည် မြေပေါ်ရောက်သည်နှင့် မာဟိုဖိန်ကို ဦးညွတ်လိုက်လေသည်။

"ဆရာတော်ရဲ့လက်ဝါးရိုက်ချက် ပြင်းထန်လွန်းလှပါတယ် ကျွန်တော် အတော့်ကို ကံကောင်းသွားတယ်... "

ပရိသတ်များသည် မာဟိုဖိန်၏လက်ချက်ဖြင့် ကျန်းတင့်ရှီ သွေးအန်လျှင် အန်... သွေးမအန်လျှင် အနည်းဆုံးခြေကျိုးလက်ကျိုးဖြစ်သွားမည်ဟု ထင်မှတ်ထားကြသည်။

သို့သော်... ကျန်းတင့်ရှီ ဘာမှမဖြစ်သည်ကို တွေ့ရလျှင် မယုံနိုင်အောင်ဖြစ်သွားကြလေတော့သည်။

သူတို့၏ အံ့သြသည့်မျက်နှာမှာ မိုးပြိုကျသည်ကို မြင်သကဲ့သို့ပင်။

အားမုန်က ဝမ်းသာအားရအော်ဟစ်လိုက်လေသည်။

"ဟေး... ဒါမှ တို့သခင်လေးကွ... "

ရှောင်လင်ကျောင်း၏ဘက်တော်သားများက ချက်ချင်းပင် မကျေမနပ်ဖြင့် လှမ်းကြည့်လိုက်လေသည်။ သူတို့ဒေါသဖြစ်နေသည်။

အားမုန်ကားမည်သူ့ကိုမှ မမှုမထားချေ။

ရှောင်လင်ဘက်တော်သားတစ်ယောက်က အော်ပြောလိုက်၏။

"ဆရာတော်... ဒီကောင်လေးကို မြန်မြန်ဆုံးမပေးလိုက်ပါ မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ပါ... ဒုက္ခတဖြစ်သွားအောင် ဆုံးမပေးလိုက်ပါ... "

မာဟိုဖိန် သက်ပြင်းချလိုက်သည်။

"ကျွန်းတင့်ရီ... မင်း မဆိုးဘူး... ဒီတစ်ခါ သတိထားပါဦး..."

သူ၏လက်ဝါးတစ်ဖက်ကို ဆန့်ထုတ်ကာ ရိုက်ချလိုက်ပြန်လေသည်။

"ဟူး... ဟူး... ဟူး... "

ကျွန်းတင့်ရီမှာ အဝေးသို့ မြားတစ်စင်းပမာ လွင့်သွားပြန်လေတော့သည်။ ဆရာတော်၏ ရိုက်အားမည်မျှပြင်းထန်သည်ကို ထိုအချက်က ပြသခြင်းဖြစ်သည်။

ပြိုင်ပွဲကျင်းပရာ မြေကွက်လပ်နှင့် မလှမ်းမကမ်း၌ ရေကန်ငယ်တစ်ခုရှိသည်။

မာဟိုဖိန်၏လက်ဝါးရိုက်ချက်ကြောင့် ကျွန်းတင့်ရီသည် ရေကန်ရှိရာသို့ လွင့်စဉ်သွားသည်။

"သူ့ကို ရေကန်ထဲ ရိုက်ချလိုက်စမ်းပါ... "

"ဆရာတော် သူ့ကို အလွတ်မပေးနဲ့... "

"ဒီကောင်လေး... ထောင်လွှန်းအားကြီးတယ်... ထောင်လွှန်းတဲ့လူ ဘယ်လိုခံရတယ်ဆိုတာ သူသိပါစေ... "

"ဆရာတော်... တတိယရိုက်ချက်ကို ဆက်ထုတ်ပါ... သူ ရေထဲကျသွားမှာပါ... "



ရှောင်လင်ဘက်တော်သားများက ဝိုင်းအော်ကြလေသည်။

"ကောင်းပြီ... "

ဆရာတော်မာဟိုဖိန်သည် တတိယရိုက်ချက်ကို ဆက်တိုက်ရိုက်ထုတ်လိုက်၏။

"ရေထဲကျလိုက်စမ်း... "

တတိယလက်ဝါးရိုက်ချက်ထုတ်လိုက်လေသည်။

ကျွန်းတင့်ရီကား ပြင်းထန်သောလေပွေလှိုင်းများကြောင့် ရေထဲမကျဘဲ မခံနိုင်တော့ချေ။ ရေထဲကျသွားတော့သည်။

သို့သော်... သူ၏ကိုယ်ဖော့ပညာမှာ အံ့ဩဖွယ်ကောင်းအောင် ထက်မြက်နေပါတော့သည်။

ကျွန်းတင့်ရီသည် ရေကန်ထဲသို့ ရောက်သွားပြီး သူ၏ခြေထောက်အစုံကို ရေပြင်နှင့် ထိတွေ့မိသည်နှင့် လှိုင်းဂယက်များ ထသွားကာ တစ်စုံတစ်ခုက လွှဲယူဖော့ယမ်းသည့်အလား ကျွန်းတင့်ရီမှာ ကုန်းပေါ်သို့ ပြန်လည်မြောက်တက်လာလေတော့သည်။

အားလုံးပါးစပ်အဟောင်းသားဖြစ်သွားကြလေတော့သည်။

ကျွန်းတင့်ရီက ဦးညွှတ်လိုက်သည်။

"ဆရာတော်သာ နောက်ထပ်လက်ဝါးတစ်ချက်သုံးလိုက်မယ်ဆိုရင် ကျွန်တော် ဘယ်လိုမှခံနိုင်တော့မှာ မဟုတ်ပါဘူး ဘုရား... "

မာဟိုဖိန်သည် နဖူးပေါ်မှ စီးကျလာသောချွေးများကို သုတ်

လိုက်ရလေ၏။

"ဒီလောက်အဆင့်မြင့်တဲ့သိုင်းပညာရပ်တွေကို ဘယ်နေရာက များ သင်ယူလာခဲ့တာလဲ... ပြောစမ်း... "

ကျွန်းတင့်ရီက ဘာမှမပြောဘဲ ပြုံး၍နေလေသည်။

မာဟိုဖိန် သက်ပြင်းချလိုက်သည်။

"အင်း... ကျုပ်က လက်ဝါးသုံးချက်အသုံးပြုပြီးပြီဆိုတော့... မင်းရဲ့အလှည့်ပဲပေါ့... ကဲ... ကျုပ်ကို တိုက်ခိုက်နိုင်ပါပြီ... "

အားမုန်က အော်လိုက်ပြန်သည်။

"သခင်လေး... ကောင်းကောင်းကြီးဆုံးမလိုက်စမ်းပါ... "

မာဟိုဖိန်ဒေါပွသွားကာ အားမုန်ဘက်သို့လှည့်ပြီး မျက်စောင်းထိုးလိုက်လေသည်။

တစ်ဖန်... ကျွန်းတင့်ရီဘက်သို့ ပြန်လှည့်လိုက်သည်။

"ကဲ... မင်းရဲ့လက်စွမ်းကို ကြည့်ရအောင်... "

ကျွန်းတင့်ရီက ရှင်းပြလိုက်သည်။

"တပည့်တော်... လက်ဝါးနှစ်ချက်ရိုက်မှာပါ... အသွားတစ်ချက်... အပြန်တစ်ချက်ပါ... "

မာဟိုဖိန်က စိတ်မရှည်သလို အော်ဟစ်လိုက်လေသည်။

"ဘယ်လိုလက်ဝါးသိုင်းပဲလာလာ... ကျုပ်က ဘယ်လိုခုခံကာကွယ်ရမယ်ဆိုတာ... နားလည်ပြီးသားပါ... ကျုပ်အတွက် မစိုးရိမ်ပါနဲ့လေ... မင်းက ရိုက်မှာရိုက်ပါ... "



ကျွန်းတင့်ရီ ခေါင်းခါယမ်းလိုက်သည်။

"ဆရာတော်... လွယ်လွယ်သဘောမထားပါနဲ့... တပည့်တော်ရဲ့ ပထမရိုက်ချက်က 'ခုနစ်လှမ်း ကိုယ်လှည့်'သိုင်းကွက်လို့ ခေါ်တယ် ဒီသိုင်းကွက်နဲ့ ဆရာတော်ကို ခြေခုနစ်လှမ်း နောက်ဆုတ်သွားပြီးမှ ခန္ဓာကိုယ်တစ်ပတ်လည်သွားအောင် လုပ်နိုင်ပါတယ်... တပည့်တော်ပြောတဲ့အတိုင်း ဖြစ်မလာဘူးဆိုရင် ဆရာတော်အနိုင်ရတယ်လို့ သတ်မှတ်နိုင်ပါတယ်... "

မာဟိုဖိန် ဒေါပွသွားလေသည်။

ဤသူငယ်သည် သိုင်းကွက်မထုတ်ဘဲနှင့် လူကိုစိတ်ဆိုးဒေါသထွက်အောင် လုပ်နေသည်။

"ကျွန်းတင့်ရီ... မင်းကနောက်ပြောင်နေတာလား... ဒါမှမဟုတ် မခန့်လေးစားလုပ်တာလား... "

"မဟုတ်ပါဘူး... ဆရာတော် တကယ်ပြောနေတာပါ... အဲဒီလက်ဝါးသိုင်းနဲ့ တဆက်တည်း ထုတ်ပေါ်မဲ့သိုင်းကွက်ကတော့ 'မျက်နှာမဲ့'လို့ ခေါ်ပါတယ်... ဒီသိုင်းကွက်ကြောင့် ဆရာတော်မျက်နှာရှုံ့မဲ့မသွားဘူးဆိုရင် ကျွန်တော်ရှုံးတယ်လို့ သတ်မှတ်နိုင်ပါတယ်... "

"ဟွန်း... မင်း... မင်း... "

မာဟိုဖိန်ကား လွန်စွာခံပြင်းဒေါသထွက်လာလေတော့သည်။

ရှောင်လင်ဘက်တော်သားများ မကျေမနပ်ဖြစ်လာကြသကဲ့သို့ ဝူတန်းဂိုဏ်းသားများလည်း တအံ့တသြဖြစ်လာကြ၏။

ကျွန်းတင့်ရီမှာ သိုင်းပညာအလွန်တော်သော လူငယ်သိုင်းသမားတစ်ယောက်ဖြစ်သည်ဟု အားလုံးယုံကြည်ထားကြလေတော့သည်။

သူတို့သည် ပြိုင်ပွဲမစမီက ဒီလူငယ်ကလေးကို အထင်သေးခဲ့ကြ၏။

ယခုတော့ အထင်မသေးတော့ပါ။ သူတို့၏အထင်ကြီးစိတ်ကို လျှော့ချ၍ မရဘဲရှိနေပါတော့သည်။

"ကျွန်းတင့်ရီ... စကားများမနေနဲ့... မင်းရဲ့အသုံးမကျတဲ့ သိုင်းကွက်ကို ဖေါ်ထုတ်လိုက်စမ်းပါ... "

"ကောင်းပါပြီ ဆရာတော်... "

ကျွန်းတင့်ရီသည် လက်နှစ်ဖက်ကို ဖြည်းညင်းစွာ မြှောက်၍ မာပဟိုဖိန်ထံသို့ တွန်းထုတ်လိုက်လေသည်။

သူ၏လှုပ်ရှားမှုသည် 'ထိုက်ကျိ'လက်ဝါးသိုင်းနှင့် ခပ်ဆင်ဆင်တူနေသည်ကို တွေ့ရလေသည်။ တက်ရောက်လာသည့် သိုင်းသမားအားလုံး စိတ်လှုပ်ရှားသွားကြ၏။

ရုတ်တရက်...

မျက်နှာချင်းဆိုင်ရပ်နေသော မာပဟိုဖိန်၏အင်္ကျီစများ အလိုလိုလှုပ်ယမ်းလာသည်။

သို့သော် ပွဲကြည့်ပရိသတ်က မာပဟိုဖိန်က ကျွန်းတင့်ရီ၏လက်ဝါးရိုက်ချက်ကိုအတွင်းအားဖြင့် ခုခံနေကြောင်း ရိပ်မိထားကြလေသည်။



ကျွန်းတင့်ရီက တစ်ချက်အော်လိုက်သည်။

"တစ်လှမ်း... "

သူ၏လက်ကို ထပ်မံဆန့်ထုတ်လိုက်ရာ မာပဟိုဖိန်မှာ အလိုလိုပင် နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်ရလေသည်။ ထိုမှစ၍...

"နှစ်... "

"သုံး... "

"လေး... "

ကျွန်းတင့်ရီအော်ပြောလိုက်သည့်အတိုင်း တစ်လှမ်းပြီးတစ်လှမ်းနောက်ဆုတ်သွား၍ ကျွန်းတင့်ရီ၏သိုင်းကွက်ကို မာပဟိုဖိန်ခုခံကာကွယ်နိုင်ခြင်းမရှိသကဲ့သို့ ဖြစ်နေသည်။

မာပဟိုဖိန်၏မျက်နှာနီရဲကာ လည်ပင်းကြောများပင် ထောင်ထနေတော့သည်။

သူ၏နဖူးပေါ်မှလည်း ချွေးသီးချွေးပေါက်များ တစ်ပေါက်ပေါက်ကျဆင်းနေပါတော့သည်။

"ခုနစ်လှမ်း... ကိုယ်လှည့်တော့... "

ကျွန်းတင့်ရီက အော်ပြောကာ လက်ကိုရှေ့သို့ ဆန့်နိုင်သမျှဆန့်ထုတ်လိုက်ပြီး ချက်ချင်းပင် တံတောင်ကွေးကာ လက်နှစ်ဖက်ကို နောက်သို့ဆွဲယူပစ်လိုက်လေသည်။

ဤတွင် မာပဟိုဖိန်သည် ခုနစ်လှမ်းမြောက်ခြေလှမ်းကို နောက်ဆုတ်လိုက်ပြီး ကျွန်းတင့်ရီလက်ကို ပြန်ရုပ်လိုက်ချိန်၌ ခန္ဓာကိုယ်ဟန်ချက်

ပျက်သွားသကဲ့သို့ ယိမ်းယိုင်ကာ တစ်ပတ်လည်သွားတော့၏။

ချက်ချင်းပင် ကျုန်းတင့်ရှီအား နောက်လှည့်ကျောပေးလိုက်သကဲ့သို့ဖြစ်သွားလေသည်။

မာဟိုဖိန်မှာ ကျုန်းတင့်ရှီ၏လက်ထဲ၌ ကလေးကစားစရာ အရုပ်ကလေးတစ်ရုပ်ပမာ ဖြစ်နေတော့သည်။

"ဟေး... ဒါမှ တို့သခင်လေးကွ... "

အားမုန်က ထအော်လိုက်ပြန်လေသည်။

ကျုန်းတင့်ရှီက မာဟိုဖိန်အား တောင်းပန်လိုက်လေသည်။

"ဆရာတော် စိတ်မရှိပါနဲ့... "

မာဟိုဖိန်မှာ ဝါရင့်သိုင်းသမားကြီးပီပီ အားတင်းကာပြုံးလိုက်ရလေသည်။

သို့သော်... သူ့အပြုံးမှာ မချိပြုံးဖြစ်သည်။

"ကိစ္စမရှိဘူး... တရားမျှတစွာ ယှဉ်ပြိုင်ခဲ့ကြတာပဲ... ဘာမှ အားနာစရာမလိုပါဘူး... မင်းရဲ့သိုင်းကွက်သုံးကွက်မပြောနဲ့ တစ်ကွက်တည်းကိုတောင် ကျုပ်မခံနိုင်တော့... နောက်နှစ်ကွက်ကိုလည်း ခံနိုင်မှာ မဟုတ်ဘူး... ကျုပ်အရှုံးပေးလိုက်ပါပြီ... "

ကျုန်းတင့်ရှီ ဝမ်းသာသွားသည်။

"ဆရာတော်... သဘောထားကြီးတာကို လေးစားပါတယ် ဘုရား... ဒါပေမဲ့ ရှောင်လင်ဘက်တော်သားတွေ ကျေနပ်သွားအောင် နောက်ထပ်သိုင်းကွက်နှစ်ကွက်ထုတ်ပေါ်ပါရစေ... ခံယူပါလို့ တောင်း



ပန်ပါတယ် ဘုရား... "

မာဟိုဖိန်က ပခုံးတွန့်လိုက်သည်။

"ကောင်းပြီ... မင်းသဘောပဲ... ဒါပေမဲ့ ဒီသိုင်းနှစ်ကွက်ကို ကျုပ်ကခုခံနိုင်တယ်ဆိုရင်... အခြေအနေတစ်မျိုးပြောင်းသွားနိုင်တာ မမေ့နဲ့... "

"စိတ်ချပါ ဆရာတော်... မျက်နှာမဲ့သိုင်းကွက်ကို သတိထားပါ ခင်ဗျာ... "

ကျုန်းတင့်ရှီက သူ၏လက်ဝါးရိုက်ချက်ကို ထုတ်ပေါ်လိုက်သည်။

"ဟူး... ဟူး... ဟူး... "

လေတိုးသံထွက်ပေါ်လာကာ မာဟိုဖိန်သည် ရုတ်တရက် အပေါ်မြောက်တက်သွားပြီး လေနှင့်အတူ ပါသွားကာ ရေကန်ဘက်သို့ လွင့်စဉ်သွားလေသည်။

"ဟင်... "

"ဟာ... "

ပရိသတ်များ အလန့်တကြားဖြစ်သွားကြချိန်မှာပင်...

"ဗွမ်း... "

မာဟိုဖိန်မှာ ရေကန်ထဲသို့ ခြေပစ်လက်ပစ်ပြုတ်ကျသွားလေတော့သည်။

ရေကန်ထဲမှ ပြန်တက်လာသောအခါ သူ၏မျက်နှာကြီးရှုံ့မဲ့

နေက ကျန်းတင့်ရီပြောသည့်အတိုင်း တသွေမတိမ်းဖြစ်နေတော့၏။

မာဟိုဖိန်သည် လှုပ်အလယ်၌ အရှက်ခွဲခံရသကဲ့သို့ ဖြစ်နေသဖြင့် သူ့ကိုယ်သူ မြေကြီးကိုခွဲ၍ တစ်ကိုယ်လုံးကျုံ့ဝင်သွားစေချင်သည်။

သို့သော်လည်း သူ့ကို အားကိုးအားထားပြုနေကြသော ရှောင်လင်ဘုန်းတော်သားများအတွက် ထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

"ကျန်းတင့်ရီ ဒီတစ်ခါ ဓားရေးယှဉ်ကြရအောင်... "

လက်ဝါးသိုင်းကို မယှဉ်နိုင်သဖြင့် ဓားရေးယှဉ်ပြိုင်ရန် စိန်ခေါ်လိုက်ခြင်းဖြစ်သည်။

"ကောင်းပါပြီ ဆရာတော်... "

ကျန်းတင့်ရီက လက်ခံလိုက်သည်။

"ရွှမ်း... "

သူ၏ခါးမှ ဓားကို ဆွဲထုတ်လိုက်သည်။

"ဟာ... "

မာဟိုဖိန် လွှတ်ခနဲ အော်လိုက်လေသည်။

မျက်စိမျက်နှာပျက်ကာ မျက်နှာတစ်ခုလုံးဖြူဖွေးသွားပါတော့သည်။

"ဒီ... ဒီသံချေးတက်နေတဲ့ဓားက... "

ကျန်းတင့်ရီ ခေါင်းခါယမ်းလိုက်သည်။

"ဒါဟာ... သံချေးတက်နေတဲ့ဓားမဟုတ်ပါဘူး... လွန်ခဲ့တဲ့နှစ်



ပေါင်းတစ်ရာကျော်က စစ်သူကြီးရက်ဖေးကိုင်ဆောင်ခဲ့တဲ့ဓားပါ... "

"ဘာ... "

စစ်သူကြီးရက်ဖေးသည် အလွန်အစွမ်းထက်ပြီးမှော်ဆန်သော ဓားတစ်လက်ဖြင့် တိုင်းပြည်တဝှမ်း ဖိန့်ဖိန့်တုန်စေခဲ့သည်ဟု ရာဇဝင်ရှိခဲ့သည်။

မာဟိုဖိန်သည် ဆက်၍ယှဉ်ပြိုင်ရန် မစဉ်းစားတော့ချေ။

ကျင်းကန်းကျုက်ဘက်သို့လှည့်ကာ ပြောလိုက်၏။

"ကျုပ်မပြိုင်တော့ပါဘူး... အရှုံးပေးလိုက်ပါပြီ... "

ကျင်းကန်းကျုက်ကော ကျောက်တန်းရှာပါ အံ့သြသွားကြ၏။

"ဘာဖြစ်လို့လဲဗျာ... "

မာဟိုဖိန် သက်ပြင်းချလိုက်လေသည်။

"ကျန်းတင့်ရီရဲ့ဓားဟာ စစ်သူကြီးရက်ဖေးရဲ့ မှော်ဓားပါ... ဒီဓားက သိပ်အစွမ်းထက်တယ်... မကြာသေးခင်ကပဲ သူတောင်းစားကြီးလီကျိုရှောင်ကို သူကအနိုင်ယူခဲ့သေးတယ်... ကျုပ်ရဲ့ပညာက လီကျိုရှောင်နဲ့ ဘယ်လောက်များ ကွာမှာမို့လဲ... လူရှေ့သူရှေ့မှာ ခဏခဏ အရှက်ကွဲရတာ မကောင်းပါဘူး... ဒါကြောင့် ဆက်မပြိုင်တော့ဘဲ အရှုံးပေးလိုက်တာပါ... "

သူ၏ရှင်းပြချက်မှာ အကျိုးအကြောင်းသင့်လျော်နေ၏။

အကျိုးသင့် အကြောင်းသင့်ရှင်းပြလိုက်လျှင် ကျင်းကန်းကျုက်တို့လည်း လက်မခံဘဲနေ၍ မရတော့ချေ။

မာဟိုဖိန် အရေးနိမ့်သွားပြီဖြစ်ရာ ကျန်းတင့်ရှီအား အနိုင်ပေးလိုက်ရတော့မည်ဖြစ်သည်။

ကျင်းကန်းကျက်က ဘဝင်မကျသော်လည်း လက်ခံလိုက်ရလေတော့သည်။

အခန်း [ ၂၆ ]

## ဒုက္ခ၏ အစ

သိုင်းလောကတစ်ခုလုံးအာရုံစိုက်ခဲ့သောကျောက်ထပ်တောင် ရတနာသိုက်ကိစ္စကို အများမျှော်လင့်သကဲ့သို့ ထိပ်သီးသိုင်းသမားကြီးများက အောင်ပွဲခံနိုင်ခြင်းမရှိဘဲ မနေ့တစ်နေ့ကမှ သိုင်းလောကသို့ ခြေချလာခဲ့သော လူငယ်လေးကျန်းတင့်ရှီက အောင်ပွဲခံနိုင်ခဲ့လေသည်။

ရှောင်လင်ဘက်တော်သားများကော ဝူတန်းဘက်တော်သားများပါ ရတနာများကို ရရှိခဲ့ခြင်းမရှိချေ။ ရတနာများနှင့် ပတ်သက်၍ ကျန်းတင့်ရှီက မည်သို့ဆုံးဖြတ်မည်ကို အားလုံးသိလိုနေကြပါတော့သည်။

ပြိုင်ပွဲတာဝန်ခံ ကျင်းကန်းကျက်က မေးလေသည်။

"ကဲ... မင်းဟာ အနိုင်ရခဲ့ပြီဆိုတော့ ရတနာတွေကို ပိုင်ဆိုင်

ခွင့်ရသွားပါပြီ… ဘယ်လိုစီမံဆောင်ရွက်သွားမလဲဆိုတာ ကျုပ်တို့ကို အသိပေးရမှာဖြစ်ပါတယ်… ”

ကျွန်းတင့်ရီကလည်း သူ၏သဘောထားကို ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်လေသည်။

“ဒီပစ္စည်းတွေကို ကျွန်တော်တစ်ခုမှ မယူပါဘူး… ”

“ဟေ… ”

“ဒီပစ္စည်းတွေရဲ့ ဆယ်ပုံ… ခုနစ်ပုံကို အနယ်နယ်အရပ်ရပ်မှာ ရေဘေးဒုက္ခကြုံနေရသူတွေကို ဝေပေးချင်ပါတယ်… ကျန်တဲ့သုံးပုံထဲက တစ်ပုံကို ကျောက်ထပ်တောင်မှာ ရောက်နေတဲ့ ညှို့ပရိသတ်ကို ဝေငှပေးချင်ပါတယ်… ကျန်တဲ့နှစ်ပုံကိုတော့ ဝူတန်းဂိုဏ်းနဲ့ ရှောင်လင်ကျောင်းအတွက် အသုံးပြုချင်ပါတယ်… ဒီလိုဆိုရင်ကော ဖြစ်နိုင်ပါ့မလား ခင်ဗျာ… ”

တာဝန်ရှိသူများနှင့် အားလုံးသော သိုင်းသမားတို့မှာ အံ့အားအသင့်ကြီး သင့်သွားကြလေတော့သည်။

ကျွန်းတင့်ရီ၏ စီမံမှုသည် အားလုံးအတွက် အကောင်းဆုံးသော စီမံချက်ဟု ဆိုနိုင်ပါသည်။

မည်သူမဆို အနိုင်ရသွားပါက ရတနာများပိုင်ဆိုင်နိုင်ခွင့်ရကာ မိမိသဘောအလျောက် အသုံးပြုခွင့်ရှိပေသည်။

ကျွန်းတင့်ရီက ဝေခွဲမပေးဘဲ အားလုံးယူသွားမည်ဆိုလျှင်လည်း မည်သူကမျှ ဟန့်တားနိုင်ခွင့်မရှိပါ။ တိုက်ပွဲဝင်ခြင်းမှာ ရတနာ



များပိုင်ဆိုင်ခွင့်အတွက် ဖြစ်ပါသည်။

ယခု…

ကျွန်းတင့်ရီက ကိုယ်ကျိုးထက် နယ်ချဲ့ကျူးကျော်စစ်ကြောင့် ဒုက္ခရောက်နေကြသော တိုင်းသူပြည်သားများအားခွဲဝေပေးသည့်အပြင် ရှောင်လင်၊ ဝူတန်းဂိုဏ်းများကို သာမက ပြိုင်ပွဲသို့ရောက်လာကြသော သိုင်းလောကသားများကိုပါ ဝေခြမ်းပေးသည်ဖြစ်ရာ အားလုံးမကျေနပ်ဘဲ မနေနိုင်ကြတော့။ အားလုံးကျေနပ်သဘောကျနေပါသည်။

ကျင်းကန်းကျက်သည် ကျောက်တန်းရှာအား သဘောထားတောင်းခံလိုက်လေသည်။

“မိတ်ဆွေကော… ဘယ်လိုသဘောရသလဲဗျ… ”

“ဟာ… သိပ်ကောင်းတဲ့ အကြံပေါ့ဗျာ… ”

ကျောက်တန်းရှာက သဘောတူလိုက်လျှင် ရှောင်လင်၊ ဝူတန်းဂိုဏ်းတော်သား သိုင်းသမားများသည်လည်း ချက်ချင်းသဘောတူထောက်ခံလိုက်ကြလေတော့သည်။

“ကျုပ်တို့ သဘောတူပါတယ်… ”

“သူ့ရဲ့ကောင်းလေးကို ကျုပ်တို့ထောက်ခံတယ်ဗျို့… ”

ဝမ်းသာအားရအော်ဟစ်ပြောဆိုသံများကြောင့် ကျောက်ထပ်တောင်တစ်ခုလုံး သိမ့်သိမ့်ညံသွားလေတော့သည်။

ကျင်းကန်းကျက်က ကျွန်းတင့်ရီအား ရှင်ပြသည်။

“ကျွန်းတင့်ရီ… ကျောက်ထပ်တောင်မှာ ထိန်းသိမ်းထားတဲ့

ရွှေချောင်းအပြည့်ပါတဲ့ သေတ္တာအလုံးနှစ်ဆယ်ရှိပါတယ်... အများပြည်သူကို လှူဒါန်းမဲ့အရေအတွက်အတွက်က ဆယ်ပုံခုနှစ်ပုံဆိုတော့ ရွှေသေတ္တာဆယ့်လေးလုံးတိတိရှိတယ်... ဒီရွှေချောင်းတွေကို ဝေငှပေးဖို့ဆိုတာ အပြောလွယ်ပေမဲ့ အလုပ်ခက်လိမ့်မယ်... ဒါကို မင်းနားလည်မယ်ထင်ပါတယ်... "

ကျန်းတင်ရီ ခေါင်းညိမ့်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ... တကယ်ပဲ အတိဒုက္ခရောက်နေသူတွေရဲ့ လက်ထဲကို မှန်မှန်ကန်ကန်ရောက်ဖို့ ထင်သလောက်မလွယ်နိုင်ပါဘူး... ဒီတော့... "

သူက အနည်းငယ်စဉ်းစားပြီး ဆရာကြီးကျောက်တန်းရှာအား ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ဆရာကြီးကပဲ သေတ္တာဆယ့်လေးလုံးကို တာဝန်ယူစောင့်ရှောက်ပေးစေချင်ပါတယ် ခင်ဗျာ ... အကြောင်းရှိလို့ ဒုက္ခရောက်နေသူတွေကို ဝေငှပေးဖို့ လိုအပ်လာပြီဆိုရင်... ဆရာတော်မာပဟိုဖိန်ရယ် ဆရာကြီးရယ်... ကျွန်တော်ရယ် သုံးယောက်တိုင်ပင်ဆောင်ရွက်ကြတာပေါ့... မကောင်းဘူးလား ခင်ဗျာ... "

မာပဟိုဖိန်ကော ကျောက်တန်းရှာပါ သဘောတူလိုက်ကြ၏။

ကျူးပန်ရှင်းသည် ကျောက်ထပ်တောင်သို့ တိတ်တဆိတ်ရောက်ရှိလာခဲ့လေသည်။

သို့သော် လူသိရှင်ကြားမျက်နှာထွက်မပြဘဲ နောက်ကွယ်မှပင်



လျှို့ဝှက်စွာနေခဲ့သည်။

သိုင်းပြိုင်ပွဲပြီးဆုံးသွားပြီးနောက် ကျန်းတင်ရီက ရတနာများရရှိသွားသောအခါ ကျူးပန်ရှင်းက မှတ်ချက်ချခဲ့လေသည်။

"သူတို့ရဲ့ လုပ်ရပ်တွေက ကောင်းပါတယ်... ဒါပေမဲ့ ကျုပ်ကိုတော့ လိမ်လို့မရဘူးကွ... "

ထို့နောက်... ကျန်းတင်ရီတို့က အောင်ပွဲခံသည့်အထိမ်းအမှတ်အနေနှင့် စားသောက်ပွဲကြီးကျင်းပလေသောအခါ ကျူးပန်ရှင်းသည် ကျောက်ထပ်တောင်ပေါ်မှ တိတ်တဆိတ်ဆင်းသွားလေသည်။ သူသည် ဤပြိုင်ပွဲ၏လျှို့ဝှက်ချက်အချို့ကို သိရှိသွားခဲ့လေပြီ။

ကျောက်ထပ်တောင်၌ကျင်းပသော စားသောက်ပွဲကြီးမှာ ယခုနှစ်များအတွင်း အကြီးကျယ်ဆုံး စားသောက်ပွဲကြီးဖြစ်သည်ဟု ဆိုနိုင်၏။

သိုင်းလောကသားများသည် သူ့လူကိုယ်လူဟူ၍ ခွဲခြားသည့်သဘောမထားကြတော့ဘဲ ပျော်ပျော်ပါးပါး စားသောက်ကြသည်။

နံနက်မိုးစင်စင်လင်းမှ စားသောက်ပွဲပြီးစီးသွား၏။

စားသောက်ပွဲပြီးလျှင် ကျန်းတင်ရီနှင့် ဆရာတော်မာပဟိုဖိန်တို့ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ကြလေတော့သည်။

ကျန်းတင်ရီပျောက်ဆုံးသွားကြောင်း ပထမဆုံး သတိပြုမိသူမှာ အားမုန်ဖြစ်သည်။

အားမုန် ထိတ်လန့်သွားသည်။

"သခင်လေး ဘယ်ရောက်သွားပြီလဲ... "

အားမုန်သည် ကျောက်ထပ်တောင်တစ်ခွင် ပြုပြစ်အောင် လိုက်လံရှာဖွေပါသော်လည်း ကျန်းတင့်ရီကို မတွေ့ရသောအခါ စိုးရိမ်ပူပန်ကာ သိုင်းလောကသားအားလုံးသိစေရန် ကြေညာဖို့ စိတ်ကူးမိသည်။

သို့သော်... ကျောက်ထပ်တောင်သို့အရောက်တွင် ကျန်းတင့်ရီက သူ့အားလာတွေ့ပြီး တိတ်တဆိတ်မှာကြားသွားသည့်စကားများ ပြန်လည်သတိရလာသည်။

"သခင်လေးမှာ ကြိုတင်အကြံအစည်တွေရှိနေတာ သေချာနေပြီ... ခုလည်း သူပျောက်ဆုံးသွားတာ အကြောင်းရှိလိမ့်မယ်... "

အားမုန်သည် ကျန်းတင့်ရီပျောက်ဆုံးနေကြောင်း မည်သူ့ကိုမျှ မပြောဘဲနေရန် ဆုံးဖြတ်လိုက်လေသည်။ ဤသည်မှာ သူ၏မှန်ကန်သော ဆုံးဖြတ်ချက်ပင်ဖြစ်သည်။

"သခင်လေးက... ဟန်ကျူးကို အမြန်ဆုံးပြန်ရမယ်လို့မှာကြားသွားတယ်... ကျန်းအိမ်တော်ကရှိသမျှလူတွေအားလုံး ခေါ်ပြီးထွက်ပြေးရမယ်ဆိုတော့... ငါ ဒီမှာဆက်နေလို့မဖြစ်တော့ဘူး... "

သို့ဖြင့်... အားမုန်သည် မည်သူ့မျှမသိရလေအောင် ကျောက်ထပ်တောင်မှ ဆင်းကာ ဟန်ကျူးသို့ ခရီးပြင်းနှင်လေတော့သည်။

အားမုန်နှင့် မရှေးမနှောင်းတွင် တုံးဖန်းလိုင်တို့သည် ကျန်းတင့်ရီပျောက်ဆုံးနေကြောင်း သတိပြုမိသွားကြသည်။



သူတို့သည် လျှိုချင်းထဲသို့ ချက်ချင်းသွားရောက်ကာ မေးမြန်းစုံစမ်းကြသည်။

လျှိုချင်းလည်း ကြောင်နေသည်။ ကျန်းတင့်ရီ အဘယ်သို့ရောက်သွားသနည်း။ ပျောက်သွားသနည်း။ သူမကို အဘယ်ကြောင့်လာမတွေ့သနည်း။

"အစ်ကိုထွက်သွားပြီဆိုတာ မဖြစ်နိုင်ပါဘူး... တကယ်လို့ သူသွားတော့မယ်ဆိုရင်တောင် ကျွန်မကိုလာပြီးနှုတ်ဆက်သွားမှာပေါ့"

သူမလည်း လက်မခံနိုင်ဘဲ လိုက်ရှာသည့်တိုင် ကျန်းတင့်ရီ၏ အရိပ်အရောင်မျှပင် မတွေ့ရတော့မှ မတတ်သာဘဲ လက်ခံလိုက်ရလေတော့သည်။

သူမ၏ရင်ထဲ ဟာသွား၏။

ဝမ်းနည်းကြေကွဲမှုများ ကြီးစိုးလာ၏။

"အစ်ကိုရယ်... ဘာကြောင့်များ နှုတ်မဆက်ဘဲ ခွဲခွာသွားခဲ့ရတာလဲ... ကျွန်မကိုတောင် သတိမရတော့ဘူးလားရှင်... "

သူမမျက်ရည်တလည်လည်ဖြစ်နေလေတော့၏။

ကျန်းတင့်ရီအပေါ် စိတ်နာသလိုရှိလာပြီးမှ ညတစ်ညတွင် သူမအား လျှို့ဝှက်စွာလာရောက်တွေ့ဆုံခဲ့သည်ကို ပြန်လည်အမှတ်ရလာ၏။

ထိုစဉ်က ကျန်းတင့်ရီသည် တစ်နေရာသို့ခရီးထွက်ရမည်ဖြစ်ကြောင်း၊ သုံးလေးနှစ်ခန့် ကြာမြင့်နိုင်ကြောင်းပြောပြကာ နောက်သုံး

ရက်အကြာမှ ဖွင့်ကြည့်ရန် စာတစ်စောင်ပေးခဲ့သည်။

ထိုသို့သတိရသောအခါမှ လျှို့ဝှက်ချက်တစ်ခုခုရှိနေမည်ဆိုသည်ကို သူမသဘောပေါက်သွား၏။

သူမစိတ်ထဲ မလုံမလဲဖြစ်လာရာ သူမဆရာဖြစ်သူ လီဖိန်ဖိန်နှင့် တိုင်ပင်မိလေ၏။

"ဆရာ... ကျောက်ထပ်တောင်မှာ ထူးခြားမှုကြီးတစ်ခုဖြစ်နေတယ်... အစ်ကိုကျွန်းတင့်ရီနဲ့ ဆရာတော်မာဟိုဖိန်တို့ဟာ... "

သူမ၏စကားမဆုံးမီ လီဖိန်ဖိန်က လက်ကာပြလိုက်သည်။

"ဒီကိစ္စကို ငါသိပြီးပြီ... သူတို့မှာ အရေးကြီးတဲ့ကိစ္စရှိလို့သာ လူသိမခံဘဲ... တိတ်တဆိတ်ထွက်သွားကြတာဖြစ်မှာပေါ့... ဘာမှ လျှောက်မပြောနဲ့တော့... "

လျှို့ချင်း မကျေနပ်ပါ။

"ဆရာ... အရေးကြီးတဲ့ကိစ္စဆိုတာက... "

"လျှို့ချင်း စကားသိပ်မများနဲ့... နယ်ချဲ့လက်ပါးစေတွေကောနန်းတွင်းမုန်တိုင်းအဖွဲ့က လူတွေကော... တောင်ပေါ်မှာ ခြေရှုပ်နေကြတယ်... တို့လည်း တောင်ပေါ်က ဆင်းကြမယ်... မကြာခင် ကျွန်းတင့်ရီနဲ့ ပြန်တွေ့ရမှာပေါ့... "

လျှို့ချင်းသည် ထိုစကားကိုကြားလိုက်ရသောအခါ အလွန်အံ့သြသွားလေ၏။

သူမ၏ဆရာသည် ကျွန်းတင့်ရီနှင့် ပတ်သက်ကောင်း ပတ်



သက်နေနိုင်ကြောင်း တွေးမိသဖြင့် လျှို့ချင်းက ဘာမှထပ်မမေးတော့ဘဲ နေလိုက်လေတော့သည်။

ကျွန်းတင့်ရီ၏ဆန္ဒကြောင့် ကျွန်းသခင်ကြီးကျောက်တန်းရှာသည် ဒုက္ခကြုံနေသူများအား ဝေငှပေးရမည့်ရွှေသေတ္တာခုနစ်လုံးကို ဘယ်ဆောင်သွားရမည်ဖြစ်သည်။

ရွှေသေတ္တာများကား မက်မောစရာကောင်းလှသည်ဖြစ်ရာ လမ်းခရီး၌ အန္တရာယ်ကြုံရနိုင်သဖြင့် တုံးဖန်းလှိုင်တို့လူစုက ကူညီကာ လိုက်လံပို့ဆောင်ပေးရန် သဘောတူလိုက်သည်။ ထိုရွှေသေတ္တာသယ်ရမည့်အလုပ်မှာ သေမင်းနှင့် ကစားခြင်းပင်ဖြစ်လေတော့သည်။

ကျောက်ထပ်တောင်ကိစ္စမှာ သိုင်းလောကအတွင်း မယုံနိုင်စရာကောင်းလောက်အောင် ဖြစ်ပျက်သွားခဲ့ခြင်းဖြစ်သည်။

ဒိတ်ဒိတ်ကျဲသိုင်းဆရာကြီးများရှိနေသည့် ပြိုင်ပွဲကြီး၌ နာမည်လုံးဝမရှိခဲ့ဖူးသော ကျွန်းတင့်ရီကဲ့သို့ လူငယ်လေးတစ်ယောက် အနိုင်ရဗိုလ်စွဲသွားသည်မှာ အံ့သြစရာကောင်းလှသည်။

ထိုကိစ္စနောက်ကွယ်၌ လျှို့ဝှက်ချက်များရှိရမည်ကို 'မုန်တိုင်း' အဖွဲ့နှင့် ကျူးပန်ရှင်းတို့က သိရှိထားသကဲ့သို့ ကျင်းကန်းကျက်၊ တုံးဖန်းလှိုင်နှင့် လီဖိန်ဖိန်တို့လည်း သိရှိထားကြသည်။

ကျွန်းတင့်ရီသည် သူတောင်းစားကြီးလီကျိုရှောင်ကို အနိုင်ယူနိုင်ခဲ့သည့်အပြင် ရွှေမင်းသားတုံးဖန်းလှိုင်ထက်ပင် နာမည်ကျော်သွားခဲ့သည်။

ထိုဖြစ်ရပ်မှာ ရှိုးသားမှု ရှိပါမည်လော... ။

အကြောင်းမသိသူများကား ရုတ်တရက် တွေးတောမိကြလိမ့်မည်မဟုတ်ချေ။

ကျောက်ထပ်တောင်ပြိုင်ပွဲကား ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

သို့သော်... သိုင်းလောက၏ထူးခြားသော လျှို့ဝှက်ချက်များသည် ယခုမှစတင်ဖြစ်ပေါ်လာခဲ့လေတော့သည်။

မုန်တိုင်းအဖွဲ့၏ လျှို့ဝှက်စံအိမ်၌ဖြစ်သည်။

မုန်တိုင်းအဖွဲ့ခေါင်းဆောင် အမတ်ကြီးရွှံကျုန်း၊ သူ၏လက်ထောက်ခေါင်းဆောင်များနှင့် မုန်တိုင်းအဖွဲ့မှ သိမ်းသွင်းထားသည့် သိုင်းသမားများ စုရုံးရောက်ရှိလာကြလေသည်။

ကျောက်ထပ်တောင်ရတနာများကို ဆုံးရှုံးရပြီဟုကြားသိလိုက်ရသောအခါ အမတ်ကြီးရွှံကျုန်း၏ ဒေါသအိုးသည် ပေါက်ကွဲသွားလေတော့သည်။

သူ့ရှေ့ရှိ စားပွဲ၌ ကျောက်ရုပ်ကြီးများပမာ ငိုင်းဖွဲ့နေကြသော သူ၏လက်ထောက်များကို တစ်ချက်ဝေ့ကြည့်ပြီး ဒေါသအလျှောက် အော်ဟစ်မေးမြန်းပါလေ၏။

"ကျောက်ထပ်တောင်ကိစ္စဟာ အားလုံးအေးအေးဆေးဆေး ပါပဲဆို... ခုတော့ ဘယ်လိုဖြစ်သွားတာလဲ... အားလုံးဆုံးရှုံးလိုက်ရပြီ မဟုတ်လား... ကဲ... ပြောကြစမ်းပါဦး... "

မုန်တိုင်းအဖွဲ့အား သစ္စာခံထားသည့် ကောင်းရန်ဂိုဏ်းမှ



ဝိုဏ်းဆရာ ရောက်စင်းထိုက ချောင်းတစ်ချက်ဟန့်ကာ ရှင်းပြလေသည်။

"ခေါင်းဆောင်ကြီးခင်ဗျာ... ကျုပ်တို့ဟာကျောက်ထပ်တောင်မှာ အားလုံးစီစဉ်ပြီးသားပါ... သိုင်းလောကသားတော်တော်များများကိုလည်း ကျုပ်တို့ဘက်ပါအောင် သိမ်းသွင်းနိုင်ခဲ့ပါတယ်... ဒါပေမဲ့ ကျန်းတင့်ရှိ ကြားဝင်လာလို့ မမျှော်လင့်တာတွေ ဖြစ်ကုန်တာပါ... ဒီကောင်လေး ဘယ်လိုဖြစ်လာတယ်ဆိုတာ ကျုပ်တို့အားလုံး အံ့အားသင့်သွားကြတာပါ... "

ရွှံကျုန်း နှာခေါင်းရှုံ့လိုက်သည်။

"ကျန်းတင့်ရှိပေါ်လာတော့ကော ဘာအရေးလဲ... ကျုပ်ရဲ့အမိန့်နဲ့ ဝိုင်းဖမ်းလိုက်ရင် ပြီးတာပဲ မဟုတ်လား... "

ရောက်စင်းထို ငြိမ်သွား၏။

ကျောက်ထပ်တောင်၌ သိုင်းလောကသားအများအပြား ရောက်ရှိနေသည်ဖြစ်ရာ ကျန်းတင့်ရှိကို ဖမ်းဆီးသည်နှင့် တိုက်ပွဲများ ဖြစ်ပေါ်လာလိမ့်မည်ဖြစ်သည်။

လျှို့ဝှက်စွာ ရောက်ရှိနေကြသည့် မုန်တိုင်းအဖွဲ့ဝင်များမှာ စိစိညက်ညက်ချေမှုန်းခံကြရမည်သာဖြစ်လေသည်။

ထို့ကြောင့်လည်း ရောက်စင်းထိုက အသာလျှိုကာ ပြန်လာခဲ့ခြင်းဖြစ်ကြပါသည်။

"ကျုပ်ပြောသားပဲ... လူအင်အားသုံးပြီး ကျောက်ထပ်တောင်

ကို ဝိုင်းထားလိုက်ရင် ဒီကောင်တွေ အတောင်ပေါက်နေတာတောင် ရတနာတွေ ယူပြေးနိုင်ကြမှာမဟုတ်ဘူး... "

ရောက်စင်းထိုကော လက်ထောက်ခေါင်းဆောင်များပါ ရွှံကျန်း ဆူပူကြိမ်းမောင်းသဖြင့် ခေါင်းငုံ့ခံနေကြရတော့သည်။

ထိုအချိန်တွင် အခန်းတွင်းသို့ လူတစ်ယောက်ဝင်ရောက်လာကာ ရွှံကျန်းအား ဂါရဝပြုလိုက်လေသည်။ ထိုလူက ခေါင်းဆောင်ကြီး ရွှံကျန်းအား ရှင်းပြလိုက်သည်။ ထိုသူကား ကျူးပန်ရှင်းပေတည်း။

"ခေါင်းဆောင်ကြီး ခင်ဗျာ... ကျောက်ထပ်တောင်ကိစ္စမှာ ကျုပ်တို့ဘက်က ဘယ်လိုပဲစီစဉ်ထားပါစေ... ရတနာတွေကို လက်လွှတ်လိုက်ရမှာပါပဲ... ဘာကြောင့်လဲဆိုရင်... ကျန်းတင့်ရီရဲ့ မာပဟိုဖိန်တို့က ကြိုတင်အစီအစဉ်တွေကို အစောကြီးကတည်းက ပြုလုပ်ထားခဲ့လို့ပါပဲ... "

ထိုစကားကြောင့် အားလုံးအံ့အားသင့်သွားကြ၏။

ရွှံကျန်းသည် ကျူးပန်ရှင်းကိုတော့ အားလုံးထက်ပို၍ အရေးထားသည်။

"ကဲ... သူတို့ဘယ်လိုစီစဉ်ထားကြတယ်... အကြံအစဉ်က ဘယ်လိုရှိတယ်ဆိုတာကို မင်းပဲပြောစမ်းပါဦး... "

"ကျောက်ထပ်တောင်မှာ ရှောင်လင်ကျောင်းနဲ့ ဝူတန်းဂိုဏ်းကို ကိုယ်စားပြုကြတဲ့ သိုင်းသမားတွေ ထိပ်တိုက်ရင်ဆိုင်ကြမယ်ဆိုရင် ဘယ်သူပဲအနိုင်ရရ... ဘယ်သူပဲရှုံးရှုံး... နောက်ဆက်တွဲပြဿနာတွေ



ပေါ်ပေါက်လာပြီး သိုင်းလောကအေးချမ်းတော့မှာ မဟုတ်ပါဘူး... ဒါကိုတော့ အားလုံးသဘောပေါက်ကြမှာပါ... "

သိုင်းလောကဖရိုဖရဲဖြစ်သွားမည့်အရေးကိုအထက်လမ်းသိုင်းသမားများသာမက အောက်လမ်းသိုင်းသမားများကပါ လိုလားမှုမရှိကြောင်း လူတိုင်းသိထားကြသည်။

"မုန့်တိုင်းအဖွဲ့က စည်းရုံးသိမ်းသွင်းထားသူတွေကိုယ်တိုင်ကလည်း ဒီအဖြစ်ကို မလိုလားကြတာ ထင်ရှားပါတယ်... ဥပမာ ဆရာကြီး ကျင်းကန်းကျက်နဲ့ မာပဟိုဖိန်တို့လို လူစားမျိုးတွေပါပဲ... သူတို့ဟာ ဟိုဘက် ဒီဘက်မျက်နှာပျက်စရာဖြစ်နေလို့ ကြားလူဖြစ်တဲ့ ကျန်းတင့်ရီကိုအသုံးချပြီး ရတနာတွေကို သယ်ထုတ်သွားခဲ့တာပါပဲ... "

ရောက်စင်းထိုသည် မုန့်တိုင်းအဖွဲ့၌ ကျူးပန်ရှင်း၏အရေးပါမှုကို သိပ်ပြီးသဘောကျလှသည် မဟုတ်ချေ။

ထို့ကြောင့် ကျူးပန်ရှင်းအား စိုက်ကြည့်ကာ မေးလိုက်လေသည်။

"ကျန်းတင့်ရီကို... ဘယ်လို အသုံးချသွားတာလဲ ပြောစမ်းပါဦး... ဘယ်သူက အသုံးချခဲ့တာလဲ... "

ကျူးပန်ရှင်း ခေါင်းညိမ့်လိုက်သည်။

"ကျုပ်ရှင်းပြပါ့မယ်ဗျာ... ဒီကိစ္စမှာ အဓိကကျတာက မာပဟိုဖိန်... ကျင်းကန်းကျက်... ကျောက်တန်းရှာနဲ့ တုံးဖန်းလိုင်တို့ပါ... တုံးဖန်းလိုင်က မာပဟိုဖိန်ကို အရှုံးပေးပြီး ရှောင်လင်ဘက်တော်သားတွေ

ကို ကျေနပ်စေခဲ့ပါတယ်... တစ်ခါ မာဟိုဖိန်က ကျန်းတင့်ရီကို အရှုံး ပေးလိုက်ပြီး ရတနာတွေကို သယ်ထုတ်သွားတာပါပဲ... "

ရွှံကျန်းက စိတ်ရှုပ်လာဟန်ဖြင့် ခေါင်းခါယမ်းလိုက်သည်။

"မင်း ဒါတွေပြောပြနေလို့ ကျုပ်က ဘာလုပ်ရမှာလဲ... ကျုပ် တို့အလိုရှိတာက ရတနာတွေပဲ... ကဲ... ရတနာတွေရဖို့ မင်းမှာ ဘယ် လိုနည်းလမ်းရှိသလဲ... "

ကျူးပန်ရှင်း မနေနိုင်တော့ဘဲ ရွှေချောင်းများပြန်လည်ရယူ မည့်အစီအစဉ်ကို ပြောပြလိုက်ရလေတော့သည်။

"မာဟိုဖိန်နဲ့ ကျန်းတင့်ရီက အဓိကကျပါတယ်... သူတို့နှစ် ယောက်ကို ဖမ်းမိပြီဆိုရင် ရွှေချောင်းတွေ ပြန်ရပါပြီ... ကျန်းတင့်ရီက"

"ဟာ... ရှုပ်ပါတယ်... ကျန်းတင့်ရီကော သူ့ရဲ့မိသားစုလုံးကို ပါ ဖမ်းဆီးလိုက်ကြ... ရွှေချောင်းသယ်သွားတဲ့လူတွေကိုလည်း လိုက် ဖမ်းရမယ်... "

ရွှံကျန်းဒေါသတကြီးဖြစ်နေသောကြောင့် ကျူးပန်ရှင်း အခက်ကြုံသွားရသည်။ ဤကိစ္စမှာ ဒေါသနှင့် ဖြေရှင်း၍မလွယ်ပေ။

ရောက်စင်းထိုကား ရွှံကျန်း၏အမိန့်အတိုင်း ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု ကတိပြုကာထွက်သွားသည်။

သူသည် ကျူးပန်ရှင်း၏ လူတွင်ကျယ်လုပ်နေမှုကို မရှုစိမ့် ဖြစ်နေသည် မဟုတ်ပါလား။

ရွှံကျန်းက လက်ဝှေ့ယမ်းပြလိုက်လျှင် ကျန်လက်ထောက်



ခေါင်းဆောင်များလည်း အလျှိုလျှိုထွက်သွားကြရာ နောက်ဆုံး ကျူး ပန်ရှင်းတစ်ယောက်သာလျှင် ကျန်ရစ်ခဲ့လေတော့သည်။

ရွှံကျန်းသည် တကယ်တော့အမြင်မကောင်းလှပါ။ သိုင်းသမား တို့၏သွင်ပြင်မရှိပါ။

ရွှံကျန်းသည် အရက်တစ်ခွက်ငှဲ့သောက်လိုက်သည်။

ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့်ရှိပြီး ပါးစုန့်ကြီးများထနေကာ အဆီများ ပြည့်ဖြိုးနေသည့် ဝက်ကြီးတစ်ကောင်နှင့်ပင် တူနေပါတော့သည်။

တိရစ္ဆာန်နှင့်တူနေသောလူမှာ အဘယ်ကဲ့သို့ လူတော်လူ ကောင်းနှင့် တူပါမည်နည်း။

အရက်သောက်ထားသဖြင့် သူ၏မျက်နှာကြီး ရဲရဲနီနေ၏။

အတော်ကလေးကြာမှ မလှမ်းမကမ်း၌ ငြိမ်သက်စွာရပ်နေ သော ကျူးပန်ရှင်းအား လှမ်းကြည့်လိုက်သည်။

"ကျူးပန်ရှင်း... မင်း ဘာပြောချင်သေးလို့လဲ... "

ကျူးပန်ရှင်းက ဦးညွှတ်လိုက်သည်။

"ခေါင်းဆောင်ကြီးအနေနဲ့ အင်အားသုံးမယ်ဆိုရင်... သိုင်း လောကသားတွေနဲ့ကော... သစ္စာဖောက်တွေနဲ့ကော ရင်ဆိုင်ရဖို့ရှိပြီး မျှော်လင့်သလို အောင်မြင်ဖို့ မလွယ်ပါဘူးခင်ဗျာ... "

ရွှံကျန်း မျက်မှောင်ကုတ်သွားသည်။

"မင်းမှာ အကြံအစည်တစ်ခုခုများ ရှိနေလို့လား... "

"ဟုတ်ပါတယ်... ခေါင်းဆောင်ကြီး... "

"ဒါဖြင့်... ပြောစမ်းပါဦး... "

ကျူးပန်ရှင်းက တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်။

"ကျွန်တော့်သဘောကတော့ ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်ဖို့ပါပဲ... ရန်သူကို... သူတို့အချင်းချင်း ပြန်တိုက်ခိုင်းတာ အကောင်းဆုံးပါပဲ... "

ရွှံ့ကျန်း ခေါင်းညိတ်မိလိုက်၏။

"ကောင်းပြီ... ဘယ်လို ပြန်တိုက်ခိုင်းမလဲဆိုတာ ပြောစမ်းပါဦး... "

"တခြားတော့ မဟုတ်ပါဘူး... အောက်လမ်းသိုင်းလောကမှာ ငွေမက်တဲ့လူတွေ အကျင့်ပျက်တဲ့လူတွေ အများကြီးရှိပါတယ် တချို့ ထိပ်သီးသိုင်းသမားတွေတောင် ပါဝင်နေပါတယ်... ဒါကြောင့်ရွှေချောင်းတွေ သယ်ဆောင်သွားတဲ့လူတွေကို ဖမ်းမိမယ်ဆိုရင်... သုံးပုံတစ်ပုံကို ဆုငွေပေးမယ်လို့ ကြေညာလိုက်ပါ... ဒါမှမလုံလောက်သေးဘူးဆိုရင် ရာထူးရာခံပေးဦးမယ်လို့ ပြောလိုက်ရုံပါပဲ... "

ကျူးပန်ရှင်း၏အကြံကြောင့် ရွှံ့ကျန်းမျက်မှောင်ကုတ်သွား၏။

"အင်း... မန်ချူးတွေ ကျူးကျော်လာတာ့တိုင်းပြည်ငါးပုံတစ်ပုံလောက် သိမ်းပိုက်ပြီးသွားပြီ... သစ္စာဖောက်နယ်စား လီကျက်ချန်ကလည်း ထကြွရင်း အင်အားကောင်းလာလို့ နယ်ချဲ့တွေထက်တော်



နေပြည်တော်ကို ခြိမ်းခြောက်နိုင်တဲ့လူဖြစ်နေပြီ... လီကျက်ချန်ဒီလောက်အောင်ပွဲရလာတာဟာ... သူ့ရဲ့အဖွဲ့ထဲမှာ သိုင်းလောကသားတွေ ပါဝင်နေလို့ပဲ... "

သူက ကျူးပန်ရှင်းအား စိုက်ကြည့်လိုက်သည်။

"သိုင်းလောကသားတွေကို အသုံးချနိုင်ရင်... ကျုပ်တို့မှန်တိုင်းအဖွဲ့လည်း ခြေစကြီးမားလာမှာပဲ... ကျူးပန်ရှင်း မင်းရဲ့အကြံကောင်းတယ်... ဒါပေမဲ့... "

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သဖြင့် ကျူးပန်ရှင်း ပြုံးလိုက်လေသည်။

"ဆုငွေသုံးပုံတစ်ပုံပေးရမှာကို များတယ်လို့ခေါင်းဆောင်ကြီးယူဆတာ မဟုတ်လား ခင်ဗျာ... "

"မှန်တာပေါ့ကွာ... သုံးပုံတစ်ပုံဆိုတာ နည်းတာမှမဟုတ်ဘဲ"

"စိတ်ချပါ... ဒီလိုပေးမယ်ဆိုမှ ကျွန်တော်တို့အတွက် ဆောင်ရွက်ပေးချင်သူတွေ... အများအပြားပေါ်ပေါက်လာမှာပါ... မာဟိုဖိန်တို့ကို ရှင်းပြီးတဲ့အချိန်ကျတော့လည်း... ကျွန်တော်တို့သဘောပါပဲ... ပေးချင်လည်း ပေးလို့ရသလို မပေးချင်လည်း မပေးဘဲနေလို့ရတာပဲ မဟုတ်လားခင်ဗျာ... "

ရွှံ့ကျန်းကား အကြံကြီးရုံတင်မက လောဘလည်းကြီးသည်။

သူသည် တဟားဟားရယ်မောလိုက် ၏။

"ဟား... ဟား... ဟား... "

ကျူးပန်ရှင်းအား ပို၍နှစ်သက်သဘောကျသွားပြီဖြစ်ပါသည်။

"သိပ်ကောင်းတဲ့ အကြံပဲ... ကျူးပန်ရှင်း... မင်းတော်တယ် မင်းကို ငါ့ရဲ့လျှို့ဝှက်ချက်တစ်ခုပြောရဦးမယ်... "

"ဟုတ်ကဲ့... ခင်ဗျ... "

ကျူးပန်ရှင်းက ဂရုစိုက်ပြီး နားထောင်နေလိုက်၏။

ရှဲကျန်းသည် အကျေနပ်ကြီးကျေနပ်နေသည့်အပြင် အရက်မူးနေ၍ထိုသို့ပြောခြင်းဖြစ်ကြောင်း ကျူးပန်ရှင်းနားလည်သည်။

ရှဲကျန်းက အဆီဝင်းနေသော နှုတ်ခမ်းကို လက်ခုံဖြင့်သုတ်ရင်း ပြောလိုက်သည်။

"ရွှေချောင်းတွေရရင်... နေပြည်တော်ကို ကျုပ်က ပို့ပေးမှာ မဟုတ်ဘူး... "

စကားဆုံးလျှင် ပါးစပ်ကြီးဖြဲကာ တဟားဟားရယ်မောလိုက်လေတော့သည်။

"ဟား... ဟား... ဟား... "

ကျူးပန်ရှင်း ခေါင်းနပန်းကြီးသွားသည်။ ရှဲကျန်းသည် မျိုးချစ်တစ်ယောက်မဟုတ်ချေတကား... ။

သူသည် အကျင့်ပျက်သူ၏အကြောင်း ကောင်းကောင်းကြီးသဘောပေါက်သွားလေတော့သည်။

သို့သော်... သူ အကြံကောင်းပေးမိခဲ့လေပြီ။

ရက်ပိုင်းအတွင်းမှာပင် အနယ်နယ်အရပ်ရပ်၌ ကြော်ငြာစာ



များ ပျံ့နှံ့သွားသည်။ ထိုကြော်ငြာစာများတွင် မည်သူတို့၏အမည်များပါရှိသနည်း။

ကျန်းတင့်ရီ၏အမည်ပါရှိလာသည်။

အသေရရ အရှင်ရရ ဖမ်းဆီးပေးနိုင်လျှင် ဆုငွေအများအပြားပေးမည်ဟုလည်း ဖော်ပြထားသည်။

ဤတွင်...

ကြေးစားများ၊ အောက်လမ်းသိုင်းသမားများ၊ အကျင့်ပျက်သူများသည် အလျှိုလျှိုထွက်ပေါ်လာပြီး မုန့်တိုင်းအဖွဲ့နှင့် အဆက်အသွယ်ပြုကြလေသည်။

မုန့်တိုင်းအဖွဲ့က ထိုလူများအား အသုံးချနိုင်ရန် စည်းရုံးသိမ်းသွင်းနိုင်ခဲ့လေတော့သည်။

အခန်း [ ၂၇ ]

## မျှော်လင့်ချက် ရောင်ခြည်

အားမုန်သည် ကျောက်ထပ်တောင်မှ တိတ်တဆိတ်ဆင်းလာပြီးနောက် မြင်းတစ်ကောင်ဝယ်ယူကာ ဟန်ကျူးသို့ဦးတည်ခရီးပြင်းနှင်လေတော့သည်။

ကျောက်ထပ်တောင်နှင့် ဝေးသွားပြီး လမ်းတစ်ဝက်ရောက်မှ ကျွန်းတင့်ရီပေးထားသောစာကို ဖောက်ဖတ်ကြည့်လိုက်ရာမှ အဖြစ်မှန်ကို သိလိုက်ရလေတော့သည်။

ကျောက်ထပ်တောင်မှ ရွှေချောင်းများရယူဖို့ မာဟိုဖိန်တို့လူနှင့် ကြိုတင်စည်းဝါးရိုက်ကာ ဆောင်ရွက်ခဲ့ကြောင်း ထိုကိစ္စကြောင့် မုန်တိုင်း အဖွဲ့မှ ရန်ရှာလိမ့်မည်ဖြစ်ကြောင်း၊ ဖခင်ဖြစ်သူအတွက်လည်း စိတ်မချရသဖြင့် ဟန်ကျူးသို့အမြန်ဆုံးပြန်ကာ အကျိုးအကြောင်းပြော



ပြီး ဝါခေမတောင်သို့ သွားရောက်ပုန်းအောင်းနေကြရန် စသည်ဖြင့် စုံစုံလင်လင် ရေးသားထားလေသည်။

အားမုန်သည် မြင်းတစ်ကောင်မှ တစ်ကောင်ပြောင်းပြီးစီးနင်းကာ မရပ်မနားခရီးနှင်သွားခြင်းဖြင့် တိုတောင်းသောအချိန်ကာလအတွင်း ဟန်ကျူးမြို့သို့ ရောက်ရှိသွားတော့၏။ အားမုန်သည် တကယ်မှာရှိသော၊ ညီနောင်ရင်းသဖွယ်စိတ်ချရသော အိမ်ဖော်ကောင်းဖြစ်လေ၏။

ကျွန်းအိမ်တော်သို့ရောက်သည်နှင့်ကျွန်းတင့်ရီပေးလိုက်သောစာကို ကျွန်းတင့်ရီ၏ဖခင် ကျွန်းပိုထံ အပ်နှံလိုက်၏။

ကျွန်းပိုလည်း အခြေအနေမဟန်မှန်းသိလျှင် ချက်ချင်းပင် ပစ္စည်းပစ္စယများကိုထုတ်ပိုး သိမ်းဆည်းလိုက်သည်။

အခြွေအရံများ၊ အိမ်ဖော်များကိုလည်း ငွေများပေးကမ်းပြီး မိမိတို့၏ဇာတိရပ်ရွာသို့ ပြန်နိုင်းလိုက်သည်။ ကျွန်းပိုက လက်တွေ့လုပ်ကောင်ရာ၌ အရည်အချင်းရှိသူဖြစ်သည်။

သူကိုယ်တိုင်ကမူ အားမုန်နှင့်အတူ မြင်းလှည်းတစ်စီးဖြင့် ဝါခေမတောင်သို့ ခရီးနှင်တော့သည်။

အားမုန်၏ကြိုးစားမှုကြောင့် ကျွန်းပိုကံကောင်းသွားသည်ဟု ဆိုရမည်ဖြစ်သည်။

သူတို့ထွက်သွားပြီး ရက်ပိုင်းအတွင်းမှာပင် ကြေးစားသိုင်းသမားများပါဝင်သော မုန်တိုင်းတပ်ဖွဲ့သည် ဟန်ကျူးသို့ရောက်ရှိလာ

ကြသည်။

ကျန်းပိုက ကြိုတင်ရှောင်ရှားသွားပြီဖြစ်ကြောင်း သိရလျှင် ခေါင်းဆောင်လာသော လက်ထောက်ခေါင်းဆောင်ချောင်ဝါးကော့ ဒေါ ပွသွား၏။

ကျန်းပိုတို့အား လက်လွှတ်မခံဘဲလိုက်လံဖမ်းဆီးရန် အပြင်း အထန်ကြိုးစားပြန်လေတော့သည်။

ထိုအချိန်၌ ကျန်းပိုနှင့် အားမုန်တို့သည် ခရီးပြင်းနှင်နေဆဲ ဖြစ်သည်။

ဝမ်ဆန်းတောင်ကို လှမ်းမြင်နေရသည်။

ဝမ်ဆန်းတောင်သည် ဝါမေတောင်နှင့် ဆယ်မိုင်ခန့်အကွာ၌ ရှိသော တောင်တစ်လုံးဖြစ်သည်။

အားမုန်တို့မှာ နောက်ကြောင်းမအေးသဖြင့် ခရီးပြင်းနှင်လာ ကြရာ ဝါမေတောင်အနီးမှ ဝမ်ဆန်းတောင်သို့ပင် ရောက်ရှိလာခဲ့ကြလေ တော့သည်။

တောလမ်း တောင်လမ်းများမှဖြတ်သန်းရတော့မည်ဖြစ်ရာ လှည်းကို စွန့်ပစ်ခဲ့ပြီး လက်တွန်းလှည်းတစ်စီးဖြင့် ရှေ့ခရီးဆက်လာခဲ့ ကြလေသည်။

တောလမ်းလေးမှာ ကွေ့ကွေ့ကောက်ကောက်ရှိနေ၏။

လမ်းဘေးတစ်ဖက်တစ်ချက်၌ သစ်ပင်ချုံနွယ်များ ဝိတ်ဖုံး ထားသည်။



ကျေးငှက်သာရကာလေးများက ဘာသာဘာဝတေးသီကျေး နေကြသကဲ့သို့ ရောင်စုံတောပန်းကလေးများလည်း ငွားငွားစွင့်စွင့်မွှင့် နေကြလေတော့သည်။

တောတောင်ရေမြေသဘာဝအလှအပများကား ဆေးရေးမမီ သည့် ပန်းချီကားတစ်ချပ်ပမာ လှပနေသည်။

အားမုန်တို့ ခရီးပြင်းနှင်လာခဲ့ကြရာမှ ပွပင်သောကများနှင့် ပင်ပန်းနွမ်းနယ်မှုများကိုပင် မေ့ပျောက်သွားရသကဲ့သို့ ရှိသည်။

ထိုအချိန်မှာပင် မမျှော်လင့်သောဖြစ်ရပ်ပေါ်ပေါက်လာလေ သည်။

“ဟူး... ဟူး... ဟူး... ”

အဝတ်အစားလေတိုးသံများနှင့်အတူ သစ်ပင်ချုံနွယ်များမှ လူတစ်စု ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေ၏။

ထိုလူများမှာ အပြာရောင်ဝတ်စုံများဝတ်ဆင်ကာ မျက်နှာ တစ်ဝက်ကို ပဝါနက်များဖြင့် စည်းနှောင်ကာ ရုပ်ဖျက်ထားကြ၏။

လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသဖြင့် တောပုန်းခါးပြ များဖြစ်ကြောင်း ထင်ရှားနေသည်။

“ဟင်... ”

“ဟာ... ”

ကျန်းပိုနှင့် အားမုန်တို့ ထိတ်လန့်သွားကြ၏။ သူတို့ထွက်ပြေး ရန် ကြိုးစားကြသည်။

သို့သော်...

တောပုန်းဓါးပြများ၏လက်မှ မလွတ်တော့ချေ။

ထိုလူများက ပြေးပေါက်မရှိအောင် ဝိုင်းရံထားလိုက်ကြ၏။

တစ်ယောက်က ဓါးကိုတဝှိုးဝှိုးမြည်အောင်ဝှေ့ယမ်းကာ အော်ပြောလေသည်။

"မင်းတို့... အသက်မသေချင်ရင် ပါလာတဲ့ပစ္စည်းတွေ ထုတ်လိုက်ကြ... "

ကျွန်းပို ထိတ်လန့်နေသည်။

"အားမုန်... တို့ ဘယ်လိုလုပ်ကြမလဲ... "

"သခင်ကြီး... ဘာမှမပူပါနဲ့... "

အားမုန်က ရှေ့သို့ လှမ်းထွက်လိုက်သည်။

ချန်ရင်ဆက်ထံ၌ အခြေခံသိုင်းပညာ သင်ခဲ့ရသလို သိုင်းလောကသားများနှင့်လည်း ပတ်သက်ခဲ့ဖူးသူဖြစ်၍ ကြောက်စိတ်ကိုဖယ်ရှားကာ ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

အညတရဖြစ်သော သူ၏သခင်လေးကျွန်းတင့်ရှိပင် ကျောက်ထပ်တောင်ပြိုင်ပွဲနှင့်ကာ ဗိုလ်စွဲအနိုင်ရခဲ့သည် မဟုတ်ပါလား။ သူက ဤဓါးပြများကို အဘယ်ကြောင့် ရင်မဆိုင်ရဲရမည်နည်း။

အားမုန်က ရင်ကော့လိုက်သည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ... "

သူ၏အသွင်ကြောင့် ထိုလူများ နောက်ဆုတ်သွားကြ၏။



ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ခြိမ်းခြောက်သည့်သဘောဖြင့် ပြောလေသည်။

"ဟိတ်... တို့ဟာ ဝါဆန်းသိမ်းငှက်ပြာဂိုဏ်းကပဲ... ခုခံမယ်မကြံနဲ့... သေသွားမယ်... ဒီတောင်ကိုလာရင် ငါတို့လက်ချက်နဲ့ သေသူတွေ အများကြီးရှိတယ်ကွ... "

သိမ်းငှက်ပြာဂိုဏ်းဟူသောအမည်ကြားလျှင် လူတိုင်းဖိန့်ဖိန့်တုန်သွားလိမ့်မည်ဖြစ်သည်။

ထိုသိမ်းငှက်ပြာဂိုဏ်းသည် ယခင်က လမ်းဓါးပြအဖွဲ့အစည်းတစ်ခုသာဖြစ်သည်။

နောက်ပိုင်းတွင် သစ္စာဖောက်နယ်စားကြီးလီကျက်ချန်၏ စည်းရုံးသိမ်းသွင်းမှုခံရပြီးနောက် လီကျက်ချန်က အင်အားကြီးမားလာသည်နှင့်အမျှ သိမ်းငှက်ပြာဂိုဏ်းသည်လည်း ထိပ်တန်းအဆင့်သို့ ရောက်ရှိလာခဲ့လေသည်။

ဤနယ်တစ်ဝိုက်တွင် သိမ်းငှက်ပြာဂိုဏ်းဟူသည်ကိုကြားလိုက်သည်နှင့် လူတိုင်းထိတ်လန့်ကြောက်ရွံ့သွားကြစမြဲပင်ဖြစ်သည်။

ယခု သိမ်းငှက်ပြာဂိုဏ်းနှင့် ထိပ်တိုက်တွေ့လိုက်ရပြီဖြစ်လေသည်။

အားမုန်သည် သိမ်းငှက်ပြာဂိုဏ်းအကြောင်းကို မသိပါ။

ထို့ကြောင့်...

"ဟား... ဟား... ဟား... "

ကျယ်လောင်စွာဖြင့် ဟားတိုက်ရယ်မောလိုက်သည်။

ထို့နောက်... သူက ရင်ကော့ပြီး ပြောလိုက်သည်။

"ဟေ့လူတွေ... ကျွန်းတင့်ရီဆိုတဲ့နာမည်ကိုကော ကြားဖူးကြသလား... "

"ဟင်... "

"ဟာ... "

သိမ်းငှက်ပြာဂိုဏ်းသားများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေတော့သည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြပြီးမှ အားမုန်အား မျက်လုံးပြူးကာကြည့်လိုက်ကြလေသည်။

"မင်းက ကျွန်းတင့်ရီဟုတ်လား... "

အားမုန်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး... ကျုပ်ရဲ့သခင်လေးဗျ... "

"ကောင်းပြီ... မင်းရဲ့ သခင်လေးက ဘယ်မှာလဲ... "

အားမုန်က ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား... သခင်လေးလား ရှိတာပေါ့ဗျာ... ရွှေချောင်းတွေကို ယူပြီးသွားနေပြီလေ... "

"ဟိတ်... သူ ဘယ်ကိုသွားတာလဲ ပြောစမ်း... "

"ကျုပ် မသိဘူး... "

"ဘာကွ... "



အားမုန်က ရင်ကော့လိုက်သည်။

"ကဲ... ကျုပ်ကတော့ ကျုပ်ရဲ့သခင်လေးအကြောင်း ပြောလိုက်ပြီ... ခင်ဗျားတို့က ကျုပ်တို့ကို ဘယ်လိုဒုက္ခမျိုး ပေးချင်သလဲ... ပေးရင်လည်း လာကြလေဗျာ... ကျုပ်တို့က ရင်ဆိုင်ဖို့အသင့်ပဲ... "

အမှန်တော့... အားမုန်က ကျွန်းတင့်ရီ၏အမည်ကို ပြောလိုက်လျှင် လူဆိုးများ ကြောက်ရွံ့ထိတ်လန့်သွားမည်ဟု မျှော်လင့်ထားသည်။

မုန်တိုင်းအဖွဲ့မှ သူတို့အားဆုတော်ငွေထုတ်ထားသည်ကို မသိပါ။

သိမ်းငှက်ပြာဂိုဏ်းသားများသည်လည်း ကြောက်ရွံ့ခြင်းမရှိသည့်အပြင် သူတို့မှတစ်ဆင့် ကျွန်းတင့်ရီကို ခြေရာကောက်၍ရွှေချောင်းများ ရယူနိုင်တော့မည်ဟု ဝမ်းသာအားရဖြစ်နေကြသည်ကိုလည်း မသိပါ။ သိမ်းငှက်ပြာအုပ်စုခေါင်းဆောင်သည် သူ့လူများကိုအော်ဟစ်အမိန့်ပေးလိုက်၏။

"ဟေ့... ဒီကောင့်ကို ဖမ်းလိုက်ကြစမ်း... "

သိမ်းငှက်ပြာဂိုဏ်းသားများက အော်ငေါက်ကာ ရှေ့တိုးလာကြတော့မှ ထိတ်လန့်သွားလေတော့သည်။ သူ့အထင်နှင့်အမြင် မှားမှားလေပြီ။

ကျောချမ်း ခါးပြမှန်းသိသွားလေတော့သည်။

"ဟေ့လူတွေ... မတရားမလုပ်နဲ့... "

သူက ခုခံရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်

ပါသည်။

သိမ်းငှက်ပြာဂိုဏ်းသားများသည် အနီးသို့ရောက်ရှိလာကြ[ပြီး]
သူတို့အား ဖမ်းချုပ်ထားလိုက်ကြလေတော့သည်။

အားမုန်နှင့် ကျွန်းပိုတို့ ဘာမှမတတ်နိုင်ကြတော့ပါ။

သိမ်းငှက်ပြာဂိုဏ်းသားများ ခေါင်းဆောင်ရာနောက်သို့ ကြ[ဂ်]
ကလေး ငှက်ကလေးများပမာ လိုက်ပါသွားကြရလေတော့သည်။

သိမ်းငှက်ပြာဂိုဏ်းသားများသည် သူတို့နှစ်ယောက်အ[ား]
သူတို့၏ ဌာနချုပ်သို့ ခေါ်ဆောင်သွားပြီး ချုပ်နှောင်ထားလိုက်တေ[ာ့]
သည်။

သူတို့အား အတူချုပ်နှောင်မထားပါ။

တကွဲတပြားစီ ချုပ်နှောင်ထားသည်။

ထို့နောက်...

အမျိုးမျိုး စစ်ဆေးမေးမြန်းကြလေတော့သည်။

"သခင်လေးနာမည်ကို ပြောပြလိုက်ရင် အားလုံးကြောက်[လ]
သွားရမယ်လို့ ထင်နေမိတာ... ခုတော့ အားလုံးက သခင်လေးကို မ[ုန်း]
ချင်နေကြတယ်... သခင်လေးနဲ့ပါသွားတဲ့ ရွှေချောင်းတွေကို လိုချ[င်]
ကြတာကိုး... ငါ အမှားကြီး မှားတာပဲ... "

ကျွန်းတင့်ရှိအကြောင်းပြောမိသည်မှာ အမှားကြီးမှားသွ[ား]
ဖြစ်ကြောင်း သူသိလိုက်သော်လည်း နောက်ကျသွားခဲ့လေပြီ။

"ငါ ဘယ်လိုလုပ်ရပါ့မလဲ... "



"ကြံစမ်း... ကြံစမ်း... "

အားမုန်သည် အမျိုးမျိုးတွေးတောစဉ်းစားရင်း နောက်ဆုံး
[အ]ကြံတစ်ခုရလာသဖြင့် ထိုအကြံအတိုင်း အကောင်အထည်ဖော်ရန်
[ဆ]ုံးဖြတ်လိုက်လေသည်။

မှားမကြာမီ သိမ်းငှက်ပြာဂိုဏ်းသည် အားမုန်နှင့် ဆက်ဆံရာ
[မ]ှ ထူးခြားမှုများ ကြုံတွေ့လာရတော့၏။

"ဒီကောင်... ရူးနေပြီကွ... "

"ဒါဖြင့်... ကျွန်းတင့်ရှိအကြောင်း ဘယ်လိုစုံစမ်းရမလဲ... "

"ဒါတော့... တို့ရဲ့ခေါင်းဆောင်ကြီးရောက်လာမှ ဘယ်လိုလုပ်
[ရ]မယ်ဆိုတာ သိရမှာပဲ... "

"သူ့ကို ဂရုတော့စိုက်ရမယ်... "

"ကျွန်းတင့်ရှိရဲ့ အဖေကလည်း သိုင်းလောကအကြောင်း...
[ဘ]ာမှမသိဘူး... အားမုန်ဆိုတဲ့ အရူးကောင်က အရေးပါနေပြီ... "

သိမ်းငှက်ပြာဂိုဏ်းသားများသည် အားမုန်အား ရူးသွပ်နေသူ
[တ]စ်ယောက်ပမာ သဘောထားလိုက်ကြလေတော့သည်။

ဤသို့ဖြင့် ရက်များကုန်ဆုံးလာသည်။

တစ်ရက်... ။

နှစ်ရက်... ။

သုံးရက်... ။

အားမုန် အဖမ်းခံထားရသည်မှာ သုံးရက်ရှိသွားပြီဖြစ်သည်။

ထိုသုံးရက်အတွင်း သိမ်းငှက်ပြာဂိုဏ်းခေါင်းဆောင်မှာ 'ဝေမှန်' ဆိုသူဖြစ်ကြောင်းသာသိရပြီး လူကိုမတွေ့ရချေ။

ဝေမှန်တွင် အရေးကြီးသောကိစ္စများရှိနေကြောင်းလည်း သိရ၏။

ကျွန်းပိုက ရွှေချောင်းများအကြောင်း မသိခြင်း၊ အားမှန်က ရှုးသွပ်နေခြင်းကြောင့် သိမ်းငှက်ပြာဂိုဏ်းသားများ စိတ်ပျက်လာကြသည်။ အစောင့်များလည်း လျော့တိလျော့ရဲဖြစ်လာကြသည်။

"တစ်ယောက်ကလည်း ဘာမှမေးလို့ မရဘူး… တစ်ယောက်ကလည်း ရူးနေတယ်… ရွှေချောင်းတွေရဖို့ဆိုတာ အိပ်မက်တစ်ခုလို ဖြစ်နေပြီ… ဒီလိုလူနှစ်ယောက်ကို ဖမ်းခေါ်ထားလို့ ငါတို့ ဘာအကျိုးရှိမှာလဲ… ငါတို့ရိက္ခာတောင် ကုန်သေးတယ်… "

"သိပ်လည်း စိတ်မပျက်ပါနဲ့ကွာ… တို့ဆရာဝေမှန်က မညံ့ပါဘူး… ကျွန်းတင့်ရှိရဲ့အဖေကို ဖမ်းထားနိုင်ပြီပဲ… ကျွန်းတင့်ရှိ လက်ပိုက်ကြည့်နေနိုင်ပါ့မလား… ဆရာဝေမှန်အကြောင်းပြပါလိမ့်မယ်… "

"အေး… ကြော်ငြာထဲကအတိုင်း ဆုကြေးရရင် တို့လည်း သူဌေးဖြစ်မှာပဲ… "

"ဟား… ဟား… မင်းတော်တော်ရူးတာပဲ… မုန်တိုင်းအဖွဲ့ရဲ့ လက်ထဲကို အပ်မလားကွ… ရသမျှ အကုန်ယူမှာပေါ့… "

"အေး… ဒါလည်း ဟုတ်တာပဲ… ဆရာဝေမှန်… မြန်မြန် ဆောင်ရွက်စမ်းပါစေကွာ… "



အစောင့်များသည် ရွှေချောင်းများကိုသာ မက်မောကာ စိတ်ကူးယဉ်နေကြသည်။ သို့သော်… သူတို့သည် ကျွန်းပိုကိုသာအနည်းငယ် ဂရုစိုက်ပြီး အားမှန်ကိုတော့ ဂရုမစိုက်တော့ချေ။

ထို့ကြောင့် တစ်ညတွင် အားမှန်သည် ချုပ်နှောင်ထားသော အခန်းကိုဖောက်ကာ ထွက်ပြေးလွတ်မြောက်သွားခဲ့လေတော့သည်။

အားမှန်ထွက်ပြေးလွတ်မြောက်သွားပြီဖြစ်သော်လည်း ဝေးဝေးလံလံမသွားနိုင်သေးချေ။ သူသည် သူ၏သခင်ကြီးကျွန်းပိုကို စောင့်ရှောက်ရမည် မဟုတ်ပါလား။

ကျွန်းပိုက အဖမ်းခံရပြီး ကျွန်ရစ်ခဲ့သည်မဟုတ်ပါလား… ။

ကျွန်းပိုအား ထားပစ်ခဲ့ပြီး ထွက်မပြေးနိုင်ပါချေ။ သခင်ကြီး ကျွန်းပိုကို သူကာယ်ထုတ်ရပါဦးမည်။ ကျွန်းပိုအား ကယ်တင်ရန် အကြံ ထုတ်ရင်း တောအုပ်ထဲ၌ တဝဲလည်လည်ဖြစ်နေသည်။

ထိုစဉ်…

"မြန်မြန်သွားဟေ့… "

မလှမ်းမကမ်းတစ်နေရာမှ အမိန့်ပေးသံ၊ ခြေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ဒုက္ခပဲ… သိမ်းငှက်ပြာဂိုဏ်းသားတွေ… ငါ့ကိုလိုက်ရှာနေကြပြီထင်တယ်… "

အားမှန်သည် ချုံပုတ်များကြားထဲ တိုးဝင်ကာပုန်းအောင်းနေလိုက်၏။

စိုးရိမ်ထိတ်လန့်မှုကြောင့် ရင်ထဲတထိတ်ထိတ်ခုန်လာသကဲ့သို့ ခေါ်ချွေးများလည်း ပြန်လာသည်။ သူ့ကိုပြန်မိသွားလျှင် သခင်ကြီးကျုန်းပိုကို အဘယ်သို့ကယ်ထုတ်နိုင်ပါတော့မည်နည်း။

မကြာမီ လူတစ်စုထွက်ပေါ်လာသည်ကို တွေ့ရသည်။

အားကောင်းမောင်းသန်လူကြီးလေးယောက်က လှပသောဝေါယာဉ်တစ်ခုအား ထမ်းလာကြသည်။

အားမုန်အံ့သြသွားသည်။

"ဟင်... သိမ်းငှက်ပြာဂိုဏ်းသားတွေလည်း မဟုတ်ပါလား"

တောတောင်ထဲ၌ လှပသောဝေါယာဉ်တစ်ခုကို တွေ့လိုက်ရသဖြင့် သူအံ့သြနေတော့သည်။

"သူတို့ ဘယ်သူတွေလဲ... ဘယ်ကိုသွားကြမလို့လဲ... "

ထိုသူများသည် သိမ်းငှက်ပြာဂိုဏ်းသို့သွားမည် မဟုတ်ဘဲ အခြားသော တစ်နေရာသို့ ဦးတည်သွားနေကြခြင်းဖြစ်သည်။

အားမုန်သည် တိတ်တဆိတ်ချောင်းမြောင်းကြည့်ရင်း အကြံတစ်ခုရလာသည်။

"ဟုတ်ပြီ... သူတို့နောက်ကို ငါလိုက်သွားမယ်... အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းရမယ်... "

ထိုလူများသည် ကိုယ်ကျပ်အင်္ကျီများဝတ်ဆင်ထားကြသကဲ့သို့ လက်နက်များလည်း ကိုင်ဆောင်ထားကြသည်ဖြစ်ရာ သိုင်းလောကသားများဖြစ်ကြောင်း သူ အကဲခတ်မိသည်။



အားမုန်က တိတ်တဆိတ် နောက်ယောင်ခံလိုက်သွားလေတော့သည်။

ဝမ်ဆန်းတောင်...

ဝမ်ဆန်းတောင်မှာ တောအုပ်များ၊ လျှိုမြောင်စိမ့်စမ်းများ တောင်ကုန်းများဖြင့် အပြောကျယ်လှသော တောင်တစ်လုံးဖြစ်ပါသည်။

ဝေါယာဉ်နှင့်လူများသည် တစ်တောင်ဆင်း တစ်တောင်တက်ဖြင့် ခရီးဆက်သွားရာ စမ်းချောင်းလေးတစ်ခုအနီးသို့ ရောက်လာကြလေ၏။

ထိုစမ်းချောင်းလေး၌ ဝါးများဖြင့် တံတားထိုးထားပြီး တစ်ဖက်ကမ်းတွင် ဝါးဖြင့်ဆောက်လုပ်ထားသော အိမ်ကလေးများရှိနေသည်ကို တွေ့လိုက်ရသည်။

တောတောင်ထဲ၌ လျှို့ဝှက်စွာနေထိုင်သူများရှိနေသည်ကို မှုမြားစွာတွေ့လိုက်ရခြင်းဖြစ်သည်။

ဝေါယာဉ်က တံတားကိုဖြတ်ကျော်သွားသောအခါ အားမုန်မှာ ဆက်၍လိုက်မသွားနိုင်တော့ချေ။

"ငါ ဘယ်လိုလုပ်ရပါ့မလဲ... "

အားမုန်အခက်ကြုံသွား၏။

ထိုလူများထဲမှ အကူအညီတောင်းလိုသော်လည်း မိတ်ဆွေမဖြစ်ဘဲ ရန်သူဖြစ်နေပါက ဒုက္ခရောက်သွားမည်ကိုလည်း တွေးမိသည်။

ထို့ကြောင့် အတန်ကြာတွေးတောစဉ်းစားပြီးမှ စမ်းချောင်းလေးကို ဖြတ်၍ဆောက်လုပ်ထားသော ဝါးတံတားအောက်မှ တွယ်ကပ်ကာ တစ်ဖက်ကမ်းသို့ ကူးသွားရန် ဆုံးဖြတ်လိုက်သည်။

စမ်းချောင်းထဲမှရေသည် ရေစီးသန်လှ၏။ ကျသွားလျှင် မလွယ်။ ရေစီးထဲမျောပါသွားမည်သာဖြစ်သည်။

အားမုန်သည် ပတ်ဝန်းကျင်ကိုအကဲခတ်ပြီးလူရှင်းနေသည်ကို တွေ့ရလျှင် ဝါးတံတားလေးဆီသို့ ပြေးသွားလိုက်သည်။

တံတားအောက်သို့ ခိုဝင်ပုန်းအောင်းကာ ခဏငြိမ်သက်နေလိုက်ပြီးမှ ဆင့်တန်းများ၊ တိုင်များကို အားပြုကာ ရှေ့တိုးသွားလိုက်၏။

တရွေ့ရွေ့ဖြင့် ဝါးတံတားအလယ်ခန့်သို့အရောက်တွင် အပေါ်ဘက်မှ စကားပြောသံများ၊ ခြေသံများကိုထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အားမုန်ချောင်းကြည့်လိုက်သောအခါ အမျိုးသမီးနှစ်ယောက် စကားတပြောပြောဖြင့် တံတားဆီသို့ လှမ်းလာနေကြခြင်းဖြစ်သည်ကို တွေ့မြင်ရသည်။

အမျိုးသမီးနှစ်ယောက်အနက် တစ်ယောက်မှာ အသက်ငါးဆယ်ကျော်ခန့်ရှိပြီး ခက်ထန်တင်းမာသောမျက်နှာထားရှိသည်။ တစ်ခုတစ်ခုအား အလိုမကျဖြစ်နေပုံရသည်။



ကျန်တစ်ယောက်က ငယ်ရွယ်ချောမောသောအမျိုးသမီးတစ်ယောက်ဖြစ်၏။

ဝေါယာဉ်နှင့်လိုက်လာသူဖြစ်ပုံရသည်။

သူတို့နှစ်ယောက် မျက်နှာပေါက်ချင်းဆင်နေသဖြင့် သားအမိဖြစ်ရမည်ဟု အားမုန်ခန့်မှန်းမိသည်။

နှစ်ယောက်သား စကားတပြောပြောဖြင့် တံတားပေါ်သို့ ရောက်ရှိလာကြသဖြင့် အားမုန်လည်း အသံမထွက်ရဲဘဲ ငြိမ်နေလိုက်ရသည်။

"သမီးရဲ့ယောက်ျားဝေမုန်က အတော့်ကိုအသုံးမကျတာဘဲ ဒါကြောင့်... သမီးအဖေက အမြဲတမ်းဆူပူကြိမ်းမောင်းနေတာပေါ့... စုလည်းကြည့်ဦး... ဘာမဟုတ်တဲ့ အရူးကောင်လေးကိုတောင် ကောင်းကောင်းဖမ်းမထားနိုင်ဘူး... "

အမျိုးသမီးကြီး၏အသံဖြစ်သည်။

အားမုန်မျက်လုံးပြူးသွားလေတော့၏။

ဝေမုန်ဆိုသူမှာ သိမ်းငှက်ပြာဂိုဏ်းခေါင်းဆောင်ဖြစ်နေပြီး 'အရူး'ကောင်လေးဆိုသည်မှာ မိမိအားရည်ရွယ်ကာပြောနေခြင်းမဟုတ်ပါလား။

"ကျွန်းတင့်ရီရဲ့အဖေ ကျွန်းပိုက အရေးကြီးတယ် မဟုတ်လား ဒါကြောင့်လည်း... သမီးတို့ သိမ်းငှက်ပြာဂိုဏ်းမှာ မထားဘဲ မေမေတို့ဆီကို ပို့လိုက်တာပေါ့... "

"အဲဒါ ခက်တာပေါ့... သမီးအဖေအကြောင်းလည်း သိသားပဲ သူက နယ်စားကြီးလီကျက်ချန်ရဲ့ အမာခံသစ္စာရှိသူတစ်ယောက်ပဲ... ကျုန်းပိုကို နယ်စားကြီးဆီပို့လိုက်ပြီ... "

"ဟင်... ဘာကြောင့်... ပို့လိုက်ရတာလဲ မေမေ... "

"ကျုန်းပိုကို ဖမ်းထွားရင် ကျုန်းတင့်ရိက ရွှေချောင်းတွေနဲ့လာပြီး လဲရမှာပဲ မဟုတ်လား... နယ်စားကြီးဟာ အောင်ပွဲတွေရနေပေမဲ့ လက်နက်လူသူစုဆောင်းဖို့... ရိက္ခာဝယ်ယူဖို့... ငွေကြေးလိုအပ်နေသေးတယ်... ကျုန်းတင့်ရိရဲ့ ရွှေချောင်းတွေက အတော့်ကို အထောက်အကူပြုလိမ့်မယ်... လူသူစုဆောင်းတယ်ဆိုတာ အလကားမရဘူးကွယ့်... ငွေရှိမှ စုဆောင်းဖြားယောင်းလို့ရတာ... "

သမီးဖြစ်သူအားမလို အားမရဖြစ်သွားလေသည်။

"ဒီရွှေချောင်းတွေကို သမီးတို့အားလုံးရလိုက်မယ်ဆိုရင်... ဘယ်လောက်ကောင်းမလဲ... တစ်သက်မကဘူး ဆယ်သက်စားလို့ကုန်တော့မှာ မဟုတ်ဘူး... "

"ရှူး... တိုးတိုး သမီး... ဘယ်လိုပြောလိုက်တာလဲ... ဖေဖေကြားသွားရင် မကောင်းဘူး... သူဟာ နယ်စားကြီးလီကျက်ချန်က တိုင်းပြည်တစ်ဝှမ်းလုံးကို သိမ်းပိုက်နိုင်မယ်လို့ အနိုင်အမာယုံကြည်ထားပြီး အစွမ်းကုန် အမှုတော်ထမ်းနေတာ... ခုဆို စုဆောင်းထားတဲ့ လူသူအင်အားမနည်းတော့ဘူး... နယ်စားကြီးက ဆင့်ခေါ်လိုက်တာနဲ့သွားရောက်ပူးပေါင်းရတော့မှာ... ရွှေချောင်းတွေအတွက် ခေါင်းထဲမထည့်နဲ့တော့ သမီးဖေဖေ စိတ်ဆိုးသွားရင် မကောင်းဘူး... "



"ကောင်းပါပြီ... မေမေ သမီး သိမ်းငှက်ပြာဂိုဏ်းကို ပြန်ပြီး အစ်ကိုဝေမှန်ကို အကျိုးအကြောင်းပြောပြလိုက်ဦးမယ်... "

"အေ... အေး... အားမှန်ဆိုတဲ့အရူးကောင်လေးကို အသုံးမှမလိုတော့တာ အလုပ်ရှုပ်ခံပြီး ဖမ်းချုပ်ထားမနေနဲ့... တစ်ခါတည်းသာရှင်းပစ်လိုက်ပေတော့... "

"ကောင်းပါပြီ... မေမေ... "

မိမိအားရှင်းပစ်ရန် သားအမိနှစ်ယောက်တိုင်ပင်နေကြသည်ကို ကြားလျှင် အားမှန်ထိတ်လန့်သွားတော့သည်။

သူသည်နိုတွယ်ရာမှ လွတ်ကျမလိုဖြစ်သွား၍ပြန်နိုတွယ်လိုက်သည်။ ထိုအခါ အသံမြည်သွားလေ၏။ တံတားအောက်၌ လူရှိနေကြောင်း ရိပ်မိသွားလေပြီ။

"တံတားအောက်မှာ လူတစ်ယောက်ပုန်းနေတယ်... "

"သူ့ကို မလွတ်စေနဲ့... "

တံတားပေါ်မှအမျိုးသမီးနှစ်ယောက်လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေတော့သည်။

အားမှန် အခြေအနေဆိုးသွားသည်။

သူပုန်းအောင်းနေသည်ကို အမျိုးသမီးနှစ်ယောက်သိသွားကြပြီဖြစ်၏။

မည်သည့်နည်းနှင့်မျှ အလွတ်ပေးကြတော့မည်မဟုတ်ချေ။

"ဘယ်သူလဲ... "

"သေသွားချင်သလား... ထွက်ခဲ့စမ်း... "

အော်ငေါက်သံများ ဆူညံသွားလေသည်။

အားမှန်မှာ အဖမ်းမခံချင်ဘဲလျက် ပြန်လည်အဖမ်းခံရတော့မည်ဖြစ်ပါသည်။

"ခုက္ခပါပဲ... ငါ့ကို ဘယ်သူမှ မကယ်နိုင်ကြတော့ဘူးလား..."

ကြောက်ကြောက်လန့်လန့်ဖြင့် ညည်းတွားလိုက်စဉ်...

"လက်စသပ်တော့... ဒီနေရာမှာ လိပ်လိုခေါင်းဝှက်ထားတဲ့လူတွေလည်း ရှိနေသေးတာကိုး... မသိရင်တော့ ဒီနေရာမှာ လူသူမရှိဘူးလို့ အားလုံးက ထင်မိကြမှာပဲ... "

ပွဲ့လွင့်သောစကားသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ထိုအမျိုးသမီးနှစ်ယောက်လှမ်းကြည့်လိုက်ကြသည်။ တံတားပေါ်သို့တက်လာသောအမျိုးသမီးတစ်ယောက်ကို သူတို့တွေ့လိုက်ကြသည်။

ထိုမိန်းကလေးမှာ အခြားသူမဟုတ်ချေ။ လျှိုချင်းဖြစ်နေလေ၏။

လျှိုချင်း၏လက်ထဲ၌ သွေးစွန်းနေသော ဓားတစ်လက်ကိုင်ဆောင်လာသည်။

အမျိုးသမီးနှစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။



"ညည်း ဘယ်သူလဲ... "

သမီးဖြစ်သူက ရှေ့သို့လှမ်းထွက်ရန် ဟန်ပြင်လိုက်စဉ် အမျိုးသမီးကြီးက ဟန့်တားလိုက်လေသည်။

"သမီး... ကျင်းဝါ... နောက်ဆုတ်လိုက်... ဒီကိစ္စကို မေမေကြည့်ရှင်းမယ်... "

အမျိုးသမီးကြီးသည် ရှေ့သို့လှမ်းထွက်ကာ လျှိုချင်းနှင့် ရင်ဆိုင်လိုက်သည်။

"ညည်း ဘယ်သူလဲ... ဘာကြောင့် ဒီနေရာကိုလာခဲ့တာလဲ ပြောစမ်း... "

လျှိုချင်းက ပြုံးလိုက်သည်။

"ကျွန်မ လိုက်လာတာကို ပြောရမှာလား... ရှင်တို့ကို ဆုံးမဖို့ လိုက်လာတာလေ... "

"ဘာ... ဘာပြောတယ်... "

"ရှင်တို့ဟာ ကျန်းတင့်ရီရဲ့အဖေကို ဖမ်းလာကတည်းက အပြစ်ရှိနေပြီ... ဒီအပြစ်ဟာ သေးတဲ့အပြစ်မဟုတ်ဘူး... အင်မတန်ကြီးလေးတဲ့အပြစ်... "

"လက်စသပ်တော့ ညည်းဟာ ကျန်းတင့်ရီအဖေကို ကယ်ဖို့ လိုက်လာတာကိုး... သေဖို့သာပြင်ထား... "

အမျိုးသမီးကြီးက စတင်တိုက်ခိုက်လိုက်သည်။

သူမ၏အမည်မှာ ဟုန်လန်ဖြစ်ပြီး နယ်စားကြီးလီကျက်ချုန်၏

သစ္စာဖောက်တပ်ဖွဲ့တွင် တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်နေသော လီရှန်း၏ဇနီး ဖြစ်သည်။

လီရှန်းနှင့် ဟုန်လန်တို့၏ သမီးကျင်းဝါမှာ အားမုန်တို့အာ ဖမ်းဆီးခဲ့သော သိမ်းငှက်ပြာဂိုဏ်းခေါင်းဆောင် ဝေမုန်၏ဇနီးဖြစ်သည်၊

ဟုန်လန်က စတင်တိုက်ခိုက်သည်နှင့် လျှိုချင်းကလည်း လက်ထဲမှဓားဖြင့် ဝှေ့ယမ်းကာ ခုခံတိုက်ခိုက်လေသည်။

သမီးဖြစ်သူ ကျင်းဝါမျက်လုံးပြူးသွားလေသည်။

"မေမေ... သူလက်ထဲကဓားက သမီးယောကျ်ားဝေမုန်ရဲ့ဓာ ပဲ... "

ဝေမုန်၏ဓားသည် လျှိုချင်း၏လက်ထဲအဘယ်ကြောင့်ရောက် ရှိနေရပါသနည်း။

လျှိုချင်းက ရယ်မောလိုက်လေသည်။

"သိမ်းငှက်ပြာဂိုဏ်းသားတွေဟာ တော်တော်သတ္တိကောင်း ကြတာပဲ... သူတို့ကိုဆုံးမမဲ့လူလည်း ရောက်လာကော ထွက်ပြေးလိုက် ကြတာ... ခေါင်းဆောင်လုပ်တဲ့လူရဲ့ပညာကလည်း ရယ်ဖို့ကောင်းသေ တယ်... "

သူမ၏စကားကြောင့် ကျင်းဝါမှာ ကြောက်လန့်သွားလေ တော့၏။

သူ၏ယောကျ်ားကို ဤမိန်းမသည် သတ်ဖြတ်ခဲ့ပြီမဟုတ်ပါ လား။



လျှိုချင်းသည် သိမ်းငှက်ပြာဂိုဏ်းအား တိုက်ခိုက်ချေမှုန်းပစ် လိုက်ပြီမဟုတ်ပါလား။

ဝေမုန်၏ဓား လျှိုချင်း၏လက်ထဲရောက်ရှိနေခြင်းမှာ ဝေမုန် သည် မယှဉ်နိုင်သဖြင့် အရေးနိမ့်သွား၍ဖြစ်ကြောင်း ပေါ်လွင်နေသည်။

ကျင်းဝါ ဟီးချကာ ငိုကြွေးလိုက်တော့သည်။

"မေမေ... သမီးရဲ့ယောကျ်ားတော့ ဒီကောင်မရဲ့လက်ချက် ကြောင့် ဒုက္ခရောက်ရပါပြီ... "

ဟုန်လန်ဒေါပွသွားလေသည်။

"ဒီလောက်တောင် အတင့်ရဲတဲ့ ညည်းကို ဘယ်နည်းနဲ့မှ ချမ်း သာမပေးနိုင်တော့ဘူး... "

သူမသည် ခါးစည်းကြိုးကို ဖြုတ်လိုက်ပြီး လက်နက်သဖွယ် အသုံးပြုကာ ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်လေတော့သည်။

လျှိုချင်းလည်း ဝေမုန်၏ဓားဖြင့် ခုခံ၏။

သို့သော် လေးငါးဆယ်ကွက်ခန့် ယှဉ်ပြိုင်ပြီးသည်နှင့် လျှိုချင်း မျက်နှာပျက်သွားရလေတော့သည်။

ဟုန်လန်၏ သိုင်းပညာမှာ ကြောက်မက်ဖွယ်ကောင်းလောက် အောင် ထက်မြက်နေသည် မဟုတ်ပါလား။ သူမသည် တကယ့်ရန်သူ ကြီးတစ်ယောက်နှင့် တွေ့နေရလေပြီ။

အခန်း [ ၂၈ ]

## ရွှေချောင်းလုမည့်အဖွဲ့ခွဲများ

ဟုန်လန်သည် တိုက်ပွဲအတွေ့အကြုံကြွယ်ဝသည့် ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်သည်။

သိုင်းလောက၌ ကျင်လည်ကျက်စားရင်း ထင်ရှားစိုးတတ်သည့်ညဉ့်ကြောင့် နာမည်ပျက်ခဲ့ရသည်။ သူ့ကို မည်သူမျှ ထိန်းချုပ်၍မရဟု နာမည်ကျော်သည်။

သည်ကြားထဲ... သိုင်းသမားဆိုးလီရှန်းနှင့် လက်ထပ်လိုက်သောအခါ ပို၍နာမည်ပျက်စရာများဖြစ်လာခဲ့သည်။

နောက်ဆုံး သိုင်းလောက၌ မနေဝံ့ကြတော့ဘဲ သိုင်းလောကမှထွက်ခွာသွားရသည်။ သို့သော်... သူသိုင်းလောကထဲသို့ ပြန်ဝင်လာသည်။



နယ်ချဲ့များကျူးကျော်လာစဉ် နယ်စားကြီးလီကျက်ချန်က သစ္စာဖောက်လိုက်သောအခါ လီကျက်ချန်ထံ၌ ခိုလှုံရင်း တစ်စခန်းပြန်ထလာခြင်းဖြစ်သည်။

ဟုန်လန်နှင့် ခင်ပွန်းဖြစ်သူတို့သည် လီကျက်ချန်၏သစ္စာဖောက်တပ်ဖွဲ့တွင် နေရာရလာပြီး လက်မထောင်လာနိုင်ခဲ့ကြသည်။

ဆိုးသွမ်းလာသည်။ လုပ်ချင်ရာ လုပ်လာပြန်သည်။

ယခုလည်း သားမက်ဖြစ်သူက ကျန်းတင့်ရှီ၏ဖခင် ကျန်းပိုအား မဖျော်လင့်ဘဲ ဖမ်းဆီးရမိသဖြင့် လီကျက်ချန်ထံသို့ ပို့ပေးခဲ့သည်။ အားမုန်က သူမတို့စခန်းချရာသို့ ရောက်လာပြီး သူမတို့အကြောင်းသိသွားချိန်၌ လျှိုချင်းရောက်လာသဖြင့် တိုက်ခိုက်ဖမ်းဆီးရန် ကြိုးစားနေခြင်းဖြစ်လေသည်။

"ညည်းဘယ်ပြေးမလဲ... "

ဟုန်လန်က အော်ငေါက်ကာ ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်သည်။

လျှိုချင်းသည် သူမ၏သိုင်းပညာဖြင့် ဟုန်လန်အား မယှဉ်နိုင်မှန်း သဘောပေါက်လာသော်လည်း အားမုန်ကို ကယ်တင်မည့်အရေးကရှိနေသဖြင့် တိုက်ခိုက်ရန်စဉ်းစားနေရသည်။

သူမသည် အားမုန်ကိုကယ်ဆယ်ပြီးနောက် ရှောင်တိမ်းရန်ဆုံးဖြတ်လိုက်သည်။

"ယား... "

သူမသည် ရှိသမျှခွန်အားကို ဖျစ်ညှစ်ထုတ်ကာ ဟုန်လန်၏ နောက်ဆုတ်သွားစေရန် ဖိ၍တိုက်ခိုက်၏။

ထို့နောက် တံတားအောက်မှနေ၍ တံတားပေါ်သို့တက်ရန် ကြိုးစားနေသော အားမုန်ထံသို့ ခုန်ဝင်သွားသည်။

ထိုစဉ်မှာပင်...

"သေပေတော့... "

မျက်ရည်လည်ရွှဲဖြစ်နေသော ကျင်းဝါသည် ဓားတစ်လက်ဖြင့် အားမုန်ထံသို့ ပြေးသွားလေ၏။

သူမသည် တံတားပေါ်ရောက်လုရောက်ခင်ဖြစ်နေသော အားမုန်ကို အရင်ခုတ်ချလိုက်သည်။

"အမယ်လေးဗျာ... "

အားမုန်ထိတ်လန့်ကာ ကပျာကယာရှောင်တိမ်းလိုက်လျှ ဟန်ချက်ပျက်ကာ တံတားပေါ်မှနေ၍ စမ်းချောင်းထဲသို့ ထိုးကျသွား လေတော့သည်။

"ဝှန်း... "

"အားမုန်... "

လျှိုချင်း ထိတ်လန့်သွားလေသည်။

သူမသည်လည်း ရှည်ရှည်ဝေးဝေးစဉ်းစားမနေနိုင်တော့ စမ်းချောင်းထဲသို့ ထိုးချလိုက်လေတော့သည်။

အားမုန်နှင့် လျှိုချင်းတို့သည် စမ်းချောင်းထဲသို့ ထိုးကျသွ



ပြီး ရေစီးနှင့်မျောပါသွားကြရာ ဟုန်လန်၏လက်မှ ကံကောင်းထောက်မကာ လွတ်မြောက်သွားကြလေတော့သည်။

ဟုန်လန်းတို့သည် လျှိုချင်းနှင့် အားမုန်တို့အား မဖမ်းဆီးနိုင်တော့ပေ။

အားမုန်ဝမ်းသာနေလေသည်။

အားမုန်သည် လျှိုချင်းနှင့် ကျန်းတင့်ရီတို့ သံယောဇဉ်တွယ်တာနေပြီဖြစ်ကြောင်း သိရှိနေသဖြင့် ရိုရိုသေသေပင် ဆက်ဆံသည်။

"မမလေး... ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ... မမလေး ရောက်လာလို့... ကျွန်တော်ကံကောင်းသွားတာ... သခင်ကြီးတော့ နယ်စားကြီးလီကျုက်ချန်ရဲ့လက်ထဲရောက်သွားပြီ... "

ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်များကို ရှင်းလင်းပြောပြလိုက်သည်။

လျှိုချင်းကလည်း ရှင်းပြသည်။

"ကျောက်ထပ်တောင်မှာ အစ်ကိုကျန်းတင့်ရီနဲ့တွေ့တော့... သူ့ရဲ့မိသားစုကို မုန်တိုင်းအဖွဲ့က ဒုက္ခပေးလိမ့်မယ်လို့ ပြောပြတယ်လေ... စိတ်မချလို့လိုက်လာတာ နည်းနည်းနောက်ကျသွားတယ်... ဟန်ကျူကို မုန်တိုင်းအဖွဲ့ကလူတွေရောက်လာလို့ ရှောင်နေရသေးတယ် ...ပြီးလိုက်လာရင်း... ဒီဘက်ကို ရောက်လာတော့ မင်းတို့ကို သိမ်းကျုံပြာဂိုဏ်းက ဖမ်းသွားတယ်ဆိုတာ သိရလို့... တိုက်ခိုက်ခဲ့ရတယ် ...ကို့ခေါင်းဆောင်ကို ကျွန်မဆုံးမနိုင်လိုက်တယ်... သူ့ရဲ့မိန်းမကျင်းဝါ

က အပြင်ထွက်သွားတယ်ဆိုတာသိရတာနဲ့ နောက်ယောင်ခံပြီးလိုက်လာတာ... ကံကောင်းလို့ မင်းနဲ့တွေ့လိုက်ရတာ... "

အားမုန်မှာ အားလုံးရှင်းလင်းစွာ သိသွားလေ၏။

"သခင်လေး... ဘယ်ရောက်နေသလဲဆိုတာကိုကော မမလေး သိသလားဟင်... "

ကျွန်းတင့်ရီအကြောင်း မေးလိုက်သောအခါ လျှိုချင်းမှာ စိတ်ပျက်လက်ပျက်ခေါင်းခါယမ်းလိုက်သည်။

"ခုတော့ မပြောတတ်နိုင်သေးဘူး... အစ်ကိုဟာ ထိပ်တန်းသိုင်းပညာတစ်ရပ်သင်ကြားဖို့ ရှိနေတယ်ဆိုတာကိုတော့ သိခဲ့ရတယ် တို့တစ်တွေ မကြာခင်ပြန်ပြီးဆုံတွေ့ကြမှာပါ... ဘာမှမပူပါနဲ့... ခုချိန်မှာ အရေးအကြီးဆုံးက သခင်ကြီးကျွန်းပိုဖြစ်နေတယ်... သူ့ကို ဘယ်လိုကယ်ရမလဲဆိုတာကို စဉ်းစားရမယ်... "

အားမုန်က အားတက်သရောမေးလေသည်။

"ဒါဖြင့်... ကျွန်တော်တို့ သွားကယ်ကြမလားဟင်... "

လျှိုချင်း သက်ပြင်းချလိုက်လေသည်။

"အင်း... သခင်ကြီးကို ကယ်ချင်ပေမဲ့... မလွယ်ဘူးကွဲ့... ဒီကျက်ချန်ရဲ့အဖွဲ့ထဲမှာ ထိပ်သီးသိုင်းသမားတော်တော်များများရောက်နေကြပြီ... ကျွန်မရဲ့ဆရာက နာမည်မဖော်ဘဲ ဝင်လှုပ်ရှားနေတဲ့ သိုင်းသမားကြီးနှစ်ယောက်ဟာ အင်မတန်ကြောက်စရာကောင်းတယ်... ဝေးဝေးရှောင်ရမယ်လို့ မှာထားဖူးတယ်... "



သူမ၏စကားအတိုင်းဆိုလျှင်... လီကျက်ချန်ထံ၌ ရောက်ရှိနေသည့် ကျွန်းပိုအားကယ်တင်ရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်သေးကြောင်း နားလည်လိုက်သည်။

"ဒါဖြင့်... ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ... မမလေး"

လျှိုချင်းက အနည်းငယ်စဉ်းစားလိုက်သည်။

"သူတို့ဟာ သခင်ကြီးကျွန်းပိုကို သတ်မှာတော့ မဟုတ်ဘူးဒါမှ ရွှေချောင်းတွေနဲ့ လဲနိုင်မှာကိုး... ဆရာတော်မာဟိုဗိန်ကိုတော့ ဟိုပေနယ်ဘက်သွားတဲ့လမ်းခရီးမှာ တွေ့တဲ့လူတွေက တွေ့လိုက်တယ်လို့ သတင်းကြားခဲ့ရတယ်... တို့ချည်းပဲ သခင်ကြီးကျွန်းပိုကို ကယ်တင်နိုင်မှာမဟုတ်မဲ့အတူတူ... ဟိုပေနယ်ဘက်သွားပြီး ဆရာတော်မာဟိုဗိန်ကို လိုက်ရှာကြတာ ကောင်းမယ်... တွေ့ရင် ဒီသတင်းကိုပြောပြမယ်... "

အားမုန် တွေဝေသွား၏။

"သခင်ကြီးကျွန်းပိုကို သစ္စာဖောက်နယ်စားကြီးရဲ့လက်ထဲမှာ စိတ်ချရပါ့မလား... "

"မပူနဲ့ အစ်ကိုကျွန်းတင့်ရီကို မတွေ့ရသေးသမျှ သူတို့ဟာ သခင်ကြီးကို လက်ဖျားနဲ့တောင် တို့ရဲကြမှာမဟုတ်ဘူး... "

ထိုအခါမှ အားမုန်ကျေနပ်သွားသည်။ သူသည် လျှိုချင်းကဲ့သို့ပင် ကျွန်းတင့်ရီ တစ်စုံတစ်ခုဖြစ်မှာကို စိုးရိမ်သည်။

ထို့နောက်...

သူတို့သည် ဟိုပေနယ်ဘက်သို့ ဦးတည်ကာ ခရီးနှင်ကြလေတော့သည်။

မုန်တိုင်းအဖွဲ့… ။

မုန်တိုင်းအဖွဲ့သည် ကျောက်ထပ်တောင်၌ အစီအစဉ်များ လွဲချော်မှုကြောင့်လည်းကောင်း၊ နောက်ကျမှုကြောင့်လည်းကောင်း ရွှေချောင်းများအား လက်လွှတ်လိုက်ရသည်။ ဤသည်မှာ သူတို့၏ အဓိကတာဝန်ပျက်ကွက်ခဲ့ခြင်းပင်ဖြစ်သည်။

တစ်ဖန်…

ဟန်ကျူးမြို့၌လည်း အနည်းငယ်နောက်ကျသွားသဖြင့်…

ကျန်းတင့်ရှီ၏ဖခင်ကျန်းပိုထွက်ပြေးလွတ်မြောက်သွားခဲ့ပြန်သည်။

ရက်ပိုင်းအတွင်း မုန်တိုင်းအဖွဲ့၏လုပ်ရပ်မှန်သမျှ အလွဲလွဲအချော်ချော်ဖြစ်နေသဖြင့် ခေါင်းဆောင်ဖြစ်သော အမတ်ကြီးရွှံ့ကျန်းဒေါသထွက်နေလေတော့သည်။

ထို့ကြောင့်လည်း… လက်ထောက်ခေါင်းဆောင်များအား ကြိမ်းမောင်းမာန်မဲနေတော့သည်။



ဤတွင်… ကျူးပန်ရှင်းသည် ရွှံ့ကျန်းအလိုကျဆောင်ရွက်ပေးနိုင်မည့်အကြံအစည်တစ်ခုကို ဖော်ပြနိုင်သဖြင့် ရွှံ့ကျန်း၏ယုံကြည်အားကိုးမှု ခံလာရတော့သည်။

ရွှံ့ကျန်းသည် စားပွဲဝိုင်းဖွဲ့ထိုင်နေကြသော လက်ထောက်ခေါင်းဆောင်များအား အကဲခတ်လိုက်သည်။

"ကဲ… ကျန်းပိုကတော့ ပျောက်ဆုံးသွားပြီ… ကျောက်ထပ်တောင်မှာလည်း အရေးနိမ့်ပြီး နောက်ဆုတ်လာရတယ်… ဒီအတိုင်းဆိုရင် ရွှေချောင်းတွေကို လက်လွှတ်လိုက်ရတော့မယ်… ကဲ… မင်းတို့ဘာအသုံးကျသလဲ… ပြောကြစမ်းပါဦး… "

လက်ထောက်ခေါင်းဆောင်များ ခေါင်းငုံ့ထားပြီး ဘာမှမပြောကြချေ။ ရွှံ့ကျန်းပြောသည်ကလည်း မှန်ကန်နေသည်မဟုတ်ပါလား။

ရွှံ့ကျန်းက ကျူးပန်ရှင်းကိုကြည့်လိုက်သည်။

"ကျူးပန်ရှင်း… မင်းကော ဘာပြောချင်သေးသလဲ… "

ကျူးပန်ရှင်းထိုင်ရာမှ ထလိုက်သည်။

ရွှံ့ကျန်းအား ဦးညွှတ်ဂါရဝပြုလိုက်၏။ ဤသည်မှာ သူတို့၏ မလုပ်မဖြစ်လုပ်ရလေ့ရှိသော အထက်အောက်အလေ့အကျင့်ပင်တည်း။

"သခင်ကြီး ခင်ဗျား… မာပဟိုဖိန်ဟာ မုန်တိုင်းအဖွဲ့ကလည်း ရွှေချောင်းတွေကို ရယူလိမ့်မယ်ဆိုတာ ရိပ်မိထားပြီး… ကျောက်ထပ်တောင်က တိတ်တဆိတ်ထွက်သွားပေမဲ့ ကြိုတင်အစီအစဉ်တွေ လုပ်ထားပုံရပါတယ်… "

ရွှံကျွန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ... ဆက်ပြောပါဦး... "

ကျူးပန်ရှင်းက ရွှေချောင်းများသယ်ဆောင်ရမည့်ခရီးလမ်းကြောင်းကို ပြောပြလိုက်လေသည်။

"စုံစမ်းသိရှိရတဲ့သတင်းတွေအရ... ရွှေချောင်းတွေကို ဖုန်လိုင်ကျွန်းသခင်က ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်လို့ ဖုန်လိုင်ကျွန်းကို သယ်ဆောင်သွားရမှာဖြစ်ပါတယ်... ဒါကြောင့် ဟိုပေနဲ့ စန်းတုံးနယ်တွေကို ကျိုန်းသေဖြတ်သန်းသွားရပါလိမ့်မယ်... ဒါက မြေကြီးလက်ခတ်မလွဲတဲ့ လမ်းကြောင်းပါ ခင်ဗျာ... "

ဖုန်လိုင်ကျွန်းသို့သွားရမည့် ခရီးကား ဝေးလံလှပေသည်။

ရွှံကျွန်း ရယ်လိုက်သည်။

"ဟား... ဟား... ဟား... ကျုပ် သဘောပေါက်ပြီ... ဒီလောက်ဝေးလံရှည်လျားလှတဲ့ ခရီးကိုသွားနေမှတော့ ကျုပ်တို့ဝင်လုဖို့ အချိန်အများကြီးရနေတာပဲ... ဒီခရီးမှာ ဘယ်လိုဝင်လုနိုင်မဲ့ အစီအစဉ်မျိုးတွေကို မင်းတို့ချမှတ်ထားသလဲ... "

ထိုစဉ်... စစ်ရေးစစ်ရာ၌ ကျွမ်းကျင်သောလက်ထောက်ခေါင်းဆောင်တစ်ယောက် ဦးညွှတ်ဂါရဝပြုကာ ပြောသည်။

"ခေါင်းဆောင်ကြီးခင်ဗျာ... ဟိုပေနဲ့ စန်းတုံးနယ်တွေဟာ ကျုပ်တို့အတွက် စိတ်မချရတဲ့နေရာတွေပါ... နယ်ချဲ့မန်ချူးတွေကော သစ္စာဖောက်ကောင်တွေကော ခြေချင်းလိမ်နေကြပါတယ်... တိုက်ပွဲ



တွေလည်း နေရာအနှံ့အပြားဖြစ်နေပါတယ်... မုန်တိုင်းအဖွဲ့ လှုပ်ရှားရမှာ အတော်ကိုခက်ခဲပါလိမ့်မယ်... "

"ဟင်... "

ရွှံကျွန်း ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ သတိဝင်လာသည်။

"အင်း... ဟုတ်ပေသားပဲ... တိုက်ပွဲတွေဖြစ်နေတဲ့နေရာတွေတော့ စိတ်ထင်သလို လှုပ်ရှားနိုင်တော့မှာ မဟုတ်ဘူး... "

သူက ကျူးပန်ရှင်းဘက်လှည့်ကာ မေးလိုက်သည်။

"ကျူးပန်ရှင်း... မင်း ဘယ်လိုသဘောရသလဲ ပြောစမ်းပါဦး"

ကျူးပန်ရှင်းက ပြုံးလိုက်သည်။

"ရှုပ်ထွေးနေတဲ့ဒေသဆိုတော့... ပိုပြီးလွတ်လပ်စွာ လှုပ်ရှားနိုင်ပါတယ်... မုန်တိုင်းအဖွဲ့ဟာ နေပြည်တော်က အဖွဲ့တစ်ဖွဲ့မဟုတ်တဲ့... သိုင်းလောကအဖွဲ့တစ်ဖွဲ့လို လှုပ်ရှားလိုက်ရင် လွတ်လပ်သွားမှာပါ... အရေးကြီးတာက... ဘယ်သူက ရွှေချောင်းတွေ သယ်သွားတယ်ဆိုတာကို သိရဖို့ပါပဲ... "

ဤတစ်ကြိမ်တွင်တော့ ရွှံကျွန်းသည် ကျူးပန်ရှင်းကိုသဘောမကျချေ။

ကျူးပန်ရှင်း၏အဖြေမှာ သူလိုချင်သည့်အဖြေမဟုတ်ပေ။

ကျူးပန်ရှင်းကလည်း သဘောပေါက်သဖြင့် ဆက်၍ ရှင်းပြလိုက်၏။

"ခရီးက ဝေးတယ်... လမ်းအခြေအနေကလည်း မကောင်း

ဘူး... ဒီတော့မာပဟိုဖိန်တို့လူစုက ရွှေချောင်းလိုချင်သူတွေနဲ့ ညကာကစားဖို့ ကြိုတင်ပြင်ဆင်ထားမှာပါ... ကျွန်တော်သိထားတဲ့အတိုင်းဆိုရင်... ရွှေချောင်းတွေသယ်သွားတယ်ဆိုပြီး ကျောက်ထပ်တောင်ပေါ်ကနေဆင်းသွားတဲ့အဖွဲ့ ငါးဖွဲ့တောင်ရှိပါတယ်... "

ထိုစကားကြားလျှင် အားလုံး ဟင်ခနဲ ဟာခနဲဖြစ်သွားကြလေသည်။

"အဲဒီငါးဖွဲ့မှာ ဖုန်လိုင်ကျွန်း သခင်ကြီးကျောက်တန်းရှာကိုယ်တိုင် ဦးဆောင်တဲ့ အဖွဲ့တစ်ဖွဲ့... တုံးဖန်းလှိုင်ခေါင်းဆောင်တဲ့အဖွဲ့တစ်ဖွဲ့... ဝါမေဝိုဏ်းက ဦးဆောင်တဲ့အဖွဲ့တစ်ဖွဲ့နဲ့ သိမ်းငှက်မည်းရှိကျား ဦးဆောင်တဲ့အဖွဲ့တို့ပဲဖြစ်ပါတယ်... သူတို့ဟာ ကျောက်ထပ်တောင်ပေါ်က ဆင်းသွားပြီးအသီးသီးလမ်းခွဲသွားကြတယ်... ရွှေချောင်းတွေထည့်ထားတယ်ဆိုတဲ့ သေတ္တာတွေကိုလည်း အသီးသီးသယ်ဆောင်သွားကြတယ်... "

ဤတွင် မမျှော်လင့်သော ပြဿနာပေါ်ပေါက်လာလေသည်။

ထိုငါးဖွဲ့သည် ရွှေချောင်းများအားခွဲဝေယူဆောင်သွားကြခြင်းလော... ။

သို့မဟုတ်ဘဲ... တစ်ဖွဲ့ကယူသွားပြီး ကျန်အဖွဲ့များက သယ်ဆောင်ဟန်ဆောင်ကြခြင်းဖြစ်လေသလော... ။

ဒုတိယအချက်က ပို၍ဖြစ်နိုင်သည်ဟု အားလုံးတွေးလိုက်ကြလေသည်။ ရွှေချောင်းများကို အကွဲကွဲအပြားပြား သယ်ခြင်းဖြင့် သူတို့



အကျိုးမရှိနိုင်ချေ။ ထိုရွှေချောင်းများကို ပြန်လည်စုပေါင်းရချေဦးမည်။

ကျူးပန်ရှင်းက ပြောသည်။

"ရွှေချောင်းတွေကို... အင်အားအတောင့်တင်းဆုံးဖြစ်တဲ့ ကျောက်တန်းရှာတို့အဖွဲ့က သယ်သွားနိုင်ပေမဲ့... တုံးဖန်းလှိုင်တို့အဖွဲ့ ကိုလည်း စိတ်မချရပါဘူး... ဒါကြောင့် ဒီနှစ်ဖွဲ့ကို ဂရုစိုက်ရပါလိမ့်မယ် ကျန်သုံးဖွဲ့ကတော့ ဟန်ပြသယ်တဲ့အဖွဲ့တွေပဲ... "

ရွှံကျွန်းက ခပ်သွက်သွက်ပြောသည်။

"ဒီတစ်ခါ... အမှားမကြုံရအောင် အဖွဲ့ငါးဖွဲ့စလုံးရဲ့နောက်ကို လိုက်ကြည့်နိုင်းတာ အကောင်းဆုံးပဲ... "

မုန်တိုင်းအဖွဲ့သည် သိုင်းလောကသားများပမာ လှုပ်ရှားကြရတော့မည်ဖြစ်သည်။

ရွှံကျွန်းက ကျူးပန်ရှင်းအား တာဝန်ပေးလိုသော်လည်း ကျူးပန်ရှင်းက နောက်ကွယ်၌သာနေလိုသည်။ ထိုသို့နေလိုသည့်အကြောင်းကိုလည်း ရွှံကျွန်းအား ရှင်းပြရသည်။

နောက်ဆုံး... ရွှံကျွန်းလက်ခံလိုက်လေသည်။

မုန်တိုင်းအဖွဲ့သည် အသွင်အမျိုးမျိုး ရုပ်ဖျက်ကာ တုံးဖန်းလှိုင်တို့အဖွဲ့ငါးဖွဲ့နောက်ကို လိုက်ကြလေတော့သည်။

ဤတွင် ထူးခြားချက်တစ်ခုကို တွေ့ရှိလာကြလေ၏။

တုံးဖန်းလှိုင်သည် သူ၏အဖွဲ့ကိုကြည့်ရုံမက မနီးမဝေးမှ ခရီးနှင်နေသော ရှိကျားတို့အဖွဲ့ကိုလည်း မကြာခဏ သွားရောက်စစ်ဆေး

သည်။

အဖွဲ့နှစ်ဖွဲ့ကြား၌ ကူးလူးဆက်ဆံရင်း ခရီးနှင်နေခြင်းဖြစ်သည်။

ဤတွင် ကျူးပန်ရှင်းက လျှို့ဝှက်ချက်တစ်ခုကို သတိပြုမိလိုက်လေ၏။

"လက်စသပ်တော့... တုံးဖန်းလှိုင်က လှည့်ကွက်သုံးနေတာကိုး... လူတိုင်းက... ရွှေချောင်းတွေဟာ အင်အားတောင့်တင်းတဲ့ ကျောက်တန်းရွာရဲ့အဖွဲ့မှာ ပါလိမ့်မယ်လို့ ထင်နေကြမှာပဲ... သူတို့ဟာ ဘယ်သူမှ အထင်မကြီးတဲ့ ရှီကျားရဲ့အဖွဲ့ကိုအသုံးချပြီး သယ်သွားတာကိုး... ဒါကြောင့်လည်း... တုံးဖန်းလှိုင်က စိတ်မချဘဲ နှစ်ဖွဲ့ကူးပြီး စောင့်ရှောက်နေတာ ဖြစ်ရမယ်... "

ကျူးပန်ရှင်းသည် သူ၏ထင်မြင်ချက်အား ရှံ့ကျန်းထံသို့ သတင်းပို့လိုက်လေ၏။

ရှံ့ကျန်းမှာ ထိုသတင်းကြောင့် အလန့်တကြားဖြစ်သွားသည်။ ရှီကျားအဖွဲ့နောက်သို့ အမြန်ဆုံးလိုက်ရန် အမိန့်ပေးလေတော့၏။

"သူတို့ကို ချက်ချင်းတိုက်ခိုက်ရမယ်... "

ကျူးပန်ရှင်းကပင် စီစဉ်ပေးရလေသည်။

"တုံးဖန်းလှိုင်ရှိနေရင် မလွယ်ဘူး... ဒါကြောင့် ရှီကျားအဖွဲ့ကို သွားစစ်ဆေးပြီး သူ့အဖွဲ့ကို ပြန်ရောက်တဲ့အခါမှ ရှီကျားတို့အဖွဲ့ကို အငိုက်ဖမ်းတိုက်ခိုက်ရမယ်... "



မည်သို့ဖြစ်စေ ကျူးပန်ရှင်းမှာ သိုင်းပညာမြင့်မားသော တိုက်ခိုက်ရေးသမားတစ်ယောက်မဟုတ်ပါ။

သူက နှလုံးရည်သမားသာဖြစ်သည်။

ရှံ့ကျန်းက ရှီကျားတို့အဖွဲ့အား တိုက်ခိုက်ရန် ရောက်စင်းထိုကို တာဝန်ပေးလိုက်လေတော့သည်။

## အခန်း [ ၂၉ ]

# တစ်လိမ် နှစ်လိမ်

ကျူးပန်ရှင်းသည် အလွန်အတွေးအခေါ်ကောင်းသူဖြစ်၏။

သူသည် အခြေအနေကိုကြည့်ပြီး ရွှေချောင်းသယ်မည့်အဖွဲ့သည် ရှီကျားတို့အဖွဲ့ဖြစ်မည်ဟု ယုံကြည်လိုက်သည်။

ကျူးပန်ရှင်းထင်သကဲ့သို့ မှန်နေသည်။

ရွှေချောင်းများမှာ ရှီကျားတို့အဖွဲ့တွင် ပါနေသည်။

ရှီကျားမှာ တုံးဖန်းလှိုင်၏အဖွဲ့သားဖြစ်သော်လည်း လေ ညီနောင်ကဲ့သို့ စိတ်ခတ်ဖြောင့်မတ်သူမဟုတ်ချေ။ စိတ်ခတ်မ ငြိမ်သော ရှီကျားကို တုံးဖန်းလှိုင်လက်ခံလိုက်ခြင်းမှာ မှားယွင်းသ

သူက ရွှေချောင်းများကို ဦးစီးသယ်ဆောင်ရမည်ကို သိရ အခါ ဝမ်းသာသွားသည်။ သူသည် တစ်ကိုယ်ကောင်းဆန်သူမဟုတ် လော။



တစ်ချိန်လုံး မည်သို့ခိုးယူရမည်ကို စဉ်းစားနေ၏။

သူက ရုတ်တက် ၊ သစ္စာဖောက်နယ်စားကြီးလီကျက်ချန်၏ အားထားရသော လက်ရုံးလျှို့လုံးမင်းမှာ ဤနယ်တစ်ဝိုက်တွင်နေသည် ကို သတိရလိုက်၏။

သူနှင့် လျှို့လုံးမင်းတို့သည် သိကျွမ်းခင်မင်သူများဖြစ်သည်။

သူသည် လျှို့လုံးမင်းထံ စာရေးအကြောင်းကြားကာ တုံးဖန်း လှိုင်မရှိသောအချိန်တွင် ဖြတ်လုနိုင်းပြီး မိမိတို့ဝေစုခွဲယူမည်ဟု တွက် ထားသည်။

ထို့ကြောင့်...

သူက စာတစ်စောင်ရေးပြီး လျှို့လုံးမင်းထံသို့ ပို့ခိုင်းလိုက် သည်။

လျှို့လုံးမင်းကို ဤနယ်တွင်လူတိုင်းသိကြ၏။

ထို့ကြောင့် စားပွဲထိုးလေးက မလွှန်ဆန်ရဲသဖြင့် စာကိုသွား ပေးရန် လက်ခံလိုက်ရသည်။

ရှီကျား၏စာတွင် ပစ္စည်းရပါက တစ်ယောက်တစ်ဝက်ဝေစုခွဲ မည်ဖြစ်ကြောင်းနှင့် မနက်ပိုင်းတွင် တုံးဖန်းလှိုင်က သူ့အဖွဲ့သို့ပြန်သွား ရှိသဖြင့် လာရောက်တိုက်ခိုက်သောအခါ မနက်ပိုင်းအချိန်၌သာ လာရောက်ရမည်ဖြစ်ကြောင်း ရေးသားထား၏။

တုံးဖန်းလှိုင်သည် ရှီကျားကို သူ့အဖွဲ့ဝင်အဖြစ် လက်ခံလိုက် သော်လည်း ယုံကြည်မှုမရှိချေ။ အတွင်းစိတ်က ဤလူကိုမယုံရဟု အမြဲ

သတိပေးနေသည်။ ထိုကြောင့် ရှိကျားအဖွဲ့တွင် ရွှေချောင်းပေးထားသော်လည်း သူ့အဖွဲ့က ရှိကျားအဖွဲ့နှင့် မလှမ်းမကမ်းတွင် အမြဲလိုက်နေခြင်းဖြစ်တော့သည်။

သို့သော်... တုံးဖန်းလှိုင်မသိသည့် တစ်ချက်မှာ ရှိကျားသည် လီကျက်ချန်နှင့် ပူးပေါင်းရန်ကြံစည်မည့်အချက်ပေတည်း။

ရှိကျားက လီကျက်ချန်နှင့် မပူးပေါင်းဘဲ တစ်ကိုယ်တည်း ကိုယ့်အတွက်ကိုယ်လုပ်လိမ့်မည်ဟု ထင်ထားခြင်းဖြစ်သည်။

ယနေ့ သူသည် ရှိကျားထံမှထွက်လာခဲ့ပြီး သူ့အဖွဲ့သို့ပြန်လည်ထွက်သွားသည်။

လမ်းခရီး၌ လူတစ်ယောက်က နောက်မှခေါ်နေသည်ကိုတွေ့ရ၏။

ထိုအခါ သူလှည့်ကြည့်လိုက်သောအခါ သစ်ပင်အောက်မှ လူတစ်ယောက်ထွက်လာသည်ကို တွေ့ရလေသည်။

အနားရောက်၍ အသေအချာကြည့်လိုက်သောအခါ ကျန်းတင့်ရှိဖြစ်နေပေသည်။

သူက အံ့ဩဝမ်းသာစွာဖြင့် မြင်းပေါ်မှခုန်ဆင်းလိုက်ကာ အော်ပြီးပြော၏။

"ကျန်းတင့်ရှိ... မင်း ဒီတစ်ခါ ဒီလောက်လှလှပပအကွက်ဆင်ပြီးလုပ်တာကို ဘာဖြစ်လို့ ငါ့ကိုထိန်ဝှက်ထားရတာလဲ... "

ကျန်းတင့်ရှိ အလွန်အားနာသွားသည်။ သူ့လေသံကလည်း



အနူးအညွတ်တောင်းပန်နေပုံပေါက်သည်။

"အစ်ကိုကြီး... ကျွန်တော်နဲ့ အစ်ကိုကြီးဟာ တစ်သားတည်းနေကြတဲ့လူတွေပါပဲ... အစ်ကိုကြီးကို ကျွန်တော်ဘာမှမထိန်ဝှက်ချင်ပါဘူး... "

တုံးဖန်းလှိုင်သည် ကျန်းတင့်ရှိ၏စကားကိုယုံကြည်သည်။ ခေါင်းတစ်ဆတ်ဆတ်ညိတ်သည်။

"ငါယုံပါတယ်ကွာ... အဖြစ်ကို ပြောစမ်းပါဦး... "

ကျန်းတင့်ရှိက ရှင်းပြ၏။

"အဖြစ်ကတော့ ဒီလိုပါ... ကျွန်တော်တို့ပျောက်သွားကတည်းက အစ်ကိုကြီးတို့ရိပ်မိမယ်ဆိုတာတော့ ကျွန်တော်တွေးပြီးသားပါ... ဒါပေမဲ့ ဆရာတော်မာပဟိုဖိန်က ဒီသတင်းကိုလုံးဝမပေါက်ကြားဖို့ ပြောပါတယ်... ဒီကိစ္စပြီးသွားတာနဲ့ သိုင်းလောကသားတွေရော... ဘုရင့်ဘက်တော်သားတွေကော... လောဘကြီးတဲ့လူတွေပါ ကျွန်တော့်ကို လက်လွှတ်ခံမှာမဟုတ်ဘူးလို့ ပြောပါတယ်... ဒါကြောင့် ကျွန်တော်တို့ ကိုယ်ယောင်ဖျောက် ထွက်ပြေးခဲ့ကြတာပါ... "

တုံးဖန်းလှိုင်က တစ်ချက်ပြုံးလိုက်သည်။

"မင်း အခု ငါ့ကိုခေါ်တာ ဘာကိစ္စရှိနေလို့လဲ... "

"ရှိကျားက အစ်ကိုကြီးကို သစ္စာဖောက်ပြီ... တော်ပါသေးရဲ့ ဆရာတော်မာပဟိုဖိန်က သူ့ရဲ့အကြံကို သိလို့... နို့မို့ရင် ကျွန်တော်တို့ ပင်ပင်ပန်းပန်းရထားတဲ့ ရွှေချောင်းတွေ တခြားလူတွေရဲ့ လက်ထဲကို

ရောက်သွားတော့မလို့... "

တုံးဖန်းလှိုင် မျက်နှာပျက်သွား၏။ သူညှိုသွားပေပြီ။

ရှိကျား တစ်ခုခုကိုကြံစည်နေပေပြီ။

"ရှိကျားက ဘာအကြံရှိနေလို့လဲ... "

ကျန်းတင့်ရီက အသံတိုးတိုးနှင့်ပြော၏။

"ရှိကျားက လျှို့လုံးမင်းဆီ ရွှေချောင်းတွေကိုကြားဖြတ်လုဖို့ အကြောင်းကြားစာပို့လိုက်တယ်... လီကျက်ချန်ရဲ့ တပည့်ပေါ့... မနေ့ညက ပြန်လိုက်တဲ့စာကို ဆရာတော်က လမ်းတစ်ဝက်က ဖြတ်လုလိုက်တယ်... ဒါကြောင့် ဆရာတော်က အစ်ကိုကြီးကို လမ်းခရီးမှာအသုံးပြုရမဲ့ မြင်းနဲ့ ပစ္စည်းတွေကို လှူလွှတ်ပြီးပို့လိုက်တယ်... "

တုံးဖန်းလှိုင်မှာ ထိုသတင်းကိုကြားရသောအခါ အလွန်ဒေါသထွက်သွားသည်။ ရှိကျားအား အသေသတ်ချင်သလောက်ဖြစ်သွားသည်။

"ရှိကျား ဒီလောက်အထိတောင် လူစိတ်မရှိတော့တာကိုး... ဆရာတော်သာ သူတို့စာကိုမရရင် ငါတော့ ဒီတစ်ပွဲမှာ ကောင်းကောင်းကြီးခံလိုက်ရမှာပဲ... ငါက ငါ့ကိုယ်ငါ တော်လှပြီထင်နေတဲ့လူ... ကံကောင်းလို့ပေါ့ကွာ... "

ကျန်းတင့်ရီက စာကိုထုတ်ပြပြီးပြော၏။

"သူ့စာထဲမှာ ထိပ်သီးသိုင်းသမားတစ်ယောက်ကို ဦးစီးစေပြီး အဖွဲ့တစ်ဖွဲ့ကို စေလွှတ်လိုက်တာ... တိုက်နိုက်မယ့် အချိန်ကျရင်



မီးကျည်အစိမ်းကို ပစ်ပေါက်မယ်တဲ့... ထိပ်သီးသိုင်းသမားရဲ့ အမည်ကိုတော့ မဖော်ထားဘူး... အစ်ကိုကြီးက ဘယ်သူလို့ထင်သလဲ... "

တုံးဖန်းလှိုင်က စာကိုဖတ်လိုက်သည်။

ကျန်းတင့်ရီသည် ဆရာတော်မှာကြားသည်ကို တိုးတိုးတိတ်တိတ်ပြောပြလိုက်သည်။

တုံးဖန်းလှိုင်က ပြော၏။

"ညီလေး... မင်းရဲ့ဆရာတော်ကို ပြောပြလိုက်ပါ... သူပြောတဲ့အတိုင်း ငါလုပ်ပါ့မယ်လို့... "

ကျန်းတင့်ရီက သွားခါနီးတွင် ပြော၏။

"ဒီတစ်ခါ... အစ်ကိုကြီးနဲ့ ခွဲခွာပြီး ဘယ်အချိန်ကျမှ ပြန်တွေ့ရမလဲ မသိဘူး... ဆရာတော်က နောက်ရက်တွေမှာ ကျွန်တော့်ကို သူနေတဲ့တောင်ပေါ်ကို ခေါ်သွားတော့မှာ... "

ကျန်းတင့်ရီက မျက်ရည်များဝဲလျက်ပြောလေ၏။ သူသည် တုံးဖန်းလှိုင်ကို သံယောဇဉ်ရှိသည်။

တုံးဖန်းလှိုင်က သူ၏လက်ကိုဆွဲကာ အားပေးလိုက်သည်။

"ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့... မင်းဆရာတော်မာပုဗိန်ရဲ့ တပည့်ဖြစ်ရတာ သိပ်ကံကောင်းတာပေါ့ကွာ... ဆရာတော်က ဘယ်သူ့ကိုမှ တပည့်အဖြစ်လက်ခံခဲ့တာမဟုတ်ဘူး... "

ထို့နောက် သူတို့နှစ်ယောက် လမ်းခွဲလိုက်ကြလေတော့သည်။

တုံးဖန်းလှိုင်သည် ရှိကျား၏ခန်းသို့ ပြန်ရောက်လာသော

အခါတွင် နို့ကျားအား ဆုံးမရန်အကွက်တစ်ခုထွင်ထားလိုက်သည်။

ထို့ကြောင့်...

တုံးဖန်းလှိုင်က အလောတကြီးပုံစံမျိုးနှင့် နို့ကျားထံသွားရောက်ပြော၏။

"မနက်ဖြန်ကစပြီး... မင်းရဲ့အဖွဲ့ကို မင်းတစ်ယောက်တည်းဦးဆောင်သွားရတော့မယ်... ငါမလာတော့ဘူး... "

နို့ကျားမှာ ထိုစကားကိုကြားရသောအခါ အလွန်ဝမ်းသာသွားသည်။ သူ၏ဝမ်းသာမှုမပေါ်စေရန် မနည်းကြာဖြေဆယ်နေရသည်။

စိတ်တွင်းမှ တွေးနေမိသည်။

"ဒီနေ့လောက်ဆို... လျှို့လုံးမင်းတို့ဆီက ပြန်စာလာမှာသေချာတယ်... မနက်ဖြန်လုပ်ငန်းစရမယ်... ဟား... ဟား... ဟား... စားရကံကြုံတော့လည်း မုတ်ဆိတ်ပျားစွဲတာပဲ... "

တုံးဖန်းလှိုင်ထွက်သွားပြီးနောက် နို့ကျားတို့အဖွဲ့သည် တဲထိုး၍ အနားယူကြသည်။ ကင်းများချသည်။

ထိုစဉ် ကင်းသမားတစ်ယောက်က သတင်းပို့သည်။ နို့ကျားနှင့် တွေ့ချင်သည်ဟု သတင်းပို့ခြင်းဖြစ်သည်။

နို့ကျားက ထိုလူအားမိမိ၏ရှက်ဖျင်တဲသို့ လွှတ်လိုက်ရန်ပြောသည်။

မကြာမီ လူတစ်ယောက်တဲထဲသို့ ဝင်လာသည်။

ထိုလူက လက်ဟန်ခြေဟန်ပြလိုက်သည်။ နို့ကျားက ခေါင်း



ညိတ်လိုက်သည်။

လျှို့လုံးမင်း၏အဖွဲ့ကဖြစ်ကြောင်း လက်ဟန်ခြေဟန်ဖြင့်ပြခြင်းဖြစ်သည်။

ထိုအခါ နို့ကျားက ထိုလူကိုထိုင်ခိုင်းလိုက်သည်။

ထိုလူက အသံတိုးတိုးဖြင့်ပြော၏။

"နို့ကျား... ခင်ဗျားရဲ့စာကို ဆရာကြီးလျှို့လုံးမင်းရပါတယ် အခု သူကလူပဉ္စနှစ်ယောက်နဲ့အတူ အမာခံတပ်သားတစ်ရာကိုလွှတ်ပြီး ဂူမိုင်နှစ်ဆယ်လောက်မှာစောင့်နေတယ်... ခင်ဗျား အခုလိုက်သွားပြီး တွေ့လိုက်ပါ... "

နို့ကျားက မေးသည်။

"သေချာတယ်နော်... "

ထိုလူ၏မျက်နှာ တင်းမာသွား၏။

"ဆရာကြီးလျှို့လုံးမင်းက ကလေးကစားသလိုလုပ်ပါ့မလား ခင်ဗျားပြောတာ ကလေးကစားသလိုပဲ... "

နို့ကျားကလည်း တင်းတင်းမာမာပင်ပြောသည်။

"ဒီကိစ္စက အရေးကြီးတယ်... ကဲ... ကျုပ်တို့သွားရအောင်"

လျှို့လုံးမင်းချိန်းဆိုရာအရပ်သို့ အပြင်းနှင်လေသည်။

တုံးဖန်းလှိုင်သည် သူတို့ထွက်သွားသည်ကို သစ်ပင်အောက်မှ စောင့်ကြည့်နေလေ၏။ သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ သူထွက်လာသည်။

သူ့နောက်တွင် မြင်းများအဖွဲ့လည်း ပါလာသည်။

ထိုမြင်းများအဖွဲ့သည် တုံးဖန်းလှိုင်နှင့်အတူ ရှိကျား၏စခန်းသို့ ဝင်ရောက်လာကြသည်။

စခန်းတွင်စောင့်ရှောက်နေသော ဝူတန်းဂိုဏ်းသားများမှာ တုံးဖန်းလှိုင်နှင့် မြင်းများရောက်လာသည်ကို တွေ့လိုက်ရသောအခါ အံ့သြသွားကြသည်။ မြင်းများကို အဘယ်နေရာတွင် သုံးမည်နည်း။

ထိုအခါ တုံးဖန်းလှိုင်က ရှိကျား၏ကောက်ကျစ်သောအကြံအစည်များကို ဖွင့်ပြောလိုက်သည်။

ထို့နောက် အားလုံးကိုဟန်မပျက်နေထိုင်နိုင်းလိုက်သည်။

ပြီးမှ ရွှေချောင်းအစစ်များကို မြင်းများပေါ်သို့ထင်ကာ အတုများကို ထားခဲ့သည်။ သူတို့သည် ရှေးမဆွကပင် ရွှေချောင်းအတုများကို ပြင်ဆင်ထားသဖြင့် ယခုကဲ့သို့ အဆင်သင့်ရှိနေခြင်းဖြစ်သည်။

ဝူတန်းဂိုဏ်းသားများအား နှုတ်ပိတ်ထားလိုက်သည်။

သူတို့သည် တုံးဖန်းလှိုင်ပြောသည့်အတိုင်း ဆောင်ရွက်ကြမည်သာဖြစ်သည်။ ဤဝူတန်းဂိုဏ်းသားများမှာ သစ္စာရှိသောဂိုဏ်းသားများဖြစ်ကြ၏။

ရှိကျားမှာ ထိုလူနောက်သို့ မိုင်နှစ်ဆယ်ခန့်လိုက်သွားပြီးနောက် တောအုပ်ကလေးတစ်ခုရှေ့သို့ ရောက်ရှိလာလေသည်။

ထိုလူက ပြော၏။

"ရှိကျား... ဆရာကြီး လျှို့လုံးမင်းရဲ့ လူယုံနှစ်ယောက်က



ဟိုတောအုပ်ထဲမှာ စောင့်နေတယ်... "

ရှိကျားက မြင်းပေါ်မှဆင်းပြီး တောအုပ်ထဲသို့ ဝင်လိုက်သည်။

ထိုအခါ...

ခပ်လှမ်းလှမ်းတွင် လူနှစ်ယောက်က မိမိအားကျောပေး ရပ်နေသည်ကို တွေ့လိုက်ရ၏။

အနီးသို့ရောက်သောအခါတွင် ရှိကျားက ဦးညွှတ်အရိုအသေပေးရင်းပြောသည်။

"ကျွန်တော်ရောက်တာ နည်းနည်းနောက်ကျသွားလို့ခွင့်လွှတ်ပါ... "

ရုတ်တရက် ထိုလူနှစ်ယောက်က ဘေးသို့ခုန်ထွက်လိုက်ပြီး လွှားခိုင်းထားရင်း မျက်နှာကိုလှည့်လိုက်သည်။

"ရှိကျား... ငါတို့ဘယ်သူတွေလဲ... သေသေချာချာကြည့်စမ်းပါဦး... "

ရှိကျားမြင်လိုက်သောအခါ လိပ်ပြာလွင့်ထွက်မတတ်ဖြစ်သွား၏။

ထိုလူနှစ်ယောက်မှာ လေပွေကြီးနှင့် လေပွေလေးတို့ဖြစ်နေတော့သည်။

လေပွေကြီးက ဓားကိုင်၍ အော်ကာပြော၏။

"သစ္စာဖောက်... မင်းဟာသေလို့ အရိုးကျနေတာတောင် အရိုးကထပြီး သစ္စာဖောက်မဲ့ကောင်... "

လေမွှေလေးကလည်း အော်သည်။

"သစ္စာဖောက်... အခု ငါတို့ တုံးဖန်းလှိုင်ရဲ့အမိန့်အရ မင်းကို လာဖမ်းတာပဲ... မင်းကို ဖုန်လိုင်ကျွန်းသခင်ကြီးဆီပို့ပြီး စီရင်ခိုင်းမယ်"

ရှီကျားမှာ မည်သို့မှ ဟန်မဆောင်နိုင်တော့ဘဲ ချက်ချင်း နောက်သို့လှည့်၍ ထွက်ပြေးလေတော့သည်။

သို့သော်...

လေမွှေညီနောင်နှစ်ယောက်က တားဆီးလိုက်ပြီး ဝိုင်းဝန်း တိုက်ခိုက်လိုက်ကြသည်။

ရှီကျားမှာ တစ်ယောက်ချင်းယှဉ်ပြိုင်တိုက်ခိုက်လျှင် သူတစ်ပြန် ကိုယ်တစ်ပြန်တိုက်ခိုက်နိုင်သည်။

ယခု နှစ်ယောက် တစ်ယောက်တိုက်နေရသဖြင့် ဒုက္ခတွေ့နေသည်။

သို့သော်... ရှီကျားကို အရှင်ဖမ်းရမည်ဖြစ်၍ သေစေနိုင်သော တိုက်ကွက်မျိုးကို မသုံးချေ။

ထို့ကြောင့်... ရှီကျားအနည်းငယ်သက်သာရာရနေသည်။ သို့ရာတွင် အချိန်အနည်းငယ်ကြာမြင့်လာသောအခါ ရှီကျားမှာနှစ်ယောက်နှင့် တစ်ယောက်တိုက်ခိုက်နေရ၍ အားပြတ်လာလေတော့သည်။

မကြာမီ...

ရှီကျားမှာ လေမွှေကြီး၏လက်ဝါးစောင်းတစ်ချက်အရိုက်ခံရပြီး မြေကြီးပေါ်လဲကျသွားတော့သည်။



ထိုအချိန်တွင် ရုတ်တရက်ဆိုသလို လေမွှေကြီးတို့ညီအစ်ကို နှစ်ယောက်မှာ လက်ကောက်ဝတ်တွင် အချွန်ဖြင့် အထိုးခံလိုက်ရသကဲ့သို့ ဖြစ်သွား၏။

ထို့ကြောင့်...

သူတို့သည် လျှင်မြန်စွာနောက်သို့ ခုန်ဆုတ်လိုက်ရသည်။

သူတို့ကြည့်လိုက်သောအခါ လက်ကောက်ဝတ်တွင် အပ်တစ်ချောင်းစီ စိုက်နေသည်ကို တွေ့လိုက်ရသည်။

သူတို့ ထိတ်လန့်သွားသည်။

ထို့နောက် ဘေးပတ်လည်သို့ကြည့်လိုက်သည်။

လူတစ်ယောက်က မျက်နှာတွင်အဝတ်စည်းထားပြီး မျက်လုံး နှစ်လုံးသာဖော်ထားသည်ကို တွေ့ရသည်။

ထိုလူက အေးစက်သောလေသံဖြင့် ပြော၏။

"မင်းတို့က ဘာဖြစ်လို့ တစ်ယောက်တည်းကို အနိုင်ကျင့်ချင်ရတာလဲ... "

လေမွှေညီနောင်မှာ ထိုလူက အပ်ချောင်းကလေးဖြင့် မိမိတို့ကို ဒဏ်ရာရအောင်လုပ်နိုင်သည်ကိုတွေ့ရသောအခါ မိမိတို့ထက် သိုင်းပညာအဆင့်မြင့်ကြောင်း သိလိုက်ရလေသည်။ အဆိပ်အပ်ဖြစ်မည် မဖြစ်မည်ကို မပြောနိုင်ချေ။ ယခုတော့... အဆိပ်တတ်မည့်အရိပ် အယောင်မတွေ့ရသေးပေ။

သို့သော်...

သူတို့နှစ်ယောက်က ရှိကျားကို လက်လွှတ်မခံနိုင်ပေ။

ထို့ကြောင့် ညီအစ်ကိုနှစ်ယောက်အချက်ပြပြီး ထိုလူအား ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

သို့သော်... ထိုလူအနားသို့မရောက်မီပင် ပြင်းထန်သောအားလှိုင်းတစ်ခု၏ ရိုက်ခတ်ခြင်းကို ခံစားလိုက်ရသည်။

သူတို့နှစ်ယောက်က ပြန်လှည့်ကြည့်လိုက်သောအခါ ရှိကျားနှင့် ထိုလူကို မတွေ့ရတော့ချေ။

လေပွေလေးက ပြော၏။

"အစ်ကိုကြီး... ဒီလူက ဘယ်သူလဲ... "

လေပွေကြီးက ပြောလိုက်၏။

"ဒီလူက လီကျက်ချန်ရဲ့လက်အောက်က ထိပ်သီးသိုင်းသမားတစ်ယောက်ဖြစ်မှာပေါ့ကွ... ငါတို့ အခု တုံးဖန်းလှိုင်ကိုသွားရှာပြီး ပြောပြရမယ်... ဒါဟာ အရေးကြီးတယ်... "

သူတို့ကပြောပြီး ထိုနေရာမှ ထွက်သွားလေတော့၏။

မျက်နှာကို အဝတ်စည်းထားသောသူမှာ လီကျက်ချန်၏ ထိပ်သီးသိုင်းသမားနှစ်ယောက်မှ တစ်ယောက်ဖြစ်သည်။ သူ၏တိုက်ခိုက်မှုမှာ အဆင့်မြင့်လှသည်။ ရှိကျားအနေဖြင့် ထိုလူအား ရိုသေလေးစားစွာ ဆက်ဆံရသည်။

သူက လျှို့လုံးမင်း၏စေလွှတ်ချက်အရ သိုင်းသမားလေးဆယ်ကိုခေါ်၍ လိုက်လာခဲ့ခြင်းဖြစ်သည်။ သိုင်းသမားလေးဆယ်သည် တော



အုပ်အတွင်း၌ အသင့်ရှိနေကြသည်။

မမျှော်လင့်ဘဲ ရှိကျားမှာ ထိုလူနှင့်တွေ့၍ အသက်ချမ်းသာရာရရှိသွားခဲ့သည်။ လူမိုက်ကံကောင်းဖြစ်ခဲ့ရလေပြီ။

ရှိကျားမှာ သူခိုးလူမိသလိုဖြစ်သွားသဖြင့် သူ့အကြံမအောင်မည်ကို လွန်စွာစိုးရိမ်၏။

"ဆရာကြီး... အခုဆိုရင် သူတို့ရွှေချောင်းတွေကို မသယ်နိုင်သေးဘူး... အခုအချိန်မှာ တိုက်ရင်... ရွှေချောင်းတွေကို ကျုပ်တို့ရနိုင်ပါသေးတယ်... ဆရာကြီးတို့လာတာကလည်း အချိန်ကောင်းပါပဲ... ကျုပ်ကိုတိုက်တဲ့နှစ်ကောင်ကတော့ တုံးဖန်းလှိုင်ကို ပြန်ပြီးအစီရင်ခံမှာသေချာတယ်... "

မျက်နှာဖုံးအုပ်ထားသူက...

"ဒါဖြင့်... အခုတိုက်ရင် အကောင်းဆုံးအချိန်ပေါ့... "

"အမှန်ပါပဲ... "

ထို့နောက် သူကမျက်နှာဖုံးနှင့်လူကို ဦးဆောင်၍ သူ၏စခန်းသို့ ခေါ်သွား၏။

စခန်းရှိဝူတန်းဂိုဏ်းသားများက တုံးဖန်းလှိုင်ပြောပြထား၍ ဟန်မပျက်စခန်းချနေကြသည်။

ရှိကျားက တိုက်ခိုက်သောအခါ သူတို့သည် ဟန်ဆောင် တိုက်ခိုက်ပြီး မယှဉ်နိုင်ဟန်ဖြင့် ထွက်ပြေးကြလေတော့သည်။

ရှိကျားမှာ ရွှေချောင်းကို အဓိကလိုချင်သူဖြစ်၍ ဝူတန်းဂိုဏ်း

သားများနောက်သို့ မလိုက်တော့ချေ။

ရှိကျားမှာ ရွှေချောင်းသေတ္တာကို ရေတွက်ကြည့်သောအခါ ဆယ့်လေးလုံးတိတိရှိနေသည်ကို တွေ့ရသဖြင့် အားရပါးရ ရယ်မောလိုက်လေတော့၏။

အခန်း [ ၃၀ ]

## ခေါင်းတုံးပေါ် ထိပ်ကွက်လိုသူ

ရှိကျားသည် ဝမ်းသာအားရအော်ဟစ်ကြွေးကြော်နေလေ၏။

"ကျန်းတင့်ရီ… မင်း ပင်ပင်ပန်းပန်းနဲ့ရတဲ့ ရွှေချောင်းကို ငါက အလွယ်တကူရပြီကွ… ကဲ… ဆရာကြီး ကျုပ်တို့လည်း သွားကြရအောင်… "

သူတို့သည် မြင်းလှည်းကို မောင်းနှင်ထွက်သွားရန်ပြုစဉ်မှာပင် ရုတ်တရက် ဆူညံသောမြင်းခွာသံများကို ကြားလိုက်ရလေတော့သည်။

ထိုလူများမှာ မုန့်တိုင်းအဖွဲ့သားများဖြစ်ကြသည်။

ကျူးပန်ရှင်း၏အစီအစဉ်အတိုင်း တိုက်ခိုက်လုယက်ရန် ရောက်လာခြင်းဖြစ်သည်။

သို့သော်... မုန်တိုင်းအဖွဲ့သားများမှာ မျက်နှာဖုံးရှင်၏ အဖွဲ့သားများထက် သိုင်းပညာများစွာနိမ့်ကျ၏။

မုန်တိုင်းအဖွဲ့သားများ များစွာကျဆုံးကြရသည်။

ထို့ကြောင့် နောက်ဆုံးတွင် မုန်တိုင်းအဖွဲ့သားများ ထွက်ပြေးသွားရလေတော့သည်။

မုန်တိုင်းအဖွဲ့သားများကို ဦးဆောင်လာသောရောက်စင်းထိုသည် သူတို့အားတိုက်ခိုက်သည့်အဖွဲ့သည် နယ်စားကြီးလီကျက်ချန်၏ အဖွဲ့မှန်းသိသွား၏။

ထို့ကြောင့် ချက်ချင်းပင် မုန်တိုင်းအဖွဲ့သို့ပြန်ကာသတင်းပေးလိုက်သည်။

တခြားတစ်ဖက်တွင် တုံးဖန်းလှိုင်တို့အဖွဲ့ကို မုန်တိုင်းအဖွဲ့သားများက ဝင်တိုက်ကြသည်။ တုံးဖန်းလှိုင်တို့အဖွဲ့လည်း ထိုအဖွဲ့ကို မယှဉ်နိုင်ဘဲထွက်ပြေးကြရလေ၏။

ထို့ကြောင့် တုံးဖန်းလှိုင်ကိုနိုင်၍ ရွှေချောင်းသေတ္တာကို ဖွင့်ကြည့်လိုက်သောအခါ ကျောက်တုံးများထည့်ထားသည်ကို တွေ့လိုက်ရလေတော့သည်။

ထို့ကြောင့် မုန်တိုင်းအဖွဲ့သားများသည် ရွှေချောင်းအစစ်များကို လီကျက်ချန်ရရှိသွားသည်ဟု အခိုင်အမာယုံကြည်သွားလေတော့သည်။

တုံးဖန်းလှိုင်သည် အကြံဉာဏ်ကောင်းသူဖြစ်သည်။



တုံးဖန်းလှိုင်က ရွှေချောင်းများကိုထည့်ထားသော သေတ္တာများအား ကျောက်တုံးကြီးတစ်တုံးစီ၏အလယ်တွင် ထွင်းဖောက်၍ ဝှက်ထားလိုက်သည်။

ထိုကျောက်တုံးကြီးများကို မြင်းတစ်ကောင်စီဖြင့်သယ်၍ သဲကန္တာရလမ်းအတိုင်း ဖုန်လိုင်ကျွန်းဘက်သို့ ဦးတည်သယ်ဆောင်လာသည်။

တုံးဖန်းလှိုင်ကိုယ်တိုင်မှာလည်း ကုန်သည်ကဲ့သို့ ရုပ်ဖျက်ထား၏။ သူ့လက်အောက်မှ လူများကိုလည်း အားလုံးရုပ်ဖျက်ထားသည်။

လေးငါးရက်ခန့်ကြာသောအခါ သဲကန္တာရနယ်မြေကို ကျော်လွန်ခဲ့သည်။ သူစိတ်မောလူမော သက်ပြင်းချမိလေ၏။

သူက မနက်တွင် မာဟိုဖိန်နှင့် တွေ့ရပေတော့မည်။ ထိုနေ့ညနေစောင်းတွင် သူတို့သည် တောင်ကြားတစ်ခုကိုဖြတ်လာရာ ရုတ်တရက် ရှေ့ဘက်တွင် လူတစ်ယောက်မြင်းတစ်ကောင်နှင့် သူတို့အားစောင့်နေသည်ကို တွေ့ရလေ၏။

အသက်မှာ ငါးဆယ်ကျော်ခန့်ရှိသော လူကြီးတစ်ယောက်ဖြစ်၏။

အနားသို့ရောက်သောအခါမှ...

ထိုလူမှာ သိုင်းလောကတွင် နာမည်ကြီးခွန်လွန်တောင်မှ ဓားသိုင်းဆရာကြီး ဟူမုစန်ဖြစ်နေလေသည်ကို သိလိုက်ရသည်။ ဟူမုစန်သည် အဘယ်ကြောင့် ဤနေရာ၌ လာစောင့်နေရသနည်း။

တုံးဖန်းလှိုင်က ဟူမုစန်ကိုသိ၏။

သို့သော်...

ယခုလိုအချိန်မျိုးတွင် ထိုနေရာ၌ လာရောက်တွေ့ဆုံရသည်ကိုမူ တုံးဖန်းလှိုင်က အံ့ဩ၍နေမိလေသည်။

သူကချက်ချင်းပင် သူ့လူများကို ရပ်နိုင်းလိုက်ပြီး မြင်းပေါ်မှဆင်းကာ ဓားသိုင်းဆရာကြီးဟူမုစန်ကို လက်နက်ဖက်ယှက်၍ နှုတ်ဆက်အရိုအသေပေးလိုက်သည်။

"ဆရာကြီးကို ဂါရဝပြုပါတယ်... ဆရာကြီး နေကောင်းပါရဲ့လား... "

ဟူမုစန်က မည်သို့မျှခွန်းတုံ့မပြန်ဘဲ မြင်းပေါ်မှကျောက်တုံးကြီးကိုကြည့်ကာ တုံးဖန်းလှိုင်ကို ပြောလိုက်သည်။ သူသည် တုံးဖန်းလှိုင်ရုပ်ဖျက်ထားသည်ကို သိနေသည်။

"တုံးဖန်းလှိုင်... မင်းကို ငါတစ်ခုမေးမယ်... "

"ဟုတ်ကဲ့ မေးပါ... ဆရာကြီးစိတ်ကျေနပ်အောင် ဖြေပါ့မယ်ခင်ဗျား... "

တုံးဖန်းလှိုင်က ပြောလိုက်၏။

ဟူမုစန်က...

"မင်း ဒီကျောက်တုံးတွေကို ဘာဖြစ်လို့ ဒီလောက်အပင်ပန်းခံပြီး သယ်နေရတာလဲ... ဘာလဲ အထဲမှာရွှေချောင်းတွေရှိနေလို့နဲ့တူတယ်ကွ... ဟုတ်လား... "



တုံးဖန်းလှိုင် မျက်နှာတစ်ချက်ပျက်သွားသည်။

ကမန်းကတန်းနှင့် ပြော၏။

"ဆရာကြီးက ရယ်စရာပြောနေတာကိုး... ကျောက်တုံးကြီးတွေထဲမှာ ဘယ်နှယ့်ရွှေချောင်းတွေရှိနိုင်မှာလဲ... လာပါ... ဆရာကြီးအရက်သွားသောက်ကြရအောင်... "

"ဒီနေ့ ငါအရက်မသောက်ချင်ဘူး... ဒါပေမဲ့ မျက်လှည့်တော့ပြချင်တယ်... "

အခြေမနေ မကောင်းပါ။ ဤအခြေအနေမျိုးကို တုံးဖန်းလှိုင်မကြိုက်ပါ။

တုံးဖန်းလှိုင်က အခြေအနေမဟန်မှန်းသိလေ၏။

သို့သော်...

သူက ဟန်မပျက်ပြန်ပြော၏။

"ဆရာကြီးက ဘယ်လိုမျက်လှည့်ပြမှာလဲ... ကျွန်တော်တို့ကိုကြည့်စေချင်တာလား... "

"ဟုတ်တယ်... မင်းတို့ကြည့်ဖို့ပါပဲ... "

ပြောရင်း သူက ရုတ်တရက် ကျောက်တုံးကြီးပေါ်သို့ ရိုက်ချလိုက်၏။ ကျောက်တုံးကြီးမှာကွဲအက်သွားပြီးအတွင်းမှ ရွှေချောင်းသေတ္တာကိုတွေ့လိုက်ရသည်။

"ဟား... ဟား... ဟား... "

ဟူမုစန်က ရုတ်တရက်ဟားတိုက်ရယ်မောလိုက်၏။

"တုံးဖန်းလှိုင်... ငါ့မျက်လှည့်က ဘယ်လိုနေသလဲ... ကြည့်လို့ကောင်းရဲ့လားကွ... "

တုံးဖန်းလှိုင်ဘက်သို့လှည့်ကာ တစ်လုံးချင်းပြောလိုက်လေတော့သည်။

တုံးဖန်းလှိုင်သည် စကားတစ်လုံးမျှ မပြောနိုင်တော့ဘဲ မျက်စိမျက်နှာပျက်နေသည်။

ဟူမုစန်...

ဟူမုစန်သည် အလယ်ပိုင်းသိုင်းဝိဇ္ဇာလေးဦး၌ တစ်ဦးအပါအဝင်ဖြစ်လေသည်။ ရှင်းရှင်းပြောရလျှင် သိုင်းလောကထဲမှ အကြောက်ရဆုံးလေးဦးထဲ၌ တစ်ဦးအပါအဝင်ဖြစ်သည်။

ခွန်လွန်တောင်၌ နေထိုင်ပြီး အကြောင်းကိစ္စမရှိဘဲ သိုင်းလောကသို့ဆင်းသူမဟုတ်ချေ။ သူ့စိတ်ကို တုံးဖန်းလှိုင်ကောင်းစွာသိသည်။

သူတောင်းစားကြီးလီကျိရှောင်ကဲ့သို့ ခေါင်းမာပြီး ကိုယ့်သဘောနှင့်ကိုယ် လုပ်တတ်ကာ သူတစ်ပါးပြောစကားကို အမှုထားသူမဟုတ်ချေ။

ဟူမုစန်သည် ထင်းတိုင်ဂိုဏ်းချုပ် ကျင်းကန်းကျက်တစ်ယောက်ကိုသာ သိုင်းကွက်နိမ့်ကာ ရှုံးဘူးသူဖြစ်သည်ဟုလည်း သတင်းများထွက်ပေါ်လာဖူးသည်။ သို့သော်... ထိုသတင်းမှန်သည်ဟု မည်သူမျှ မပြောနိုင်ပေ။



တုံးဖန်းလှိုင်သည် ကျောက်ထပ်တောင်သို့ ဟူမုစန်ရောက်မလာခဲ့ခြင်းမှာ ကျင်းကန်းကျက်နှင့် မတွေ့လို၍ဖြစ်ကြောင်း ယခုမှ သဘောပေါက်လာသည်။ ကျင်းကန်းကျက်ကို ရှုံးဖူးသည်ဆိုသည့် သတင်းသည် မှန်နိုင်၏။

ကျောက်ထပ်တောင်မှ ရွှေချောင်းများသည် ဟူမုစန်ကဲ့သို့ ထိပ်သီးသိုင်းသမားကြီးများစိတ်အစဉ်ကို ယိမ်းယိုင်အောင် ဖွဲဆောင်နိုင်စွမ်းရှိသည်။

ကျောက်ထပ်တောင်သို့မလာဘဲနေခဲ့သော ဟူမုစန်သည် ရွှေချောင်းများအတွက် ယခုရောက်လာခဲ့လေပြီ။

တုံးဖန်းလှိုင်က သက်ပြင်းချလိုက်သည်။

"ဟင်း... ဆရာကြီးရဲ့ အကွက်မြင်တတ်မှုကို ချီးကျူးပါတယ်ဗျာ... တော်ပါပေတယ်... တော်ပါပေတယ်... တခြားသူတွေကတော့ တောပြေး... တောင်ပြေး... ကျောက်ထပ်တောင်ပြေးနဲ့ ပင်ပန်းလိုက်ကြတာ နဖူးကချွေး ခြေမရောက်အောင် ပင်ပန်းခဲ့ကြပါတယ်... တပ်စုတွေ... တပ်ဖွဲ့တွေ... ခေါင်းဆောင်အချို့နဲ့ အားလုံးပင်ပန်းတကြီးကြီးစားခဲ့ရပါတယ်... ဆရာကြီးကတော့ အေးအေးဆေးဆေးတစ်ကွက်ထဲနဲ့ အပိုင်ကိုင်လိုက်တာပဲ... ချီးကျူးပါတယ်ဗျာ... "

သူက ဆက်ပြောသည်။

"ကျွန်တော့်ရဲ့လှည့်ကွက်တွေဟာ တခြားလူတွေအတွက် အသုံးဝင်ပေမဲ့ ဆရာကြီးကိုတော့ ဘယ်လိုမှဖုံးကွယ်နိုင်မှာမဟုတ်ပါ

ဘူး... "

ဟူမုစန်က နှာခေါင်းရှုံ့လိုက်သည်။

"ဒါဆို... စောစောက မင်းပြောတော့ တစ်မျိုးပါလား... သိုင်းလောကလူငယ်လူရွယ်တွေထဲမှာ ရေပန်းစားကျော်ကြားလာတာနဲ့ ငါ့ကိုတောင် ဂရုမစိုက်တော့ဘူးဆိုတဲ့သဘော မဟုတ်လား... "

တုံးဖန်းလှိုင်၏မျက်နှာ တည်သွားသည်။

"ကျွန်တော်ဟာ... ကိုယ့်အလုပ်ကိုယ်လုပ်တဲ့လူတစ်ယောက်ပါ... ကြွားဝါတာမျိုး မရှိဘူးဆိုတာ လူတိုင်းသိကြပါတယ်ဗျာ... အခု ဆရာကြီးရောက်လာတာကို ဘယ်လိုအကြောင်းကိစ္စလဲဆိုတာ သိပါရစေဗျာ... ကျွန်တော်ကတော့ ရွှေချောင်းတွေကို ဆရာကြီးက ထုတ်ဖော်လိုက်ပေမဲ့ အဲဒီကိစ္စနဲ့ မဆိုင်ဘူးလို့ထင်ပါတယ်... "

ဟူမုစန် မဲ့ပြုံးပြုံးလိုက်သည်။

"အေး... ငါက မာပဟိုဖိန်ရဲ့ပညာ ဘယ်လောက်တိုးတက်လာသလဲဆိုတာ စမ်းသပ်ကြည့်ချင်လို့ လာခဲ့တာ... သူမရှိတော့လည်း ရွှေချောင်းတွေကိုယူပြီး ပြန်သွားဖို့ပဲရှိတော့တာပေါ့... "

နောက်ဆုံးတော့ ဟူမုစန်သည်လည်း ရွှေချောင်းများရယူလိုသဖြင့် ရောက်လာခြင်းဖြစ်ကြောင်း ပေါ်လွင်လာတော့သည်။ တုံးဖန်းလှိုင်သည် လိမ္မာပါးနပ်စွာ ရွှေချောင်းကိစ္စရှောင်သော်လည်း နောက်ဆုံးတော့ မရပေ။

"ဆရာကြီးဟာ ဒီအချိန်မှာ နောက်ပြောင်ကျီစယ်တဲ့စကားမျိုး



ပြောတာ အံ့ဩစရာပါပဲ... အလယ်ပိုင်းသိုင်းဝိဇ္ဇာလေးယောက်ထဲမှာ ပါဝင်တဲ့ ဆရာကြီးလိုလူတစ်ယောက်က အောက်တန်းကျတဲ့လုယက်တိုက်ခိုက်မှုမျိုးကို ပြုလုပ်လိမ့်မယ်လို့ ဘယ်သူကမှ ထင်မှာမဟုတ်ပါဘူး... "

"ဟော... ဘယ်သူတွေ ဘယ်လိုပဲထင်ထင် ငါဂရုမစိုက်ဘူးကွ ရွှေချောင်းတွေကိုထားခဲ့ပြီး ထွက်သွားတာ... မင်းအတွက်အကောင်းဆုံးဖြစ်လိမ့်မယ်... မဟုတ်ရင်တော့ မင်းသေလမ်း ရွေးတာပဲ... အကုန်သတ်မယ်... "

တုံးဖန်းလှိုင် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်ဟာ အလွယ်တကူအလျှော့ပေးမယ်ဆိုရင် ရွှေချောင်းတွေသယ်လာဖို့ အစကတည်းက တာဝန်ယူမှာမဟုတ်ပါဘူး... ခင်ဗျာ... ဒီရွှေချောင်းတွေဟာ တိုင်းပြည်အကျိုးလုပ်ဆောင်ဖို့ပါ... "

"ဩော်... မင်းက ကျုပ်ကိုမမှုဘူးပေါ့... ကောင်းပြီ ငါနဲ့ သိုင်းသုံးကွက်ယှဉ်ပြိုင်ပါ... အနိုင်ရတယ်ဆိုရင်... ဒီနေရာက ငါထွက်သွားပေးမယ်... "

ဟူမုစန်သည် သိုင်းဝိဇ္ဇာတစ်ဦးဖြစ်သည်ကိုပင် မထောက်ဘဲ စိန်ခေါ်လိုက်လေသည်။ တကယ်တွင် သူ့အနေဖြင့် စတင်စိန်မခေါ်သင့်ပါ။ တုံးဖန်းလှိုင်ကို စတင်အခွင့်အရေးပေးသင့်ပါသည်။

သူ၏စိန်ခေါ်မှုသည် တုံးဖန်းလှိုင်လိုလူငယ်တစ်ယောက်အဖို့ အနိုင်ကျင့်လိုသည့်သဘောဖြစ်နေပါတော့သည်။

တုံးဖန်းလှိုင်သည် လွယ်လင့်တကူအလျှော့ပေးတတ်သူတစ်ယောက်မဟုတ်ပါချေ။ မာနကြီးသူဖြစ်သည်။ ဟူမုစန်ထက် ဆယ်ဆလောက် သိုင်းပညာထက်မြက်သူဖြစ်ပါစေ… အသေခံပြီးတိုက်ခိုက်မည်ဖြစ်ပါသည်။

"ကောင်းပါပြီ ခင်ဗျာ… ဆရာကြီးရဲ့သိုင်းသုံးကွက်ကို ကျွန်တော်မှတ်သားနာယူပါ့မယ်… "

ထိပ်တိုက်ရင်ဆိုင်ပွဲဖြစ်ပေါ်လာသောအခါ တုံးဖန်းလှိုင်၏အဖွဲ့သားများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

အားလုံးငြိမ်ငြိမ်နေကြရန် တုံးဖန်းလှိုင်က လက်ဝှေ့ယမ်းပြလိုက်၏။

"ဟား… ဟား… ဟား… "

ဟူမုစန်သဘောကျစွာ ရယ်မောလိုက်လေသည်။

"တုံးဖန်းလှိုင်… မင်းဟာ တစ်ဟုန်ထိုးနာမည်ကြီးလာတာအကြောင်းမဲ့သက်သက်တော့ မဖြစ်နိုင်ပါဘူး… ကျုပ်တို့သိုင်းသုံးကွက်လောက်ယှဉ်ပြိုင်လိုက်ကြရအောင်… မင်းပုံကြည့်ရတာ ငါ့ကိုရင်ဆိုင်ရဲတဲ့ပုံစံပဲ… "

"ကောင်းပါပြီခင်ဗျာ… ဆရာကြီး စနိုင်ပါပြီ… "

တုံးဖန်းလှိုင်က သဘောတူလိုက်သည်။

ဟူမုစန်သည် သိုင်းဝိဇ္ဇာကြီးတစ်ဦးဖြစ်သော်လည်း မိမိအားသိုင်းသုံးကွက်အတွင်း အနိုင်ယူ၍ရမည်မဟုတ်ဟု တုံးဖန်းလှိုင်သည်



ကိုယ့်ကိုယ်ကိုယုံကြည်စိတ်ချထားခြင်းကြောင့် ဖြစ်လေသည်။

ဟူမုစန်လက်ဝှေ့ယမ်းလိုက်၏။

"အင်း… မင်းလို အလားအလာရှိတဲ့လူငယ်တစ်ယောက်ကို ငါ့လက်ချက်နဲ့ သွေးထွက်သံယိုမဖြစ်စေချင်ပါဘူး… မင်းရဲ့လူတစ်ယောက်ခေါ်ပြီး ဓားနှစ်လက်ယူလာခိုင်းလိုက်ပါ… "

"ကောင်းပါပြီဗျာ… "

တုံးဖန်းလှိုင်က သဘောတူလိုက်ပြီး သူ၏လူတစ်ယောက်ကို အမိန့်ပေးလိုက်လေသည်။

"ဟော့… အကောင်းဆုံးဓားနှစ်လက်ယူခဲ့စမ်း… "

အဖွဲ့သားတစ်ယောက်က အကောင်းဆုံးဓားနှစ်လက်ယူလာပေးသည်။

ဟူမုစန်က ဓားနှစ်လက်ကို လက်ခံယူလိုက်သည်။

ဓားတစ်လက်ကို ဓားအိမ်မှဆွဲထုတ်ကာ ဝှေ့ယမ်းကြည့်လိုက်၏။

"အင်း… ဓားကောင်းတစ်လက်ပါပဲ… "

ဟုချီးကျူးပြီး လက်ဝါးစောင်းဖြင့် ခပ်ဆတ်ဆတ်လေး သုံးချက်ရိုက်ချလိုက်လေသည်။

ပထမတစ်ချက် ဓားသံထွက်ပေါ်လာသည်။

ဒုတိယတစ်ချက်မှာ သစ်သားချောင်းကို တောက်လိုက်သကဲ့သို့ အသံပြောင်းသွား၏။

တတိယအချက်တွင်မူ မြေကြီးကိုပုတ်လိုက်သောအသံမျိုး ထွက်ပေါ်လာလေသည်။

ထို့နောက်...

"ကဲ... မင်းကြည့်ပါဦး... "

ဓားကို တုံးဖန်းလှိုင်အား ပေးလိုက်လေသည်။

"ဒီဓားက ကြည့်လို့သာကောင်းတာ... တကယ်တမ်းကျတော့ အသုံးမကျပါဘူး... "

တုံးဖန်းလှိုင်က ဓားကိုဝှေ့ယမ်းလိုက်ရာ ဓားမှာအပိုင်းပိုင်း ပြတ်ကာ မြေပေါ်ကျသွားပြီး တုံးဖန်းလှိုင်၏လက်ထဲ၌ ဓားရိုးသာလျှင် ကျန်ရစ်ခဲ့လေတော့သည်။

ဟူမုစန်က ကောင်းကောင်းကြီးပညာပြလိုက်ခြင်းဖြစ်လေသည်။

တုံးဖန်းလှိုင်က ပင့်သက်ရှိုက်လိုက်သည်။

"ဆရာကြီးလို သိုင်းဝိဇ္ဇာတစ်ယောက်ရဲ့ပညာဟာ အံ့မခန်းချီးကျူးရောပါပဲ ခင်ဗျာ... ကဲ... ကျွန်တော်လည်း စွမ်းသလောက် ပညာလေးပြပါရစေ... ကလေးကစားစရာလိုဖြစ်နေရင်တော့ ဆရာကြီးခွင့်လွှတ်ပါခင်ဗျာ... "

"ကောင်းတယ်... ကောင်းတယ်... "

ဟူမုစန်က သူယူထားသော ကျန်ဓားတစ်လက်ကိုထိုးပေး၏။

တုံးဖန်းလှိုင်က ယူကာ ဝဲဘက်လက်ဖြင့်ကိုင်ပြီး ယာဘက်



လက်ဖြင့် ဓားပြားပေါ်သို့ ခပ်ဆတ်ဆတ်လေး ပုတ်လိုက်လေသည်။

ဖုတ်ခနဲမြည်သံထွက်ပေါ်လာကာ ဓားမှာအပိုင်းပိုင်းပြတ်ကာ မြေပေါ်ကျသွား၏။

တုံးဖန်းလှိုင်၏လက်ထဲ၌ ဓားရိုးသာလျှင် ကျန်ရစ်ခဲ့လေသည်။

ဟူမုစန်မျက်နှာကွက်ခနဲပျက်သွားသည်။

တုံးဖန်းလှိုင်သည် လူငယ်တစ်ယောက်ဖြစ်သော်လည်း အံ့မခန်းသိုင်းပညာရှိနေ၍သာ လျှမ်းလျှမ်းတောက်ကျော်ကြားနေခြင်းဖြစ်ကြောင်း၊ လက်တွေ့သိလိုက်ရပြီး လက်မခံချင်ရှိ၍ မရတော့ချေ။

သူက စတင်စိန်ခေါ်ပြီးခဲ့ပြီ မဟုတ်ပါလား။

တုံးဖန်းလှိုင်က ဦးညွှတ်လိုက်သည်။

"ကျွန်တော့်ရဲ့ပညာကို ဆရာကြီးဘယ်လိုသဘောရသလဲဆိုတာ သိပါရစေဗျာ... "

ဟူမုစန်က ပြုံးလိုက်သည်။

"မင်း မဆိုးပါဘူး... ပထမတစ်ကွက်ကို သရေပွဲထားလိုက်ရင် နောက်နှစ်ပွဲကျန်နေသေးတယ်ဆိုတာတော့ မင်းသိထားရမယ်... "

တုံးဖန်းလှိုင် သက်ပြင်းချလိုက်သည်။

နောက်နှစ်ပွဲတွင် အနိုင်ရဖို့မဆိုထားနှင့် သရေကျဖို့ပင် လွယ်မည်မဟုတ်ကြောင်း နားလည်ထားလေသည်။ ပထမတစ်ကွက်သာ သူ့အနေဖြင့် ယှဉ်နိုင်ပေမည်။ ဒုတိယနှင့် တတိယအကွက်တွင်တော့ သူ ရှုံးရပေလိမ့်မည်။

"ဆရာကြီးက ရွှေချောင်းတွေကို တကယ်ပဲယူသွားမှာလား ဆရာတော်မာဟိုဖိန်ကို အမှုမထားတော့ဘူးလားဗျာ... "

သူသည် ဟူမုစန်ကို မတားနိုင်တော့ပြီကို သိလိုက်သဖြင့် ဆရာတော်မာဟိုဖိန်နှင့် ခြောက်လိုက်၏

ဟူမုစန်က ရယ်၍ပြောသည်။

"ငါက ဆရာတော်မာဟိုဖိန်ကို ဘယ်လိုလူလဲဆိုတာ သိချင်နေတာ... မင်းက ဒီလူနဲ့ငါ့ကိုလာပြီး ခြိမ်းခြောက်လို့ အလကားပဲ... "

"ကျုပ်က ဆရာကြီးကို ခြိမ်းခြောက်တာမဟုတ်ပါဘူး... ဆရာကြီးကသာ တကယ်လို့သူနဲ့တိုးမိရင် တစ်သက်လုံးထိန်းသိမ်းခဲ့တဲ့ နာမည်သိက္ခာတွေကျသွားမှာ စိုးလို့ပါ... "

ဟူမုစန်မှာ အသက်ကြီးပြီဖြစ်သော်လည်း လူငယ်ကဲ့သို့ အနိုင်မခံလိုစိတ်ကြောင့် တုံးဖန်းလှိုင်၏စကားကိုကြားရသောအခါ အလွန်ဒေါသထွက်သွား၏။ သူက ဒေါသနှင့် အော်လိုက်လေ၏။

"ငါက ဒီလူကိုကြောက်ရင် ဒီကိုမလာဘူးကွ... "

စကားမဆုံးမီမှာပင် ရုတ်တရက် သူ့နောက်ကျောမှ စကားသံထွက်ပေါ်လာ၏။

"ဆရာကြီးက ကျုပ်အကြောင်းကိုပြောနေတာကိုး... ကျုပ်ရောက်လာပါပြီ... "

ထိုသူမှာ ဆရာတော်မာဟိုဖိန်ဖြစ်နေသည်။

တုံးဖန်းလှိုင်၏ဝမ်းသာမှုမှာ မဖော်ပြနိုင်လောက်အောင်ဖြစ်



သွားသည်။

"မာဟိုဖိန်... ခင်ဗျားရောက်လာပြီကိုး... လေးစားပါတယ်ဗျာ... "

စကားဆုံးလျှင် လက်နှစ်ဖက်ကိုစု၍ အရိုအသေပေးလိုက်၏။ အတွင်းအားစုစည်းကာ စတင်တိုက်ခိုက်လိုက်ခြင်းဖြစ်၏။ မာဟိုဖိန်ကလည်း ပြန်လည်ဦးညွှတ်ပြီး သူကလည်းပြန်လည်ခုခံလိုက်သည်။

ထိပ်သီးသိုင်းသမားကြီးနှစ်ယောက် ယှဉ်ပြိုင်ရာ၌ မည်သူက အနိုင်ရမည်နည်း။

တုံးဖန်းလှိုင်သည် မာဟိုဖိန်တို့၏ယှဉ်ပြိုင်မှုကို ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေရတော့သည်။ ဆရာတော်ရှုံးလျှင်တော့ မိမိတို့ရည်မှန်းချက်ကြီး ပျက်သွားလေတော့မည်။

အခန်း [ ၃၀ ]

## နှမ်းမြူးခြင်း၏ အောင်မြင်မှု

ယခုရက်ပိုင်းအတွင်း အားမုန်အလွန်စိတ်ပူနေမိလေသည်။ ဖမ်းဆီးခံထားရသော ကျန်းတင့်ရှီ၏ဖခင် သခင်ကြီးကျန်းပို အား ကယ်တင်နိုင်စွမ်းမရှိသေးပါ။

သူက လျှိုချင်းကိုအားကိုးခဲ့သော်လည်း လျှိုချင်းသည် အလွန် အန္တရာယ်များသောကိစ္စဖြစ်သည်ဟူ၍ သတိဝီရိယဖြင့် ဆောင်ရွက်နေ ခြင်းကြောင့် နှောင့်နှေးကြန့်ကြာနေ၏။

အမှန်တော့... သစ္စာဖောက်နယ်စားကြီးလီကျက်ချန်ထံတွင် ထိပ်တန်းသိုင်းသမားအများအပြားရှိနေ၍ မစွန့်စားဝံ့ဘဲ ဆရာတော်မှာ ဟိုဖိန်နှင့်ဆက်သွယ်ကာ အကျိုးအကြောင်း စောင့်ဆိုင်းနေခြင်းဖြစ် သည်။



မကြာသေးမီက မာပဟိုဖိန်ထံမှ စာတစ်စောင်ရောက်လာ၏။ ကျန်းပိုအားကယ်တင်ဖို့ လူတစ်ယောက်ကိုလွှတ်လိုက်ပြီဖြစ် ကြောင်း စိတ်ပူစရာမလိုကြောင်း ရေးသားထားလေသည်။

ထိုအတွက် အားမုန်မကျေမနပ်ဖြစ်မိသည်။

"သူကိုယ်တိုင် ဘာကြောင့်သွားမကယ်တာလဲ... ဘယ်သူ့ကို လွှတ်လိုက်တာလဲ... မဖြစ်သေးပါဘူး... "

စိတ်မရှည်နိုင်တော့သည့်နောက်ဆုံး လျှိုချင်းကိုပင်အသိမပေး ဘဲ တိတ်တဆိတ်ထွက်ခဲ့လေတော့သည်။ တကယ်တော့ ကယ်တင်လို ကယ်တင်နိုင်ငြား ထွက်လာခြင်းဖြစ်သည်။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွား ပြီဖြစ်ပါသည်။

အားမုန်သည် သစ္စာဖောက်နယ်စားကြီးလီကျက်ချန်စံနန်းချ နေသော ထုံပါးတောင်ဆီသို့ ဦးတည်ခရီးထွက်လာသည်။ သို့သော် အရပ်ဒေသမကျွမ်းကျင်သဖြင့် ဦးတည်ရာသို့ တည့်တည့်မရောက်ချေ။

တောင်ကြားလမ်းတစ်ခုကိုဖြတ်ကျော်ပြီး တောအုပ်တစ်ခု အတွင်းသို့ရောက်သောအခါ အဝေးမှမီးရောင်တချို့ကို တွေ့မြင်လိုက် ရသည်။ မီးရောင်သည် သူ့အလိုအလျောက်ဖြစ်ပေါ်နိုင်သည် မဟုတ် ပေ။

အားမုန် ဝမ်းသာသွားသည်။

"မီးရောင်ရှိရင်... လူရှိမှာပဲ... "

သူသည် မီးရောင်ထွက်ပေါ်လာရာဆီသို့ ဦးတည်သွားလိုက်သည်။

မကြာမီ...

တောအုပ်ထဲသို့လွန်မြောက်ကာ တောင်ကုန်းလေးတစ်ခုအနီးသို့ရောက်ရှိသွား၏။

ထိုတောင်ကုန်းလေးပေါ်၌ ခြံဝန်းကျယ်ကြီးနှင့် အဆောက်အဦများရှိနေသည်ကို တွေ့လိုက်ရလေသည်။ အံ့ဩစဖွယ်ပင်။

"တောထဲ တောင်ထဲမှာလာပြီးနေကြတာ... ဘယ်သူတွေပါလိမ့်... "

အားမုန် အံ့ဩမိသော်လည်း ထိုခြံဝင်းကြီးဆီသို့ တိတ်တဆိတ်ချဉ်းကပ်သွားလိုက်မိသည်။

ရုတ်တရက်...

"သူခိုးလေး... မင်းဘယ်ပြေးမလဲ... "

အော်ငေါက်သံထွက်ပေါ်လာသည်။ အမှောင်ထဲမှ လူရိပ်တစ်ခုထွက်ပေါ်လာကာ အားမုန်အားဖမ်းချုပ်လိုက်သည်။

"လာ... လိုက်ခဲ့... "

ခြံဝင်းအတွင်းသို့ အဓမ္မဖမ်းဆီးခေါ်ဆောင်သွားလေတော့သည်။

"လွှတ်... လွှတ်... လွှတ်... ကျုပ်ကိုလွှတ်... "

အားမုန်အော်ဟစ်ရုန်းကန်လိုက်သော်လည်း မလွတ်နိုင်တော့



ချေ။

ခြံဝင်းအတွင်းရှိ အဆောက်အဦကြီးတစ်ခုအတွင်းသို့ လိုက်ပါသွားရတော့သည်။

ကျွန်းပိုအတွက် စိုးရိမ်စိတ်ကြောင့် မဆင်မခြင်ထွက်လာမိခဲ့သော အားမုန်မှာ သူခိုးလေးဟုစွပ်စွဲခံရကာ ဒုက္ခရောက်နေရပြီဖြစ်လေသည်။

သူ့အားဖမ်းဆီးခေါ်ဆောင်သွားသူမှာ မည်သူဖြစ်ပါသနည်း။

ထူးဆန်းသောခြံဝင်းအတွင်း၌ မည်သို့သောလူစားမျိုးများနေထိုင်ကြပါသနည်း။

တောတောင်ထဲ၌ ခြံဝင်းတစ်ခုတည်ဆောက်၍ သိုင်းကျောင်းဖွင့်ထားသူမှာ လိုလင့်ဖြစ်သည်။

သူမသည် ထင်းစန်းဂိုဏ်း၌ ပညာသင်ကြားခဲ့ပြီး ပညာစုံသောအခါ သိုင်းလောကသို့ဆင်းလာပြီး သိုင်းလောက၌ နှစ်အတန်ကြာအောင်ကျင်လည်ကျက်စားခဲ့ပြီးနောက် လူသူကင်းဝေးရာ.တောတောင်ထဲ၌ လာရောက်၍ သိုင်းကျောင်းဖွင့်ခဲ့သည်။

သိုင်းပညာအမှန်တကယ်လိုလားသောသူများသာ လက်ခံ၍ သီးခြားကမ္ဘာလေးတစ်ခုတည်ထောင်ကာ သင်ကြားပေးသည့် သဘောဖြစ်သည်။

သူမသိုင်းလောကဌ် ကျင်လည်ကျက်စားခဲ့သည်ဆိုရာ၌လည်း နက်နဲသောကိစ္စရပ်များ၌ မပါဝင်ခဲ့ပါ။ သာမန်သာ သွားလာလှုပ်ရှားခဲ့ခြင်းဖြစ်ပါသည်။

သိုင်းလောကဌ် ဖြစ်ပေါ်တတ်သည့်ပြဿနာများမှာ များပြားရှုပ်ထွေးလှသည်။ ရတနာမြေပုံကိစ္စ၊ ထူးဆန်းသော ဓား သို့မဟုတ် လက်နက်ဆန်းကိစ္စနှင့် ဆန်းကြယ်သောသိုင်းပညာရပ်တစ်ခုခုတို့သည် လျှို့ဝှက်ခြင်း၊ သိုသိပ်ခြင်း၊ ရှာဖွေခြင်းတို့ဖြင့် ရောထွေးယှက်နွယ်ကာ ပြဿနာဖြစ်တတ်သည်။

ယခု သူမသည် ထိုကိစ္စများနှင့် လုံးဝပတ်သက်ခြင်းမရှိခဲ့ပေ။ တော်ရုံတန်ရုံကိစ္စများ၌သာ ပါဝင်ခဲ့ခြင်းဖြစ်သည်။ အစုအဖွဲ့လိုက် တိုက်ခိုက်ခြင်းမျိုး။ တစ်ကိုယ်ချင်းတိုက်ခိုက်ခြင်းမျိုးရှိခဲ့သည်။ ဤမျှသာ ကျင်လည်ခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း သူမ၏သိုင်းပညာမှာအတော်ပင်အထက်တန်းကျပြီး အဆင့်မြင့်ခဲ့သဖြင့် တော်ရုံတန်ရုံသိုင်းသမားများက သူမကို မယှဉ်နိုင်ခဲ့ချေ။

သူမသည် သိုင်းလောကဌ် ကျင်လည်ကျက်စားခဲ့သော်လည်း ဆူဆူညံညံ၊ ရုတ်ရုတ်သဲသဲဖြစ်သည့်ကိစ္စများကို ရှောင်ကြဉ်သည်။ သူမက အေးအေးချမ်းချမ်း နေသူပေကိုး။

ဤသို့ဖြင့် သူမသည် အကြံတစ်ခုရခဲ့သည်။ ပိုက်ဆံရှိ၍ သိုင်းပညာသင်လိုသော လူမျိုးများကို သိုင်းပညာသင်ပေးရန် စိတ်ကူးရလာသည်။



သိုင်းပညာသင်တန်းကျောင်းများမှာ မြို့ထဲ၌ရှိတတ်သည်။ သို့သော်... သူမကတော့ အလွန်အေးချမ်း၍ ချောင်ကျလှသည့် တောတောင်ထဲ၌ သင်တန်းကျောင်းဖွင့်ခဲ့သည်။ အလုပ်ဖြစ်ပါသည်။သင်တန်းသားများလည်း လက်ခံရရှိခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် လိုလင့်၏သိုင်းကျောင်းနှင့် မနီးမဝေး၌ သစ္စာဖောက်နယ်စားကြီးလီကျက်ချန်က လာရောက်စခန်းချခဲ့လေ၏။

လီကျက်ချန်ငယ်သားအချို့သည် လိုလင့်၏သိုင်းကျောင်းအား လာရောက်နှောင့်ယှက်ကြသည်။ သင်တန်းသားများနှင့် အချင်းများခဲ့ကြသည်။ လိုလင့်သည် လီကျက်ချန်အား သွားရောက်တွေ့ဆုံကာ တိုင်တန်းပြောဆိုခဲ့သည်။

လီကျက်ချန်ကိုယ်တိုင် လိုလင့်အား သွားရောက်နှောင့်ယှက်ခြင်းမပြုရန် သူ၏လူများအား အမိန့်ပေးထားလေ၏။ အဘယ်ကြောင့် လီကျက်ချန်က သူမအားသွားရောက်မတို့မထိရန် အမိန့်ပေးထားခြင်းကို မည်သူမျှမသိပါချေ။

နာမည်ကြီးနေသော လီကျက်ချန်သည်ပင် မထိဝံ့ မတို့ဝံ့သော လိုလင့်၏သိုင်းကျောင်းသို့ မမျှော်လင့်ဘဲ အားမုန်ရောက်ရှိသွားခြင်းဖြစ်လေတော့သည်။

အစောင့်များသည် အားမုန်အား ဆွဲခေါ်လာသည်။

"ဝုန်း... "

အခန်းတစ်ခုထဲသို့ ပစ်သွင်းခံရသောအခါ တစ်ကိုယ်လုံးအရိုးအဆစ်ပြုတ်မတတ် နာကျင်သွားသည်။

လိုလင့်က သူ့အားစူးရှစွာကြည့်ကာ မာကျောသောလေသံဖြင့် ပြော၏။

"မင်းက ဘယ်က သူခိုးလဲ... ဘာဖြစ်လို့ ငါတို့ရဲ့ကျောင်းနားကို ခိုးဝင်လာသလဲ... ငါတို့ကျောင်းမှာ မင်းခိုးစရာ ဘာရှိသလဲ... "

အားမုန်သည် လိုလင့်က သူ့အားသူခိုးဟုပြောဆိုနေသည်ကို ကြားရသောအခါ ဒေါသထွက်သွားလေ၏။

သို့သော်... သူ့အနားရှိ အမျိုးသမီးနှစ်ယောက်က သူ့ကိုဖိထားသည့်အတွက် မလှုပ်နိုင်ချေ။ အမျိုးသမီးများက ချုပ်ကိုင်ထားပုံမှာလည်း စနစ်ကျသည်။

"သူက ခုခံချင်သေးတယ်... သူ့ကို အပြစ်ဒဏ်ပေးလိုက်... "

လိုလင့်က အော်ပြောလိုက်လေသည်။

ထိုအခါ...

အမျိုးသမီးတစ်ယောက် တုတ်ချောင်းတစ်ချောင်းဆွဲ၍ အားမုန်ကို ရိုက်နှက်လေတော့သည်။

"ကျုပ်က လီကျက်ချန်ကိုလာတွေ့တာ..၊ လမ်းမှားပြီး ဒီကိုရောက်လာတာပါ... ခင်ဗျားတို့ကျောင်းမှာ ဘာခိုးစရာရှိလို့လဲ... "

လိုလင့်က ထိုစကားကြားရသောအခါ ချက်ချင်းရပ်နိုင်းလိုက်သည်။



"ဘာပြောတယ်... မင်းက လီကျက်ချန်နဲ့ ရန်ငြိုးရှိလို့လား... ဒါက သိုင်းကျောင်းပဲ... မင်းက ဘာဖြစ်လို့ ခိုးဝင်လာရတာလဲ... "

အားမုန် အံကြိတ်လိုက်သည်။

"လီကျက်ချန်က ကျုပ်ရဲ့ကျေးဇူးရှင်သခင်ကြီးကိုဖမ်းဆီးသွားတယ်လေ... ဒါကြောင့် သွားကယ်ဖို့လာတာ... လမ်းမှားပြီး သည်ကိုရောက်လာတာဗျ... ခင်ဗျားတို့ကျောင်းကို ဝင်ပါလို့ပြောရင်တောင် ကျုပ်က မဝင်သေးဘူး... "

လိုလင့် မျက်မှောင်ကုတ်သွားလေသည်။

"လီကျက်ချန်ဟာ တစ်နေ့တခြား အင်အားကောင်းလာတယ် သူ့လက်အောက်ကို ခိုဝင်ကြတဲ့သိုင်းသမားတွေလည်း မနည်းဘူး... နယ်မြေဒေသအတော်များများကို သိမ်းပိုက်ထိန်းချုပ်ထားနိုင်ခဲ့တယ် သူနဲ့ ပြဿနာဖြစ်တာ မကောင်းဘူး... "

သူမနှင့် လီကျက်ချန်သည် တစ်ချိန်ကလည်း ပြဿနာဖြစ်ခဲ့ဖူးပေသည်။

ထိပ်တိုက်ရင်ဆိုင်ခဲ့ရပြီး နောက်ပိုင်းတွင် တစ်ယောက်ကိုတစ်ယောက် မနှောင့်ယှက်ရေးအတွက် သဘောတူခဲ့ကြပြီး ကင်းကင်းရှင်းရှင်းနေခဲ့ကြသည်။ ယခု... သူမလည်း ကင်းရှင်းလိုသည်။ သူမစဉ်းစားနေသည်။

အားမုန်သည် လီကျက်ချန်နှင့် ပတ်သက်နေသူတစ်ယောက်

ဖြစ်နေချေပြီ။

"အင်း... ဒီကောင်လေးနဲ့ပတ်သက်ပြီး လီကျက်ချန်က အထင်မှားသွားရင် မကောင်းဘူး... "

ဟူ၍တွေးကာ အားမှန်အား ဖမ်းဆီးခေါ်ဆောင်လာသည့် သူ့မ၏လက်ရုံး ချီရီနှင့် ချီရှင်တို့အား ပြောလိုက်သည်။

"ဒီကောင်လေးကို အခန်းထဲပိတ်လှောင်ထားလိုက်... မနက်ဖြန်ကျရင်... လီကျက်ချန်ဆီကို ပို့ပေးရမယ်... တို့နှစ်ယောက်ကြားမှာ အထင်မှားစရာတွေဖြစ်လာမှာကို မလိုလားဘူး... သူတို့ပြဿနာကို သူတို့ဘာသာဖြေရှင်းကြပါစေ... "

လီကျက်ချန်ထံသို့ပို့ပေးမည်ဟူသောစကားကြောင့် အားမှန် ထိတ်လန့်သွားလေတော့သည်။

"ခင်... ခင်ဗျားက ဘယ်လိုသဘောလဲဗျ... လီကျက်ချန်ဆီကို ပို့ပေးမယ်ဆိုတော့ ကျုပ်ကိုသေတွင်းထဲပို့ပေးတာနဲ့ အတူတူဖြစ်နေမှာပေါ့... လီကျက်ချန်က ကျုပ်အစ်ကိုကြီးရဲ့ ရန်သူပဲ... "

လိုလင့်က ဂရုမစိုက်ချေ။

"ငါ... နားမလည်ဘူး... မင်းတို့ကိစ္စ မင်းတို့ဘာသာရှင်းကြကဲ... သူ့ကိုခေါ်သွားတော့... "

"ကောင်းပါပြီ... သခင်မ... "

ချီရီနှင့် ချီရှင်ဆိုသော လက်ရုံးအမျိုးသမီးနှစ်ယောက်သည် အားမှန်အား ဝဲယာတစ်ဖက်တစ်ချက်မှ ညှပ်ကာခေါ်ဆောင်သွားကြလေသည်။



အားမှန်က ထိတ်လန့်စွာအော်လိုက်သည်။

"ခင်ဗျားတို့ မတရားမလုပ်နဲ့... အစ်ကိုကြီးတုံးဖန်းလှိုင်သိသွားရင် မလွယ်ဘူးမှတ်ပါ... ခင်ဗျားတို့ကို ကျုပ်အစ်ကိုကြီးနဲ့ တိုင်မယ်"

ကြောက်လန့်ကာ စွတ်ရွတ်အော်လိုက်သည်တွင် တုံးဖန်းလှိုင်၏အမည်ပါသွားရာ အခြေအနေမှာ ချက်ချင်းပြောင်းလဲသွားလေတော့သည်။ လိုလင့်က ရုတ်တရက် မေးလေ၏။

"ဘာပြောတယ်... တုံးဖန်းလှိုင် ဟုတ်လား... "

လိုလင့်သည် အားမှန်ရှေ့သို့ ချက်ချင်းရောက်ရှိလာလေ၏။ အားမှန်အား ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်ကာ မေး၏။

"မင်းလိုအသုံးမကျတဲ့ကောင်လေးက နာမည်ကျော်တုံးဖန်းလှိုင်နဲ့ ဘယ်လိုပတ်သက်နေသလဲ ပြောစမ်းပါဦး... "

"ပတ်သက်တယ်ဗျ... မယုံရင် ဒီမှာကြည့်... "

အားမှန်က ချီရီတို့၏ လက်ထဲမှရုန်းထွက်ကာ အင်္ကျီအိတ်ထဲမှ မြားတံဆိပ်ကို ထုတ်ပြလိုက်လေသည်။

အမှန်တော့... ကျန်းတင့်ရီသည် ကျောက်ထပ်တောင်တွင် ဖခင်အား စောင့်ရှောက်ရန် လာရောက်မှာကြားခဲ့စဉ်က လိုရမယ်ရ အသုံးပြုနိုင်ရန်... မြားတံဆိပ်ပေးခဲ့သဖြင့် အားမှန်ထံ၌ ရောက်ရှိနေခြင်းဖြစ်သည်။

ထိုမြားတံဆိပ်ကပင် အားမှန်ကိုကယ်တင်လိုက်လေသည်။

လိုလင့် သက်ပြင်းချလိုက်သည်။

"အင်း... မင်းက တုံးဖန်းလှိုင်နဲ့ပတ်သက်နေတယ်ဆိုရင် လီကျက်ချန်ဆီကို ပို့မပေးတော့ဘူး... ဒီမှာပဲ ထားမယ်... တုံးဖန်းလှိုင်ကိုယ်တိုင်လာခေါ်မှ လွှတ်ပေးမယ်... တုံးဖန်းလှိုင်နဲ့လည်း ငါပြဿနာမဖြစ်ချင်ဘူး... "

"ဟာ... ကျုပ် ဒီကိုရောက်နေတာ သူကဘယ်လိုလုပ်ပြီးသိနိုင်မှာလဲဗျ... "

"ကိစ္စမရှိဘူး... အကြောင်းကြားပေးမယ်... "

"ဒါဖြင့်... သခင်မလေး လျှိုချင်းဆီကို စာတစ်စောင်ပို့ပေးပါဗျာ... "

"ကောင်းပြီ... "

လိုလင့်က သဘောတူသဖြင့် အားမုန်က အကျိုးအကြောင်းစာတစ်စောင်ရေးလိုက်လေသည်။

လိုလင့်က သူ့မ၏လူတစ်ယောက်အား လျှိုချင်းထံသို့စေလွှတ်လိုက်၏။

အားမုန်သည် တုံးဖန်းလှိုင်ရောက်လာမည့်အချိန်ကို စောင့်မျှော်ရင်း လိုလင့်၏သိုင်းကျောင်း၌ သောင်တင်နေလေတော့သည်။



သစ္စာဖောက်နယ်စားကြီးလီကျက်ချန်မှာ အလွန်ညာဏ်များပြီးလောဘရမ္မက်ကြီးသူဖြစ်သည်။

နယ်ခြားတွင် တိုင်းတစ်ပါးသားများကျူးကျော်လာပြီး နန်းတွင်း၌ အခြေအနေရှုပ်ထွေးနေသည်ကို အခွင့်ကောင်းယူပြီး တိုင်းပြည်အပေါ် သစ္စာဖောက်ခဲ့သည်။

လက်နက်လူသူစုဆောင်းကာ တစ်စင်ထောင်ခဲ့သည်။

သူခိုး၊ ဓားပြများ၊ အောက်လမ်းသိုင်းသမားများကိုလည်း ငွေနှင့် မျှားကာ သူ၏လက်အောက်သို့ ခိုလှုံစေသည်။

လီကျက်ချန်ကံကောင်းသည်မှာ ပိုစန်းရှင်းနှင့် ဖုန်းရင်ခါးဆိုသည့် အောက်လမ်းထိပ်သီးသိုင်းသမားကြီးနှစ်ယောက်ကို ရရှိထားခြင်းဖြစ်လေသည်။ ထိပ်သီးဆိုသည်မှာ တကယ့်ထိပ်သီးဖြစ်သည်။

ပိုစန်းရှင်းသည် အကြံသမားရှီကျားအား လေပွေညီနောင်၏လက်ထဲမှ ကယ်တင်ခဲ့သူဖြစ်သည်။

ရှီကျားက လီကျက်ချန်၏လူယုံတော်တစ်ယောက်ဖြစ်သောလျှို့လုံမင်းမှတစ်ဆင့်ရွှေချောင်းများလုယက်ဖို့ အကြံပေးလာသောအခါ သွားရောက်လုယက်ယူငင်သည့်အဖွဲ့အား ဦးဆောင်ခဲ့သူမှာလည်း ပိုစန်းရှင်းပင်ဖြစ်သည်။

ပိုစန်းရှင်းက ရွှေချောင်းများရယူလာနိုင်ခဲ့သဖြင့် လီကျက်ချန်ဝမ်းသာပျော်ရွှင်သွားသည်။ သို့သော် သေတ္တာများကို ဖွင့်ကြည့်သောအခါ ကျောက်တုံးကျောက်ခဲများကိုသာတွေ့ရသောအခါ ဒေါသအမျက်

ချောင်းချောင်းထွက်သွားလေတော့သည်။

"တောက်… သိမ်းငှက်မည်းရှိကျားကို အဆုံးစီရင်လိုက်"

ချက်ချင်း အမိန့်ထုတ်လိုက်လေသည်။

ပိုစန်းရှင်းက ဖျောင်းဖျနှစ်သိမ့်လိုက်ရလေသည်။

"ရှိကျားကို ခေါင်းထဲထည့်မနေပါနဲ့တော့ ရွှေချောင်းတွေမရလဲ… အရေးမဟုတ်ပါဘူး… နယ်စားကြီးအတွက် အခွင့်ကောင်းတစ်ခု ရှိပါသေးတယ်… "

"ကျုပ်က တစ်ပတ်ရိုက်ခံလိုက်ရတာ… ဘယ်လောက်ရှက်ဖို့ကောင်းသလဲ… ဒီကောင့်ကို သတ်ပစ်ရမှ ကျေနပ်မယ်… "

"ဒီထက်အရေးကြီးတာကို လုပ်ရင်ပိုကောင်းမယ်… ခုဆိုရင် နယ်စားကြီးမှာ အခွင့်အရေးရှိနေပြီ… "

"လာပြန်ပြီလား… အခွင့်အရေးကောင်းကြီး… ကျုပ်ကိုရှင်းပြစမ်းပါဦး… "

ပိုစန်းရှင်းက ပြုံးလိုက်သည်။

"တုံးဖန်းလှိုင်တို့လူစုဟာ အားလုံးကိုတစ်ပတ်ရိုက်ပြီး ခုရှိန်လောက်ဆို… ရွှေချောင်းတွေကို လိုရာခရီးရောက်အောင် ပို့ဆောင်ပေးနိုင်လောက်ပါပြီ… လက်ထဲထားရင် အန္တရာယ်များတာကြောင့် သူတို့ရဲ့ ရည်ရွယ်ချက်အတိုင်း ဆင်းရဲနွမ်းပါးသူတွေ… ဒုက္ခရောက်နေသူတွေကို ဝေငှပေးလိုက်ကြမှာပါပဲ… "

လီကျုက်ချန် မချင့်မရဲဖြစ်သွားသည်။



ရွှေချောင်းများအား ဝေငှပေးလိုက်ပြီဆိုပါက မည်သည့်နည်းနှင့်မျှ ပြန်ရနိုင်မည်မဟုတ်ပါ။

"တောက်… ရှိကျား အသုံးမကျလို့ဖြစ်ရတာ… "

လီကျုက်ချန်သည် ရှိကျားကိုသာ ဒေါသထွက်မဆုံးဖြစ်နေလေ၏။ ပိုစန်းရှင်းသာ ရှိမနေလျှင် ရှိကျားသေနေလောက်ပေပြီ။

ပိုစန်းရှင်းသည် ရှိကျား၏နာမည်ကို တတ်နိုင်သလောက်ဖယ်ထုတ်ပြီး ရှေ့လုပ်ငန်းစဉ်ကို စိတ်ဝင်စားရန်သာပြောနေသည်။

လီကျုက်ချန်ကတော့ ရှိကျားအား ဒေါသမပြေနိုင်ဘဲဖြစ်နေသည်။

"သခင်ကြီး… ဒေါသတွေကို နည်းနည်းလျှော့ပါဦး… အခုကိစ္စမှာ ရှိကျားက ကသားကောင်ပါ… သက်သက်စားစာခံပါ… သူ့ကိုသတ်ရင် သူသေမှာပဲ… သခင်ကြီးက ခွင့်လွှတ်ပြီး သုံးစွဲလိုက်ရင် သူဟာ သခင်ကြီးအတွက် အသက်သေသေဆိုပြီး သခင်ကြီးရဲ့အမှုတော်ကို ထမ်းမှာပါ… "

"ဘာကွ… ဒီသစ္စာဖောက်ကို ငါက သုံးရမှာလား… ဒီကောင့်ကိုသုံးရင် ငါ့လောက်မိုက်တဲ့လူ ရှိပါဦးမလား… "

ပိုစန်းရှင်းက ပြုံးလိုက်၏။

"သုံးတယ်ဆိုတာ… အခြေအနေလည်း ရှိပါသေးတယ်… တကယ့်သေရေးရှင်ရေးသုံးရင် သခင်ကြီးမှားတာပေါ့… ဒီလိုကောင်မျိုးက နောက်ကျောက ဓားနဲ့ထိုးမယ့်ကောင်မျိုး… သခင်ကြီးကြုံလာပါ

လိမ့်မယ်... တကယ်အသေခံနိုင်းရမယ့် ကိစ္စမျိုး... အဲဒီလိုကိစ္စမျိုးနဲ့ ကြုံလာတဲ့အခါ ဒီလိုကောင်မျိုးကို သုံးလိုက်ရုံပေါ့... "

လီကျုက်ချန် ဒေါသများက တဖြည်းဖြည်းပြေလာသည်။

"လူဆိုတာ သူ့နေရာနဲ့သူ အသုံးဝင်တဲ့အချိန်မျိုး ရှိတတ်ပါသေးတယ်... ဒါကြောင့် ရှီကျားကိစ္စကို သခင်ကြီးခေါင်းရှုပ်ခံမနေပါနဲ့"

ပိုစန်းရှင်း၏အပြောကောင်းမှုကြောင့် လီကျုက်ချန်သည် ရှီကျားအပေါ် မပြစ်မဆိုတော့ချေ။

"ကဲ... ကိစ္စကတော့ ပြီးသွားပြီ... ငါတို့ရှုံးသွားပြီ... ဒီတော့ ငါတို့ ဘာဆက်လုပ်ကြမလဲ... ရွှေချောင်းတွေ လက်လွှတ်ဆုံးရှုံးရတဲ့ ကိစ္စဟာ အင်မတန်နာတယ်နော်... ဒီရွှေချောင်းတွေရရင် ငါလူသူစု ဆောင်းလို့ အင်မတန်ကောင်းမယ်... "

ပိုစန်းရှင်းက ဆက်၍ ရှင်းပြသည်။

"ကျောက်ထပ်တောင်ပြိုင်ပွဲမှာ ကျန်းတင့်ရီက ရွှေတွေကိုရတဲ့ လူပါ... ဒါပေမဲ့ ဘယ်တိုင်းသူပြည်သားကမှ သူကဝေပေးတာကို မသိကြဘူး... ရွှေချောင်းတွေကို ဝေပေးလိုက်လို့လည်း သူက ပေးတာလို့ ပြောနေမှာမဟုတ်ဘူး... ဒီတော့နယ်စားကြီးကသနားငဲ့ညှာပြီး ဝေငပေး တယ်လို့ သတင်းလွှင့်လိုက်ရင် လူတွေယုံကြည်ကြမှာပဲ... ဒါဆိုရင် အရှိန် အဝါကြီးလာမှာပေါ့... "

လီကျုက်ချန်၏မျက်လုံးများ အရောင်တဖိတ်ဖိတ်တောက်လာ လေတော့သည်။



"ဟုတ်လိုက်လေ... ကျုပ်ကနာမည်ကောင်းဝင်ယူလိုက်မယ် ကျန်းတင့်ရီက ဝေငပေးတာလား... ကျုပ်က ဝေငပေးတာလားလို့ လူတွေက ဇဝေဇဝါဖြစ်နေရင်တောင်မှ ကျုပ်အကြောင်းကို အားလုံးက သိထားတော့ ကျုပ်ပေးတယ်လို့ ထင်ကြမှာပဲ... ဒီအကြံသိပ်ကောင်း တယ်... "

သူသည် ဝမ်းသာအားရ ပြောကြားလေတော့၏။

ပိုစန်းရှင်း ကျေနပ်သွားသည်။

"နယ်စားကြီးမှာ လူသူအတော်လေး စုဆောင်းမိနေပြီဆို တော့... လူအင်အားသုံးပြီး သတင်းဖြန့်လိုက်ပါ... အောင်မြင်သွားမှာ ပါ... "

"စိတ်ချ... ကျုပ် ခုချက်ချင်း ဆောင်ရွက်နိုင်းလိုက်မယ်... "

လီကျုက်ချန်သည်အခွင့်အရေးကို လက်လွှတ်ခံသူမဟုတ်ချေ။ ပိုစန်းရှင်းပြောသည့်အတိုင်း ရွှေချောင်းများအား လက်လွှတ်ဆုံးရှုံးလိုက် ရသည့်တိုင် ကြားဝင်ကာ နာမည်ယူရန် စိတ်ပါလက်ပါကြိုးစားလေ တော့၏။

သူ၏လူများသည်လည်း အနယ်နယ်အရပ်ရပ်သို့သွားရောက် သတင်းဖြန့်ကြလေတော့သည်။

တုံးဖန်းလိုင်ကလည်း အန္တရာယ်များသောရွှေချောင်းများအား လက်ထဲ၌ ကြာကြာမထားလိုတော့သဖြင့် ဒုက္ခရောက်နေသူများအား ဝေငပေးကြသည်။ သူတို့သည် လူထုချောင်ချိပြေလည်ရေးအတွက် ပေး

ခြင်းဖြစ်၍ ကျွန်းတင့်ရီက ပေးသည်ဟု မပြောကြချေ။ သို့ကြောင့် လီကျက်ချန်၏အကွက်များ အံဝင်ခွင်ကျဖြစ်သွားလေတော့သည်။

အကူအညီရခဲ့သူများလည်း ကျွန်းတင့်ရီကဝေငှပေးခြင်းလော နယ်စားကြီးက ဝေငှပေးခြင်းလော ခွဲမရအောင် ဗဝေဓါဖြစ်ကုန်ကြ၏။

လီကျက်ချန်သည် ရွှေချောင်းများမရခဲ့သော်လည်း နာမည်ကောင်းရသွားလေတော့သည်။

နာမည်ရလာသောအခါ ယုံကြည်သူများလာသည်။

အကြောင်းမသိကြဘဲကျေးဇူးရှင်ကြီးဟုမှတ်ယူကာဝင်ရောက်ခိုလှုံသူများ တဖွဲဖွဲရောက်လာကြသည်။

လီကျက်ချန်မှာ အုံညြစရာကောင်းလောက်အောင် အင်အားတောင့်တင်းလာသကဲ့သို့ ဩဇာတိက္ကမကြီးမားလာသည်။

ထို့ကြောင့် နောက်ထပ်ပြဿနာတစ်ရပ်ပေါ်ပေါက်လာသောအခါ ပိုစန်းရှင်း၏အကြံအစည်ကိုပင် အားကိုးတကြီးရယူခဲ့လေတော့၏။

အခန်း [ ၃၂ ]

## အဆိပ်ကို အဆိပ်ဖြင့် တုံ့ပြန်ခြင်း

ထုံပါးတောင်၌ ခိုအောင်းနေသောလီကျက်ချန့်ထံသို့ သတင်းတစ်ခုရောက်ရှိလာသည်။ ထိုသတင်းကား စိတ်လှုပ်ရှားဖွယ်သတင်းဖြစ်၏။

ထင်ရှားသောသိုင်းဝိဇ္ဇာလေးဦးတွင်ပါဝင်သော ဟူမုစန်က လာရောက်တွေ့ဆုံမည်ဆိုသည့် သတင်းပင်...

ဟူမုစန်ကဲ့သို့ ထိပ်သီးသိုင်းသမားကြီးတစ်ယောက် ရောက်လာမည်ဆို၍ လီကျက်ချန်မျက်လုံးပြူးသွား၏။

ပိုစန်းရှင်းကို ချက်ချင်းခေါ်ယူကာ တိုင်ပင်လိုက်ရသည်။

"ကျုပ်တို့မှာ ပြဿနာပေါ်နေပြီ... ဟူမုစန်ဆိုတဲ့လူကိုသိတယ်မဟုတ်လား... သူက ထုံပါးတောင်ကို ရောက်လာတော့မယ်... "

ပိုစန်းရှင်းက ထုံးစံအတိုင်း ခပ်အေးအေး ခပ်ပြုံးပြုံးပင်...

"ဒီသတင်းကို လွှင့်ခဲ့တဲ့သုံးရက်လောက်ကတည်းက ကျုပ်က ကြားထားပြီးပါပြီခင်ဗျာ... "

"ဘာ... ဘယ်လို... သုံးရက်လောက် ကြိုပြီးကြားထားတယ် ဟုတ်လား... ဒါဖြင့် ကျုပ်ကိုဘာကြောင့် ပြောမပြတာလဲ... "

"သတင်းသေချာအောင် ကျုပ်က စုံစမ်းနေလို့ပါ.. "

"ဒီသတင်းက... "

"သတင်းမှန်ပါ... ဟူမုစန်က မကြာခင် ဒီကိုရောက်လာလိမ့်မယ်... "

လီကျက်ချန်က ပိုစန်းရှင်းကို အားကိုးတကြီးကြည့်လိုက်လေသည်။

ပိုစန်းရှင်းက ပြုံး၍လက်ကာပြလိုက်လေသည်။

"ကိစ္စမရှိဘူး... သူရောက်လာရင် ပိုတောင်ကောင်းသေးတယ် နယ်စားကြီးအတွက် လက်ရုံးတစ်ဆူရတာပေ့ါ... "

"ဟင်... "

"ဟူမုစန်ဟာ အတော့်ကိုချီးကျူးစရာကောင်းတဲ့ သိုင်းဝိဇ္ဇာတစ်ယောက်ပါပဲ... သူ့ကိုရထားမယ်ဆိုရင် တစ်အားပါပဲ... "

"နေပါဦး... သူက ကျုပ်ဆီမှာ ခိုလှုံဖို့လာမှာလား... သူ့လို သိုင်းဝိဇ္ဇာတစ်ယောက်က ကျုပ်ကိုအမှုထားမယ် မထင်ဘူး... "

လီကျက်ချန်သည် သိုင်းလောကသားများ မာန်မာနကြီးပုံကို



သဘောပေါက်ထားပြီးဖြစ်သည်။

ပိုစန်းရှင်းက...

"သူက ခိုလှုံဖို့လာတာ မဟုတ်ပါဘူး... နယ်စားကြီးဆီမှာ ရောက်နေတဲ့ သူ့ငွေကျန်းပိုအတွက် လာတာပါ... "

"ဟင်... "

လီကျက်ချန် ရင်ထိတ်သွား၏။

သူ၏လက်ရုံးတစ်ယောက်ဖြစ်သော လီရှန်းနှင့် ဟုန်လန်တို့က သိမ်းငှက်ပြာဂိုဏ်းမှ ဖမ်းမိထားသော ကျန်းပိုအား ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

ကျန်းတင့်ရီက ရွှေချောင်းများရထားသဖြင့် သူ၏ဖခင်ကျန်းပိုကို ဖမ်းဆီးထားခြင်းဖြင့် ခြိမ်းခြောက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ယခု ရွှေချောင်းများ ဆုံးခဲ့ရပြီဖြစ်သည်။

ကျန်းပိုအား ဆက်လက်ဖမ်းဆီးထား၍လည်း အကြောင်းထူးတော့မည် မဟုတ်ချေ။

ဆက်လက်ဖမ်းဆီးထားလျှင်သာ ဟူမုစန်လာရောက်ဒုက္ခပေးမည်ကို စိုးရိမ်ရမည်ဖြစ်သည်။

"ဟူမုစန်ဟာ လူထူးလူဆန်းသိုင်းသမားတစ်ယောက်ပါ... သူကိုယ်တိုင်တောင် တုံးဖန်းလှိုင်ကို တိုက်ခိုက်ပြီး ရွှေချောင်းတွေကိုယူဖို့ ကြိုးစားခဲ့ပါသေးတယ်... ဒါပေမဲ့ ဆရာတော်မာဟိုဖိန် အချိန်မီရောက်လာလို့ တုံးဖန်းလှိုင်က်ကောင်းသွားတယ်... "

မာဟိုဖိန်ဟူသောအမည်ကိုကြားလျှင် လီကျုက်ချန်မျက်နှာ ပျက်သွားပြန်လေ၏။

သူ၏အကြံအစည်၌ သိုင်းလောကသားများ အသုံးချရန် ကြံရွယ်ထားသည့်အလျောက် သိုင်းလောကအကြောင်းလေ့လာထားသဖြင့် နာမည်ကျော်သိုင်းသမားတော်တော်များများကို သိရှိနေခြင်းဖြစ်သည်။ မာဟိုဖိန်ကဲ့သို့ လူစားမျိုးကား သူ၏လက်အောက်သို့ခိုလှုံခြင်းပြုမည်မဟုတ်သည့်အပြင် သူ့ကိုဒုက္ခပေးမည့်သူဟု နားလည်ထားသည်။

ပိုစန်းရှင်းက ဆက်ပြောသည်။

"မာဟိုဖိန်နဲ့ ဟူမုစန်တို့ သိုင်းပညာယှဉ်ပြိုင်ကြတော့ ဟူမုစန်က သိုင်းကွက်တစ်ဝက်အရေးနိမ့်သွားခဲ့တယ်... ဒါနဲ့ပဲ သူ့ကိုကြိုက်သလိုစီရင်နိုင်တယ်ပြောတော့ မာဟိုဖိန်က ဘာမှမလုပ်ဘဲ အကူအညီတစ်ခုတောင်းခဲ့တယ်... "

လီကျုက်ချန်က လက်ကာပြလိုက်သည်။

"ကျုပ်သိပြီ... ကျုပ်ဖမ်းထားတဲ့ ကျုန်းပိုအတွက်လွတ်မြောက်အောင် ဆောင်ရွက်ပေးဖို့ အကူအညီတောင်းတာ မဟုတ်လား... "

"ဟုတ်ပါတယ်... နယ်စားကြီး ဒါကြောင့်လည်း ဟူမုစန်က ထုံပါးတောင်ကို ဦးတည်လာနေတာပါ... "

လီကျုက်ချန် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ... ကျုပ် ဘာလုပ်ရမလဲ... ကျုန်းပိုကို လွှတ်ပေးလိုက်ရမလား... "



ပိုစန်းရှင်းပြုံးလိုက်သည်။

"ကျုန်းပိုဟာ ရှိကျားလိုပါပဲ... သူတို့အတွက် အရေးကြီးပေမဲ့ ကျုပ်တို့အတွက် ဘာမှအရေးကြီးတာ မဟုတ်ပါဘူး... ဒါပေမဲ့ သူဟာ ကျုပ်တို့အတွက် အခွင့်အရေးတစ်ရပ်လို့ သဘောထားပြီး ဆောင်ရွက်နိုင်ရလိမ့်မယ်... "

လီကျုက်ချန်က အကူအညီတောင်းခံလိုက်သည်။

"ကျုပ်... ဘယ်လိုဆောင်ရွက်ရမှာလဲ... "

"ဒီလိုပါ... နယ်စားကြီး... "

ပိုစန်းရှင်းသည် လီကျုက်ချန်အနီးသို့ကပ်ကာ နှစ်ကိုယ်ကြားပြောလိုက်လေသည်။

လီကျုက်ချန်၏မျက်နှာတဖြည်းဖြည်း ပြုံးရွှင်လာကာ...

"ကောင်းတယ်... သိပ်ကောင်းတယ်... ဒီအတိုင်းလုပ်ရမယ်"

အားရကျေနပ်စွာပြောရင်း တဟားဟား ရယ်မောလိုက်လေတော့သည်။ မကြာမီ သူတို့စောင့်နေသည့် အချိန်ကို ဆိုက်ရောက်လာလေသည်။

ထုံပါးတောင်သို့ ဟူမုစန်ရောက်လာသောအခါ လီကျုက်ချန်ကိုယ်တိုင် ထွက်၍ ကြိုဆိုသည်။

စားပွဲသောက်ပွဲများလည်း အသင့်ခင်းကျင်းထားကာ လိုလေသေးမရှိ ဧည့်ခံသည်။

ဟူမုစန်သည် သစ္စာဖောက် နယ်စားကြီး လီကျုက်ချန်ကို

သဘောကျလှသည် မဟုတ်ပါချေ။

သို့သော် ကျန်းပို၏ ကိစ္စရှိနေသဖြင့် အလိုက်အထိုက် ဆက်ဆံနေရသည်။

လီကျန်ချွန်၏ မျက်နှာ ပြုံးရွှင်နေသည်။

“ကျုပ်ရဲ့ ထုံပါးတောင်ကို မိတ်ဆွေလို နာမည်ကျော် သိုင်းသမားကြီး တစ်ယောက် ရောက်လာတာကို ဝမ်းသာလို့ မဆုံးပါဘူးဗျာ... ”

ဟူမုစန် ခေါင်းခါရမ်းလိုက်သည်။

“ကျုပ်က အပျော်သက်သက် အလည်အပတ်လာတာ မဟုတ်ဘူး... ကိစ္စရှိလို့ လာခဲ့တာပါ... ”

“ဩော်... ကျုပ်သိပြီးပါပြီဗျာ... မိတ်ဆွေကြီးဟာ ဟန်ကျူးက ကျန်းပိုအတွက် လာခဲ့ရတယ်ဆိုတာ ကျုပ်တို့ သိထားပြီးပါပြီ... ”

ဟူမုစန် မျက်မှောင်ကုပ်သွား၏။

“ကျုပ်ရဲ့ လာရင်းကိစ္စကိုတောင် ကြိုပြီး သိနေတာကိုး... အင်း ...ကျန်းပိုကို နယ်စားကြီး ဖမ်းဆီးထားတယ်ဆိုရင် သူ့ကိုလွှတ်ပေးဖို့ မေတ္တာရပ်ခံပါတယ်ဗျာ... ”

လီကျက်ချန် ခေါင်းညိတ်လိုက်သည်။

“ဗျို... မိတ်ဆွေကြီး ကိုယ်တိုင်ရောက်လာမှတော့ ကျုပ်က လည်းအလိုက်သိတတ်ရမှာပေါ့ဗျာ ... ကျန်းပိုကို မိတ်ဆွေကြီးနဲ့အတူ ထည့်ပေးလိုက်ပါ့မယ် ... ကျေနပ်ပြီလား ... ”



ကျန်းပိုအား ကယ်တင်ရမည့် အရေးမှာ လွယ်ကူချောမွေ့နေသဖြင့် ဟူမုစန်လည်း ကျေနပ်သွားသည်။

“အားတော့နာပါတယ် ... ကျုပ်မှာ တစ်ခြားအရေးကြီးတဲ့ ကိစ္စတွေရှိနေသေးတာကြောင့် အချိန်မရလို့ ကျန်းပိုကို အခုပဲ ခေါ်သွားပါရစေ ... ”

“အို ... အလောတကြီးပါလား ... အေးအေးဆေးဆေး နေပါဦးလား ... ကျုပ်ဧည့်ခံပြုစုပါရစေ ... ”

“ဝမ်းနည်းပါတယ်ဗျာ ... အချိန်မရလို့ပါ ... ”

လီကျက်ချန် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

“ကောင်းပြီလေ ... ကျန်းပိုကို လွှတ်ပေးလိုက်ပါ့မယ် ... ”

ဟူမုစန်သည် ကျန်းပိုကို ခေါ်ဆောင်ကာ ထုံပါးတောင်မှ ချက်ချင်း ထွက်ခွာသွားရန် ပြင်ဆင်လိုက်လေတော့သည်။

မာပိုဖိန်သည် သိုင်းပညာထက်မြက်သည်သာမက အကွက်မြင်သူ တစ်ယောက်လည်း ဖြစ်သည်။ အကြံအစည်အမြော်အမြင်ကောင်းသူလည်း ဖြစ်သည်။ သူကိုယ်တိုင် မအားမလပ်ဖြစ်နေသောကြောင့် ကျန်းပိုအား ကယ်တင်ရန် ဟူမုစန်ထံ အကူအညီ တောင်းခဲ့သည်။

ဟူမုစန်က ကူညီမည်ဟု ကတိပေးခဲ့သည်။

ယခု...

ဟူမုစန်သည် သူ၏ ကတိအတိုင်း ကျန်းပိုအား ကယ်တင်နိုင်

ခဲ့လေပြီ။ ကျန်းပိုအားခေါ်ကာ ထုံပါးတောင်မှထွက်လာခဲ့ပြီး လမ်းတစ်ဝက်မှာပင် စိတ်မချ၍ လိုက်လာသော တုံးဖန်းလှိုင်တို့လူစုနှင့်လည်းကောင်း၊ အားမုန်အဖမ်းခံနေရကြောင်း သတင်းရသဖြင့် တုံးဖန်းလှိုင်အားလိုက်လံရှာဖွေနေသည့် လျှိုချင်းနှင့်လည်းကောင်း ဆုံတွေ့မိကြလေ၏။ ကျန်းတင့်ရှိ၏ဖခင် ကျန်းပိုလွတ်မြောက်လာပြီဖြစ်၍ အားလုံးဝမ်းသာသွားကြလေသည်။

အခြေအနေများ ရှုပ်ထွေးနေသည်ဖြစ်၍ ကျန်းပိုအား အန္တရာယ်ကင်းမည့်နေရာသို့ ပို့ဆောင်ထားရန် တုံးဖန်းလှိုင်ကပင် တာဝန်ယူစီစဉ်ပေးလိုက်သည်။ တုံးဖန်းလှိုင်သည် အကြံဉာဏ်ကောင်းသူ၊ အဆက်အသွယ်ကောင်းသူဖြစ်၍ ကျန်းပိုသည် မည်သည့်အခါမျှအဖမ်းအဆီးခံရမည်မဟုတ်သောနေရာသို့ ရောက်ရှိသွားသည်။

ကျန်းပို၏ကိစ္စပြီးစီးသွားသောအခါ လျှိုချင်းကအားမုန်အဖမ်းခံထားသည့်ကိစ္စကို ပြောပြလိုက်လေသည်။

တုံးဖန်းလှိုင် အံ့သြသွားသည်။

"လိုလင့်က ခေတ့်သူမဟုတ်ဘူး... လီကျက်ချန်ကိုတောင် ရင်ဆိုင်ဖူးတယ်... သိုင်းကျောင်းဖွင့်ထားတော့ အရည်အချင်းပြည့်ဝတဲ့တပည့်တွေလည်း ရှိတယ်... အားမုန်နဲ့ သူနဲ့ဘယ်လိုသွားပြီး ပတ်သက်မိတာလဲ... "

လျှိုချင်းက အကျိုးအကြောင်းရှင်းပြလိုက်လေသည်။

တုံးဖန်းလှိုင်က အနည်းငယ်စဉ်းစားပြီး လျှိုချင်းကိုပင် တာဝန်ပေးလိုက်လေသည်။

"ကျုပ်မှာ ကိစ္စလေးတွေရှိနေသေးတယ်... လိုလင့်က အားမုန်ကို ဖမ်းထားပြီး ကျုပ်လာမှလွှတ်ပေးမယ်ဆိုတော့ ကျုပ်မရောက်မချင်း အားမုန် ဘာမှဖြစ်နိုင်မှာမဟုတ်ဘူး... ဒါကြောင့် ညီမပဲ အရင်သွားပြီး အခြေအနေကြည့်ရင်ကောင်းမယ်... ပြေပြေလည်လည်ညှိနှိုင်းလို့ရရင်လည်း ကိစ္စအေးတာပဲ... "

လျှိုချင်းသဘောတူလိုက်ပါသည်။

"ကောင်းပါပြီရှင်... "

သူမသည် တုံးဖန်းလှိုင်တို့အား နှုတ်ဆက်ကာ ချက်ချင်းထွက်သွားလေသည်။ ယခုအချိန်၌ တုံးဖန်းလှိုင်သာမက လူအားလုံးပင် လုပ်ရမည့်အလုပ်များ လက်မလည်အောင်ရှိနေကြသည်။

ကျန်းပိုသည်လည်း အန္တရာယ်ကင်းသောနေရာသို့ ထွက်ခွာသွားပြီဖြစ်သည်။

အားမုန်အား ကူညီနိုင်ရန် လျှိုချင်းသည်လည်း လိုလင့်ထံသို့ သွားနေပြီဖြစ်သည်။

တုံးဖန်းလှိုင်တို့သည် အရေးကြီးသောကိစ္စများကို ဆောင်ရွက်ကြရန် လူစုခွဲဖို့ ပြင်ဆင်လိုက်ကြသည်။

ဟူမုစန်သည်လည်း တာဝန်ကျေပြီဖြစ်၍ ထွက်သွားရန်ဟန်ပြင်လိုက်၏။

ထိုစဉ်...

"အင်... "

တစ်ချက်ညည်းတွားပြီး ခန္ဓာကိုယ်ယိမ်းယိုင်သွားခြင်းကြောင့် ဟူမုစန် မနည်းထိန်းထားလိုက်ရလေသည်။

တုံးဖန်းလှိုင်က အံ့သြသွားသည်။

"ဆရာကြီး ဘယ်လိုဖြစ်တာလဲ... "

ဟူမုစန်က ခေါင်းခါယမ်းလိုက်၏။

"ကျုပ် ဘာမှမဖြစ်ပါဘူး... "

တုံးဖန်းလှိုင်က တောင်းပန်လိုက်၏။

"ဆရာကြီးခင်ဗျာ... ကျွန်တော်တို့ဟာ အချင်းချင်းဖြစ်နေကြပါပြီ... ဆရာကြီး တစ်ခုခုဖြစ်သွားတာ ကျွန်တော်ရိပ်မိပါတယ်... "

ဟူမုစန် သက်ပြင်းချလိုက်လေသည်။

"အင်း... အမှန်အတိုင်းပြောရရင်တော့ ကျုပ်ရဲ့ဦးခေါင်းထဲ မိုက်ခနဲဖြစ်သွားတယ်... ဒါဟာ သွေးရိုးသားရိုးမဟုတ်ဘူးဆိုတာ... ကျုပ်သိတယ်... "

"ဒါဖြင့်... ဆရာကြီးဘာဖြစ်တယ်ဆိုတာသိရအောင်...အတွင်းအားထုတ်ကြည့်ပြီး စစ်ဆေးကြည့်ပါလား... "

တုံးဖန်းလှိုင်က အကြံပေးလိုက်လေသည်။

ဟူမုစန်ကလည်း သဘောပေါက်သည်။

"ကောင်းပြီ... "

ထိုစဉ်...



"အချိန်ကုန်ခံပြီး စစ်ဆေးကြည့်မနေပါနဲ့တော့ဗျာ... ဆရာကြီး အဆိပ်မိထားပါပြီ... "

အေးတိအေးစက်စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်သောအခါ သစ်ပင်တစ်ပင်နောက်ကွယ်မှ လူတစ်ယောက်ထွက်လာသည်ကို တွေ့ရ၏။ တုံးဖန်းလှိုင်တို့၏လူ မဟုတ်ချေ။

ထိုလူကား လီကျုက်ချန်၏လူတစ်ယောက်ဖြစ်ကြောင်း သူ၏ အဝတ်အစားများကို ကြည့်ရုံဖြင့်သိနိုင်သည်။

တုံးဖန်းလှိုင်က တည်ကြည်သောမျက်နှာထားဖြင့် မေးလိုက်၏။

"ဆရာကြီး... အဆိပ်မိထားတယ်လို့... ဘယ်လိုအထောက်အထားနဲ့ ပြောနိုင်တာလဲ... "

ထိုလူ ပခုံးတွန့်ပြသည်။

"မယုံရင်... သူ့ရဲ့လက်သည်းခွံတွေကို စစ်ကြည့်လိုက်ပါလား ခရမ်းရောင်သန်းနေတာ တွေ့ရလိမ့်မယ်... "

တုံးဖန်းလှိုင်က ကြည့်လိုက်ရာ ဟူမုစန်ကလည်း သူ၏လက်ဝါးကိုဖြန့်ကာ လက်ဆယ်ချောင်းကို စစ်ဆေးကြည့်လိုက်လေသည်။

ထိုအခါ...လီကျုက်ချန်တပည့်ပြောသကဲ့သို့ လက်သည်းခွံများ၌ ခရမ်းရောင်သန်းနေသည်ကို တွေ့ရလေသည်။

"သိပ်လည်း မစိုးရိမ်ပါနဲ့ဗျာ... ဒီအဆိပ်က ချက်ချင်းမသေနိုင်ပါဘူး... သုံးလခံပါတယ်... သုံးလပြည့်လို့ ဖြေဆေးမသောက်ရမှသာ သေသွားမှာပါ... မယုံရင် စောင့်ကြည့်ပါ... သုံးလထဲရောက်လာတဲ့အခါ လက်သည်းခွံတွေဟာ ရေမ်းရောင်သန်းမနေဘဲ တဖြည်းဖြည်းမည်းနက်လာပါလိမ့်မယ်... ဒါဟာ သေရမဲ့အချိန် နီးကပ်လာပြီဆိုတဲ့ လက္ခဏာပေါ့ဗျာ... "

တုံးဖန်းလှိုင် မကျေမနပ်ဖြစ်သွားလေသည်။

"နေပါဦး... လီကျက်ချန်က ဘာကြောင့်ဆရာကြီးကို အဆိပ်ခတ်လိုက်ရတာလဲ... ပြောစမ်းပါဦး... "

"ဟဲ... ဟဲ... နယ်စားကြီးက ဆရာကြီးကို သိပ်ပြီးသဘောကျသွားတာကြောင့် သူ့အနားမှာ ခေါ်ထားချင်လို့ပါ... တခြားနည်းလမ်းမရှိလို့ အဆိပ်သုံးလိုက်ရတာပါဗျာ... ခွင့်လွှတ်ပါ... ဟဲ... ဟဲ... ဟဲ... "

တုံးဖန်းလှိုင်နှင့် ဟူမုစန်တို့တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြ၏။

ထိုလူက ဟူမုစန်ကို ဦးညွှတ်လိုက်သည်။

"နယ်စားကြီးဟာ... ဆရာကြီးကို လိုလိုလားလားစောင့်မျှော်နေတဲ့အကြောင်း လာပြောတာပါ... ကဲ... ကျုပ်ကိုခွင့်ပြုပါဦး... "

စကားဆုံးလျှင် သစ်ပင်များကြားသို့ခုန်ဝင်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။



လီကျက်ချန်သည် သစ္စာဖောက်ရုံမျှမက အကျင့်ယုတ်သူလည်းဖြစ်သည်။ သူသည် ပိုစန်းရှင်းအကြံပေးသည့်အတိုင်း လုပ်လိုက်ခြင်းဖြစ်သည်။

ဟူမုစန်မှာ အဆိပ်ခပ်ပြီး အကျပ်ကိုင်ခံလိုက်ရခြင်းကြောင့် ဒေါသထွက်နေ၏။ ရှက်လည်း ရှက်နေ၏။

သူသည် ရှက်ရှက်နှင့် တီးတိုးရေရွတ်မိလေ၏။

သူတီးတိုးရေရွတ်ခြင်းဖြစ်သော်လည်း သူ့စကားကို အားလုံးကြားကြရပါသည်။

"ငါ... သေဖို့ကောင်းတာပဲ... "

တုံးဖန်းလှိုင်သည် စိတ်မကောင်းဖြစ်သွားပြီး...

"ဆရာကြီး စိတ်မကောင်းမဖြစ်ပါနဲ့ ခင်ဗျာ... "

"ငါက... ဘာဖြစ်လို့ စိတ်မကောင်းဖြစ်ရမှာလဲ... အခုကိစ္စက ငါ့ကို ပန်းနဲ့ပေါက်တဲ့ကိစ္စမဟုတ်ဘူး... ငါ့ကို အသက်သေအောင် အဆိပ်ခတ်လိုက်တဲ့ကိစ္စကွ... "

"ဒါတော့... ဒါပေါ့... ဆရာကြီးရယ်... ဒါပေမယ့်... "

သူ့စကားမဆုံးခင် ဟူမုစန်က ဖြတ်ပြောလေ၏။

"ရှက်ဖို့ကောင်းတာက သူဟာ ငါ့ကိုတည်ခင်းဧည့်ခံပြီး အစားအစာတွေထဲမှာ အဆိပ်ထည့်လိုက်တာပဲ... ဒါကို ငါသိဖို့ကောင်းတာပေါ့... ဘယ်လောက်များညံ့လိုက်သလဲလို့... အဆိပ်ခတ်လို့ ခတ်မှန်း

တောင် မသိဘူး... သိုင်းလောကရဲ့ သိုင်းဝိဇ္ဇာလေးပါးဆိုတာ မရှိတော့ ပါဘူးကွာ... ငါ့ကို ဖြတ်ချလိုက်ရုံပဲ... ကိုယ့်ကိုယ်ကို သတ်သေဖို့ကောင်း တယ်... ငါ သိုင်းလောကမှာ ဘယ်လိုမျက်နှာပြရတော့မလဲ... "

သူစကားပြောနေစဉ် တုံးဖန်းလှိုင်သည် စဉ်းစားနေ၏။ သူသည် အမြော်အမြင်ကြီးလှသူဖြစ်ရာ ကိစ္စရပ်တစ်ခုလုံး၏ မဟာဗျူဟာ တစ်ခုလုံးအား စဉ်းစားနေပေသည်။ သူသည် တစ်စုံတစ်ခုကို စဉ်းစား မိသွား၏။ ဝမ်းထဲ၌ ကြိတ်၍ဝမ်းသာသော်လည်း မျက်နှာပေါ်တွင်မူ ပေါ်အောင်အမူအရာ မပြစ်ချေ။

တုံးဖန်းလှိုင်က အားပေးနှစ်သိမ့်လိုက်သည်။

"ဆရာကြီးအနေနဲ့ လီကျက်ချွန်လို သစ္စာဖောက်တစ်ယောက် နဲ့ စားပွဲတစ်ဝိုင်းထဲ အတူထိုင်ပြီး စားသောက်ဖို့မပြောနဲ့... သူ့ရဲ့ နာမည်တောင် မကြားချင်အောင် ရွံမုန်းနေမယ်ဆိုတာ ကျွန်တော်တို့ သိကြပါတယ်... ဒါပေမယ့်... ကျွန်တော်တို့ကို ကူညီတဲ့အနေနဲ့ သွား တွေ့ခဲ့ရတော့ စိတ်မပါတာကြောင့် သတိလက်လွတ်ဖြစ်စေခဲ့ရတာပါ ခုလိုဖြစ်သွားတာပဲ... ကျွန်တော်တို့ ကံကောင်းလှပြီလို့ ဆိုနိုင်ပါတယ် ခင်ဗျာ... "

"ဘာကွ... "

ကံကောင်းသည်ဆိုသော တုံးဖန်းလှိုင်၏စကားကြောင့် ဟွာမု စန်လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။ သူဒေါသထွက်သွားသည်။ တုံး ဖန်းလှိုင်စကားကိုကြားလျှင် မည်သူမဆို ဒေါသထွက်မည်ဖြစ်ပါသည်။



သို့သော်... တုံးဖန်းလှိုင်က ကပျာကယာတောင်းပန်ဟန်ဖြင့် ဦးညွှတ်ဂါရဝပြုပြီး ပြောသည်။

"ဆရာကြီး... ခွင့်လွှတ်ပါ... ကျွန်တော်စကားပြော လောသွား လို့ပါ... "

"မင်းစကားကို မင်းဆက်ရှင်း... မရှင်းရင်တော့ မလွယ်ဘူး"

"လီကျက်ချွန်ဟာ ကျွန်တော်တို့ရွှေချောင်းတွေ ဝေငှပေးတဲ့ ကိစ္စမှာ ကြားဝင်ပြီးအမြတ်ထုတ်ခဲ့ပါတယ်... ကျွန်တော်တို့ကလည်း လိုက်ပြီးရှင်းမပြနိုင်တော့ အကြောင်းမသိသူတွေဟာ သူ့ကိုကယ်တင် ရှင်သူ့ရဲကောင်းကြီးတစ်ယောက်လို့ ထင်နေကြပါတယ်... သူ့ရဲ့လက် အောက်ကို ခိုလှုံတဲ့လူတွေကလည်း တစ်နေ့တခြားများပြားလာတာ ကြောင့် ခုချိန်ဆို... အတော်ကို အင်အားတောင့်တင်းနေပါပြီ... လီကျက် ချွန်ဟာ ထုံပါးတောင်တစ်ဝိုက်မှာပဲ ကျေနပ်နေမယ့် လူမဟုတ်ပါဘူး နယ်မြေချဲ့ထွင်ဖို့ကြိုးစားပါလိမ့်မယ်... ဒါကြောင့်... သူ့ရဲ့အနီးမှာ ကျွန် တော်တို့ဘက်က လူတစ်ယောက်ရှိနေမယ်ဆိုရင် သူဘယ်လိုခြေလှမ်း မယ်ဆိုတာကို စောင့်ကြည့်နိုင်ပါသေးတယ်... ကျွန်တော်တို့အနေနဲ့ လည်း အကောင်းဆုံးဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားနိုင် ပါလိမ့်မယ်... နောက်ပြီး ဆရာကြီးဟာ တစ်ဦးတည်းတစ်ကိုယ်တော် နေပေမဲ့မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ယောက်ဆိုတာ... ကျွန်တော်တို့ သိပါ တယ်... "

ဟွာမုစန် တွေဝေသွားသည်။

"ကျူပ်က... လီကျက်ချန်အနီးမှာနေပြီး... သူ ဘာတွေလုပ်တယ်ဆိုတာ စုံစမ်းပေးစေချင်တဲ့ သဘောလား... "

တုံးဖန်းလှိုင်က အမှန်အတိုင်း ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ... နယ်ချဲ့ရန်သာမက လီကျက်ချန်ရဲ့ အန္တရာယ်ကလည်း မသေးလှပါဘူး... တစ်နေ့ထက်တစ်နေ့ ပိုပြီးဒုက္ခပေးနိုင်တဲ့လူတစ်ယောက် ဖြစ်လာပါပြီ... သူ့ရဲ့အကြောင်းကို ကျွန်တော်တို့ မျက်ခြည်မပြတ် သိနေရဖို့ အရေးကြီးပါတယ်... ခုချိန်မှာ ဆရာကြီးဟာ အဆိပ်မိထားလို့ သူ့ရဲ့သဘောအတိုင်းဖြစ်ရတယ်ဆိုပြီး လက်ခံလိုက်ရင် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်သွားမှာပါ... ဆရာကြီးဟာ မျိုးချစ်ပုဂ္ဂိုလ်တွေအတွက် ညှာတာပြီး စဉ်းစားပေးမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်ခင်ဗျာ... "

ဟူမုစန်သည် မာနကြီးသူတစ်ယောက်လည်းဖြစ်သည်။မျိုးချစ်ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်မှာလည်း အမှန်ပင်ဖြစ်သည်။

အဆိပ်ခတ်၍ သူ့အားအကျပ်ကိုင်သည်ကို လုံးဝမနှစ်မြို့ချေ။ အသက်အသေခံမည့်သူဖြစ်သည်။ သူတစ်ပါးကိုတော့ အောက်ကျို့ခံမည့်သူ မဟုတ်ချေ။

သို့သော်ငြားလည်း...

တုံးဖန်းလှိုင်က နားဝင်အောင်ရှင်းပြနိုင် ခဲ့သဖြင့် ဒေါသစိတ်ကို လျှော့ကာ သဘောတူလိုက်လေတော့သည်။



"ကောင်းပြီ... လီကျက်ချန်နဲ့ ကျူပ်ဆက်သွယ်မယ်... မင်းတို့ကို သူ့ဆီက သတင်းတွေပေးမယ်... "

တုံးဖန်းလှိုင် ဦးညွှတ်လိုက်သည်။

"ဆရာကြီးခင်ဗျာ... အခုလောလောဆယ် သွားဖို့မလိုသေးပါဘူး... ဆရာကြီးလိုပုဂ္ဂိုလ်တစ်ယောက်က အသက်အန္တရာယ်စိုးရိမ်လို့ သူ့ဆီကို ချက်ချင်းလာတယ်ဆိုရင် လီကျက်ချန်သံသယဝင်သွားနိုင်ပါတယ်... သူ့ရဲ့ အဆိပ်က သုံးလအချိန်ရတော့ အေးအေးဆေးဆေး မှပဲ သွားပါ... ခုတော့ ကျွန်တော်တို့နဲ့ အတူလိုက်ခဲ့ပါဦးလို့ မေတ္တာရပ်ခံပါတယ်... "

ဟူမုစန်သည် တုံးဖန်းလှိုင်၏စကားသည် အကျိုးအကြောင်း ဆီလျော်နေသည်ကို တွေးမိသဖြင့် သဘောတူလိုက်ပြန်သည်။

"ကောင်းပြီလေ... မင်းတို့က ဘယ်ကိုသွားမှာလဲပြောစမ်းပါဦး... "

တုံးဖန်းလှိုင်က ရှင်းပြသည်။

"အားမုန်... အဖမ်းခံနေရတဲ့အတွက် လျိုချင်းကိုလွှတ်လိုက်ပေမဲ့ သိပ်ပြီးစိတ်မချရပါဘူး... ဒါကြောင့် လျိုချင်းနောက်ကိုလိုက်သွားပါ့မယ်... အားမုန်လည်း လွှတ်လပ်သွားပြီဆိုရင်တော့ ရှေ့ဆက်လုပ်ကိုင်ဆောင်ရွက်ရမယ့် ကိစ္စတွေမှာ အဟန့်အတားရှိနိုင်တော့မယ် မထင်ပါဘူး... ကိုယ့်လူတွေအပေါ်ကို သစ္စာရှိဖို့ဆိုတာကို ဆရာကြီးနားလည်သဘောပေါက်မှာပါ... "

ဟူမုစန်က ပြိုးလိုက်သည်။

"ဒါဆိုလည်း သွားကြတာပေါ့... ငါလည်း လိုက်ခဲ့ပါ့မယ်"

သူတို့သည် လျှိုချင်းအားစိတ်မချသဖြင့် လိုလင့်သိုင်းကျောင်းသို့ လိုက်ပါသွားကြလေတော့၏။"

[illegible]

[illegible]

တက္ကသိုလ်နေလင်းအောင်